
www.burmeseclassic.com

ရွှေပြည်သိမ်းစာပေ

# ဂပုံမ

ညိုဝှက်လမင်း




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးမျိုးကျော်သူ (၅၀၁၆) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၉၉၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃
လုံမ
လျှို့ဝှက်လမင်း၊ / လုံမ။ – ရန်ကုန်။
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၄
၂၄၀ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) လျှို့ဝှက်လမင်း

# လုံမ

လျှို့ဝှက်လမင်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

''အရက်သမားကြီး‌‌ . . အရက်သမားကြီး''

''အရက်သမားကြီးလာပြီ၊ ငါတို့မုန့်တွေယူစားလိမ့်မယ် ပြေးကြ''

''ငါ့ပိုက်ဆံလေးလုသွားရင် မုန့်ဝယ်စားစရာရှိမှာ မဟုတ်ဘူး၊ သွားမယ်''

မုန့်စားကျောင်းဆင်းချိန်မှာ အဝတ်အစားညစ်ထေးထေးလူက သေစုတ်စုတ်နှင့် အရက်သမားကြီးကိုမြင်လိုက်၍ ကျောင်းသူကျောင်းသားကလေးတွေ ကျောင်းဝင်းထဲဝင်ပြေးကြသည်။ အရက်သမားကြီးက သင်္ဂါမောင်ကို လက်ယပ်လှမ်းခေါ်သည်။ ထိုအရက်သမားကြီးကိုသူများတွေကြောက်ရွံ့ကြသလို သင်္ဂါမောင်မကြောက်ပါ။ အခုတလောမှာ ထိုအရက်သမားကြီးက သူ့ကိုမုန့်လေးတွေယူလာပြီး ကျွေးတတ်လို့ဖြစ်သည်။

တစ်ပတ်ကို နှစ်ကြိမ် သုံးကြိမ်ခန့်လာကျွေးတတ်မြဲ။

ဘာကြောင့်ကျွေးတာလဲ၊ ဘာကြောင့် ဒီကျောင်းရှေ့ကို ခဏခဏရောက်လာတတ်တာလဲဆိုတာ သူမသိ။ လာတိုင်းတော့ သူ့အတွက် မုန့်လေးတွေပါပါလာတတ်သည်။

''သား‌ . . ဒီမုန့်ကိုစားနော်၊ ဦးဦးကိုမကြောက်ပါနဲ့၊ ဦးဦးက



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးကြီးမဟုတ်ပါဘူး၊ သားကိုချစ်လို့မုန့်လာကျွေးတာနော်သား''

လေးတန်းကျောင်းသား ဆယ်နှစ်သားအရွယ်ရှိပြီမို့ လူတွေကို သိပ်မကြောက်တတ်။ အိမ်မှာဦးလေးအရက်သမားတွေနှင့်အတူနေရတာ ယဉ်ပါးနေ၍ အရက်သမားတွေကို အထူးတလည်ကြောက်ရွံ့မနေတတ်တာကြောင့်လည်းပါမည်။ ဦးလေးတွေအရက်သောက်ဖို့ သူကိုယ်တိုင်ဝယ်ပေးနေခဲ့ရတာမဟုတ်ပါလား။

အရက်မူးလို့ဂျစ်တာကိုလည်း ခံရသည်။ အမြဲလိုဆူပူသောင်းကျန်း အော်ဟစ်တာကိုလည်း ခံရ၏။ စိတ်မထင်ရင် မထင်သလို၊ စိတ်တိုင်းမကျရင် မကျသလို ရိုက်ပုတ်တတ်တာမျိုးလည်းရှိသည်။

ထိုအခါမျိုးမှာ အဘွားဒေါ်မြခင်သာ သူ့ကိုကာကွယ်မပေးလျှင် သူ့ဘဝကမတွေးဝံ့။ အရက်သမားဦးလေးတွေသတ်လို့ သေမလား၊ နှင်ချလို့ ဘယ်အရပ် ဘယ်ဒေသလေလွင့်နေရမည်မသိ။

''သားရော့၊ ကောက်ညင်းထုပ်နဲ့ ငှက်ပျောပေါင်း၊ သားကြိုက်တယ်မဟုတ်လား''

သူ့လက်ထဲကိုထည့်ပေးရင်းပြောတော့ ချဉ်စည်ချဉ်စုပ်အနံ့က နှာခေါင်းထဲစူးဝင်လာသည်။ ဒါပေမဲ့ ထိုအနံ့က သူ့အတွက်ထူးပြီးရွံစရာမကောင်းပါ။ အားနာမှုနှင့်သာကြည့်မိပြီး. . .

''ဘာလို့ သားဖို့ဝယ်လာတာလဲ၊ ဦးဦးအရက်သောက်ဖို့ ပိုက်ဆံရောရှိသေးလို့လား''

''ရပါတယ်သားရဲ့၊ ဦးဦးက သားကိုမုန့်ဝယ်ကျွေးချင်လို့ပါ''

''ဒါဆို ဟိုနားမှာထိုင်မယ်နော်၊ ဦးဦးရောမပြန်သေးဘူးမဟုတ်လား''

''အေး. . . မပြန်သေးပါဘူးကွ၊ ကျောင်းတက်ခေါင်းလောင်းထိုးမှ ပြန်မယ်နော်၊ သားလည်းအတန်းထဲပြန်မဝင်သေးဘူးမဟုတ်လား''

''ဟုတ်ကဲ့''





အရက်သမားကြီးလက်ထဲက မုန့်ထုပ်လေးတွေယူပြီး မုန့်ဈေးတန်းရဲ့ ခပ်လှမ်းလှမ်း ထိုင်ခုံလေးမှာ သွားထိုင်လိုက်ကြသည်။ ငှက်ပျောပေါင်းတစ်ခုကိုယူစားရင်းနှင့်. . .

''ဦးဦး ဘာလို့အရက်သောက်တာလဲဟင်''

''ဟင်''

''ဦးဦးက အရက်သမားကြီးဆိုပြီး ကလေးတွေထွက်ပြေးသွားကြတာ ဦးဦးရင်မနာဘူးလား''

''ဟိုလေ''

''ဦးဦးသာလူကောင်းတစ်ယောက်ဆိုရင် သူတို့ကြောက်လန့်ပြီးထွက်ပြေးကြပါ့မလား၊ ဦးဦးက ပေစုတ်ညစ်ပတ်နေတော့ သူတို့ရွံ့ကြတာပဲလေ''

''သားက ဦးဦးကိုမရွံ့လို့ မကြောက်လို့ ဦးဦးအနားမှာနေတာလား၊ ဦးဦးကိုတကယ်မကြောက်ဘူးပေါ့''

''သားကအိမ်မှာ အရက်သမားဦးလေးတွေနဲ့နေရတာလေ၊ သူတို့အရက်ဝယ်ခိုင်းရင် ဝယ်ရတယ်၊ သူတို့က ဟိုဟာဒီဟာလုပ်ခိုင်းရင် လုပ်ပေးရတယ်၊ ကျောင်းပိတ်တဲ့နေ့အဝတ်လျှော်ခိုင်းရင်လည်း လျှော်ပေးရတာပဲ''

''သားကငယ်ငယ်လေးကို၊ ဘာလို့အဲလိုတွေလုပ်ပေးရတာလဲ၊ တခြားလုပ်မယ့်သူမရှိဘူးလား''

''လုပ်မယ်သူဆိုလို့ ဘွားဘွားတစ်ယောက်တည်းရှိတာလေ၊ ဘွားဘွားကိုသနားလို့ ကူလုပ်ပေးရင်းနဲ့ သားကိုခိုင်းကြတာပါ''

''သားမှာ ဖေဖေရော မေမေရော မရှိဘူးလား''

''သားမေမေက သားတို့ကျောင်းစရိတ် စားစရိတ်တွေထောက်ပံ့ဖို့အတွက် အဝေးကြီးကိုအလုပ်သွားလုပ်ရတယ်၊ အရက်သမားဦးလေးတစ်ယောက်ကလူပျိုကြီး ဘာမှမလုပ်ဘူး၊ ဘွားဘွားဆီက အရက်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



တောင်းသုံးတယ်၊ နောက်တစ်ယောက်က မိန်းမနဲ့ကလေးရှိတယ်၊ ဆိုက်ကားနင်းပေမယ့် အိမ်ကိုမထောက်ပံ့နိုင်လို့ ဘွားဘွားကပဲကျွေးထားရတာ၊ ဘွားဘွားက မေမေ့ဆီကပိုက်ဆံရောက်မလာသေးလို့ပြောရင် သောင်းကျန်းကြတော့တာပဲ၊ ထစ်ခနဲရှိ အခုနေနေတဲ့အိမ်လေးကိုရောင်းပြီး အမွေခွဲခိုင်းတော့တာပဲ''

''ဪ''

ကလေးလေးတန်မဲ့အကုန်ပြောတတ်နေပါလား်လို့ တွေးမိသည်။ ဒါဟာခံစားချက်ရှိလို့ ပါးစပ်ဖျားကထွက်လာသည်ဆိုတာဖြစ်နိုင်သည်။

''သားဖေဖေကရော ဘာမှမလုပ်ဘူးလား''

''သားမှာဖေဖေမရှိဘူး၊ ဖေဖေက သားငယ်ငယ်လေးတည်းက သေသွားပြီလို့ ဘွားဘွားကပြောတယ်''

''ဟင်. . . ဟုတ်. . . ဟုတ်လို့လား''

''ဟုတ်တယ်၊ သားဖေဖေရှိတုန်းက အရမ်းဆိုးတာတဲ့၊ အရက်မူးလာရင် မေမေ့ကိုရိုက်တယ်၊ ဘွားဘွားကိုလည်းပြန်ခံပြောတယ်တဲ့၊ ဦးလေးအရက်သမားတွေနဲ့လည်း အမြဲတမ်းရန်သတ်တယ်၊ သူတို့ကို ထောက်ပံ့ရမှာစိုးလို့ အလုပ်လည်းမလုပ်ဘူး၊ မေမေနဲ့သားကိုလည်းရှာမကျွေးဘူး၊ အဲဒါကြောင့် မေမေနဲ့ကွဲသွားရတယ်၊ အခု မေမေက မိသားစုအတွက် အလုပ်သွားလုပ်ပြီး ဖေဖေကတော့သေသွားပြီ''

သူပြောတာနားထောင်ပြီး အရက်သမားကြီးငြိမ်သွားသည်။ သူမုန့်စားတာကို သေချာကြည့်၏။ အတန်ကြာတော့ ကျောင်းတက်ခေါင်းလောင်းတီးသည်မို့ . . .

''သားသွားတော့မယ်နော် ဦးဦး''

''အင်း အင်း. . . နောက်လည်း ဦးဦးမုန့်လာကျွေးမယ်နော်''

''ဟုတ်ကဲ့ဦးဦး''

သူအပြေးအလွှားကျောင်းထဲပြေးဝင်လာခဲ့သည်။ နောက်ကို





လှည့်ကြည့်ဖြစ်တော့ ထုံးစံအတိုင်း အရက်သမားကြီးက သူ့ကိုငေးကြည့်နေပြီး လက်လေးပြ၏။

ရင်ထဲမှာတစ်မျိုးကြီးဖြစ်သွားသည်။ ဒီလူကြီး သူ့ကိုဘာကြောင့်သံယောဇဉ်ဖြစ်နေတာလဲ။ မုန့်လေးယူလာပြီး ကျွေးတတ်သော ထိုလူကြီးကို သူလည်း သံယောဇဉ်အနည်းငယ်ဖြစ်မိစွာဖြင့်. . .။

❁ ❁ ❁

www.burmeseclassic.com

# အခန်း (၂)

''ဘာ… ပိုက်ဆံက ဘာလို့မရှိရတော့တာလဲ၊ အမေ့သမီး ပိုက်ဆံလွှဲထားတယ်မဟုတ်လား၊ အဲဒါဘယ်ရောက်သွားလဲ''

''ဟဲ့… သူ့သားသင်္ဂါမောင်ကို ကျောင်းအပ်ဖို့နဲ့ ကျူရှင်လခ ပေးလိုက်တာလေ၊ အိမ်အတွက်ပေးတာက တစ်လစာ ဆန်တို့ ဆီတို့ အမာခံလေးတွေ ဝယ်ထားရတယ်၊ နင်တို့က ဈေးဖိုးလေးတောင်မရှာ တော့ ဈေးဖိုးလည်းချန်ထားရသေးတယ်''

''အဲဒါပေးအမေရာ၊ နောက်မှဈေးဖိုးပြန်ရှာပေးမယ်၊ ဒီမှာ အရက်သောက်ချင်နေပြီ၊ အရက်သောက်ပြီးမှ အလုပ်ထွက်လုပ်လို့ရမှာ''

''အေးကိုရယ်၊ နင်အဲလိုပြောပြီး ဘယ်ချိန်တုန်းက ဈေးဖိုးပြန် ရှာပေးဖူးလို့လဲ၊ ငါတို့မှာ ကဆင့်ကလျား၊ အငတ်ငတ်အပြတ်ပြတ်နဲ့ ကိုယ့်အရက်ဖိုးတော့ ကိုယ့်ဘာသာရှာသောက်ကြပါဟဲ့၊ ငွေပို့တဲ့လူက နင်တို့အရက်ဖိုးပါ ပို့ပေးနေရတော့ သူ့မှာအဆင်ပြေပါတော့မလား''

''အမေက ကျွန်တော်ကိုဆို ရှောရှောရှူရှူသထားတယ်ဆိုတာ မရှိဘူး၊ အစ်ကိုကြီးတို့ မိသားစုသုံးယောက်လုံးကိုလည်း တင်ကျွေးတာပဲ''

''သူက သူ့အရက်ဖိုးတော့ ဆိုက်ကားနင်းပြီးရှာသေးတယ်လေ၊ ကျွေးတာတော့ ကျွေးရမှာပေါ့၊ သူလည်း ငါ့သားသမီးပဲဟာ၊ နင့်ကိုရော ငါက အငတ်ထားနေလို့လား''





အေးကို စိတ်အလိုမကျဖြစ်ကာ ထိုင်ခုံကိုဝုန်းခနဲ ကန်ပစ်လိုက် သည်။ အရက်သောက်ချင်စိတ်များနေသည်မို့ ဘာပြောပြောနားမဝင်ပါ။

''အမေ… ကျုပ်အခုအရက်သောက်ချင်တယ်၊ အရက်ဖိုးပေး မှာလား မပေးဘူးလား၊ မပေးရင်အိမ်မှာရှိတာတွေ ရောင်းသောက်မှာနော်၊ ပြီးမှ အဆိုးမဆိုနဲ့''

''ငါ့နှယ်ဟယ်၊ နင်တို့တွေ ဘယ်အချိန်မှအသိတရားရကြတော့ မှာလဲ၊ အခုချိန်ထိ အစ်မရဲ့ပေးစာကမ်းစာကိုပဲ မျှော်ကိုးနေကြတယ်။ သူ့မှာလည်း ဒီလိုပေးဖို့ ကမ်းဖို့တွေအတွက် ဘယ်လောက်မျက်နှာငယ်ရ ဘယ်ထင်လဲ၊ သူ့သားလေးနဲ့တောင်ခွဲနေရတာ၊ နည်းနည်းလောက်ကိုယ် ချင်းစာ နားလည်ပေးကြပါဦးတော့လား''

''အမေရာ မျက်ရည်ကျအောင် ဒရမ်မာတွေလာရိုက်မနေစမ်းပါ နဲ့၊ ဘဝကဒီလိုဆိုရင် ဒီလိုနေလိုက်တာ အကောင်းဆုံးပဲ၊ အစ်မယောကျ်ား ဆိုတာကရော ကောင်းခဲ့လို့လား၊ ကျွန်တော်တို့လို အရက်သမားပါပဲ''

''အေး… အဲဒါကြောင့် အဲဒီယောကျ်ားနဲ့ကွဲခဲ့တာပေါ့၊ နင်တို့ကို သာ သွေးရင်းသားရင်း မွေးချင်းမောင်နှမဖြစ်နေလို့ စွန့်လွှတ်လို့မရဖြစ်နေ တာ၊ ငါသေရင် နင်တို့အဲလိုအချောင်ခိုနေလို့ရမယ်ထင်နေလား''

''အမေ… အခုအမေလည်း မသေသေးဘူး၊ အဲဒီစကားတွေ နားမထောင်ချင်ဘူး၊ အရက်ဖိုးသာပေးစမ်းပါဗျာ''

''ခက်လိုက်တာအေးကိုရယ်၊ ကဲ… ရော့ရော့၊ ငါတော့စိတ်ဆင်း ရဲပါတယ်''

အတွင်းခံအိတ်ကပ်ထဲက တစ်ထောင်တန်တစ်ရွက်ထုတ်ပေး လိုက်မှ အေးကိုပြုံးပြုံးရွှင်ရွှင်ဖြင့် အပြင်ထွက်သွားသည်။ ထိုအချိန်မှာ အလတ်ကောင်ဝင်းကိုက မျက်နှာငယ်လေးဖြင့် မအေအနားဝင်လာ၏။

''ဟဲ့… နင့်မျက်နှာက ဘာဖြစ်ပြန်တာလဲ၊ နင့်မိန်းမနဲ့ရန်ဖြစ် လာပြန်ပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးအမေ၊ အမေ့မြေးမလေးက ကျူရှင်တက်ရမယ်တဲ့၊ အဲဒါကျူရှင်လခဖိုးမရှိလို့ စိတ်ညစ်နေတာ"

"ဟင်း. . အခုမှနှစ်တန်းပဲရှိသေးတယ်၊ ကျူရှင်ထားဖို့လိုလို့လား"

"သူများတွေဆို သူငယ်တန်းကစပြီး ကျူရှင်ထားရတာအမေ၊ ကျူရှင်မထားရင် ဆရာတွေက အတန်းတင်မပေးချင်တာမဟုတ်ဘူး၊ ကျောင်းမှာစာကောင်းကောင်းမသင်ဘဲ ကျူရှင်ကျမှသင်တာလေ၊ ဒီဆရာမဆီ ကျူရှင်သင်ရင် ဟိုဆရာမကို လက်ဆောင်လေးဝယ်ပေးနိုင်မှဖြစ်တာ"

"အမယ်လေး၊ ငါတို့ခေတ်တုန်းက အဲလိုအကျင့်ပျက်တဲ့သူတွေ မရှိပါဘူး၊ အခုခေတ်ကျမှ မကြားဖူးတာတွေကြားရတော့တယ်"

"လူတိုင်းတော့မဟုတ်ဘူးပေါ့ အမေရယ်၊ လစာနဲ့မလောက်တဲ့သူတွေကျတော့လည်း ဒီလိုပဲ အကြံအဖန်ရှာမှအဆင်ပြေမှာပေါ့၊ သူတို့နောက်မှာ မိသားစုရှိသေးတယ်လေ"

"ဟဲ့. . နိုင်ငံတော်က လစာတွေတိုးပေးနေတာပဲ၊ ဘာလို့မလောက်ရတာလဲ"

"လစာကနည်းနည်းတက်တာ၊ ကုန်ဈေးနှုန်းက များများခုန်တက်တော့ ဘာထူးမှာလဲအမေ၊ အရင်စာရင် ငွေအများကြီးထုတ်ရတယ်လို့ပဲ နာမည်ကောင်းတာ၊ ဝယ်စားရတဲ့ကုန်ဈေးနှုန်းနဲ့မမျှတတော့ ဂျာအေးသူ့အမေရိုက်သလို သံသရာလည်နေဦးမှာပဲ"

"အင်း. . နိုင်ငံတော်ကို တာဝန်ယူရတဲ့သူတွေလည်း စိတ်ဦးနောက်တော့ ရှုပ်ရမှာပဲ၊ ဟိုလိုလုပ်လည်း အဆင်မပြေ၊ ဒီလိုလုပ်လည်း အဆင်မပြေနဲ့၊ လောဘမသတ်နိုင်တဲ့သူလည်းရှိတယ်၊ မတင်းတိမ်တဲ့သူလည်းရှိတယ်၊ ကိုယ့်ရဲ့အတိတ်ကံမကောင်းတာကို သူများကိုအပြစ်ပုံချဖို့ပဲစဉ်းစားနေတဲ့သူလည်းရှိတယ်၊ ကိုယ်ဘယ်လိုကြိုးစားရုန်းကန်ရမယ်





ဆိုတာကို မေ့နေတဲ့သူလည်းရှိတယ်"

"အမေ. . ကျွန်တော်တို့ကို ရွဲ့ပြောနေတာလား"

ဝင်းကို မခံမရပ်နိုင်ဖြစ်သွားသလို မေးခွန်းထုတ်သည်။ ဒေါ်မြခင် တကယ်အရွဲ့တိုက်ကာ ခေါင်းပဲညိတ်ပြလိုက်ချင်ပါသည်။ သားတွေမွေးထားလို့ အားကိုးရမလားမှတ်တယ်။

သားနှစ်ယောက်လုံးအသုံးမကျ။ သမီးကြီးရဲ့အထောက်အပံ့ကြောင့်သာ ထမင်းမငတ်တာ။ ဒါပေမဲ့ မိဘဖြစ်နေတော့ ဒီသားသမီးတွေကို ဘယ်လိုဥပေက္ခာပြု စွန့်ပစ်ရမလဲ။ မိမိရဲ့အတိတ်ကံပဲပေါ့။

"ကဲ. . ငါဘာမှမပြောတော့ဘူး၊ သမီးကျူရှင်ခကို မင်းမိန်းမက မင်းဆီကတောင်းမရလို့ ငါ့ဆီကတောင်းခိုင်းလိုက်တာမဟုတ်လား၊ မင်းအရက်ဖိုးတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးအမေ၊ ကျွန်တော့်ကို အမေသားငယ်လိုအောက်မေ့နေလား၊ ကိုယ့်အရက်ဖိုးတော့ ကိုယ်ရှာသောက်နိုင်ပါတယ်၊ အမေ မြေးမကိုတော့ ဈေးဝယ်ဖို့ပေးလိုက်ဦးနော်၊ ကလေးတွေကျောင်းတက်အမီ ထမင်းချိုင့်ထည့်ပေးရအောင် ဈေးသွားရဦးမှာ"

"အင်း"

ဒေါ်မြခင်သက်ပြင်းချကာ ကျူရှင်ဖိုးပေး ဈေးဖိုးပေးပြီးချိန်မှာ ခြေကုန်လက်ပမ်းကျသွားသည်။ ထိုအချိန်မှာပဲ သမီးကြီးရဲ့သားလေး သင်္ဂါမောင်ရောက်လာသည်။

"မြေးလေးကျောင်းသွားတော့မလို့လား၊ ထမင်းချိုင့်ထည့်ဖို့ အခုမှ ဈေးသွားတုန်းကွဲ့"

"မဟုတ်ပါဘူး၊ စောစောစီးစီးဆူညံသံတွေကြားနေလို့ စာကျက်မရတာနဲ့ ထွက်လာတာ၊ အဘွားသားတွေ အဘွားကို စိတ်ဆင်းရဲအောင် လုပ်နေကြပြန်ပြီမဟုတ်လား"

"အဲဒါမြေးရဲ့ဦးလေးတွေလေ၊ အဲလိုမပြောရဘူး၊ မြေးက



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုတော့ လေးလေးလို့ပဲပြောရမယ်''

''ယဉ်ကျေးသင့်တဲ့လူတွေလား အဘွားရယ်၊ သားက အဲလို ပြောလည်း သူတို့ကကောင်းကောင်းဆက်ဆံချင်မှ ဆက်ဆံတာ၊ အရက် ဝယ်နိုင်းမယ်၊ ဆေးလိပ်ဝယ်နိုင်းမယ်၊ စိတ်မထင်ရင်ရိုက်မယ်၊ ဆဲမယ်၊ မူးလာရင် ဝုန်းဒိုင်းကျဲနေတာပဲ''

''မြေးရယ် စရိုက်ကြမ်းတဲ့ အသိုက်အဝန်းထဲရောက်လာတာ အဘွားလည်း မြေးလေးအတွက် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ဒါဟာ ကိုယ့်ရဲ့အတိတ်ကံအကြောင်းတရားကြောင့်ဆိုတာ နားလည်ရမယ်လို့ အဘွားပြောထားတယ်နော်၊ ဘယ်သူ့ရှိုင်းရှိုင်း ကိုယ်မရိုင်းရဘူး၊ သူများ ယုတ်မာတိုင်း ကိုယ်မယုတ်မာရဘူး၊ ကိုယ့်ရဲ့ကံတရားကို မြှင့်တင်ပေးနိုင်တာ၊ ကိုယ့်ရဲ့စိတ်စေတနာနဲ့ ကိုယ်ကျင့်တရားပဲ''

အဘွားစကားတွေက ရင်ကိုအေးချမ်းစေပါသည်။ ဒါပေမဲ့ ဒီလို စိတ်ဆင်းရဲစရာကောင်းသော အခြေအနေမျိုးကြီးမှာမနေချင်ပါ။

''အဘွား''

''ဟင် မြေးလေး''

''မေမေက ဘယ်တော့ပြန်လာမှာလဲဟင်''

''မေမေက အလုပ်သွားလုပ်တာလေ မြေးရဲ့၊ မြေးကိုကျောင်း ထားဖို့၊ ဒီမိသားစုတွေကို ငွေကြေးထောက်ပံ့နိုင်ဖို့အတွက် အလုပ်တွေ ပင်ပင်ပန်းပန်းသွားလုပ်နေရတာ ဘယ်လိုလုပ်ပြန်လာလို့ရမှာလဲ''

''ဒါဆို မေမေ့ဆီ သားလိုက်သွားချင်တယ်''

''မြေး. . .မြေးလေးဘယ်လိုလုပ်လိုက်သွားလို့ရမှာလဲ၊ အလုပ် လုပ်နေတဲ့နေရာကို ကလေးတွေလိုက်သွားလို့မဖြစ်ဘူးလေ''

''သားကလေးမဟုတ်တော့ပါဘူး၊ မေမေ့စကားနားထောင်မှာ ပါ၊ မေမေကိုဓာတ်ပုံထဲမှာပဲမြင်ဖူးတယ်၊ သားဆီကိုတစ်ခေါက်မှလည်း လာမတွေ့ဘူး၊ မေမေ့ကိုအပြင်မှာမြင်ဖူးချင်တယ်၊ မေမေကသားကို မချစ်





လို့ တစ်ခေါက်မှလာမတွေ့တာလားဟင်''

''မဟုတ်ပါဘူးမြေးရယ်၊ မြေးကိုချစ်လို့ကျောင်းတက်လို့ရအောင် အဆင်ပြေအောင် မေမေက ငွေတွေလွှဲပို့နေတာပေါ့၊ အဲဒါကြောင့် မြေး လေးပညာသင်ရတယ်၊ အဝတ်အစားလှလှလေးတွေ ဝတ်ရတာလေ၊ ဟုတ်တယ်နော်မြေး''

''ဟင့်အင်း. . . သားကျောင်းမတက်ချင်ဘူး၊ အဝတ်အစားလှလှ လေးတွေ မဝတ်ရလည်းကိစ္စမရှိဘူး၊ သားအရက်သမားလေးလေးတို့နဲ့ မနေချင်ဘူး၊ မေမေနဲ့ပဲနေချင်တယ်''

''မြေးရယ်''

သင်္ဂါမောင်မျက်ရည်ကျတော့ ဒေါ်မြခင်စိတ်မကောင်းပေ။ မြေး လေးက ဖခင်ကံမကောင်းသလို၊ မိခင်ရင်ငွေ့နဲ့လည်း ကင်းကွာနေသူ လေးပါ။ အရွယ်နှင့်မလိုက် အရက်သမားဦးလေးတွေရဲ့ နှိပ်စက်တာကို လည်းခံရသည်။ မအေက ပိုက်ဆံလွှဲပေးသော်လည်း သူ့အတွက်အပြည့် အဝသုံးခွင့်ရတာမဟုတ်ပါ။ ဒီအဘွားက မကာကွယ်လျှင် ဒီမြေးလေးဘဝ ဒီထက်မက ဆိုးပေလိမ့်မည်။ ဒါပေမဲ့ သူကအမေကိုတော့ ဘယ်လိုမှ တွေ့ပေးလို့မဖြစ်။

''မြေး''

''ဗျာ. . . အဘွား''

''မြေးလေးကလိမ္မာပါတယ်၊ အလုပ်လုပ်ပြီး ငွေရှာနေတဲ့ မေမေ့ ကို မြေးလေးအောက်မေ့တာ ကိုယ်ချင်းစာပေမယ့် အနှောက်အယှက်ပေး လို့တော့မဖြစ်ဘူးမြေး၊ သူ့အတွက် အရှမ်းအခက်အခဲဖြစ်သွားလိမ့်မယ်''

''ဒါဆို မေမေမှာဖုန်းတော့ရှိမှာပေါ့၊ မေမေနဲ့စကားပြောလို့ရော မရဘူးလား''

''မြေးရယ်၊ ဘာလို့ဖွတ်တရွတ်ကြီး မေမေ့ကိုတွေ့ချင်နေရတာ လဲ''



www.burmeseclassic.com

www.burmeseclassic.com



''အခုတလော အရမ်းကိုသတိရနေလို့ပါ''

''အချိန်တန်တော့တွေ့ရမှာပေါ့၊ အဘွားသေရင်တော့ မြေးမေမေ့ဆီ မြေးလေးကို ပြန်အပ်ခဲ့မှာပါကွယ်''

မေမေ့ကိုတွေ့ချင်၍ အဘွားကိုပဲမြန်မြန်သေပါစေလို့ ဆုတောင်းရတော့မည်လား။ သူဒီလိုတော့မလုပ်ရက်ပါ။

အဘွားကပဲ သူ့ဘဝကို ဂရုစိုက်ပြုစုစောင့်ရှောက်ပေးခဲ့တာ။

''အဘွား . . ဟိုလေ ဖေဖေသေတယ်ဆိုတာရော တကယ်လားဟင်၊ ဖေဖေ့ကို သားတစ်ခါမှမမြင်ဖူးလိုက်ဘူး''

''မြေးအဖေသေပါပြီလို့ အဘွားဘယ်နှခါပြောရမလဲ၊ အဘွားက မြေးကိုညာစရာလား''

''ဒါဆို သားဘယ်အချိန်လောက်က ဖေဖေဆုံးတာလဲ''

''ဆုံးတာတော့ မကြာသေးပါဘူး၊ ဒါပေမဲ့ မြေးလေးမသိတတ်ခင်အရွယ်က သားမေမေနဲ့ကွဲသွားကြတာ၊ သားဖေဖေက အရမ်းဆိုးပေါ့ကွယ်၊ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်ဘူး၊ ဒီမိသားစုကို ထောက်ပံ့ရမှာစိုးလို့ရသမျှ ပိုက်ဆံအကုန်အရက်သောက်ပစ်တယ်။ မြေးကို သူရှာတဲ့ပိုက်ဆံနဲ့ မုန့်တစ်ခုတောင်ဝယ်ကျွေးဖူးတာမဟုတ်ဘူး''

''ဒါပေမဲ့ အဲဒီအဖေကိုမြင်ဖူးချင်တယ်''

''မြေးလေး''

''အရက်သမားလေးလေးတို့ကို အရက်ဝယ်ပေးရသလိုမျိုး ဖေဖေ့အတွက်လည်း အရက်ဝယ်ပေးချင်တယ်၊ လေးလေးတို့လည်း သားကို မုန့်တစ်ခါမှဝယ်ကျွေးဖူးပါဘူး၊ ဖေဖေက ဝယ်မကျွေးလည်း ဖေဖေလို့ ခေါ်ဖူးချင်သေးတာပေါ့၊ ဘွားဘွားရယ်၊ အခုသားမှာ ဖေဖေလည်းမရှိ၊ မေမေလည်းမရှိနဲ့၊ သားကိုဂရုမစိုက်တဲ့ လေးလေးတို့နဲ့ပဲ အတူနေနေရတယ်''

''ဘွားဘွားရှိသားပဲ၊ ဘွားဘွားကမြေးကိုဂရုစိုက်သားပဲ၊ ဘွား





ဘွားနဲ့မနေချင်ဘူးလား မြေးလေး''

ဒါကျတော့ သဂံမောင်ခေါင်းအမြန်ခါသည်။ မျက်ရည်လေးတလည်လည်ဖြင့် ခေါ်မြခင်ကိုဖက်၏။

''ဘွားဘွားကို သားချစ်ပါတယ်၊ ဘွားဘွားနဲ့လည်းအတူနေချင်ပါတယ်၊ ဘွားဘွားရှိနေလို့သာ ဒီအိမ်မှာသားနေတာပါ၊ မဟုတ်ရင် မေမေ့ဆီကို သားထွက်ပြေးလိုက်ပြီ''

''မြေးရယ်၊ အရွယ်နဲ့မမျှအောင် မြေးလေးစိတ်ပင်ပန်းမှုများရတယ်ဆိုတာ ဘွားသိပါတယ်''

''ဘွားရော ဒီလိုဆိုးဝါးတဲ့သားသမီးတွေနဲ့ ဘာလို့အတူနေနေတာလဲ၊ ဘွားနဲ့ သားနဲ့တခြားမှာသွားနေကြမယ်လေ၊ သားကျောင်းထွက်ပြီး ဘွားကိုအလုပ်လုပ်ကျွေးပါမယ်''

''အမယ်လေး မလုပ်ပါနဲ့မြေးရယ်၊ မြေးလေးပညာတတ်အောင် သင်မှဖြစ်မှာ၊ ပညာတတ်မှကိုယ့်အားကိုယ်ကိုးနိုင်မှာ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်မှာ၊ အဘွားက ဒီလောကကြီးမှာ ဘယ်လောက်ကြာကြာနေနိုင်တော့မှာမို့လို့လဲ၊ မြေးလေးအတွက်ပဲ ဘွားကစိတ်ပူတာ''

''မေမေမှာ ဘွားလိုမေတ္တာစိတ်နဲ့ သားအတွက်စိတ်ပူတတ်ရင် ခဏလေးဖြစ်ဖြစ် သားကိုလာတွေ့သင့်တယ်၊ သားဘယ်အရွယ်ရောက်နေပြီလဲဆိုတာတောင် မေမေသိရဲ့လားမသိဘူး''

''ငယ်ငယ်တည်းက သားကိုတစ်နှစ်တစ်ခါ ဓာတ်ပုံရိုက်ပြီး ဘွားပို့ပေးနေတာပါ၊ မြေးလေးဘယ်အသက် ဘယ်အရွယ်ရောက်နေပြီဆိုတာ မြေးလေးမေမေ သိပါတယ်ကွယ်''

တော်သေးတာပေါ့လို့ဆိုပြီး ဖြေတွေးလို့မရပါ။ သက်ရှိထင်ရှားမရှိတော့ဘူးဆိုသည့် အဖေကတော့ထားပါတော့။ သက်ရှိထင်ရှားရှိနေသည့် မေမေကတော့ သူ့ကိုလာမတွေ့သင့်ဘူးလား။

သူစားဖို့ ဝတ်ဖို့ ပညာသင်ဖို့ ငွေရှာပေးရုံနဲ့ မိခင်တွေရားကျေ



www.burmeseclassic.com

www.burmeseclassic.com



ပြီလို့ ထင်နေလား။ လူမမယ်သားတစ်ယောက်ရင်ထဲမှာ မိခင်မေတ္တာရင်ငွေ့ကို တောင်းဘနေမယ်ဆိုတာ မသိလေရော့သလား။

အသက်ကြီးနေသည့် အဘွားနှင့် အရက်သမားဦးလေးတွေလက်ထဲမှာ စိတ်ချလက်ချနောက်ဆံမတင်းဘဲထားနိုင်တာ အံ့ဩစရာပါ။

သူ့ဘဝက ဘယ်လိုကံဇာတာမျိုးနှင့် ရှင်သန်နေရတာပါလဲ။

❖ ❖ ❖



## အခန်း (၃)

''သင်္ဂါ... သင်္ဂါမောင်''

''ဩော်... နံ့သာဖြူ''

နံ့သာဖြူခေါ်သံကြောင့် သင်္ဂါမောင်ခြေလှမ်းတွေ ရပ်သွားရသည်။ နံ့သာဖြူက သင်္ဂါမောင်နှင့် မွေးနေ့ မွေးချိန်တူ၊ တစ်ရပ်ကွက်တည်း အတူနေဖြစ်ကြသည့် သူငယ်ချင်းလေးပါ။ ကိုယ့်အကြောင်းသူ့အကြောင်း သိကြတာမို့ သံယောဇဉ်လည်းကြီးကြသည်။

''နင်ကလည်း ကျောင်းသွားတာ ငါ့ကိုတောင်မစောင့်ဘူး''

''စောင့်မလို့ပါပဲဟာ၊ အတွေးလွန်သွားလို့ပါ''

''ဘာလဲ... ညက နင့်ဦးလေးတွေ အရက်မူးရန်ဖြစ်ပြီး သောင်းကျန်းကြလို့လား''

''အဲဒါကတော့ ထုံးစံပါပဲ၊ ဒါကိုစိတ်ညစ်ပါတယ်လို့ အော်နေတော့ ဘာထူးလာမှာမို့လဲ''

''ဒါဆို ဘာအကြောင်းအတွေးလွန်လို့ ငါ့ကိုစောင့်ဖို့တောင်မေ့ရတာလဲဟဲ့''

''ငါမေမေနဲ့ တွေ့ချင်တယ်''

''ဘာ''

''ရန်ကုန်မှာရှိတယ်ဆိုပေမယ့်၊ အဲဒီကိုဘယ်လိုသွားရမှာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာနေတယ်ဆိုတာ ငါမသိဘူး၊ သိရင်တော့ ငါမေမေ့ကိုသွားတွေ့ ပစ်လိုက်ချင်တယ်၊ တစ်ခါလောက်တောင်လာမတွေ့နိုင်တာ ဘာဖြစ်လို့ လဲလို့ မေးပစ်လိုက်ချင်တယ်''

''အေးဟယ်... မော်ဘီနဲ့ ရန်ကုန်မြို့လယ်ဆိုတာ ဘယ် လောက်ဝေးတာမှတ်လို့ ကားခငါးရာနဲ့ လိုင်းကားတိုးစီးလိုက်ရင်ရောက် တာပဲဟာကို၊ ဘယ်လိုနေလဲ အခြေအနေလေးတစ်ခေါက်လောက်လာ ကြည့်တော့ ဘာဖြစ်မှာမို့လဲ''

နံ့သာဖြူပြောမှ ပိုပြီးဝမ်းနည်းလာမိသည်။ ခြေထောက်တွေပင် မသယ်ချင်တော့တာမို့ လမ်းဘေးအုတ်ခုံလေးမှာ ထိုင်ချလိုက်မိသည်။ ကျောင်းတက်ချိန်လိုသေးတာမို့ နံ့သာဖြူလည်း သူ့ဘေးမှာဝင်ထိုင်လိုက် သည်။

''မေမေ့ကို စိတ်နာလိုက်ချင်တယ်ဟာ၊ ဒါပေမဲ့ အဘွားကပြော တယ်၊ ငါပညာသင်ဖို့ မိသားစုကိုထောက်ပံ့ဖို့အတွက် ပင်ပင်ပန်းပန်း အလုပ်တွေ သွားလုပ်နေတာတဲ့၊ အဲဒါကြောင့်မလာနိုင်တာတဲ့''

''အဲလိုဆိုတော့လည်း ဟုတ်ချင်ဟုတ်မှာပေါ့၊ ဒါနဲ့ နင့်အဖေနဲ့ အမေက ဘာလို့ကွဲသွားတာလဲ၊ သေပြီဆိုတာရောဟုတ်လို့လား''

''အဘွားပြောတာပဲ၊ အရက်တွေအများကြီးသောက်လို့ သေ တယ်ဆိုတာ ဟုတ်ချင်လည်းဟုတ်မှာပါ၊ ဒါပေမဲ့ ဖေဖေဓာတ်ပုံလေး တစ်ပုံတောင် အိမ်မှာမရှိဘူး၊ မေမေ့ကိုတော့ ဓာတ်ပုံလေးရှိလို့မြင်ဖူး သေးတယ်၊ ဖေဖေ့ကိုတော့ ဘယ်လိုပုံစံလဲဆိုတာတောင် မမြင်ဖူးဘူး''

''နင့်အဘွားက နင့်အဖေကိုစိတ်နာလို့ ဓာတ်ပုံတောင်မထား တာလားမှမသိတာ အရမ်းဆိုးဝါးလို့ဖြစ်မှာပေါ့''

''ဟုတ်တယ် ဖေဖေကအရမ်းဆိုးတာတဲ့၊ ဒါပေမဲ့ ငါ့စိတ်အထင် ပြောရရင် မေမေမောင်တွေက အလုပ်မလုပ်ဘဲ ကိုယ်ကရှာကျွေးရမှာမျိုး ကို ကိုယ့်ကိုမှီခိုပြီး ဒုက္ခပေးမှာမျိုးကို ဘယ်သူကလက်သင့်ခံမှာလဲ''





''အေးလေ... ဟုတ်သားပဲ၊ နင့်ဦးလေးတွေကမှ အရမ်းကို ဆိုးတာ၊ အခုချိန်ထိ သူတို့အရက်သောက်ဖို့တောင် မအေဆီမှာလက်ဝါး ဖြန့်တောင်းသုံးနေကြတုန်း၊ နင့်အဘွားလည်း ကံမကောင်းပါဘူး၊ သား ဆိုးတွေဒဏ်ကို ဒီအရွယ်ထိခံနေရတုန်း''

''အေးလေ အဲဒါကြောင့် ဒီကနေထွက်သွားရအောင် ဘွားဘွား ကို ငါလုပ်ကျွေးပါ့မယ်လို့ပြောနေတာပေါ့၊ ဘွားဘွားက သားဆိုးတွေကို သံယောဇဉ်ကြီးလွန်းတယ်၊ သားသမီးတွေကပေးတဲ့ဒုက္ခကို ကံတရား ပေါ့လို့ ဖြေသိမ့်ပြီးခါးစည်းခံတယ်၊ ဦးလေးတွေက မူးရူးသောက်စားပြီး မကယ်အပေအတေတွေပါဟာ''

''အေး... နင့်အဲဒါတွေကို အတုခိုးမမှားလိုက်နဲ့နော်''

''စိတ်ကုန်လွန်းလို့ပါဟာ၊ ကြီးလာရင် ငါ့ကြောင့်ဘယ်သူမှ စိတ်ဒုက္ခမရောက်စေရဘူးလို့ ဆုံးဖြတ်ထားတယ်၊ အဘွားကပြောတယ် ဟာ၊ ကံကောင်းချင်ရင် စိတ်ကောင်းနှလုံးကောင်းမွေးရမယ်၊ စေတနာနဲ့ ကိုယ်ကျင့်တရားကောင်းရမယ်တဲ့''

သင်္ဂါမောင်ပြောတာကို နံ့သာဖြူသေချာနားထောင်ပြီး ခေါင်း တသိတ်သိတ်လုပ်၏။ ပြီးမှပြုံးရွှင်သောမျက်နှာလေးနှင့်...

''ဟဲ့... မနက်ဖြန် ငါတို့မွေးနေ့လေ၊ သူငယ်ချင်းတွေကို မုန့် ကျွေးဖို့ ငါပိုက်ဆံစုထားတယ်၊ နင့်မှာရော ဘယ်လောက်ရှိလဲ၊ နင်နဲ့ ငါက မွေးနေ့၊ မွေးရက်၊ မွေးချိန်အတူတူဆိုတော့ ငါတို့အတူတူလုပ်ကြ ရအောင်လေ''

''ဘယ်လိုလုပ်ရှိမှာလဲဟာ၊ အဘွားကပေးတဲ့မုန့်ဖိုးကို ငါ့ဦးလေး တွေက သူတို့အရက်သောက်ချင်လို့ တစ်ရာပေးစမ်း နှစ်ရာပေးစမ်းနဲ့ ချိန်ဆောင်းချိန်တောင်မရပါဘူး၊ တစ်ခါတလေ မုန့်တောင်ဝယ်မစား ရဘူး၊ အကုန်ပေးလိုက်ရတာ၊ အခုတလော ဟိုအရက်သမားကြီးတာ မုန့်လာကျွေးလို့မှ စားရသေးတယ်''

www.burmeseclassic.com



"အေး. . . နင်အဲဒီအရက်သမားကြီးကို မကြောက်ဘူးလား၊ နင့်ကိုမုန့်ကျွေးတာ ဖမ်းခေါ်ပြီး ရောင်းစားချင်လို့ဆိုရင် နင်ဘယ်လိုလုပ်မလဲ၊ အခုနင့်ကိုရင်းနှီးအောင် မုန့်ကျွေးတာအဟုတ်မှတ်မနေနဲ့ နောက်တော့မှ"

"ငါတော့ အဲလိုမထင်ဘူး၊ အရက်သမားကြီးဆိုပေမယ့် လူဆိုးကြီးတော့ မဟုတ်ဘူးထင်တယ်၊ သူ့အရက်ဗိုးထဲကနေ ငါ့ကိုမုန့်တွေလာလာဝယ်ကျွေးနေတာဟ၊ ငါ့မုန့်ဖိုးထဲကနေ အရက်ဖိုးတောင်းသောက်နေတဲ့ ဦးလေးတွေထက်တော်တယ်လို့ပြောရမယ်၊ အရက်သမားတွေဆိုတာ သူ့ထို့အရက်သောက်ဖို့ကလွဲရင် ဘယ်သူမှသထာတာမဟုတ်ဘူး"

"အေး. . . ဟုတ်သားနော်"

နံ့သာဖြူ စဉ်းစားသလို တွေတွေလေးဖြစ်သွား၏။ ထိုအချိန်မှာ ကျောင်းတက်ခေါင်းလောင်းထိုးသံကြောင့်

"ဟဲ့. . . ကျောင်းတက်တော့မယ်၊ ကျောင်းဝင်းထဲဝင်ရအောင်၊ ဒါနဲ့နင့်မှာပိုက်ဆံမရှိလည်း မနက်ဖြန်ကျ ငါမုန့်ဝယ်ကျွေးမယ်နော်၊ သူငယ်ချင်းတွေကိုတော့ ကျောင်းမှာသူတို့စားတဲ့ မုန့်ဖိုးတွေကိုရှင်းပေးလိုက်မယ်၊ နင်နဲ့ငါက ကျောင်းကအပြန်ဘုရားမှာဝင်ဆုတောင်းမယ်၊ ပြီးမှ တစ်ခုခုစားကြမယ်နော် သဂီ"

"အေးပါ. . . နင်က ငါ့ဘဝကိုနားလည်တဲ့သူမို့လို့ ငါပိုပြီးခင်တာ၊ ဒါပေမဲ့ နင်လည်းအရမ်းပြည့်စုံတဲ့သူမဟုတ်တော့ အားနာတယ်"

"ပြောစရာလားဟယ်၊ မရှိအတူ ရှိအတူပေါ့၊ မွေးနေ့ မွေးရက်တူသလို ဘဝလည်းတူတာပဲ၊ မတူတာဆိုလို့ ငါ့မှာအရက်သမားဦးလေးတွေမရှိတာနဲ့၊ မိစုံဖစုံနေရတာပဲ၊ မပြည့်စုံဘူးဆိုတာလည်း ဆင်းရဲသားမိသားစုက ပေါက်ဖွားလာတယ်ဆိုတော့ ဒီလိုပေါ့ဟာ၊ မကျေနပ်လို့ရောရမှာလား၊ ငါကတော့ကြီးလာရင် ဒီဘဝကရုန်းထွက်နိုင်ပြီး ချမ်းသာအောင်ကြိုးစားမယ်"

နံ့သာဖြူက သူ့မရည်ရွယ်ချက်တွေကို ပြောပြသည်။ သူ





ကတော့အဖြစ်ချင်ဆုံးဆန္ဒမှာ ဖေဖေမသေသေးရင် ဘယ်လောက်ကောင်းမလဲ။ အရက်သမားပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် သူများတွေလို အဖေခေါ်စရာရှိလျှင် သူဒီလောက်အားငယ်ရမည်မဟုတ်။

အရက်သမားဦးလေးတွေရဲ့အနိုင်ကျင့်မခံရနိုင်သလို၊ ရင်သွေးသားအရင်းဖြစ်သည့်အတွက် အရက်ဝယ်ခိုင်းရက်မည်မဟုတ်ပေ။

အဖေကိုမမြင်ဘူးလိုက်သည့် ကံကြမ္မာက ဘယ်လောက်တောင်ဆိုးဝါးလိုက်ပါသလဲ. . . ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

''အရက်သမားကြီးလာပြီ''

ထိုအသံကိုကြားတော့ ကျောင်းအပြင် မုန့်ဈေးတန်းကို သဂ်ါမောင်ပြေးထွက်ခဲ့သည်။ ထိုအရက်သမားကြီး တစ်နေ့မလာလျှင်တောင် သူသတိရနေတတ်၏။ မုန့်စားချင်ရုံသက်သက်ကြောင့်မဟုတ်တာ၊ ကိုယ့်ကိုယ်ကိုယ်သိသည်။

''ဦးဦး''

''အေး. . . သားဖို့မုန့်လာပေးတာ၊ သားက ငှက်ပျောကောက်ညှင်းပေါင်းကြိုက်တယ်ဆိုလို့''

''ဘာလို့လာလာပေးတာလဲ ဦးအိမ်က ဒီကျောင်းနားကလား''

''မဟုတ်ပါဘူး၊ သန်လျင်မှာနေတာ''

''ဟင်. . . အဲဒါဆို ရန်ကုန်ကပေါ့၊ သားမေမေလည်း ရန်ကုန်ကို အလုပ်သွားလုပ်နေတာဗျ။ ကျွန်တော့်ကိုကျောင်းစရိတ်ထောက်ပံ့ဖို့ အဝတ်အစားလှလှလေးတွေ ဝယ်ပေးဖို့တဲ့၊ ပြီးတော့ အဘွားနဲ့မောင်နှမတွေကို ထောက်ပံ့ပေးဖို့လည်း ပြောတယ်၊ ဟိုလေ. . . မေမေကို ကျွန်တော်ကို လာတွေ့ပါလို့ပြောပေးလို့မရဘူးလား ဦးဦး''

''ဟင်. . . ရန်ကုန်မြို့ဆိုတာ အကျယ်ကြီးသားရဲ၊ တစ်နေရာနဲ့ တစ်နေရာသွားတွေ့ဖို့ လွယ်တာမဟုတ်ဘူး၊ သားက သားအမေနေတဲ့





နေရာကိုသိလို့လား''

''ရန်ကုန်မြို့ကြီးထဲမှာလို့တော့ ပြောတာပဲ၊ ဘယ်နေရာလဲဆိုတာတော့ မသိပါဘူး၊ သားက မေမေကိုအရမ်းတွေ့ချင်တာ၊ မေမေနဲ့နေချင်တယ်၊ အိမ်မှာမနေချင်ဘူး''

''သားမေမေလာရင်ပြောပေါ့''

''မေမေက တစ်ခါမှအိမ်ကိုမလာတာ၊ ဘယ်အချိန်သွားပြောရမှာလဲ''

''ဟင်. . . သားကိုတစ်ခေါက်မှကိုလာမကြည့်တာလား''

သဂ်ါမောင် ခေါင်းညိတ်ပြရင်းနှင့် မျက်ရည်ဝဲလာသည်။ အရက်သမားကြီးလည်း သူ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေဟန်တူလေ၏။

''တစ်ခေါက်လောက်လာကြည့်ရင်ကို မေမေနဲ့နေချင်လို့ပါလို့ သားပြောမလို့ပါ၊ အိမ်မှာဦးလေးအရက်သမားတွေက ဆူညံသောင်းကျန်းနေတော့ စာလည်းကျက်လို့မရ၊ အရက်ဝယ်ခိုင်း ဆေးလိပ်ဝယ်ခိုင်းနဲ့ အနားလည်း မနေရဘူး၊ အဘွားကိုသနားတော့ အိမ်အလုပ်တွေလည်း ကူလုပ်ပေးရတယ်၊ တကယ်သာ မေမေနဲ့နေရရင်၊ သားအဲဒါမျိုးတွေ လုပ်ရမှာမဟုတ်ဘူးထင်တယ်နော်၊ ဘယ်မိဘကမှ သားသမီးကို အဲလိုမျိုးတွေခိုင်းမှာမဟုတ်ဘူးနော် ဦး''

''အင်း. . . အေးဟုတ်တယ်ကွ၊ သားသမီးအညွန့်ကျိုးအောင် အရက်ဝယ်ခိုင်းတာ၊ ဆေးလိပ်ဝယ်ခိုင်းတာလုပ်ပါ့မလဲ၊ သောက်ချင်ရင်တောင် ကိုယ့်ဘာသာဝယ်သောက်မှာပေါ့''

''အဲဒါကြောင့် ဖေဖေနဲ့လည်းနေချင်တာ''

''ဟင်''

''ဦးလေးအရက်သမားတွေနဲ့နေတောာစာရင် အဖေအရက်သမားနဲ့နေရတာမှကောင်းဦးမှာ၊ ဖေဖေနဲ့ မေမေမကွဲဘဲ အတူတူနေခဲ့ရင် သိပ်ကောင်းမှာပဲ၊ ဖေဖေက ဘာလို့များလက်ကြောမတင်းဘဲ မေမေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သားကိုလုပ်မကျွေးချင်ရတာလဲ မသိဘူး၊ အဲဒါကြောင့် ကွဲသွားကြတာတဲ့၊ တကယ်ဆို သားတစ်ယောက်အပေါ်တော့ ဖခင်ဝတ္တရားကျေသင့်တာပေါ့၊ အဲလိုတာဝန်မကျေတတ်ရင် ဘာလို့မိန်းမယူပြီး သားကိုမွေးခဲ့သေးလဲ''

''သားရယ်''

ဦးမိုးအောင် မျက်ရည်ဝဲလောက်အောင် နင့်ခနဲခံစားလိုက်ရ၏။ နောက်မှရသော နောင်တများဖြင့် သားကို သားလို့လည်း အသိမပေးရဲ။ ဒီအဖေက သားသမီးရဲ့အနာဂတ်ကိုမတွေးဘဲ ဒီလိုပုံစံအရက်သမားကြီး ဖြစ်နေသည်ဆိုတာသိလျှင် ပတ်ဝန်းကျင်အလယ်မှာ မျက်နှာငယ်အရှက် ရပေလိမ့်မည်။ အခုတောင် သားနှင့်ရွယ်တူ ကျောင်းသားကျောင်းသူလေး တွေက ရှုံ့ကြောက်ကြီးဖြစ်ပြီး၊ ကိုယ့်ကိုမြင်ရုံနှင့် ထွက်ပြေးနေကြသည် မဟုတ်လား''

သင်္ဂါမောင်အဖေက ဒီလိုအရက်သမားကြီးပါလားလို့ သိသွားသည်နှင့် သားကိုနှိမ့်ချဆက်ဆံကြမှာပါ။ ဒါလေးတစ်ခုတော့ သားအတွက် စောင့်ထိန်းပေးမှုဖြစ်မည်ထင်လို့ပါ။

ဒါပေမဲ့ ကိုယ့်ကိုသေပြီပြောထားကြတာကိုတော့ စိတ်နာသည်။ ကွဲကွာခဲ့ကြတာ တစ်ဖက်နှင့်တစ်ဖက် သည်းမခံနိုင် စိတ်အခန့်မသင့်ကြ လို့။ သားလေးတစ်နှစ်သားမပြည့်ခင်မှာပင် လမ်းခွဲခဲ့ကြသည်၊ တကယ် ဆို သားမျက်နှာကိုထောက်ထားပြီး ကိုယ်ရော သားအမေမြမြလွင်ရော ဒီလိုမဆုံးဖြတ်သင့်။ ထိုအချိန်ကတော့ သားလေးဒီလိုခံစားရနိုင်သလား၊ နာကျင်ရနိုင်သလားလို့မတွေးမိခဲ့။ မြမြလွင်မောင်တွေ အနိုင်ကျင့်တာ မခံနိုင်လို့၊ သူတို့လိုပင်သောက်လိုက် စားလိုက် မူးရူးသောင်းကျန်းလိုက် လုပ်သည်။ အလုပ်မလုပ်ချင်ဘဲ လက်ကြောမတင်း အချောင်ခိုချင်တာကို ထိုနည်းနှင့်တုံ့ပြန်ခဲ့၏။

မောင်တွေဘက်က ကာကွယ်ပြီးတွေးပေးနေသော မြမြလွင်ကို မကျေနပ်ချင်။ ဒါကြောင့်အရှုံ့တိုက်သည်။ ကြေးတန်းနှိုင်းသည်။





နောက်ဆုံး ငါ့မောင်တွေနဲ့ ငါ့အမေကို ငါရှာကျွေးနိုင်တယ်၊ ငါ့သားတစ်ဘဝလုံးကို တာဝန်ယူနိုင်တယ်လို့ မြမြလွင်မာနနှင့် အသံ ကောင်းဟစ် နှင်ချတာကြောင့် အိမ်ပေါ်ကဆင်းခဲ့ရခြင်းဖြစ်၏။

''ငါ့သားကို ငါခေါ်သွားမယ်၊ နင်တို့မိသားစုကြားထဲကို မထား ခဲ့ဘူး၊ ငါ့သားဘဝကို ငါအကောင်းဆုံးဖြစ်အောင် ပြုစုပျိုးထောင်နိုင်တယ်၊ သူ့ဘဝမြင့်မားအောင် ငါကြိုးစားမယ်၊ ငါ့သားကို နင်တို့နဲ့မထားဘူး''

''ခွေးပါးစပ်က နတ်စကားမထွက်နဲ့၊ နင်လိုအရက်သမားက နင့်ကိုယ်နင်တောင်ထိန်းနိုင်လို့လား။ ကိုယ့်အရက်ဖိုးတောင် ကိုယ်ဝအောင် ရှာသောက်နိုင်လို့လား၊ ယောက်ျားတန်မဲ့ လင်ဝတ္တရား ဖခင်ဝတ္တရားကျေ အောင် မကြိုးစားချင်ဘဲ၊ မကောင်းတဲ့သူတွေကို တုဘက်ပြိုင်ပြီး လူဖြစ် ရှုံးအောင်နေတယ်၊ နင့်ကို ငါ့မိသားစုအတွက် အားကိုးရမလား၊ ငါ့အတွက် နားလည်မှုရှိတဲ့ အိမ်ထောင်ဘက်ကောင်းဖြစ်မလားလို့ လက်ထပ်ခဲ့တာ၊ ဒီလိုသဘောထားမပြည့်ဝ၊ အသုံးမကျတဲ့သူမှန်းသိရင် စိတ်တောင်မကူး ခဲ့ဘူးသိလား၊ နင့်သားကိုခေါ်ဖို့ကြိုးစားရင် ရဲကိုတိုင်ဖို့ပဲရှိတယ်၊ နင့်လို ဖခင်ဝတ္တရားမကျေတဲ့ အပေအတေကောင်ကို တရားဥပဒေကရော သား လေးရဲ့ဖခင်နေရာမှာ အသိအမှတ်ပြုမယ်ထင်လား၊ နင်နဲ့ငါ တရားဝင် ကွာရှင်းမယ် သွားတော့''

အခြေအတင်ပြဿနာဖြစ်ကြတာ သွေးဆူတုန်းကြောင့်မဟုတ်။ သည်းခံနိုင်မှုတွေကုန်ဆုံးလို့ ယတိပြတ် ပြတ်ဆဲခဲ့ကြခြင်းဖြစ်သည်။

မာနသက်သက်ကြောင့် လမ်းခွဲခဲ့ကြသည်ဆိုရင်တောင် သား အတွက်နှစ်ယောက်လုံး စာနာတွေးခဲ့သင့်သည်။

''ဦးဦး''

''ဟင်''

''ဘာလို့ မျက်ရည်တွေကျပြီး ငိုင်သွားတာလဲ''

''ဩော်. . . ဘာ. . . ဘာမှမဟုတ်ပါဘူး သားရဲ့၊ ဦးကအရက်



www.burmeseclassic.com

www.burmeseclassic.com



သောက်ထားတော့ မျက်လုံးတွေနီရဲနေတာပါ''

''ဩော်. . ဟုတ်လား၊ သားဦးလေးတွေလည်း အဲလိုပဲအရက်သောက်ပြီးရင် မျက်လုံးတွေနီလာတာပဲ၊ လူကပိန်သွားပြီး ဗိုက်ကြီးတွေပူလာတယ်၊ အရက်သောက်တာ ဘာကောင်းလို့လဲဟင်၊ သားလည်း သောက်ကြည့်ချင်တယ်''

''ဟာ. . မ. . မကောင်းဘူး၊ အရက်ကမကောင်းဘူး၊ အရမ်းပူလောင်တဲ့ဝေဒနာတွေပေးတယ်၊ မကောင်းမှုတွေကို ကျူးလွန်ရဲတဲ့စိတ်ကို ဖြစ်ပေါ်စေတယ်၊ မိဘ၊ သားသမီး၊ မွေးချင်း ပတ်ဝန်းကျင်ဘယ်သူ့အပေါ်မှ ကောင်းကျိုးမပြုဘူး၊ ဆင်ခြင်တုံတရားမဲ့လို့ အမှားတွေလုပ်ရမှာလည်း ဝန်မလေးဘူး၊ အဲဒါကြောင့် လူတွေရဲ့ရွံမုန်းကြောက်ရွံ့တာကြီးကို ခံရတတ်တယ်''

''ဒါဆို မကောင်းမှန်းသိရက်နဲ့ ဦးဦးက ဘာလို့သောက်တာလဲ''

''ဟင်''

စကားတတ်သော သားရဲ့အမေးကို ဘယ်လိုဖြေရမှန်းမသိ။ သားရဲ့ဦးလေးတွေကို အရွဲ့တိုက်တာပါလို့၊ ကိုယ့်ရဲ့သဘောထားသေးသိမ်မှုကို သားအထင်သေးအောင်ပြောပြရမှာလား။ ဆင်ခြင်မှုမဲ့တယ်ဆိုတာ ဒါမျိုးပါလို့ အရှက်မရှိဝန်ခံရမှာလား။

သားရှေ့မှာ ဒီလိုမျိုးတော့သိက္ခာမမဲ့ချင်ပါ။ သားကိုတစ်သက်စာ အနာတရ ရမသွားစေချင်။ ဒါကြောင့်မို့ ဟန်ဆောင်ပြုံးနှင့်ပင်. .

''ဦးက အရက်ကိုကြိုက်လို့ သောက်တာသားရဲ့၊ တချို့တွေ ကော်ဖီမစ်တို့ ဆေးလိပ်တို့စွဲသလို မသောက်ရမနေနိုင်တာမျိုးပေါ့။ ငွေလည်းကုန် ရောဂါရမှန်းလည်းသိရဲ့နဲ့ မဖြတ်နိုင်တာ၊ အဲဒါကြောင့် အဲလို မကောင်းတာကို သားမလုပ်ရဘူးနော်၊ ဦးကိုကတိပေးနိုင်လား''

အလွယ်မဖြေချင်၍ သင်္ဂါမောင် လေးလေးနက်နက်စဉ်းစားနေသည်။ ဒီလိုစိတ်မျိုးရှိတာ သွေးရင်းသားရင်းတွေမှ စေတနာထားနိုင်





တာမျိုးမဟုတ်ပါလား။

''သားပြောလေ''

''ဟုတ်ကဲ့ သားကတိပေးပါတယ်၊ သားစိတ်ထဲမှာလည်း သားကြောင့် ဘယ်သူမှစိတ်မဆင်းရဲစေရဘူးလို့ ဆုံးဖြတ်ထားတာ၊ အရက်သောက်ရင် သူများကိုဒုက္ခပေးမိသလိုဖြစ်မှာပေါ့၊ ကျွန်တော်မသောက်ပါဘူး၊ ဒါနဲ့ ဦးကိုသားမေးချင်တာတစ်ခုရှိတယ်''

''မေးလေ သား''

''သန်လျင်လိုဝေးတဲ့နေရာကနေ မော်ဘီကို ဘာလို့လာတာလဲဟင်၊ ဒီမှာဆွေမျိုးသားချင်းတွေရှိလို့ တစ်ပတ်ကိုနှစ်ခါသုံးခါလောက်လာနေတာလား''

''ဟင်. . အဲဒါကလေ''

သားကိုတွေ့ချင်လို့ပါလို့ အမှန်အတိုင်းပြောလို့မဖြစ်ပါ။ မြမြလွင်နှင့်ကွဲသွားပြီးတည်းက သားကိုမေ့ဖျောက်ထားနိုင်အောင် အရက်ကိုပိုသောက်ပြီး အဖော်ပြုနေခဲ့တာမဟုတ်ပါလား။ ဒါဟာအရက်သမားရဲ့ ဆင်ခြေပါဟု ကိုယ့်ကိုမသထာရေစာထောက်ပံ့နေခဲ့သည့် ညီမတွေကတော့ ပြောသည်။ ဟိုအရင်ချိန်တွေကတော့ ဟုတ်မှာပါ။

အခုတော့ မကြာသေးခင်အချိန်ကာလလေးမှာ မြမြလွင်ကို နောက်အိမ်ထောင်၊ နောက်သားသမီးတွေနှင့် ပျော်ရွှင်နေတာကိုတွေ့ခဲ့ရသည်။ ကိုယ့်ရဲ့သားလေးကိုတော့ ဘယ်နေရာမှာ ဘယ်လိုပုံစံနှင့်ထားမှန်းမသိ။ သေချာစုံစမ်းကြည့်သည့်အခါမှာတော့ သားကိုခေါ်မသွားဘဲ သူမရဲ့မိသားစုဆီမှာ ပစ်စလက်ခတ်ထားရစ်ခဲ့တာ သိလိုက်ရသည်။

ဒါတောင်သားကို ရင်အုပ်မကွာကြည့်ရှုစောင့်ရှောက်နေခဲ့တယ်လို့ ထင်ခဲ့တာ။ သားရဲ့အဘွားက သူ့သမီးကိုတော့ အလုပ်လုပ်ပြီး ငွေသွားရှာနေတယ်လို့ပြောထားပြီး ဒီအဖေကိုတော့ သေပြီလို့ပြေရက်သေးသည်၊ ဘယ်လောက်တောင် အတ္တကြီးသည့်လူတွေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



''ဦးပြောလေ၊ သားမေးတာဖြေဦး၊ သားကိုမုန့်ကျွေးချင်လို့ သက်သက်လာတာလား၊ ဒါဆို ဦးကသားတို့နဲ့အမျိုးတော်လို့လား သား ဘွားဘွားနဲ့လား''

''မ..မဟုတ်ဘူး ဘာမှမတော်ပါဘူး၊ ဒီမြော်ဘီမှာ ဦးရဲ့ မွေးချင်းတွေရှိတယ်ကွ၊ အလုပ်လာရင်းနဲ့ သားကိုမြင်ပြီး ချစ်လို့မုန့်ဝယ် ကျွေးတာ''

''ဦးက ပိုက်ဆံချမ်းသာလို့လား၊ အဝတ်အစားတွေကလည်း တောက်တောက်ပြောင်ပြောင်မရှိပါဘူး၊ သန့်သန့်ရှင်းရှင်း သားသားနား နားလည်းမဟုတ်ဘူး၊ သားဦးလေးတွေအတိုင်းပဲ''

သူတို့ကိုတုပြိုင်ခဲ့လို့ပေါ့လို့ သားရဲ့အသိတရားတွေ လွဲချော် အောင် မဖြေချင်။ အသာခေါင်းခါလိုက်ရင်း..

''အဲဒါ အရက်သမားဖြစ်သွားတဲ့ အကျိုးကျေးဇူးပေါ့သား၊ ကိုယ် တိုင်လည်း အလုပ်လုပ်ချင်စိတ်မရှိ၊ ဘယ်သူမှလည်း မသထာနဲ့၊ လူ ရွံ့မုန်းစရာဖြစ်သွားတာပေါ့''

''အဲဒါကြောင့်ပြောတာလေ၊ သားကိုမုန့်ဝယ်ကျွေးတဲ့ ပိုက်ဆံ တွေ ဘယ်ကရတာလဲမို့၊ သားရဲ့ဦးလေးတွေကိုတော့ သားရဲ့မေမေက ထောက်ပံ့တယ်၊ ဦးဦးကိုရော''

''ဦးမှာ ညီမတစ်ယောက်ရှိတယ်၊ သူ့ဆီကတောင်းသုံးတာပေါ့ ကွာ၊ သူကလည်း ထမင်းတော့ကျွေးပြီး အရက်ဖိုးကို အဆင်ပြေမှပေးနိုင် တာဆိုတော့၊ အခုတလော အိမ်သာကျင်းတွေ ဘာတွေတူးတယ် ဆယ် တယ်၊ တစ်ခါတစ်လေ ကူလီထမ်းတယ်၊ ရေခဲချောင်းရောင်းတယ်၊ အဲဒါ ကြောင့် ဦးမှာပိုက်ဆံရှိပါတယ်ကွ၊ သားကိုမုန့်ဝယ်ကျွေးတာ ဘယ်လောက် မှ သိပ်မကုန်တာ''

''သားကတော့ ဦးအဲလိုရှာထားတဲ့ပိုက်ဆံကို မစားရက်ဘူး''

''ဟင်''





''သားအဖေဆိုရင် အရက်သမားကြီးဖြစ်ပါစေ၊ အဲလိုအလုပ်မျိုး တွေ မခိုင်းရက်ဘူး၊ အဲလိုအလုပ်မျိုးနဲ့ ရှာကျွေးတာကို ဘယ်လိုလုပ်စား ရက်မှာလဲ၊ သားအဖေကို သားပဲ အလုပ်မလုပ်နိုင်တောင် တောင်းရမ်းပြီး ရှာကျွေးလိုက်မယ်''

''သားရယ်..သားရယ်''

သားရဲ့သိတတ်မှုလေးကို ရင်ထဲမချိအောင်နာကျင်လှသည်။ ဒီ လိုသားလိမ္မာလေးနှင့် ဘာကြောင့်များအတူနေဖြစ်အောင် မကြိုးစားမိ ခဲ့တာလဲ၊ မြူးမြူးလွင်ရော ကိုယ်ရော ကိုယ့်ခံစားမှုနှင့်ကိုယ် အတ္တကိုယ်စီ နှင့် ရှင်သန်ခဲ့ကြသည်။

တိုးတိတ်စွာ မချိမဆံ့ညည်းညူမှုကို သားများသတိထားမိသွား နိုင်သလား။ ခြေအစုံကို မတ်မတ်ရပ်နိုင်အောင် မနည်းအားပြုရပ်လိုက်ရ သည်။

''ဦးဦး ပြန်တော့မယ်သား၊ နောက်မှလာမယ်နော်''

''နောက်တစ်ခါလာရင် သားအတွက်မုန့်မဝယ်ခဲ့နဲ့နော် ဦး၊ သားက အဖေလို့အရမ်းခေါ်ချင်တာ၊ နောက်တဝက်မှ သားအဖေဖြစ်ပေး ပေါ့၊ အဲဒီကျရင် အရက်မသောက်ရဘူးနော်ဦး၊ သားက အရက်သမားကြီး ရဲ့သားတော့ မဖြစ်ချင်ဘူး၊ သူငယ်ချင်းတွေကြားမှာ မျက်နှာငယ်ရမှာ စိုးလို့ပါ''

''သားရယ်..သဂါမောင်လေးရယ်''

ကျောခိုင်းပြီးမှ မျက်ရည်တွေ သွန်ချပစ်လိုက်၏။ အရက်သမား တစ်ယောက်ရဲ့မျက်ရည်ကို ဘယ်သူကသနားမှာလဲ။ ဘယ်သူက ကိုယ် ချင်းစာမှာလဲ။ မလိုပါဘူး၊ တခြားဘယ်သူမှ ဂရုမစိုက်လည်း သားရဲ့ ဘဝလေးကိုတော့ မြှင့်တင်ပေးချင်လှသည်။ ဒါပေမဲ့လည်း ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ရှင်. . ရှင် ကိုမိုးအောင်၊ ဘာ. . ဘာကိစ္စ ကျွန်မအိမ်ရှေ့ကို လာတာလဲ၊ ကျွန်မဆီကိုဘာလို့လာတာလဲ"

"မင်းလင်တော်မောင်သိမှာစိုးလို့ ထိတ်လန့်သွေးပျက်သွားတာလား မြမြလွင်၊ မင်းကားအောက်ကိုဆင်းခဲ့ပါ၊ မင်းဆင်းမလာရင် မင်းရဲ့ယောကျ်ားဟောင်းက ဒီကအရက်သမားကြီးပါလို့ အားလုံးကြားအောင် အော်ပြောရလိမ့်မယ်"

ကိုမိုးအောင်ရဲ့ခြိမ်းခြောက်မှု ဒေါ်မြမြလွင် မျက်စိမျက်နှာပျက်သွေးပျက်သွားသည်။ လူ့ချမ်းသာ လူကုံထံတွေချည်းနေသော ဒီလိုတိတ်ဆိတ်အေးချမ်းသည့်နေရာမျိုးမှာ ဒီလိုရှုပ်ရှုပ်ထွေးထွေး... သောင်းကျန်းလျှင် အရှက်သိက္ခာတွေ ကုန်းကောက်စရာတောင်ရှိမည်မဟုတ်။

"ရှင်ဘာလာနှောက်ယှက်တာလဲ ကိုမိုးအောင်၊ ရှင်နဲ့ကျွန်မနဲ့ တရားဝင်ကွာရှင်းပြီးသားနော်၊ ကျွန်မယောကျ်ားကလည်း အရင်ယောကျ်ားနဲ့ သားတစ်ယောက်ရှိတယ်ဆိုတာ သိပြီးသား"

"အဲဒါ ငါစိတ်မဝင်စားပါဘူး။ အခုငါလာတာ ငါ့သားကိစ္စကြောင့်ပဲ၊ သားကိုမင်းဘယ်လိုလုပ်ထားတာလဲ၊ သားကို ဘာလို့ပစ်စလက်ခတ်ပစ်ထားတာလဲ၊ ပြောစမ်းပါဦး မြမြလွင်"

"ရှင်"





သားအကြောင်းတော့ ဒီနေရာမှာ အကျယ်တဝင့်ပြောလို့မဖြစ်။ ဒီအသိုက်အဝန်းက သိနေတာတော့ မိမိက လင်ယောကျ်ားမရှိ သားသမီးမရှိသည့် အပျိုလူလွတ်တစ်ယောက်အဖြစ်နှင့်ပါ။ မိမိအကြောင်းကို သိသူဆိုလို့ အခုလက်ထပ်ယူထားသည့် ဦးဝေလွင်တစ်ယောက်သာရှိသည်။ ဦးဝေလွင်နှင့်မွေးထားသည့် သားနှင့်သမီးလေးတောင်မှ လုံးဝမသိပါ။ ငယ်သေးလို့ တမင်အသိမပေးတာမျိုးမဟုတ်ဘဲ၊ တစ်သက်စာဖုံးကွယ်ထားရမည်လို့ ဦးဝေလွင်က ကတိတောင်းထားသည်။

"ကားပေါ်တက် ကိုမိုးအောင်၊ ရှင်ပြောတာကို ကျွန်မဒီနေရာမှာ နားထောင်လို့မဖြစ်ဘူး"

"မင်းက"

"အကျယ်အကျယ်မဖြစ်ချင်ဘူး၊ သားအကြောင်းပြောမယ်ဆိုရင် ကားပေါ်တက်ပါ၊ ဒါမှမဟုတ်ရင် ဒီနေရာကနေ ရှင်ကိုပုဒ်မတွေအများကြီးနဲ့ ထွက်သွားလို့ရအောင်လုပ်နိုင်တယ်နော်၊ မြမြလွင်ကို ပေါ့သေးသေးလို့တော့ မထင်နဲ့"

"တောက်. . မင်း"

ခြိမ်းခြောက်တာကို ကြောက်လို့မဟုတ်ပေမယ့် သားအကြောင်းပြောခွင့်မသာမှာစိုး၍ ဒေါ်မြမြလွင် ဖွင့်ပေးသော ကားပေါ်အောင့်သီးအောင့်သက် တက်ထိုင်လိုက်ရသည်။ မွှေးကြိုင်နေသော ကားလေးရဲ့ရနံ့များကို ကိုယ့်ရဲ့အရက်နံ့များက ဖုံးလွှမ်းသွားသည်။

မြမြလွင်က လူရှင်းသောနေရာကိုရောက်မှ ကားကိုလမ်းဘေးချရပ်လေ၏။ မြမြလွင်က ကားပေါ်ကအရင်ဆင်းပြီး ကိုယ့်ဘက်က ကားတံခါးကို ချုပ်ခနဲဆွဲဖွင့်ကာ

"ဆင်းလေ မြန်မြန်အောက်ကို ရှင့်အနံ့တွေနဲ့ ကားကို အပြန်မှ ရေဆေးပစ်ရမယ်"

"မင်းအရမ်းကို ကြီးကျယ်မိုက်ရမ်းမောက်မာနေပါလား မြမြ



www.burmeseclassic.com

www.burmeseclassic.com



လွင်၊ ဟင် သူ့ဓားကြီးနဲ့ လက်ထပ်လိုက်ရလို့ အောက်ခြေလွတ်သွားတာလား''

''ရှင့်လိုလူစားနဲ့တွေ့မှ ကျွန်မအဲလိုဖြစ်သွားတာ ကိုမိုးအောင်ရှင်က ဘယ်လောက်တောင်ကောင်းနေတဲ့သူမို့လို့လဲ၊ ကျွန်မကို ဒီလိုတွေပြောဖို့မတန်ဘူး''

''မြမြလွင်. . . မင်း''

မျက်မှန်ကိုပင့်တင်ကာ မောက်မာစွာပြောနေသော မြမြလွင်ကို ယောကျ်ားမာနဖြင့် စိတ်ရှိသလောက်သာ ထိုးကြိတ်သတ်ပစ်လိုက်ချင်သည်။ ဒါပေမဲ့ မြမြလွင်ပြောသလို ကိုယ်ကဘာကောင်မှမဟုတ်ပါ။

သားအတွက်မို့သာ ရင်ဆိုင်ဖို့ သတ္တိမွေးပြီးရောက်လာခဲ့တာ။

''ရှင်ဘာပြောမှာလဲ ပြောလေ၊ ကျွန်မဈေးဝယ်စရာရှိလို့ ထွက်လာခဲ့တာ၊ မဟုတ်ရင် အိမ်ထဲက အိမ်ပြင်ထွက်တာမဟုတ်ဘူး''

''ထွက်ခွင့်မရှိလို့မဟုတ်လား၊ ငါလည်းအဲဒါကြောင့် မင်းထွက်အလာကို စိတ်ရှည်ရှည်ထားပြီး စောင့်နေခဲ့တာ၊ ငါစိတ်အတိုင်းဆို မင်းဘဝပျက်သွားအောင် အိမ်ထဲဝင်ပြီးသောင်းကျန်းပစ်လိုက်တယ်၊ ရှန်းရင်ဆန်ခတ်ဖြစ်ရင် သားအတွက်ဘာမှပြောခွင့်မသာမှာစိုးလို့ မနည်းစိတ်ကို ထိန်းထားလိုက်ရတယ်''

''ဒီကပဲ ကျေးဇူးတင်ရဦးမှာပေါ့ ကဲပါ ပြောစရာရှိတာမြန်မြန်ပြော''

''သားဆီကို မင်းတစ်ခေါက်မှသွားမတွေ့ဘူးဆို''

''ဟင်''

''ငွေပို့ပေးရုံနဲ့ မိခင်ဝတ္တရားကျေပြီလို့ ထင်နေလား။ မင်းပြောတုန်းက သားကိုတာဝန်ယူစောင့်ရှောက်မှာဆို၊ မင်းဘာရင်ငွေ့ပေးသလဲ၊ အနီးကပ်နွေးထွေးမှုတွေပေးသလဲ၊ အခုသားက အမေရော အဖေရော နေပါရဲ့နဲ့ ဘယ်သူ့မေတ္တာမှမရဘူး။ အနေဝေးပြီး နာကျင်မှုတွေပဲ ခံစား





နေရတယ်''

''ဒီလိုတွေဖြစ်အောင် ဘယ်သူလုပ်ခဲ့တာလဲ''

''ဘာ''

မြမြလွင်ရဲ့ တုံ့ပြန်မေးခွန်းက သူ့မှာဘာအပြစ်မှမရှိသလိုပင်။ သက်သီးကိုဆုပ် အံကြိတ်မိလျက်

''ဒီကိစ္စတွေမှာ မင်းမိသားစုအတွက် မင်းအတ္တကြီးခဲ့တာကို မင်းဝန်ခံစမ်းပါ မြမြလွင်၊ ငါတို့ယောကျ်ားတွေကိုတော့ သားကောင်းတစ်ယောက်က လင်ကောင်းတစ်ယောက်မဖြစ်ဘူးတဲ့၊ မင်းကကျတော့ မင်းမိသားစုအတွက် သမီးကောင်းတစ်ယောက်ဖြစ်ခဲ့တော့ ဇနီးကောင်း မိခင်ကောင်းတစ်ယောက်မဖြစ်ခဲ့ဘူး ဟုတ်တယ်မဟုတ်လား''

''ဒါဆို ကျွန်မက မွေးထုတ်ထားတဲ့အမေကို ပစ်ထားရမှာလား၊ ကိုယ်တရားကြောင့် သွေးရင်းသားရင်းမောင်နှမဖြစ်လာတဲ့ ခပ်ဆိုးဆိုးမောင်တွေကိုဥပေက္ခာပြုရမှာလား၊ တကယ်တမ်းတွေးကြည့်ရင် လင်ယောကျ်ားဆိုတာ တခြားမိဘက ပေါက်ဖွားလာတဲ့သူစိမ်းတစ်ယောက်ပဲ''

''ဒါဆို ချစ်ပါတယ်လို့ အပြေပြေးပြီး ငါ့ကိုလက်ထပ်ခဲ့တာ ဘာကြောင့်လဲ''

''ရှင်အဲလိုမေးလို့ ကျွန်မပြန်မေးရဦးမယ်၊ အချစ်ဆိုတာ တဏှာရာဂစိတ်အာသာပြေရုံသက်သက်လို့ ရှင်ထင်နေလား၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု၊ စာနာမှု၊ ယုံကြည်မှု၊ အားကိုးမှုတွေနဲ့မှ အိမ်ထောင်တစ်ခုကို တည်ဆောက်လို့ရတာ၊ အဲဒါတွေမရှိရင် စိမ်းနှစ်ယောက်ရဲ့ပေါင်းစည်းမှုက သူစိမ်းဆန်ဆန်တစ်ခဏပဲ တည်တံ့လိမ့်မယ်၊ တစ်ခဏဆိုတည်းက မတည်မြဲဘူးဆိုတဲ့သဘောပေါ့၊ ရှင်ဘက်က အဲဒါတွေ တစ်ခုမှမရှိဘဲ၊ ကျွန်မက အိမ်ထောင်ရှင်မကောင်းပီသပြီး သည်းခံပေါင်းသင်းနေရမှာလား''

''ဒါဆို မင်းရင်နဲ့လွယ်မွေးတဲ့ သားအတွက်ရော ဘာလို့မတွေး



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ သားကလည်း မင်းမိသားစုရဲ့နောက်ကပဲမဟုတ်လား''

ဒေါ်မြမြလွင်ရဲ့ နှုတ်ခမ်းများမဲ့ကျသွားလျက်၊ မျက်လုံးများက စူးရှနေသည်။ ကားဘန်ပါကိုမှီထားရာမှ မတ်မတ်ရပ်လိုက်ပြီး

''လူညံ့တွေက သူများကိုအပြစ်ပြောဖို့ပဲ စောင့်ကြည့်နေတယ် ဆိုတာ အမှန်ပဲ၊ ပညာရှိတွေကတော့ ပြောစရာရှိရင်တောင် နည်းနည်း ပြောတယ်တဲ့၊ ကျွန်မ အခုအားကိုးရှာလိုက်တယ်ဆိုတာ မိသားစုအတွက် ပါသလို သားအတွက်လည်း အဓိကကျတယ်၊ အခုသားပညာရေးအတွက် စားဝတ်နေရေးအတွက် ကျွန်မလစဉ်ထောက်ပံ့နေတာ၊ သားပညာတတ် ကြီးဖြစ်သွားတဲ့အထိ သူ့ခြေထောက်ပေါ်သူရပ်နိုင်တဲ့အထိ ကျွန်မတာဝန် ယူသွားမှာ၊ အဲဒီလောက်ထိကို ကျွန်မဘဝကိုရင်းထားတာ''

''မိခင်မေတ္တာအပြည့်အဝနဲ့ အရမ်းကိုတော်နေတယ်ဆိုပါတော့ အခုသားလိုအပ်နေတာ အဲဒါမဟုတ်ဘူးကွ၊ သေပြီလို့ပြောထားတဲ့ အဖေ အတူနေချင်တယ်၊ တစ်ခေါက်မှလာမတွေ့တဲ့အမေကိုလည်း စိတ်မနာ နိုင်ဘဲ အတူနေချင်တယ်တဲ့၊ သူတောင်းတနေတာ မိသားစုဘဝလေး အခုတော့ မင်းကနောက်အိမ်ထောင် နောက်မိသားစုနဲ့ပျော်နေတယ် မင်း . . သားကိုတော့''

ဒေါ်မြမြလွင်လက်ကာပြလိုက်တော့ ဦးမိုးအောင်စကားဆုံး အောင်ပြောခွင့်မရဖြစ်သွားသည်။

''ဒီအခြေအနေတစ်ခုဖြစ်ဖို့ ရင်းနှီးခဲ့တာ ဒီလောက်တော့ရှိမှ ပဲ ကိုမိုးအောင်၊ ကျွန်မတစ်ယောက်ခွန်အားနဲ့ တစ်မိသားစုလုံးတာဝန်က မထမ်းနိုင်လို့ အားကိုးရှာခဲ့တာ၊ အဲဒီလိုတာဝန်ယူပေးတဲ့အတွက် ကျွန်မ ဘက်က ပေးဆပ်မှုတွေရှိတာပဲ ကိုမိုးအောင်၊ ကျွန်မအိမ်ထောင်ကျခဲ့ တယ်၊ သားတစ်ယောက်ရှိခဲ့ဖူးတယ်ဆိုတာ ဒီအသိုက်အဝန်းကမသိဘူး မိသားစုကို ထောက်ပံ့နေတယ်ဆိုတဲ့ အနေအထားမျိုးနဲ့ပဲနေနေရတာ''

''မင်းယောကျ်ားလည်းမသိဘူးပေါ့၊ ဒါကြောင့်သားကို ဥပေက္ခာ ပြုထားတာလား၊ ဒါဆိုရင်အသိပေးပြီး လုပ်သင့်တာလုပ်ပေးနိုင်းရမှာပဲ''

''ရှင်ကယုတ်မာဖို့အတွေးတော့ တွေးတတ်သားပဲ၊ သူကမသိ လို့မဟုတ်ဘူး၊ သူကျွန်မကို စိတ်ဝင်စားတယ်ပြောကတည်းက အားလုံး အသိပေးဖွင့်ပြောပြီး လက်ထပ်ခဲ့တာ၊ ဒါပေမဲ့ သားသမီးတွေရလာတဲ့အခါ ပြဿနာရှိရမှာစိုးလို့ အရင်အိမ်ထောင်ရှိတယ်၊ အရင်သားတစ်ယောက် ရှိတယ်ဆိုတာ တစ်သက်လုံး အသိမပေးဖို့ ကတိတောင်းထားတယ်''

''ဒါဆို သားကိုတစ်သက်လုံး မင်းဒီအတိုင်းပစ်ထားတော့မှာ လား''

''သူ့ဘဝသူရပ်တည်နိုင်တဲ့အထိ ကျွန်မတာဝန်ယူမှာပါလို့ ပြော ပြီးပြီပဲ''

''မင်းအဲလိုလုပ်လို့မဖြစ်ဘူး မြမြလွင်၊ အခုသားက မင်းရဲ့မောင် တွေကြောင့် အိမ်မှာမနေချင်တော့ဘူး၊ နှိပ်စက်ခံနေရတယ်၊ မုန့်ဖိုးတောင် သုံးစရာမရှိအောင် အနိုင်ကျင့်ခံနေရတယ်၊ အရက်ဝယ်ပေးရတယ်၊ ဆေး လိပ်ဝယ်ပေးရတယ်၊ နင်းနှိပ်ပေးရတယ်၊ မင်းမောင်အရက်သမားတွေက တူသားတစ်ယောက်လိုသဘောထားတာမဟုတ်ဘူး၊ အိမ်ကျွန်တစ်ကောင် လို ဆက်ဆံနေတာ''

''ဟင်''

ဒေါ်မြမြလွင် ရင်ထဲနင့်ခနဲဖြစ်အောင် ထိခိုက်နာကျင်သွားသည်။ ဒါပေမဲ့ ဒီထက်ပိုပြီး ဘာလုပ်ပေးနိုင်မှာလဲ။ ဒီဘက်မှာလည်း အသိဉာဏ် နှင့် နားလည်မှုရှိနေပြီဖြစ်သည့် သားနှင့်သမီးကလည်းရှိနေသည်။ ကိုယ့် ရင်နှင့်လွယ်မွေးထားရသည့် သားသမီးတွေမှ သူတို့ကိုလည်း နာကျင်မှု တွေ မဖြစ်စေချင်ပါ။ ငယ်ရွယ်နုနယ်သေးသည့် ဒီကလေးတွေရဲ့ရင်ထဲမှာ သူတို့အမေက ဒီလိုပါလားလို့ အမုန်းစိတ်ဝင်မသွားစေချင်ပေ။

''မြမြလွင် မင်းဘာတွေတွေးနေတာလဲ၊ သားကို မင်းဘယ်လို

www.burmeseclassic.com



လုပ်မှာလဲ၊ သားက အဲဒီအိမ်မှာမနေချင်တော့လို့ တခြားနေရာကိုထွက်ပြေးသွားတော့ ဘယ်လိုလုပ်မလဲ မြမြလွင်''

''ကျွန်မကိစ္စ ကျွန်မရှင်းပါ့မယ်၊ ရှင်ကအခုမှ သားအတွက်လာပြီး စိတ်ပူပြနေတယ်၊ အရင်က ရှင်ဘယ်သွားသေနေလဲ''

''မင်းဒီလိုမျိုးနောက်အိမ်ထောင် နောက်သားသမီးတွေနဲ့ မိသားစုအသစ်ထူထောင်ထားမယ် မထင်လို့ပေါ့ မြမြလွင်၊ မင်းပြောလိုက်သလိုမျိုး ငါ့သားကို တာဝန်ကျေကျေစောင့်ရှောက်မှာပဲလို့ အောက်မေ့ခဲ့တာ၊ မင်းဒီလိုမျိုးဖြစ်နေတာကို လက်တွေ့တွေ့လိုက်မှ ငါအခုသားဆီကို ခဏခဏသွားခဲ့တယ်''

''ဘာ. . . သားဆီကိုရှင်သွားတယ်၊ ဘာလို့သွားတာလဲ၊ ရှင်က သားအဖေပါဆိုတာ သွားပြောတာလား၊ ကျွန်မတို့ကသားစိတ်ခံစားမှုဖြစ်မနေအောင် ရှင့်ကိုသေပြီလို့ပြောထားတာ''

ဦးမိုးအောင် နာနာကျင်ကျင်ပြုံးလိုက်မိပြီး

''မင်းတို့က ငါ့ကိုသေစာရင်းသွင်းထားကြတယ်ဆိုတာ ငါသိပါတယ်၊ အဲဒီအတွက် ငါဘယ်လောက်နာကျင်ခံစားရတယ်ဆိုတာ သိလား၊ ဒါပေမဲ့ ဒီလိုပုံစံမျိုးနဲ့ သားမျက်နှာငယ်အောင် ငါကအဖေဆိုတာ မပြောရက်ပါဘူး''

''အဲဒီမေတ္တာကတော့ လေးစားလောက်စရာပါပဲ''

''မင်းမရွဲ့ပါနဲ့ မငေါ့ပါနဲ့ မြမြလွင်၊ ငါအခု အရက်ကိုမသောက်ရမနေနိုင်အောင် ခြေတုန်လက်တုန်ဖြစ်နေတာတောင်မှ ရောဂါအရခံပြီး သားကိုမုန့်လေးတွေကျွေးဖို့ ဝယ်ဝယ်သွားတယ်၊ ညီမက မော်ဘီကိုသွားဖို့ ကားခပေးရမှာမသထာတာနဲ့ ဟိုလူ့ဆီ ဒီလူဆီလိုက်တောင်းတယ်၊ သားအတွက် ငါ့အခုမှ သူတောင်းစားဖြစ်နေတာပါ''

''အရက်သမားကနေ ရာထူးတိုးသွားတာပေါ့၊ ဖခင်ကောင်းပီပီသသ အခမ်းကိုလေးစားလောက်ပါတယ်၊ အရင်က အဲဒီစိတ်လေးနည်းနည်းလောက်ရှိခဲ့ရင် သားကဖခင်မဲ့တစ်ယောက်ဖြစ်ခဲ့မှာမဟုတ်ဘူး''

''မင်းလည်း မိသားစုအတွက် အတ္တမကြီးခဲ့ရင် သားလေးမိခင်နင်ငွေ့နဲ့ဝေးပြီး နာကျင်ရမှာမဟုတ်ဘူး မြမြလွင်''

''ဒီနေ့ ဒီအချိန်ထိ ဘာအထောက်အပံ့မှမလုပ်ခဲ့တဲ့ ဖခင်တစ်ယောက်က ပိုပြီးတာဝန်မဲ့တာမဟုတ်လား၊ လေကြီးလေကျယ်တွေပြောမနေနဲ့ ကိုမိုးအောင်''

''အေးပါ၊ ဒီနေ့ကစပြီး ငါအရက်မသောက်တော့ဘဲ ရသမျှ ပိုက်ဆံလေးတွေကို စုဆောင်းပြီး သားကိုသွားပေးမှာပါ၊ ဖခင်တစ်ယောက်ရဲ့မေတ္တာ ငါပေးနိုင်သရွေ့ပေးသွားမယ်''

''ဘာအကြောင်းရှိရှိ ကျွန်မကိုတော့လာမရှာနဲ့ ကိုမိုးအောင်၊ ကျွန်မက ကျွန်မမိသားစုနဲ့ ကျွန်မဖြစ်နေပြီ၊ နောက်ထပ်ကိုယ့်ရင်သွေးတွေကို အိမ်ထောင်ကွဲပဋိပက္ခတွေရဲ့ဒဏ်ကို မခံရအောင် ကျွန်မကြိုးစားမယ်၊ ဖြစ်လာနိုင်တဲ့ပြဿနာတွေကို သည်းခံမယ်၊ မိခင်တွေဆိုတာ အဲလိုမျိုးပဲ''

မြမြလွင်ရဲ့ ကြွေးကြော်မှုက ကိုယ့်ကိုလှောင်နေခဲ့သလိုပင်။ ငါလည်း ဖခင်ကောင်းတစ်ယောက်ဖြစ်ချင်ခဲ့ပါတယ် မြမြလွင်။

ဒါပေမဲ့အချိန်တွေ အရမ်းနောက်ကျနေခဲ့ပြီဆိုတာကို . . .။

❁ ❁ ❁







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

''သင်္ဂါမောင်လာဦး ဟိတ်ကောင်''

''ဗျာ. . . လေးလေး''

အသံက ဟိန်းခနဲထွက်လာ၍ အမြန်ပြေးလာခဲ့ရသည်။ ဦးလေးက အရက်ပုလင်းလွတ်ကိုပြပြီး

''မင်းမှာ ပိုက်ဆံဘယ်လောက်ရှိလဲထုတ်စမ်း၊ ငါအရက်သောက်စရာမရှိလို့''

''မ. . . မရှိဘူးလေးလေး၊ ဦးလေးဝင်းကိုက သူ့သမီးကို မုန့်ဖိုးပေးစရာမရှိလို့ သားမုန့်ဖိုးကိုယူသွားတယ်''

''တောက်. . . ဒီကောင်ကလည်း သူ့သမီးအတွက်ပဲ၊ မင်းမှာ တခြားဝှက်ထားတာရော မရှိဘူးလား''

''မရှိပါဘူးလေးလေးရယ်၊ သားမှာမုန့်ဝယ်စားစရာတောင်မရှိပါဘူး၊ ဘွားဘွားပေးတာလည်း လေးလေးကယူလိုက်၊ ဦးလေးဝင်းကိုက တောင်းလိုက်နဲ့ သားမုန့်တောင်ဝယ်မစားရပါဘူး''

''မင်းအမေကလည်း မလောက်မငပဲပို့နေတယ်၊ ဒီလူအုပ်ကြီးကို ဒီလောက်ငွေနဲ့ရမလား၊ စဉ်းစားဆင်ခြင်ဉာဏ်ကိုမရှိဘူး''

''လေးလေးတို့ကလည်း အလုပ်မလုပ်ဘဲနဲ့ ဘာလို့မေမေပို့ပေးတဲ့ငွေကိုပဲ မျှော်သုံးနေကြတာလဲ၊ ကိုယ်ဝအောင်သောက်ချင်ရင် အလုပ်





လုပ်ပြီးငွေရအောင်ရှာပေါ့''

''ဟိတ်ကောင် မင်းကများ မလောက်လေးမလောက်စားနဲ့ စကားကြီးစကားကျယ်လာပြောနေတယ် ငါဆောင့်ကန်လိုက်ရ''

''အား''

ပြောတာနှင့် ကန်လိုက်တာကတစ်ချိန်တည်း။ ပစ်လဲကျသွားခင်း နာကျင်စွာ အားခနဲအော်လိုက်မိသည်။ ဦးလေးမင်းကိုက မကျေနပ်စွာ အကျီရင်ဘတ်စကိုဆောင့်ဆွဲပြီး. . .

''ထစမ်း. . . မင်းကဒီအရွယ်လေးနဲ့ ငါတို့ကိုဆရာလုပ်တယ်ဟုတ်လား''

''ဆရာလုပ်တာ မဟုတ်ပါဘူး၊ မေမေက လေးလေးတို့အတွက် အလုပ်လုပ်နေရတော့ သားဆီကိုတစ်ခေါက်တောင် မလာနိုင်ဘဲ အလုပ်တွေအများကြီးလုပ်နေရတယ်၊ လေးလေးတို့သာ ကိုယ့်ဘာသာရှာစားရင် မေမေခွင့်ယူပြီးပြန်လာလို့ရသေးတာပေါ့''

''မင်းက ဘာသိလို့ ဒီစကားပြောတာလဲ၊ မင်းအမေက ငါတို့အတွက် အလုပ်သွားလုပ်တယ်လို့ထင်နေတာလား၊ မင်းအမေက''

''မင်းကို''

ဒေါ်မြခင် အပြေးအလွှားရောက်လာခဲ့သည်။ မင်းကိုက အရက်မသောက်ရသေးလို့ မာန်ဖီနေခြင်းဖြစ်၏။ ဒေါ်မြခင်ကို မကျေနပ်သလိုမော့ကြည့်ကာ. . .

''ဘာဖြစ်လို့လဲ အမေ၊ ဒီကောင်ကိုအမှန်အတိုင်းပြောလိုက်မှ အသိတရားဝင်မှာ''

''ဟဲ့. . . ကလေးကငယ်သေးတယ်၊ နင်ပေါက်ကရတွေလျှောက်မပြောနဲ့''

''ဘာပေါက်ကရလဲ၊ အမှန်ကိုအမှန်အတိုင်းပြောမှ သူ့အမေ ဘာကြောင့်ပြန်မလာတာလဲဆိုတာ''



www.burmeseclassic.com

www.burmeseclassic.com



''မင်းကို နင်အရက်သောက်ချင်လို့မဟုတ်လား၊ ရော့ . . ရော့ ပိုက်ဆံငါပေးမယ်''

ဒေါ်မြခင် ခပ်မြန်မြန်ပင် အိတ်ကပ်ထဲက ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်သည်။ သင်္ဂါမောင်မှာ ပြုံးကြောင်ကြောင်လေးဖြင့် မေမေ အကြောင်းကိုသိချင်နေသည်။ အဘွားဘာကြောင့် ပိတ်ပင်လိုက်သလဲ နားမလည်နိုင်ပါ။

''ဟိတ်ကောင် ပိုက်ဆံလာယူ အရက်သွားဝယ်''

''လေးလေး သားစာမေးပွဲဖြေရမှာမို့ စာကျက်ရဦးမှာ''

''ဟိတ်ကောင်၊ ငါခိုင်းရင်ဆင်ခြေမတက်နဲ့၊ မင်းစာကျက်ဖို့က အရေးကြီးသလား၊ ငါအရက်သောက်ဖို့က အရေးကြီးသလား''

''မင်းကို့ . . ပိုက်ဆံပေးတော့လည်း ကိုယ့်ဘာသာသွားဝယ် မသောက်ချင်ဘူး၊ ကလေးက စာမေးပွဲဖြေရမှာလို့ပြောနေတယ်၊ ပေးပါ ဒီအမေအိုကြီးပဲ သွားဝယ်ပေးပါ့မယ်''

''အဲ . . အဘွား၊ အဘွားမဝယ်ပါနဲ့၊ သားပြေးဝယ်ပေးလိုက်ပါ့ မယ်''

''မဝယ်ပါနဲ့မြေးရယ်၊ မြေးကစားမေးပွဲဖြေရမှာဆို စာကျက်လေ၊ ပြန်လာရင် အဘွားထမင်းခူးကျွေးမယ်နော်''

''ရပါတယ်၊ အိုကြီးအိုမနဲ့ သားတွေအတွက် အရက်ဝယ်ပေး တာ၊ သူများတွေကဲ့ရဲ့နေပါ့မယ်၊ သားပြေးလိုက်ရင် မကြာပါဘူး၊ ပေး လေးလေးပိုက်ဆံ၊ သားဝယ်ပေးမယ်''

''အစတည်းက အဲလိုလုပ်လိုက်ရင် လေတောင်ကုန်ဘူး၊ အလိုက် ကန်းဆိုးကိုမသိကြတာ''

သင်္ဂါမောင် ပိုက်ဆံယူပြီး ပြေးထွက်သွားမှ ဒေါ်မြခင်မျက်နှာ တင်းတင်းမာမာနှင့် မင်းကိုဘက်လှည့်လာသည်။

''မင်းတို့အရက်သောက်လို့ လူစိတ်မရှိကြတော့တာလား၊ ငါ့ကို





ပြောကြစမ်းပါဦး၊ ဒီကလေးက မင်းအစ်မရဲ့သား၊ မင်းရဲ့တူလေး၊ သူ့ အမေ ပို့ပေးတဲ့ပိုက်ဆံတွေနဲ့ နင်တို့သောက်စားသုံးဖြုန်းနေကြတာမဟုတ် ဘူးလား၊ မိသားစုအပေါ် နင်တို့ဘာတွေတာဝန်ကျေခဲ့ဖူးလို့လဲ၊ ကိုယ့် အရက်ဖိုး ကိုယ်ရှာမသောက်ဘဲ ပြဿနာတော့ရှာနေရသလား၊ နင့်အစ်မ ရှာကျွေးတာကို ကျေးဇူးတင်တတ်ရင် ဒီကလေးကို သူ့အမေဘာလုပ်နေ တယ်၊ ဘယ်လိုနေထိုင်တယ်ဆိုတာ မပြောသင့်ဘူးလို့ နင်မတွေးဘူးလား ဟင် မင်းကို''

''အမေကဗျာ၊ ပြောချင်လို့ပြောတာမဟုတ်ဘူး၊ ဒီကလေးကိုက လူကြီးကိုလူကြီးမှန်းမသိတာ၊ လူကလက်တောက်လောက်နဲ့ ဆရာလုပ် နေတာ အမေမကြားဘူးလား''

''လူကြီးက လူကြီးပီပီသသနေမှ ကလေးကရိုသေလေးစား တော့မှာပေါ့၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်သုံးသပ်ကြပါဦး၊ နင်တို့လူ့ဘဝ ရောက်လာပြီး တိုင်းပြည်အတွက် မိသားစုအတွက် ကိုယ့်ကိုယ်ကိုယ် အတွက် ဘာတွေလုပ်ပြီးကြပြီလဲ၊ ဘာတာဝန်ကျေခဲ့ကြလဲ၊ မှီခိုကပ်ရပ် စားပြီး အရက်သမားဘဝနဲ့ အဓိပ္ပာယ်မရှိ သေဆုံးကြမယ်''

''အမေရာ၊ စကားလုံးတွေအကြီးကြီးမပြောစမ်းပါနဲ့၊ ဒီလိုကံ ဇာတာမျိုးနဲ့ လူတိုင်းနေချင်လို့ရသလား၊ သူ့ကံနဲ့သူဖြစ်လာတာ၊ အစ်မ က အရင်ဘဝက ကျွန်တော်တို့အပေါ် မတရားတာတွေလုပ်ခဲ့တာများ လို့ ဒီဘဝမှာအကြွေးဆပ်နေတာ၊ အမေကလျှောက်ပြောမနေနဲ့''

အရက်သမားဆိုတော့ အမေကိုလေးစားကြည်ညိုရမှန်းမသိ ပြန်ခံပြောနေသည်။ ဒေါ်မြခင်ရင်နာမိသော်လည်း ဒီလိုသားမျိုးတွေ မွေးမိ သည့် ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရတော့မည်။

သိတတ်လိမ္မာနားလည်မှုရှိသော သမီးတစ်ယောက်ပါပေလို့သာ ပဲ၊ မဟုတ်ရင်တော့ ဒီအမေအိုကြီး ခွက်ဆွဲတောင်းစားဖို့သာရှိပေတော့ မည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ သင်္ဂါမောင်ဘယ်သွားလဲ"

ဝင်းကိုမိန်းမ မိခိုင်လာမေးတာကြောင့် မျက်ခုံးပင့်သွားကာ

"ဘာလုပ်မလို့လဲ"

"ကိုဝင်းကိုက ဆေးလိပ်ဝယ်ခိုင်းချင်လို့တဲ့၊ ဆိုက်ကားနင်းက အပြန်ကို အရက်ပုလင်းပဲပါလာတယ်၊ ဆေးလိပ်ကပါမလာဘူး၊ သမီးကလည်း သူ့အတွက်အမြည်းလုပ်ပေးနေလို့ မအားလို့ပါ"

"ဆေးလိပ်ဝယ်ရမှာ နှစ်အိမ်ကျော်ပဲဥစ္စာ၊ ညည်းသမီးသင်းသင်းက ဘယ်ရောက်သွားလို့လဲ၊ သူမုန့်သွားဝယ်စားနေကျဆိုင်ပဲ သူ့လွှတ်လိုက်ပါလား"

"သမီးက သူ့အဖေမုန့်ဖိုးပေးတာနဲ့ မုန့်ဝယ်စားဖို့ထွက်သွားပြီ ဆေးလိပ်မမှာလိုက်ရလို့ သင်္ဂါမောင်ကို ဝယ်ခိုင်းမလို့ပါ"

"မင်းကိုခိုင်းလို့ အရက်သွားဝယ်နေတယ်၊ အရေးကြီးရင် ငါဝယ်ပေးမယ်၊ ပေးပိုက်ဆံ"

"အမေသွားဝယ်မှာဆို အမေပိုက်ဆံနဲ့ပဲ ဝယ်ခဲ့လိုက်ပါတော့၊ ဒီနှစ်ရာကို မနက်သမီးကျောင်းသွားရင် မုန့်ဖိုးပေးလိုက်တော့မယ်နော် အမေ"

"အေး . . ကောင်းတယ်"

ဘယ်လိုလူမျိုးတွေနှင့် ရေစက်လာဆုံနေရပါလိမ့်။ တကယ်ကို အသိထက် တရားတွေနည်းပါးလိုက်ကြတာ၊ သံသရာလည်းမကြောက် ငရဲလည်းမကြောက်။ အသက်အရွယ်ကြီးလို့ သားသမီးတွေက ဒီလိုပြန်တုံ့ပြန်ခံရမှာ စိုးရိမ်ကြောင့်ကျစိတ်နည်းနည်းမှမရှိကြဘူးထင်သည်။

ဘယ်တတ်နိုင်မှာလဲ။ ကိုယ်ပြုခဲ့သမျှကံ။

ကိုယ့်ဝဋ်ကြွေးပဲပေါ့ . . ။

❁ ❁ ❁



## အခန်း (၇)

"ဟဲ့ . . သင်္ဂါမောင် လည်ပင်းတရှည်ရှည်နဲ့ ဘာမျှော်နေတာလဲ"

"အရက်သမားဦးလေးကြီးကို"

"ဟင်"

"သူမလာတာ တစ်ပတ်ကျော်သွားပြီဟ၊ ဘာဖြစ်လို့မလာတော့တာလဲမသိဘူး"

တမ်းတမ်းတတပြောနေသော သင်္ဂါမောင်ကို နားမလည်သလိုကြည့်ရင်း အနားမှာဝင်ထိုင်လိုက်သည်။ သင်္ဂါမောင်လိုပင် လမ်းဘက်မျှော်ငေးကြည့်မိကာ

"အရက်သမားကြီးက နင့်ဆီအမြဲတမ်းလာမယ်ပြောထားလို့လား၊ သူကဒီမှာနေတဲ့လူလည်း မဟုတ်ဘူး၊ ရန်ကုန်ကဆို၊ သူလာချင်မှလာမှာပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တစ်ပတ်ကိုနှစ်ခါသုံးခါလောက်အမြဲလာနေတဲ့သူက ပေါ်မလာတော့မျှော်မိတာပေါ့ဟ၊ နေမကောင်းလို့လားလို့လည်း စိုးရိမ်မိတယ်၊ အရက်သမားတွေဆိုတော့ကျန်းမာရေးမကောင်းတတ်ကြဘူး မဟုတ်လား"

"အမလေး အရက်သမားကို သူ့အဖေကျနေတာပဲ စိုးရိမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ ဟိုကမုန့်ဝယ်ဝယ်ကျွေးလို့ သံယောဇဉ်ဖြစ်နေတာထင်တယ်၊ တစ်နေ့ကျရင် ဟိုကနင့်ကိုလက်ညှိုးထိုးရောင်းစားသွားလိမ့်မယ်''

''အဲလိုတော့မပြောပါနဲ့၊ အဲဒီအရက်သမားကြီးက ငါ့ဦးလေးတွေထက် စိတ်ရင်းကောင်းမယ့်ပုံပါ၊ သူအရက်သောက်မယ့်ပိုက်ဆံထဲက ငါ့ကိုမုန့်ဝယ်ကျွေးတာဟာ၊ ငါ့ဦးလေးတွေဆို ငါ့မုန့်ဖိုးကိုတောင် အနိုင်ကျင့်ပြီး တောင်းကြတာ''

''အင်း. . တစ်မျိုးတော့တစ်မျိုးပဲနော်၊ အရက်သမားကြီးဆိုပေမယ့် ရမ်းရမ်းကားကားတော့မရှိဘူး၊ ဟဲ့. . နင်စာတွေရောကျက်ခဲ့ရဲ့လား''

''ထုံးစံအတိုင်းပေါ့ဟာ၊ အိမ်မှာဘယ်လိုလုပ် စာကျက်လို့ရမှာလဲ၊ ဦးလေးတွေအရက်သောက်ဖို့ ဝယ်ပေးရ၊ အဘွားပင်ပန်းမှာစိုးလို့ ကူလုပ်ရ၊ ဆူပူသောင်းကျန်းလို့လည်း စာမကျက်နိုင်။ ညအိပ်ရာဝင်တော့ အဘွားကိုနှိပ်ပေးရင် သူတို့ကိုနှင်းခိုင်းသေးတယ်။ ဦးလေးဝင်းကိုက ဆိုက်ကားနင်းရလို့ ခြေထောက်သောင်းလို့တဲ့''

''သူ့အရက်ဖိုးသူရှာဖို့ ဆိုက်ကားနင်းတာ၊ သူ့မိန်းမနဲ့သမီးကို နင်းခိုင်းပါလား၊ နင့်ဦးလေးတွေက လွန်ကိုလွန်လွန်းတယ်''

''ငါလည်း အဲဒါကြောင့် အိမ်မှာကို မနေချင်တော့တာ၊ အဘွားကိုသနားလို့ မဟုတ်ရင် ငါထွက်သွားလိုက်ပြီ''

သင်္ဂါမောင်စကားကြောင့် နံ့သာဖြူမျက်နှာလေးညှိုးငယ်သွားကာ

''နင်ကတခါဆိတ်ရှိ ထွက်သွားမယ်ဆိုတာချည်းပဲ၊ ငါ့ကိုတော့ သံယောဇဉ်မရှိဘူးပေါ့''

''မဟုတ်ပါဘူးဟာ၊ ငါထွက်သွားဖြစ်ရင်တောင် ဘယ်နေရာရောက်ရောက် နင့်ကိုတော့ သတိရအောက်မေ့နေမှာပါ၊ နင်ကငါ့အတွက် ရှားရှားပါးပါးသူငယ်ချင်းလေ၊ မွေးနေ့မွေးရက်တူအချစ်ရဆုံးသူငယ်ချင်းပါ''





ဒီလိုပြောလိုက်တော့ နံ့သာဖြူမျက်နှာလေး ပြုံးယောင်သမ်းသွားသည်။ သူမဘဝမှာလည်း သွားအတူ လာအတူအရင်းနှီးဆုံးနေဖြစ်တာဆိုလို့ သင်္ဂါမောင်တစ်ယောက်သာရှိသည်။ မိဘကံမကောင်းဘဲ အရက်သမားဦးလေးတွေနှင့်နေရတာကို စိတ်မကောင်းလည်းဖြစ်မိ၏။ ဒါကြောင့်မို့ နားလည်စာနာပေးမိတာပါ။

ဒါပေမဲ့ သူမမိဘတွေကတော့ သိပ်ပြီးမပတ်သက်စေချင်။

သူ့ဦးလေးတွေက အရိုင်းအစိုင်းတွေ၊ စိတ်မထင်ရင်မထင်သလို တစ်ရွာလုံးကို ငါကိုင်ဆဲချင်တာ။ သူတို့အသိုက်အဝန်းနဲ့ကင်းကင်းရှင်းရှင်းနေဟု သတိပေးတတ်၏။

''နံ့သာဖြူ''

''ဟင်. . ဘာလဲ''

''ငါတစ်ခုတွေးမိတယ်''

''အရက်သမားကြီးရောက်မလာတဲ့အကြောင်းလား''

''မဟုတ်ပါဘူး၊ အခုတွေးမိတာက နင့်အကြောင်းပါ''

''ပြောစမ်းပါဦး''

''ငါတို့နှစ်ယောက်က တစ်ရပ်ကွက်တည်းမှာနေပြီး ရှားရှားပါးပါး မွေးနေ့ မွေးရက်တွေတူကြတယ်၊ အချိန်လည်းသိပ်မကွာဘူးတဲ့''

''အဲလိုလူမျိုးတွေအများကြီးပဲဥစ္စာ၊ ထူးဆန်းလို့လား''

''မထူးဆန်းပေမယ့် ရှားပါးတယ်လေ၊ အဲလိုလူမျိုးတွေကကြီးရင်ရေစက်ဆုံပြီး လက်ထပ်ရတတ်တယ်တဲ့''

''နင့်ဘယ်သူပြောလဲ''

''လူကြီးတွေပြောတာကြားဖူးတာ အဟီး''

သင်္ဂါမောင် ရှက်ရယ်ရယ်၏။ နံ့သာဖြူလည်း ဘာရယ်မဟုတ်ရယ်လိုက်ကာ

''အဲလိုဆိုကောင်းတာပေါ့ဟနော်၊ တစ်ယောက်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သိပြီးသားလေ နော်''

''အေး''

ငယ်ရွယ်သေးပေမယ့် အဖြူရောင်သံယောဇဉ်များက နှောင်တစ်ချိန်မှာတောင် မခွဲခွာလိုကြပေ။ ကျောင်းဆင်းချိန်ရောက်တော့ အရက်သမားကြီးကို သတိမောင် ယောင်လည်လည်ဖြင့် ရှာကြည့်ပြီးနေသည်။ ဘာလို့မလာတာလဲဟု ရင်ထဲမှာတနုံ့နုံ့တွေး၏။

ထိုင်နေကျအုတ်ခုံလေးမှာ အရိပ်အယောင်မြင်ပြီး ရင်ထဲတမ်းတမ်းတတဖြစ်သွားမိသည်။

အရက်သမားကြီးနေကောင်းပါစေ . . ။

❀ ❀ ❀



## အခန်း (၈)

''နေမကောင်းဘဲနဲ့ ဒါကဘယ်သွားမလို့လဲ၊ အရက်သောက်ချင်ရင် ဝယ်ပေးမယ်လို့ပြောနေတာကို''

''အရက်မသောက်ချင်ပါဘူး ညီမလေးရယ်၊ အရက်သောက်ချင်လို့မဟုတ်ပါဘူး၊ သားလေး ငါ့သားလေးကိုတွေ့ချင်လို့ပါ၊ ငါ့ . . ငါ ဝယ်ထားတဲ့ပိုက်ဆံလေးတွေ သွားပေးချင်တယ်၊ မုန့်တွေဝယ်ကျွေးချင်တယ်''

''လူကဖြင့် မတ်မတ်မရပ်နိုင်တော့ဘဲနဲ့သွားတွေ့ဖို့ စဉ်းစားနေသေးလား။ တစ်သက်လုံးသောက်လာတဲ့အရက်ကို တိခနဲဖြတ်လိုက်တော့ ဒီလိုဖြစ်ပြီပေါ့၊ အိမ်သာကျင်းတူးတာတွေ၊ ကုန်ထမ်းတာတွေ မလုပ်ပါနဲ့ ဆိုတာလည်း ဖွတ်လုပ်လုပ်တယ်၊ အဲဒီကရတဲ့ ပိုက်ဆံကလေးငါးထောင်ရယ်၊ အနုအစ်ကို့ကို ဆေးကုပေးနေရတာ လေးငါးသောင်းမကတော့ဘူး၊ ဒီမှာလည်း ပိုက်ဆံမရှိတော့လို့၊ အဲဒီလေးငါးထောင်လေးပေးပါဆိုတော့လည်း မပေးဘူး၊ သက်သာအောင်လို့ အရက်နည်းနည်းဝယ်သောက်လိုက်ပါဆိုတော့လည်း မဟုတ်ဘူး၊ အစ်ကိုရင်းသာမဟုတ်ရင် လမ်းဘေးမှာပစ်ချထားလိုက်ပြီ အစ်ကို''

ညီမလေးပြောတာကို စိတ်မဆိုးရက်၊ မြမြလွင်နှင့်ကွဲပြီးတည်းက ဒီအစ်ကိုရဲ့ဒုက္ခကို ခံလာခဲ့ရတာမဟုတ်လား။ တကယ်ကို မြမြလွင်ကို



www.burmeseclassic.com

www.burmeseclassic.com



ရော၊ လောကကြီးကိုရော အရှုံးတိုက်ပြီးနေလာခဲ့တာပါ။

မြမြလွှင်ကိုချစ်လို့ လက်ထပ်ခဲ့တာဆိုပေမယ့် သူ့မိသားစုရဲ့ ဒုက္ခပေးမှုတွေကိုတော့မခံနိုင်။ ဘယ်သူမှ အလုပ်မလုပ်ဘဲ၊ မြမြလွှင်နဲ့ ကိုယ့်ရဲ့လုပ်စာကိုပဲ ထိုင်စားချင်ကြတာ။

ထမင်းအလကားစားရုံမဟုတ်ဘဲ၊ အရက်ဖိုးပါတောင်းသုံးနေ တော့ လင်မယားချင်းတကျက်ကျက်ရန်ဖြစ်ရသည်။ အိမ်ခွဲနေရအောင်ပါ ပြောတော့လည်း မြမြလွှင်လက်မခံ။

ဒီအမေနဲ့ ဒီမောင်တွေပဲရှိတာ၊ ဘယ်လိုလုပ်ခွဲထွက်ရမှာလဲဟု ပြောသည်။ ကြာလာတော့ ကိုယ်ပါအရက်သောက်ပြီး မြမြလွှင်ရှာကျွေး တာကို ထိုင်စားနေလိုက်၏။ တစ်ယောက်တနဲ့ မင်းပိုထူးပြီးရှာရမှာ မဟုတ် ပါဘူးဟုလည်း ယောက်ျားတန်မဲ့ငေါ့ခဲ့သေးသည်။

အဆုံးသတ်ကျတော့ မိသားစုကွဲကွာခဲ့ရတာပဲ အဖတ်တင်၏။

အခုတော့ သားလေးခင်မျှ. . .

''အ. . . အစ်ကို ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ''

အားယူကုန်းထနေရင်း အိပ်ရာထက်ဗုန်းခနဲ ပစ်လဲကျသွားတော့ ညီမလေး ပျာပျာသလဲဖြစ်သွား၏။ ထူမတ်ပေးသော်လည်း ဘယ်လိုမှ မျက်လုံးမဖွင့်နိုင်တော့ပေ။

''သား. . . သားလေးကိုတွေ့ချင်လိုက်တာ ညီမလေးရယ်''

''အစ်ကို နေကောင်းမှတွေ့လို့ရမှာပေါ့၊ ကိုယ့်ကိုယ်ကိုယ် အရင် နေကောင်းအောင်ကြိုးစားပါဦး''

''ငါ. . . ငါသားလေးကို သွားမတွေ့နိုင်တော့ဘူးထင်တယ်၊ သား လေးက ငါသွားမှမုန့်စားရမှာ၊ ငါ့ကိုမျှော်နေမှာ၊ နောင်ဘဝကျရင် ငါ့ကို အဖေတော်ချင်တယ်တဲ့''

''အစ်ကို''

ဝေဝေ စိတ်မချမ်းသာနိုင်။ ဒီအစ်ကိုမကောင်းမှန်းသိပေမယ့်





အမိအဖတွေမရှိတော့ ဘယ်လိုလုပ်ပစ်ရက်မှာလဲ။ ကိုယ်လည်းတတ်နိုင် သလောက်တော့ ပေးကမ်းထောက်ပံ့ကျွေးမွေးနေတာပါ။

အိမ်အလုပ်နည်းနည်းပါးပါးကူဖော်လောင်ဖက်ရသလို၊ သမီး လေးကိုလည်း ထိန်းပေးဖော်ရသည်။ ယောက်ျားကလည်း အရက်ဖိုးလေး ငါးရာပေးတာ ငြိုငြင်မနေပါနဲ့ဟုပြောသည်။ ကိုယ်တွေမပြည့်စုံသူတွေ အတွက်က လေးငါးရာဆိုတာနည်းလို့လား။

ဈေးဖိုးရသည်။ ကလေးမုန့်ဖိုးကျောင်းဖိုးရ၏။ ဒါကြောင့်တစ်ခါ တစ်လေတော့လည်း ပြောဆိုငြိုငြင်မိသည်။ ဒါပေမဲ့ အခုတလော အလုပ် တွေလျှောက်လုပ်နေတော့ အံ့ဩရ၏။ ပျောက်သွားလိုက်ပြီဆို တစ်နေ ကုန်တစ်နေကမ်း။ ဘယ်သွားတာလဲဟုမေးတော့ ငါ့သားလေးဆီကိုတဲ့။

မော်ဘီမှာဆိုတော့ လမ်းစရိတ်အသွားအပြန်တင် ကိုယ်ပေး တာနှင့်မလောက်။ ဒါကြောင့်မို့ အလုပ်လုပ်တာဖြစ်မည်။ အရက်သမား မို့ ဘယ်သူမှမခိုင်းချင်တော့။ သူများမလုပ်သည့် အိမ်သာကျင်းတူးတာ တွေ ကူလီထမ်းတာတွေ လုပ်နိုင်သလောက်လုပ်၏။

အခုနောက်ပိုင်း အရက်ပါမသောက်တော့ဘူးဖြစ်လာသည်။ တစ်သက်လုံးသောက်လာသည့်အရက် တိခနဲဖြတ်လိုက်တော့ ဘယ် အဆာခံနိုင်မှာလဲ။ အရက်ဖြတ်ချင်ရင်လည်း မှျဉ်းဖြတ်ပါလို့ပြောတာ ဘယ်လိုမှနားမထောင်။

''ငါ့သားက အရက်မသောက်ရင် နောင်ဘဝကျအဖေတော်မယ် လို့ ပြောတယ်၊ သူ့အမေကလည်း ပစ်ထားတယ်၊ ငါ့သားလေးအတွက် ငါလုပ်ပေးနိုင်သလောက် လုပ်ပေးချင်လို့ပါ၊ သူ့မျက်နှာငယ်မှာစိုးလို့ ငါ က သူ့အဖေဆိုတာတော့ ဘယ်တော့မှမပြောပါဘူး၊ ဖခင်တစ်ယောက်ရဲ့ မေတ္တာတွေပေးရမှာ နောက်ကျနေပြီဆိုပေမယ့် တတ်နိုင်သလောက် ပေး နိုင်သလောက်လေး ပေးလိုက်ချင်လို့ပါ''

ထိုသို့ပြောပြီး အလုပ်လုပ်ငွေရပြီး အရက်မသောက်ဘဲနေတော့



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်မခံနိုင်ဘဲ အိပ်ရာထဲလဲပြီပေါ့။

"အစ်ကို့ . . ဆေးခန်းသွားမှဖြစ်မယ်၊ ဆေးခန်းသွားရအောင်
ဆိုက်ကားခေါ်လိုက်မယ်"

"မခေါ်ပါနဲ့၊ ညီမလေးမှာ ပိုက်ဆံမရှိဘူးမဟုတ်လား"

"အစ်ကိုမှာ ငါးထောင်ရှိတယ်မဟုတ်လား၊ အဲဒါနဲ့သွားရ
ရတာပဲ"

"ဒီ့ . . ဒီပိုက်ဆံက ငါ့သားလေးကိုပေးဖို့၊ ဖအေတစ်ယောက်
အနေနဲ့ နောက်ဆုံးထောက်ပံ့နိုင်တဲ့ငွေလေးပါ၊ ဒါကိုတော့ ငါသေရ
တောင် အသုံးမပြုပါနဲ့၊ ငါ့ . . ငါ့သားလေးကိုပေးပေးပါ"

"အစ်ကိုရယ်"

ရင်ထဲမချိလှပေ။ လက်ထဲမှာကျစ်ကျစ်ပါအောင် ဆုပ်ထားသေ
ငွေငါးထောင်ကို ဘယ်လိုမှလည်းတောင်းလို့မရ။ အခုမှသားဆိုတာ
တမ်းတမ်းတတဖြစ်နေတာ။ အိမ်ထောင်ကွဲခါစက သားကိုသတိရသည
ဆိုသော်လည်း ဒီလောက်မဟုတ်။

နှသောက်လိုက် စားလိုက် မူးရူးနေလိုက်ဖြင့် ကိုးနှစ်ကျော်
မေ့မေ့ပျောက်ပျောက်ပင်။ အခုသေခါနီးလို့ ဒီလိုတွေဖြစ်လာတာလာ

ဒီလိုဆိုလျှင်ဖြင့် . . . ။

❁ ❁ ❁



# အခန်း (၉)

"မြေးလေး စာကျက်နေတာလား"

"ဟုတ်အဘွား၊ ဘာခိုင်းစရာရှိလို့လဲ"

"မရှိပါဘူးကွယ်၊ ထမင်းကြော်ထားတာ စားရအောင်လို့လာခေါ်
တာပါ၊ မြေးက အစောကြီးစာထကျက်နေတာလား"

"စာမေးပွဲနားနီးလို့ဘွားရဲ့၊ ညကလည်း ဦးလေးတို့ကြောင့် စာ
မကျက်လိုက်ရဘူး၊ အဲဒါကြောင့် အစောကြီးစာထကျက်တာ၊ သား
ကျောင်းသွားခါနီးမှ ထမင်းကြော်စားလိုက်မယ်နော် အဘွား"

ဒေါ်မြခင် သက်ပြင်းမောင် အနားဝင်ထိုင်လိုက်သည်။ စာကျက်နေ
သော မြေးလေးရဲ့မျက်နှာက အိပ်ရေးပျက်ရ စိတ်ညစ်ရတာကြောင့်
ခပ်နွမ်းနွမ်းပါ။

ဒီမြေးလေးမှာ အဖေရှိလို့လည်း အဖေဆိုတာဘယ်သူမှန်းမသိ။
အမေရှိလို့လည်း အမေနဲ့မနေရ။ မိတကွဲဖတကွဲဖြင့် ဦးလေးတွေကလည်း
အကြင်နာတရားမရှိ။

ဒီမြေးရဲ့ကံကြမ္မာကို ဘယ်လိုများပြုပြင်ပေးရပါ့။

"အဘွား"

"ဟင် မြေးလေး"

"အဘွား ဘာပြောစရာရှိလို့ သားအနားကိုထိုင်တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



''အရွယ်ငယ်ငယ်လေးနဲ့ မြေးလေးစိတ်ညစ်ရတာကို စိတ်မကောင်းလို့ပါကွယ်''

''ဖေဖေနဲ့ မေမေသာရှိရင် သားအဲလိုစိတ်ညစ်ရမှာမဟုတ်ဘူးနော်၊ ဖေဖေနဲ့ မေမေက သားကိုတော့ချစ်ကြမှာပါ၊ ဟိုလေအဘွား။ သားကိုမေမေရဲ့လိပ်စာပေးပါလားဟင်၊ သားတစ်ခါလောက်လိုက်သွားကြည့်ချင်လို့ပါ''

''မြေးကငယ်ပါသေးတယ်၊ ရန်ကုန်မြို့ဆိုတာ လူလိမ်တွေပေါတယ်၊ မြေးကိုဖမ်းခေါ်ပြီး လိမ်ညာရောင်းစားတော့ ဘယ်လိုလုပ်မလဲ''

''သားမှာရန်ကုန်က အသိတစ်ယောက်ရှိတယ်''

''ဟင်. . ဘယ်. . ဘယ်သူလဲ''

''နာမည်တော့မသိဘူးအဘွားရဲ့၊ အရက်သမားကြီးပဲ၊ သူက သန်လျင်မှာနေတာတဲ့၊ သားကျောင်းကိုရောက်ရောက်လာတယ်၊ လာတိုင်း သားအတွက်မုန့်တွေပါပါလာတယ်''

''ဟင်. . မြေးလေး''

မြေးလေးအဖေ မိုးအောင်များလား။ မိုးအောင်မွေးချင်းတွေ သန်လျင်မှာနေကြတာပါ။ ကိုယ်ကမြေးအဖေကို သေပြီလို့ပြောထားတာ။ မြေးလေးကို မိုးအောင် ဘာတွေများသွားပြောထားလဲမသိ။

''မြေး. . ဟိုအဲဒီအရက်သမားကြီးနဲ့ ဘယ်လိုတွေ့တာလဲ မြေး''

''တွေ့တယ်ဆိုတာ ကျောင်းကိုလာတာ အဘွားရဲ့၊ အဲဒီအရက်သမားကြီးကိုမြင်တော့ တခြားကလေးတွေကြောက်ပြီး ထွက်ပြေးကြတယ်၊ သားကတော့ မကြောက်ပါဘူး၊ အိမ်မှာလည်း ဦးလေးအရက်သမားတွေနဲ့နေရတာပဲဥစ္စာ၊ အဲဒါနဲ့ အဲဒီအရက်သမားကြီးက သားကိုလက်ယပ်ခေါ်ပြီး မုန့်ထုတ်လေးပေးတယ်၊ သားစားဖို့တဲ့၊ နောက်တော့ တစ်ပတ်ကို နှစ်ခါ သုံးခါလာတော့တာပဲ၊ သားကလည်း မုန့်ဖိုးမပါတော့





အဲဒီဦးလေးကြီးပေးတာကို စားတာပေါ့''

''ဘာ. . ဘာလို့ သူများပေးတာကိုစားရတာလဲ မြေးရယ်၊ တော်ကြာ သားကိုမုန့်ကျွေးပြီး ဖမ်းခေါ်သွားတော့ ဘယ်လိုလုပ်မလဲ''

''သားသိပါတယ်၊ အဲဒီဦးလေးက အရက်သာသောက်တာ လူဆိုးကြီးမဖြစ်နိုင်ပါဘူး၊ တစ်ခါတလေသားနဲ့ စကားပြောရင်း အဲဒီဦးလေးကြီးငိုတယ်ထင်တယ်၊ မျက်လုံးတွေကို နီရဲနေတာပဲ''

''မြေးရယ် အရက်သမားဆိုတာ မျက်လုံးနီတာပဲလေ၊ မြေးဦးလေးတွေကြည့်ပါလား၊ မြေး. . နောက်တစ်ခါ အဲဒီအရက်သမားကြီးနဲ့မတွေ့နဲ့တော့နော်၊ သူကျွေးတာလည်းမစားနဲ့ သူခေါ်တဲ့နေရာလည်းမလိုက်နဲ့ ကြားလား''

ဒေါ်မြခင်ပြောတာကို စိတ်မကောင်းသလို သင်္ဂါမောင် မျက်နှာလေးညှိုးငယ်နွမ်းလျသွားသည်။

''အဘွားရယ်၊ သားကမျှော်နေတာတောင် အဲဒီဦးဦးမလာတော့ပါဘူး၊ သားကမုန့်စားချင်လို့မဟုတ်ပါဘူး၊ ဦးဦးကိုတွေ့ချင်လို့ မျှော်နေတာပါ၊ စကားတွေလည်း ပြောချင်တယ်၊ ဒါပေမဲ့ အခုတလောမလာတော့ပြန်ဘူး၊ သားအရမ်းသတိရတာပဲ''

သွေးကစကားပြောတာဖြစ်ပေလိမ့်မည်။ သွေးကရေထက်ပျစ်တယ်ဆိုတာ ဒါမျိုးလား။ ရေကိုသာခုတ်ထစ်ဖြတ်တောက်လို့ရချင်ရမယ်။ သွေးသားငြိတွယ်မှုကတော့ သေပြီလို့ ပြေထားတာတောင် သွေးစကားပြောပါသေးလား။

''ဒေါ်မြခင်. . ဒါဒေါ်မြခင်တို့အိမ်လား''

''အဘွားအိမ်ရှေ့က ခေါ်သံကြားတယ်၊ ညီသည်လားမသိဘူး''

''အပြင်မြန်မြန်ထွက်ရအောင်မြေးရေ၊ မင်းဦးလေးတွေ နိုင်ငံပြဿနာရှာနေဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



''ညီမလေးနဲ့လေးလေး မိန်းမကရော''

''မနက်စာထွက်စားနေမှာပေါ့ကွယ်၊ သူတို့အတွက်တော့ ပိုက်ဆံကရှိတယ်၊ အဘွားဆီက ဟိုလိုတောင်း၊ ဒီလိုတောင်းနဲ့ ပြောလည်းမပြောချင်တော့ပါဘူး''

ဗျစ်တောက်ဗျစ်တောက်ပြောဆိုရင်းဖြင့် အိမ်ရှေ့ထွက်လာတော့ သူတို့မသိသော ညှော်သည်အမျိုးသမီးတစ်ယောက်ရောက်နေသည်။

''ဘာကိစ္စရှိလို့ပါလဲကွယ်၊ ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ''

''ကျွန်မကိုမိုးအောင်ရဲ့ညီမပါ၊ မမြမြလွင်နဲ့ မင်္ဂလာဆွမ်းကျွေးတုန်းက တစ်ခေါက်တော့ရောက်ဖူးပါတယ်''

''ဟင်. . မိုး. . မိုးအောင်ညီမ၊ မြေးလေးအခန်းထဲ စာသွားကျက်ချည်နေ၊ အဘွားဒီဧည့်သည်နဲ့ စကားပြောလိုက်ဦးမယ်''

''ဒါကိုမိုးအောင်သားလား၊ ကျွန်မသူနဲ့စကားပြောချင်တာပါ၊ သူ့ကိုလာခေါ်တာပါ''

''ဘာ. . ညည်းဘာပြောတာလဲ၊ ငါ့မြေးနဲ့ဘာမှပြောစရာမလိုဘူး၊ ညည်းပြောစရာရှိရင် ငါနဲ့ပြော''

''သူ့အဖေဆုံးတော့မယ် အဘွား၊ နောက်ဆုံးအနေနဲ့တွေ့ပေးသင့်တယ်ထင်လို့လာခေါ်တာပါ၊ အဘွားတို့သေပြီပြောထားတဲ့ ကိုမိုးအောင် အခုမှတကယ်သေတော့မှာပါ''

''ဟင်''

''အဘွား''

နားမလည်သလို လက်ကိုလာဆွဲလိုက်သောမြေးကို ထိတ်လန့်ချောက်ချားစွာပင် လှည့်ကြည့်မိသည်။ ဒီအဘွားကို မြေးလေးဘယ်လိုများထင်သွားမလဲ။ သင်္ဂါမောင်က မိုးအောင်ညီမကိုမော့ကြည့်ကာ

''ဦးမိုးအောင်ဆိုတာ ကျွန်တော်အဖေလား၊ ဒါဆိုအန်တီက''

''ဦးမိုးအောင်ရဲ့ညီမ၊ သားရဲ့အဒေါ်ပါ၊ အခုသားအဖေက





အိပ်ရာထဲလဲတာ ဆယ်ရက်လောက်ရှိသွားပြီ၊ သားကအရက်မသောက်ရင် နောင်ဘဝကျ အဖေတော်မယ်ပြောလို့၊ သူအရက်ဖြတ်လိုက်တာ အခု အဲလိုအိပ်ရာထဲလဲသွားတော့တာပါပဲ''

''ဒါ. . ဒါဆို ဦးမိုးအောင်က ဟိုအရက်သမားကြီးလား''

''ဟုတ်ပါတယ်ကွယ်၊ သားကျောင်းကိုလာပြီး မုန့်တွေဝယ်ကျွေးတယ်ဆို၊ အဲဒါပိုက်ဆံမရှိတဲ့ကြားက သားကိုမုန့်ဝယ်ကျွေးချင်လို့ သားဆီကိုလာချင်လို့ အိမ်သာကျင်းတွေလိုက်တူးတယ်၊ ကူလီထမ်းတယ်၊ အဲဒီပိုက်ဆံလေးတွေစုထားတာ၊ အခုအဲလိုရှာထားတဲ့ပိုက်ဆံငါးထောင်ကို သားကိုပေးချင်နေတာ၊ သူ. . သူသားကိုကိုယ်တိုင်လာမပေးနိုင်တော့ပါဘူးကွယ်၊ ဒီကအပြန်တောင်အသက်မီတော့မယ်မထင်ပါဘူး''

''ဗျာ''

သင်္ဂါမောင် ဝမ်းနည်းစွာနှင့် အီးခနဲငိုချလိုက်သည်။ အဘွားကို ဘာကြောင့်ညာပြောထားရတာလဲဟု စိတ်နာချင်သွား၏။

အဘွားက သူ့ကိုစိုးရိမ်နေဟန်တူသည်။ သူ့လက်ကလေးကို ဆုပ်ကိုင်ပြီး

''မြေးကိုခေါ်သွားလို့မဖြစ်ပါဘူး၊ ဒီကလေးကိုထည့်ရင် သူ့အမေက ပြောနေပါလိမ့်မယ်၊ အားလုံးကပြတ်ပြတ်သားသားတွေဖြစ်ပြီးသားပါ၊ ကလေးကိုထောက်ပံ့ခဲ့တာလည်းမရှိ၊ ကြည့်ရှုစောင့်ရှောက်ခဲ့တာလည်းမရှိဘဲနဲ့ အခုမှဘာလို့နာကျင်မှုတွေလာပေးနေတာလဲ''

''ဘာပဲဖြစ်ဖြစ် ရှင်နေတဲ့အဖေကိုသေပြီလို့ပြောထားတဲ့အဘွားတို့ကမှ လွန်တာပါ၊ အဘွားသမီးကရော ဒီကလေးအပေါ်ဘယ်လောက်တောင် မိခင်ပီသနေလို့လဲ၊ နောက်အိမ်ထောင် နောက်သားသမီးနဲ့ပျော်နေလို့ တစ်ခေါက်တောင်ကြည့်ရှုစောင့်ရှောက်မှုမရှိခဲ့ဘူး မဟုတ်လား''

''ဟဲ. . ဟဲ''

ဒေါ်မြခင်ဟန့်တားချိန်မရလိုက်။ သင်္ဂါမောင် အံ့ဩလွန်းစွာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေတောင်ရပ်တန့်သွားအောင် မျက်လုံးလေးပြူးလည်နေသည်။ အဘွားကိုစိတ်နာစွာကြည့်ပစ်လိုက်ပြီး

"အဘွားညာတယ်၊ သားကို အဘွားညာတယ်၊ ဖေဖေကသေပြီဆို၊ မေမေက သားအတွက်ငွေပို့နိုင်အောင် အလုပ်သွားလုပ်နေတာဆို၊ ဒီဆယ်နှစ်လုံးလုံး အဘွား ဘာလို့သားကို အမှန်အတိုင်းမပြောတာလဲ"

"မြေးလေး"

"အဘွားသားကိုချစ်တာ မဟုတ်ဘူး၊ သနားတ.ာမဟုတ်ဘူး၊ သားကိုရက်စက်ချင်လို့ အဘွားလိမ်ညာခဲ့တာ"

"မြေးရယ်"

မြေးရဲ့စွပ်စွဲမှုတွေကြောင့် ဒေါ်မြခင်ရင်နာရသည်။ ဒီလိုညာနေခဲ့ရတာကြောင့် ဒီအဘွားရဲ့ရင်ထဲမှာ တမြည့်မြည့် နာကျင်ခံစားနေခဲ့ရတာ မြေးလေးသိမှာမဟုတ်၊ မြေးလေးနာကျင်ရမှာစိုးလို့ လူကြီးတန်မဲ့လိမ်ညာနေခဲ့ရတာပါ။

မြေးက မိမိဆုပ်ကိုင်ထားသောလက်ကိုပုတ်ခါပြီး

"ဖေဖေ့ဆီ ကျွန်တော်လိုက်ခဲ့မယ်အန်တီ၊ ဖေဖေနဲ့တွေ့ချင်တယ်၊ သားအခုမလိုက်ရဘူးဆိုရင် အဘွားကိုပိုပြီးစိတ်နာမိလိမ့်မယ်"

"အဘွား ကျွန်မဘာယ်လိုလုပ်ရမှာလဲ၊ အစ်ကိုသားကိုခေါ်သွားရမှာလား။ တွေ့ပြီးရင်ပြန်လို့ရတာပဲ၊ အဘွားလိုက်ပို့ချင်လိုက်ပို့ပါ"

ဒေါ်မြခင်အိမ်ဘက်ကို တစ်ချက်လှည့်ကြည့်ကာ

"ဒီအမှုးသမားတွေနဲ့ အဘွားလိုက်လို့တော့ဖြစ်မှာမဟုတ်ပါဘူးကွယ်၊ အိမ်ရာနီးရင် ရပ်ကွက်ထဲမှာကျော်မကောင်း ကြားမကောင်းအကုန်သောင်းကြမ်းကြမှာ၊ ဒီလိုလုပ်ပါ၊ ခဏခေါ်သွားပြီး ညည်းကိုယ်တိုင်ပြန်လိုက်ပို့လို့ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်၊ ကျွန်မပြန်လိုက်ပို့ပါ့မယ်၊ ဒါဆိုအမြန်သွားရအောင်သား။ ရန်ကုန်ကိုကားက တော်တော်ကြာကြာစီးရဦးမှာ"





"မြေးလေးလိုက်သွားပြီး မြန်မြန်ပြန်လာနော်၊ ဘာကိုမှတခြားမတွေးပါနဲ့၊ အဘွားကိုလည်း တစ်မျိုးမထင်ပါနဲ့၊ မြေးအတွက် အဘွားလိမ်ညာခဲ့ရတာပါ၊ မြေးအတွက်ပါ"

သင်္ဂါမောင်အဘွားကို ဘာမှပြန်မပြော။ ဖေဖေ့ညီမဆိုသောအန်တီနောက်ကလိုက်ခဲ့သည်။ အဘွားတော့စိတ်မကောင်းဖြစ်နေမှာပါ။

ဒါပေမဲ့ ဒီအချိန်မှာ ဖေဖေ့ကိုပဲတွေ့ချင်စိတ်တွေ ပြင်းပျနေသည်။ အခုမှသိခွင့်ရလိုက်သော ဖေဖေ။ သူ့ဘဝအတွက် လောကကြီးမှာရှိသေးသည်ဆိုသော ဖေဖေ။

သူ့ကို ဖေဖေပါလို့မပြောဘဲ မုန့်တွေဝယ်ကျွေးရင်း စကားတွေလာပြောခဲ့သောဖေဖေ။ အရက်သမားကြီး။

အရက်သမားကြီးဖေဖေ မသေပါနဲ့ဦး . . .။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"အစ်ကို့ . . အစ်ကိုမိုးအောင်၊ အစ်ကို"

"မင်းတို့အိမ်ပေါက်ဝအရောက်မှာ အသက်ထွက်သွားတာ၊ သူက အရက်သမားကြီးမို့ သားကိုအသိမပေးချင်ဘူးထင်တယ်၊ မင်းကို ဘယ်သွားလဲလို့မေးတော့ သားကိုသွားခေါ်တယ်ပြောလိုက်တာ မျက်ရည်ကျတယ်၊ တွေ့လည်းတွေ့ချင် တွေ့လည်းမတွေ့ရက်ဖြစ်နေတယ်ထင်ပါတယ်၊ ခဏကြာတော့ အမောဖောက်လာတယ်၊ ဆေးရုံသွားမယ်ဆိုတာလည်း အသွားမခံဘူး၊ သူ့သားအလာကို အိမ်ကနေပဲစောင့်နေတာ၊ လာတာ လာတာကိုသိသွားမှ"

အန်တီယောက်ျားက စကားဆက်မပြောနိုင်အောင် ဆို့နင့်နေသည်။ အန်တီကမျက်ရည်လည်ရွဲနှင့် သူ့ကိုလှည့်ကြည့်၏။

အခုမှတွေ့သော အဖေကသူ့ကိုတောင်မစောင့်။ အခုသေနေတာသူ့အဖေတဲ့လား။ အရင်တည်းက သေပြီဆိုတာတောင် မေ့မေ့ပျောက်ပျောက်မထားနိုင်ဘဲ တမ်းတနေခဲ့တာ။

အဖေအမေသာရှိလျှင် သူ့ဘဝဒီလိုဖြစ်မှာမဟုတ်ဘူးလို့။

"သား . . အဲဒါ မင်းအဖေ၊ မင်းကျောင်းကိုလာတာမင်းတွေ့ဖူးတယ် မဟုတ်လား၊ မင်းအတွက်မုန့်လေးတွေဝယ်လာတဲ့ အရက်သမားကြီးလေ၊ သားကြည့်ပါဦး၊ သားအဖေကိုကြည့်ပါဦး"





"အဖေ"

ရင်ထဲကလှိုက်လှဲစွာ အကျယ်ကြီးအော်ခေါ်လိုက်သော်လည်း ပါးစပ်ဖျားက အသံကထွက်မလာနိုင်၊ ဆို့နင့်နေတာလား။ နာကျင်နေတာလား။ ယူကျုံးမရကြေကွဲခံစားနေရတာလား မသိနိုင်။

မျက်ရည်တွေကတော့ ပါးပြင်တစ်လျှောက် အလုံးလိုက်ကိုပြိုဆင်းနေသည်။ အနားမှာဒူးထောက်ထိုင်ချရင်း သူ့ပခုံးလေးတွေ သူ့သက်ကလေးတွေကို ဆုပ်ကိုင်ဖူးသောလက်ကို အားပါးတရဆုပ်ကိုင်ကြည့်လိုက်၏။ အဲဒီအချိန်က အဖေမှန်းသာသိခဲ့ရင် ချည်တူးနံစော်နေသော ရင်ခွင်မှာမရှုံ့မရှာ ခေါင်းတိုးဝင်ဖက်တွယ်ထားမိမှာပါ။

အဖေလို့အကြိမ်ကြိမ် အထပ်ထပ်ခေါ်မိမှာပါ။ အခုတော့ . .

"အဖေ . . အဖေ . . အဖေ"

ရင်ဘတ်ပေါ် မျက်နှာမှောက်ရင်း သူငိုချလိုက်၏။ သည်းသည်းထန်ထန်ကို အသံထွက်ကာ သူငိုချလိုက်သည်။ ဘာကြောင့်များ ကြင်ကြင်နာနာနှင့် မုန့်ဝယ်လာပေးသော အရက်သမားကြီးကို အဖေမှန်းမသိရတာလဲ။ မသေခင်လေးမှာ သားအဖမေတ္တာများဖြင့် နွေးနွေးထွေးထွေးနေခဲ့သင့်တာ။ အဖေလို့ပြောလိုက်လျှင် သူရှက်သွားမှာ မျက်နှာငယ်သွားမှာစိုးလို့တဲ့လား။ ဘယ်အချိန်က ဘာပဲဖြစ်ဖြစ် ဒီမေတ္တာများက ဖခင်တစ်ယောက်ရဲ့ပေးဆပ်နိုင်သည့် မေတ္တာပဲမဟုတ်ပါလား။

"သား . . ဒီမှာမင်းအဖေက မင်းကိုပေးချင်လို့ စုထားတာ"

"ဒီပိုက်ဆံ ငါးထောင်လေးရဖို့ သူမလုပ်ဘူးတဲ့အလုပ်ကို လုပ်သွားခဲ့တာ၊ သူအရက်သောက်ဖို့တောင် သူ့ဘာသာရှာသောက်ခဲ့တဲ့လူမဟုတ်ဘူး၊ သားအတွက်ကျမှ နောက်ဆုံးအချိန်လေးမှာ ဖခင်မေတ္တာကိုပြသွားခဲ့ပါသေးတယ်"

ပိုက်ဆံငါးထောင်ကို သူ့လက်ထဲကိုထည့်ပေး၏။ သူမယူရက်မသုံးရက်သော်လည်း ဒီငွေလေးက ဖခင်တာဝန်ကျေသွားခဲ့သလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

ဒီငွေငါးထောင်က သူ့အတွက်တော့တန်ဖိုးမဖြတ်နိုင်ပါ။

"အဖေရယ်၊ ဘာလို့အစောကြီးတည်းက သားကိုလာမတွေ့တာလဲ၊ ဒါဆိုအစောကြီးတည်းက အဖေလို့ခေါ်ခဲ့ရမှာ၊ သားက သူများတွေလိုပဲ အဖေလို့အရမ်းခေါ်ချင်ခဲ့တာ၊ သားအဖေက ဘယ်လိုလူမျိုးဖြစ်ဖြစ်၊ သားအမေက ဘယ်လိုလူမျိုးဖြစ်ဖြစ်၊ အဖေအမေလို့ခေါ်လိုက်ရရင် ဘယ်လောက်အားရှိလိုက်မလဲ၊ အခုတော့ အဖေက...အဖေက..."

သဂါမောင်အသံမထွက်နိုင်တော့။ ဝမ်းနည်းဆို့နင့်စွာ အဖေရင်ဘတ်ပေါ်မျက်နှာမှောက်ထားလျက်က ပြန်မထနိုင်ပေ။

"သား...တူလေး"

"ကိုမောင်လုပ်ပါဦး ကလေးတက်သွားပြီထင်တယ်"

အသံတွေက မသဲကွဲ။ သားလို့ခေါ်သံကြားသလိုနှင့် သူကလည်း အဖေလို့အကြိမ်ကြိမ်အထပ်ထပ်ခေါ်နေခဲ့သည်။

ဒါဟာနောက်ဆုံး...နောက်ဆုံးပဲမဟုတ်ပါလား...။

❖ ❖ ❖



# အခန်း (၁၁)

"မြေးလေး...မြေးလေး သတိရပြီလား"

အဘွားအသံကိုကြားပါလျက်နှင့် မျက်လုံးကတော်တော်နှင့် ဖွင့်မရသေး။

ဖေဖေအလောင်းမြေချပြီးသည်အထိ ဟိုမှာနေခဲ့သည်။ သူ့အားရှူ၍ ငိုကြွေးခဲ့၏။ အခုဘယ်လိုဖြစ်ပြီး အိမ်ပြန်ရောက်နေတာလဲ။

သူ ဖေဖေ့အနားမှာနေချင်ပါသေးသည်။

"မြေး...မြေးလေး"

"အ...ဘွား၊ ဖေ...ဖေဖေ"

"မြေးရယ်၊ အဘွားဘယ်လိုဖြေသိမ့်ပေးရမလဲကွယ်၊ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ နာကျင်မှုတွေများလိုက်တာ၊ အခုသက်သာသလားဟင် မြေးလေး၊ နေရထိုင်ရတာ သက်သာရဲ့လား"

"သားကိုဘယ်သူပြန်ပို့တာလဲ၊ သားဖေဖေနဲ့နေချင်သေးတယ်"

"မြေချပြီးပြီလေ မြေးရယ်၊ မြေးသတိလစ်သွားတဲ့အချိန်မှာ အဘွားရောက်လာလို့ မြေးကိုပြန်ခေါ်လာတာပါ၊ မြေးအဖေကမရှိတော့ဘူးလေ မြေးရဲ့၊ မြေးဘယ်လိုလုပ်အတူနေလို့ရမှာလဲ"

"ဘာလို့အစတည်းက အဖေမသေဘူးလို့ မပြောခဲ့တာလဲ၊ ဘာကြောင့်လဲ၊ ဘာလို့လဲအဘွား"



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေးတစ်နှစ်သားမပြည့်ခင်မှာ ကွဲကွာသွားတဲ့ ဒီအဖေကို စိတ်ထဲမထားစေချင်လို့ မတောင်းတစေချင်လို့ပါ။ မိန်းမအပေါ်လည်း မငဲ့ညှာ သားအပေါ်လည်းမစာနာ၊ မိသားစုအပေါ်လည်း နားလည်မှု မရှိတဲ့ လူဟာသေလူပဲမဟုတ်လား၊ ဘယ်သူ့အတွက်မှ တန်ဖိုးမရှိတဲ့လူ မို့ပါ။ မြေးလေးစိတ်ဒဏ်ရာရရုံပဲရှိမယ်လေ၊ မြေးအဖွက် ဖခင်ကောင်း ဖြစ်လာမယ့်သူမဟုတ်လို့ပါ မြေးရယ်"

"ဒါဆို . . မေမေကရော၊ မေမေကသားတို့ကို ထောက်ပံ့ဖို့ အတွက် အလုပ်သွားလုပ်တာဆို"

"မြေးလေး"

"နောက်အိမ်ထောင်နဲ့ နောက်သားသမီးနဲ့ပျော်နေတယ်ဆိုတာ တကယ်လား၊ အဲဒါကြောင့်သားဆီကို တစ်ခေါက်မှတောင်မလာတာလား၊ ဒါကြောင့်လား"

လှဲနေရာကထထိုင်ပြီး အက်ကွဲတုန်ယင်စွာနှင့်မေးလိုက်သည်။ အဘွား သူ့ကိုကြည့်ကာမျက်ရည်တွေဝေ့ကျ၏။

"ပြောပါအဘွား၊ ဘာတွေထပ်ပြီး ဖုံးကွယ်ချင်သေးလို့လဲ၊ အဲလို လုပ်တာက သားကိုပိုပြီးရင်နာအောင်လုပ်တာပါ၊ အခုဖေဖေ့ကိစ္စလိုမျိုး ယူကျုံးမရဖြစ်အောင်လုပ်တာပါ"

စကားတတ်လွန်းသောမြေးကို ဖုံးကွယ်ထားလို့မဖြစ်တော့ဘူး ထင်သည်။ အမှန်သိရင်ရော ရင်နာရမှာပဲလို့ပြောမနေချင်တော့၊ ဒီကလေး မှာ ဒီထက်ပိုပြီးရင်နာစရာရှိဦးမှာတဲ့လား။

"မြေးလေး အဘွားပြောပြပါ့မယ်၊ အဘွားဖုံးကွယ်ခဲ့တာတွေက မြေးလေးအတွက်တွေချည်းပါပဲ၊ ဒီလိုရင်နာစရာတွေဖြစ်လာမှာစိုးလို့ပါ ဒါပေမဲ့အခုမြေးလေးသိသင့်သလောက် သိနေပြီဆိုတော့ အမှန်အတိုင်း ပဲ ပြောပြပါတော့မယ်၊ လူတွေက ကိုယ့်ခံစားမှု ကိုယ့်လုပ်ရပ်နဲ့ကိုယ် တော့ မှန်နေကြတာချည်းပဲ၊ ကောင်းစေချင်လို့လုပ်ကြင်းနဲ့ တစ်ဖက်





ရင်နာစရာတွေဖြစ်ရတာတော့ ကံတရားပေါ့ကွယ်"

"မေမေအပေါ် စိတ်မနာအောင်ဖျောင်းဖျနေတာလား၊ သားကို လိုမျိုးပစ်ထားတာ စိတ်မနာရဘူးလားအဘွား"

"မနာသင့်တဲ့သူမျိုးပါ၊ မြေးအမေက တကယ်ကိုမိခင်ကောင်း၊ ဇနီးအတွက်သမီးကောင်း၊ မောင်ဆိုးတွေအတွက် အစ်မကောင်း တစ် ယောက်ပါ၊ အဲလိုတွေဖြစ်ဖို့အတွက် ဇနီးကောင်းတစ်ယောက်တော့ သူ မဖြစ်ခဲ့ဘူး၊ တကယ်တော့အားလုံးအတွက် သူ့ဘဝကိုပေးဆပ်လိုက်တာ ။ မြေးအဖေနဲ့အိမ်ထောင်ရေးပြိုကွဲတဲ့အချိန်မှာ ဒီမိသားစုကို တာဝန်ယူ ဖို့အတွက် အခုလက်ထပ်ထားတဲ့သူကိုယူလိုက်ရတာပါ၊ ဒီလူက ပြည့်စုံ တော့ အားလုံးကိုထောက်ပံ့နိုင်တယ်လေ၊ အားလုံးပြည့်ပြည့်ဝဝစားရ တယ်၊ မြေးလည်းကျောင်းနေရတယ်မဟုတ်လား၊ သူလက်ထပ်ချင်လွန်း လို့ လက်ထပ်ခဲ့တာမဟုတ်ပါဘူး၊ ဒီမိသားစုတွေအတွက် ပေးဆပ်စွန့်လွှတ် တာပါ"

"အဲလိုဆိုရင်တောင် သားကိုတစ်ခေါက်မှ လာမတွေ့တာတော့ နာမိတယ်အဘွား၊ သားက မေမေ့ရဲ့သားတစ်ယောက်မဟုတ်ဘူးလား၊ နောက်အိမ်ထောင်နဲ့ နောက်သားသမီးတွေရလို့ သားကိုမေ့ထားလိုက် တာမဟုတ်လား၊ မေ့လိုက်နိုင်တာမဟုတ်လား"

အဘွားက သူ့လက်ကလေးကိုဆုပ်ကိုင်ကာ

"မဟုတ်ဘူး . . . မဟုတ်ပါဘူးမြေး၊ နောက်အိမ်ထောင်က သိက်အဝန်းကြီးတယ်၊ ဒီလူက လူလွတ်ဆိုတော့ မြေးအမေကိုလူလွတ် တစ်ယောက်လို့အသိပေးပြီး လက်ထပ်ခဲ့တာ၊ အခုရထားတဲ့ သား တွေကလည်း သူတို့အမေကို အရင်ယောက်ျားနဲ့ ကလေးရှိတယ်ဆို တာကို မသိဘူး၊ သိလိုက်တာနဲ့ အသိုက်အဝန်းကြားမှာ အရှက်ရသိက္ခာ ကျမှာလေ၊ သားအမေလည်း နောက်ရထားတဲ့သားသမီးတွေနဲ့ မဆွေး လွန်းသာ ဆုပ်လည်းဆူး၊ စားလည်းရှူးအငြိုခြံအနေပါကွယ်၊ ဒီ

www.burmeseclassic.com



မိသားစုကိုထောက်ပံ့ဖို့ သူ့ဘဝကိုရင်းထားရတာပါ''

သူဘာပြောရဦးတော့မှာလဲ။ သူဒီလိုဘဝပျိုးနဲ့နေရာတာ ဘယ် သူ့မှာအပြစ်ရှိနေတာလဲ။ ဘယ်သူ့မှာမှအပြစ်မရှိဘူးဆိုရင် ကိုယ့်ရဲ့ ကပဲ မကောင်းတာပေါ့။

တကယ်ကို ဖြေသိမ့်နိုင်သည့်အင်အားမရှိတော့ပါ။

''မြေးလေး . . မငိုပါနဲ့မြေးလေးရယ်၊ အဘွားတစ်ယောက်လုံ ရှိပါသေးတယ်၊ အဘွားမသေမချင်းမြေးလေးအနားမှာရှိမှာပါ၊ အားမငယ် ပါနဲ့နော် မြေးလေး''

''သား . . သားမေမေနဲ့နေချင်တယ်ဘွား၊ ဖေဖေလိုမျိုးသေ မှသိရပြီး ရင်နာနာနဲ့ခွဲခွာရတာမျိုး မဖြစ်ချင်ဘူး''

''မြေးရယ် အဘွားပြောပြီးပြီလေ၊ သားအမေနဲ့နေဖို့မဖြစ် ဘူးဆို''

''မေမေရဲ့လိပ်စာပေးပါ၊ တစ်ခါလောက်တော့ တွေ့ပါရစေ မေမေနဲ့ နေချင်လို့ပါပြောကြည့်ပါရစေ၊ ဖေဖေနဲ့ဒီလိုပုံစံမျိုးခွဲလိုက်ရတ ရင်ထဲမှာမခံစားနိုင်ဘူး၊ မေမေနဲ့ အဲလိုထပ်ဖြစ်ရင် သားရင်နာရပါလိ မယ်၊ သားသေရပါလိမ့်မယ်အဘွား''

''မြေးရယ်''

မြေးရဲ့မျက်ရည်တွေကို မမြင်ရက်ပါ။ မြေးရဲ့စကားတွေကို ကြ ရတာ ရင်ထဲမချိပါ။ ဘယ်လိုလုပ်ပေးရမလဲ။ မြေးရဲ့စိတ်ခံစားမှုတွေ ပြေ သာအောင် ဘာလုပ်ပေးရမလဲ။

ဒီကိစ္စကို သမီးကြီးဆီအကြောင်းမကြားလို့တော့ မဖြစ်တော့ပ

''မြေးလေး''

''ဗျာ . . အဘွား''

''မြေးအမေနဲ့ တစ်ခါလောက်တွေ့ပြီး စကားပြောရရင်ကျေန မလား၊ မြေးအမေကိုတွေ့ပြီးရင် စိတ်ဖြေသာနိုင်မလားဟင်''





''တွေ့ရရင်ကျေနပ်သလားဆိုတာထက် မေမေဘယ်လိုဘဝ မျိုးနဲ့နေနေသလဲဆိုတာလည်း သိချင်ပါတယ်၊ သားကိုမေ့ထားနိုင်လောက် အောင် မေမေဘယ်လောက်တောင်စိတ်ချမ်းသာနေခဲ့သလဲဆိုတာ''

''အေးလေ . . မြေးဆန္ဒပြင်းပျနေရင် မြေးအမေကိုဘွားပြော ကြည့်လိုက်ပါ့မယ်၊ သူလက်ခံရင် မြေးကိုဘွားလိုက်ပို့ပေးပါ့မယ်''

''တကယ်နော် အဘွား''

''အေးပါ မြေးရယ်''

မြေးရင်ထဲနာကြည်းမှုတွေဖြစ်မသွားစေချင်၍ ထိုဆန္ဒလေးကို ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်လိုက်သည်။ ထိုကိစ္စသမီးကြီးလက်ခံမခံဆို တာတော့ . . . ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"နှင့်အမေကလက်ခံမှာလား၊ မတွေ့ချင်လို့တောင် ကိုးနှစ်ကျော်ကို တစ်ခေါက်မှလာမတွေ့ဘဲနဲ့"

"အဘွားက သေချာသွားပြောပါတယ်၊ မတွေ့ရရင် ငါတစ်နေ့ရာရာထွက်သွားတော့မယ်ဆိုတာလည်း ခြိမ်းခြောက်ခဲ့မယ်တဲ့၊ မေမေက ငါ့ကိုမချစ်လို့မှမဟုတ်တာ၊ ဘူးခံငြင်းမယ်တော့ မထင်ပါဘူး၊ ငါက သူမွေးထားတဲ့သားပဲလေ"

မျှော်လင့်ချက်တွေနှင့် တက်ကြွနေဟန်ရှိသော သဂါမောင်ကို အတိုက်အခံလုပ်မနေချင်တော့ပေ။ အဖေဆိုတာကိုသိပြီး အဖေခေါ်ခွင့်တောင်မရလိုက်သော သဂါမောင်ရင်ထဲမှာ အမေဆိုတာကိုလည်း တောင်းတပြီး အရမ်းကိုနာကျင်နေမှာပါ။

"အဲဒီအရက်သမားကြီးကို နှင့်အဖေဖြစ်နေလိမ့်မယ်လို့ လုံးဝမထင်မိဘူး၊ သူလည်း ကိုးနှစ်ကျော်လောက် နှင့်ကိုပစ်ထားခဲ့တာပဲနော်"

"အပြစ်ပြောရမှာလား၊ မပြောရဘူးလား မသိတော့ပါဘူး၊ အရက်သမားကြီးရဲ့သားဆိုပြီး မျက်နှာငယ်မှာစိုးလို့ သေတဲ့အချိန်မှာတောင် အဖေပါလို့ပြောမသွားဘူး၊ ငါ့ကိုမုန့်ဖိုးငါးထောင်ပေးဖို့ အိမ်သာကျင်းတွေ ဘာတွေတူးပြီးတောင် စုခဲ့သေးတာတဲ့၊ အရက်သောက်မယ့် ပိုက်ဆံကို ငါ့ကိုမုန့်လာဝယ်ကျွေးတာ၊ နောက်ဆုံးဖခင်မေတ္တာထင်တယ်၊





ငါက အဲဒါကိုပဲကျေးဇူးတင်ပြီး တသသဖြစ်နေရတော့မှာ၊ ပြီးတော့ အဲဒီပိုက်ဆံကို ငါ့ကိုပေးချင်လွန်းလို့ ဆေးခန်းတောင်သွားမပြဘူးတဲ့ဟာ"

"သဂါမောင်"

ပြောရင်းမျက်ရည်ကျလာသော သဂါမောင်လက်ကို နံ့သာဖြူဆုပ်ကိုင်ထားမိသည်။ သဂါမောင်က မျက်ရည်တွေကို လက်ဖမိုးဖြင့်သုတ်သပ်သုတ်ပြီး

"မေမေနဲ့တော့ ငါအဲလိုမဖြစ်ချင်တော့ဘူး၊ မသေခင်လေးမှာ မေမေ့မျက်နှာကိုကြည့်ပြီး မေမေလို့ခေါ်ချင်တယ်၊ မေမေက သားလို့ခေါ်တဲ့အသံကိုလည်း ကြည်နူးမှုတွေနဲ့ နားထောင်ချင်တယ်၊ အသက်ရှင်နေရမယ့် အခိုက်အတန့်လေးမှာ မေမေနဲ့အတူတူနေသွားချင်တယ်ဟာ"

"နင်အဘွား သွားပြောနေပြီဆိုရင် နင့်ဆန္ဒပြည့်လာမှာပါဟာ၊ ဒါပေမဲ့ နင်ပြောသလိုဆိုရင် နင့်အမေက နင့်ကိုတော့ခေါ်ထားနိုင်မှာမဟုတ်ဘူး၊ သူ့မှာသားသမီးတွေနဲ့ဆို"

"ဘယ်လိုအခြေအနေမျိုးနဲ့နေရနေရ ပြောကြည့်ရမှာပေါ့ဟာ၊ အိမ်မှာနေရတာထက်စာရင်တော့ စိတ်ချမ်းသာရမယ်ထင်ပါတယ်"

"သဂါရယ်၊ ငါလေနင့်အတွက် တကယ်စိတ်မကောင်းဘူးသိလား၊ ငါ့ဘဝကမပြည့်စုံဘူးဆိုပေမယ့် မိစုံဖစုံနဲ့ စိတ်ချမ်းသာရသေးတယ်၊ နင့်ကိုလည်း အဲလိုလေးတော့ဖြစ်စေချင်တယ်"

"ငါ့ကိုစာနာနားလည်ပေးတာ ကျေးဇူးတင်ပါတယ်ဟာ၊ ကဲ..ဒီနေ့ကျောင်းမတက်တော့ဘူးဆိုတာ လာပြောတာ၊ အဘွားပြန်အလာကို အိမ်ကနေစောင့်နေချင်လို့ဟ၊ ဒါမှ မေမေဘာပြောလိုက်တယ်ဆိုတာ တန်းခနဲသိရမှာ"

"အဖြစ်သည်းနေလိုက်တာဟယ်၊ အေးပါ နင့်စာတွေ ငါကူးပေးထားမယ် ပြန်ပါ ပြန်ပါ"

နံ့သာဖြူကို နှုတ်ဆက်ခဲ့ပြီး အိမ်ပြန်လာခဲ့သည်။ အိမ်ကိုစော



www.burmeseclassic.com

www.burmeseclassic.com



စောပြန်ရတာ ငရဲခန်းကိုရောက်ရသလိုပင်။ ဦးလေးတွေခိုင်းသမျှလုပ်ရ၊ ဦးလေးမိန်းမခိုင်းတာလုပ်ရနှင့် တောက်တဲ့ရိုက်ဖတ်ဖတ်မောသွားသည်။ ဒီကြားထဲ ဦးလေးသမီးကိုမုန့်ဝယ်ကျွေးရ ရေချိုးပေးရတာကပါသေးသည်။

ဒါပေမဲ့ အဘွားပြန်အလာကိုစောင့်နေရတာမို့ ပင်ပန်းသည်ဟု မထင်ပါ။ လုပ်စရာရှိတာတွေလုပ်ပြီး အပြင်ကနေ ထွက်စောင့်နေလိုက်သည်။

“ဟာ. . . အဘွားလာပြီ”

အဘွားပြန်လာတော့ သူအပြေးထွက်ကြိုမိ၏။ လက်ထဲမှာ အဝတ်အစားထည့်သည့်အိတ်လည်းပါသည်။ မုန့်ထုပ်တွေလည်း ပါသည်။

“အဘွား”

“မြေးလေး. . . ဒီမှာမြေးလေးအတွက် အဝတ်အစားတွေ၊ ဖိနပ်တွေ၊ ဦးထုပ်တွေ ဝယ်ပေးလိုက်တယ်၊ မုန့်တွေလည်းပါတယ်မြေးရဲ့ မြေးကျောင်းသွားရင်လည်း ယူသွားလို့ရတယ်”

“မေမေ ဘာပြောလိုက်သေးလဲ အဘွား”

ထိုအရာတွေထက် မေမေ့ဆီက အမှာစကားကိုကြားချင်တာမို့ သူသိချင်တာပဲ မေးလိုက်သည်။ အဘွားက အိမ်ရှေ့ကွပ်ပျစ်မှာ ပစ္စည်းတွေချ၍ မောပမ်းနေဟန်ဖြင့်

“မြေးလေး. . . အဘွားကိုရေတစ်ခွက်လောက် ခပ်တိုက်ပါလားကွယ်”

သူမေးတာမဖြေဘဲပြောလာတော့ သူအိမ်ထဲအမြန်ပြေးဝင်ကာ အဘွားကို ရေခပ်တိုက်လိုက်သည်။

“အဘွားသောက်ရေအိုးထဲက ခပ်လာတာ၊ အေးအေးလေး အမောပြေသွားအောင်သောက်လိုက်”





အဘွားက ရေကိုခပ်မျဉ်းမျဉ်းဆွဲသောက်နေ၏။ အဘွားပြောဖို့ အားယူနေတာလား။ သူနားထောင်လို့ကောင်းအောင်ပြောဖို့ ချိန်စဉ်းစားနေတာလား။

“အဘွား၊ ဟို. . . မေမေက ဘာမှာလိုက်လဲ၊ သားနဲ့အခု တွေ့မယ်တဲ့လား၊ ဒီအိမ်ကိုလာမှာလား၊ မေမေ့အိမ်သွားတွေ့ရမှာလားဟင်”

အဘွားလက်ထဲကရေခွက်ကိုယူပြီး သူလောကြီးစွာမေးတော့ အဘွားသက်ပြင်းချသည်။

“သူဈေးဝယ်ထွက်ရင်းနဲ့ အပြင်မှာခဏတော့တွေ့လို့ရမယ်တဲ့ မြေးလာဖို့အတွက် တက္ကစီခလည်းပေးလိုက်ပါတယ်”

“ခဏပဲတဲ့လား၊ ဒါတောင်ဟိုအိမ်လည်းမဟုတ်၊ ဒီအိမ်လည်း မဟုတ်၊ လမ်းဘေးမှာလား အဘွား”

“စားသောက်ဆိုင်မှာပါမြေးရယ်၊ အဲဒီနေ့ကျ မြေးစားချင်တာတွေ ကျွေးပါလိမ့်မယ်”

“သားအစားအသောက်စားချင်လို့ မဟုတ်ဘူးအဘွား၊ ဒီဟာတွေလည်း မလိုချင်ပါဘူး သားလိုချင်တာက”

“မေမေနဲ့တွေ့ရင် မေမေ့ကိုအရမ်းကြီးစိတ်ဆင်းရဲအောင်မလုပ်နဲ့မြေး၊ မေမေလည်း စိတ်ပင်ပန်းရပါတယ်၊ ဒီမိသားစုကို ဟိုကကြည်ကြည်ဖြူဖြူထောက်ပံ့အောင် ကျိုးနွံနာခံဖြည့်ဆည်းရတာတွေရှိတယ်၊ မြေးကြောင့် စိတ်ထပ်ပြီး ပင်ပန်းရရင် မေမေကျန်းမာရေးချို့တဲ့သွားလိမ့်မယ်နော် မြေးလေး”

အဘွားက သူ့သမီးအတွက်ပဲ စိုးရိမ်နေသည်။ သမီးအချစ်မြေးအနှစ်ဆိုသော်လည်း လုပ်ကိုင်ကျွေးမွေးနေသော သမီးအတွက်ပိုပြီး အရေးကြီးနေမှာပေါ့။ သူ့ခံစားမှုက ဘာအရေးပါမှာလဲ။

ဒါပေမဲ့ သူကျေနပ်ပေးရမှာပါ။ မေမေနှင့်တွေ့ခွင့်ရတော့မည် မဟုတ်လား။ မေမေဘယ်လိုပုံစံမျိုး သူ့ကိုဆက်ဆံမလဲ။ ရင်တွေတုန်



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။

သားလို့ခေါ်မည့် မေမေအသံလေးကိုနားထောင်ချင်၏။

ဘယ်လောက်များ နူးညံ့နွေးထွေးလိုက်မလဲ။ ခံစားသိတတ်သည့် အရွယ်ကတည်းက တစ်ခါမှမကြားဘူးသည့်အသံမို့ ...။

• • •

## အခန်း (၁၃)

"မေ.. မေမေ"

ခါတ်ပုံထဲမှာ မြင်ဖူးပြီးသားမို့ ဆိုင်ထဲဝင်လာသော မေမေကို တန်းခနဲသိလိုက်ပါသည်။ ဆလင်းဘတ်အိတ်ခပ်ကြွားကြွားလွယ်လျက်၊ ဆံနွယ်များကို နဖူးမှပင့်လှန်ကာ ဖြောင်သိမ်းထားပြီး ဖိုးရောင်မျက်မှန် ခပ်ကြီးကြီးတပ်ထားသော မေမေက ကျက်သရေရှိခံ့ညားရင့်ကျက်လှ သည်။

ဒီလိုချောမောလှပသောသူက သူ့ရဲ့မေမေတဲ့လား။ ချစ်မြတ်နိုးစွာ ငေးကြည့်နေမိပြီး အနားမှာထိုင်နေသော အဘွားကိုသတိလက်လွတ် ဖြစ်သွားခဲ့သည်။

"မြေးလေး.. မေမေလေ၊ မြေးရဲ့မေမေ"

"မေ.. မေမေ"

"သား.. သားသက်မောင်လေး"

ခေါင်းလေးကိုဖွဖွပွတ်၍ ရင်ခွင်မှာပွေ့ဖက်ပြီးခေါ်တော့၊ သူ့ ရင်ထဲက တလှိုက်လှိုက်ဖြစ်လာလျက် ငိုချလိုက်သည်။ မေမေလည်း ငိုနေဟန်တူပါသည်။ အသံတွေက တုန်ယင်လှိုက်ခါလျက်..

"သားကြီး တော်တော်အရွယ်ရောက်လာပြီး ထွားလှပြီ.. မေ့သားကြီး"





www.burmeseclassic.com

သားကြီးလို့ခေါ်တော့ တော်တော်လေးဝမ်းနည်းသွား၏။ သားငယ်၊ သမီးငယ်ရှိသေးသည်လို့ အသိပေးလိုက်တာပဲမဟုတ်ပါလား။ သူ ရှိုက်ခနဲကျောလေးတုန်သွားတော့ မေမေက ပိုတိုးဖက်၍ ကျောလေးကို ပွတ်သပ်ပုတ်ပေး၏။

သူမေမေ့ခါးလေးကို တင်းတင်းလေးဖက်တွယ်ထားမိကာ..

"သား..သတိရနေခဲ့တာ အရမ်းတွေ့ချင်နေခဲ့တာ"

"မေမေလည်း အဲလိုပါပဲ၊ ဒါပေမဲ့ မေမေနဲ့သားက ခွဲနေရမယ့် ကံဇာတာပါတယ်၊ ဒါကို သားတစ်ဖြည်းဖြည်း နားလည်လာမှာပါ"

"နားမလည်ချင်ဘူးမေမေ၊ သားမေမေနဲ့အတူတူနေပါရစေ၊ အိမ်..အိမ်မှာမနေချင်ဘူး၊ မေမေနဲ့လိုက်နေပါရစေနော်"

"မြေးလေး"

သတိပေးထားပါလျက်၊ သူတောင်းဆိုမိတော့ အဘွားက လေသံခပ်မာမာလေးနှင့် ဟန့်၏။ သူ မကြားချင်ယောင်ဆောင်ကာ မေမေ့လက်ကိုဆွဲထားလိုက်ပြီး

"သားလူမှန်းသိကတည်းက မေမေနဲ့အတူတူမနေဖူးဘူး၊ မေမေ ချော့သိပ်တဲ့ သီချင်းသံလည်း မကြားဖူးဘူး၊ မေမေခွံကျွေးတဲ့ထမင်းကိုလည်း မစားဖူးဘူး၊ အဲလိုလေးနေပါရစေမေမေ"

"ဒါ..ဒါက"

"မြေးလေး ဘွားဘွားပြောထားတယ်လေ၊ မေမေမှာနောက်မိသားစုရှိတယ်၊ မြေးအဲလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ"

"နောက်မိသားစုက မေမေနဲ့ဘာလို့အဲလိုနေရတာလဲ၊ သားကကျတော့ ဘာလို့မဖြစ်တာလဲ၊ သားက မေမေနဲ့လည်းအတူမနေလိုက်ရဘူး၊ အခုဖေဖေသေသွားပြီ၊ တစ်သက်လုံးနေဖို့မဖြစ်နိုင်တော့ဘူး၊ မေမေနဲ့တော့ အဲလိုကြီးခွဲမနေပါရစေနဲ့၊ သားလိမ်လိမ်မာမာနေပါမယ်၊ မေမေနေစေချင်သလိုနေပါ့မယ်၊ သားကိုခေါ်သွားပါ၊ မေမေနေတဲ့နေရာကို





ခေါ်သွားပါနော်"

သူ့လက်ကလေးကို ပြန်ဆုပ်ကိုင်ပြီး မေမေမျက်ရည်ကျ၏။ ခဏနေတော့ သူ့လက်ကိုဆွဲဖြုတ်ချပြီး မေမေထိုင်ခုံမှာထိုင်သည်။

"အဘွားနဲ့နေရတာ သားမပျော်ဘူးလား သား"

"ပျော်ပါတယ်၊ ဘွားနဲ့လည်းနေချင်ပါတယ်၊ ဒါပေမဲ့"

"သားက အရက်သမားဦးလေးတွေနဲ့ သားအဘွားကိုထားခဲ့ရက်သလား၊ အဘွားက သားရှိနေလို့ စိတ်သက်သာပြီး၊ ဒီအချိန်ထိ အသက်ရှည်ရှည်နေနိုင်နေတာပါ၊ သားကို အဘွားကသိပ်ချစ်တယ်၊ သားကြောင့် စိတ်ချမ်းသာနေတာ၊ သားက မေမေဆီလာနေလို့မဖြစ်ဘူးလေ၊ ပြီးတော့ မေမေမှာမိသားစုရှိနေတယ်၊ အဲဒီမိသားစုက မေမေမှာသားရှိမှန်းမသိကြဘူး၊ သားလာနေမယ်ဆိုရင် မေမေလည်းဆင်းရဲတဲ့ဘဝပြန်ရောက်သွားမယ်၊ သားကိုလည်း မထောက်ပံ့နိုင်တော့ဘူး၊ ဘွားဘွားနဲ့ သားဦးလေးတွေကိုလည်း မထောက်ပံ့နိုင်တော့ဘူး၊ မေမေပြောတာ သားနားလည်လား"

နားလည်သော်လည်း သူခေါင်းမညိတ်ချင်။ ခေါင်းညိတ်လိုက်လျှင် မေမေနဲ့ ဝေးရမှာကြောက်လို့ပါ။ ဒါပေမဲ့ ဇောဒကတက်ပြီး အတိုက်အခံမလုပ်ချင်ပေ။ မေမေမျက်ရည်တွေက သူ့ရင်ကို နာကျင်စေလို့ပင်။

မေမေက သူ့မျက်ရည်တွေကိုလှမ်းသုတ်ပေးပြီး

"သားကို ဒီလိုထားရတာ မေမေလည်းစိတ်မကောင်းပါဘူး၊ သားရဲ့ညီလေးနဲ့ ညီမလေးကိုမွေးတဲ့ အချိန်တွေက ငါ့သားကြီးကို ငါ ဒီလိုမွေးခဲ့ရတာပါလားဆိုပြီး မျက်ရည်ကျမိတယ်။ နို့ချိုတိုက်တဲ့အချိန်တွေမှာ ငါ့သားကြီးကို ပြည့်ပြည့်ဝဝ နို့မတိုက်ခဲ့ရပါလားလို့ ဝမ်းနည်းမိတယ်။ ထမင်းကျွေးချိန်တွေမှာ ငါ့သားကြီးကိုတော့ ဘယ်သူမှခွံကျွေးမှာမဟုတ်ဘူး၊ သူ့ဘာသာ စားနေရရှာမှာလို့တွေးမိပြီး မေမေနဲ့သားတွေ နာကျင်နေခဲ့ရပါတယ်သား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ညအိပ်ရာဝင်တဲ့အချိန်မှာ သားငယ်နဲ့သမီးငယ်ကို ရင်ခွင်မှာ ထားသိပ်ရင်းနဲ့ ငါ့သားကြီးတော့ ရင်ခွင်မဲ့နေရှာမှာပဲလို့ အိပ်မပျော်တဲ့ ညတွေကိုဖြတ်သန်းပြီးနေခဲ့ရတာပါ၊ ဒါဟာ မေမေရင်ထဲကသစ္စာတရားပဲ သား၊ လင်ကံမကောင်းလို့ အိမ်ထောင်ပြိုကွဲခဲ့ရပေမယ့် မေမေကမိခင်စိတ် မရှိတဲ့ အကြင်နာတရားမဲ့တဲ့သူမဟုတ်ပါဘူး။ ဒီအိမ်ထောင်ရေးက အပျော်ရှာခဲ့တာမျိုးလည်းမဟုတ်ဘူးသား၊ သားနဲ့ မေမေမိသားစုအတွက် မေမေ ရင်းခဲ့ရတာပါ။ ကာမဆန္ဒ တဏှာရမ္မက်တွေနဲ့ အာသာငမ်းငမ်းရှာဖွေထားခဲ့တာလည်းမဟုတ်ပါဘူး။ မေမေမှာ မိသားစုကိုအထောက်အပံ့ပြုနိုင်ဖို့ တခြားအင်အားမရှိလို့ပါသားရယ်"

မေမေပြောပြီးငိုသည်။ သူနားလည်လောက်သည်ထင်လို့ ရင်ဖွင့်လိုက်တာနေမှာပါ။ သူတစ်ချက်ကြိတ်ရှိုက်လိုက်ပြီး မေမေ့ပါးပြင်ပေါ်မှာ လိမ့်ဆင်းပြိုကျနေသောမျက်ရည်တွေကို သူ့လက်ကလေးနှင့် ကြင်နာစွာ သုတ်ပေးလိုက်ပြီး . . .

"မငိုပါနဲ့ မေမေမငိုပါနဲ့၊ သားကိုအဘွားနဲ့နေစေချင်လို့ မဟုတ်လားဟင်၊ အဘွားကိုစိတ်ချမ်းသာစေချင်လို့မဟုတ်လား၊ သားအဲလိုနေလိုက်ရင် မေမေရော စိတ်ချမ်းသာမယ်မဟုတ်လားဟင်"

"သား . . သဂါမောင်"

"သားက မေမေ့စကားနားထောင်မှာပါ မေမေရဲ့၊ သားလိမ္မာပါ့မယ်၊ အဲဒီအတွက် မေမေကတော့ သားကိုခဏခဏလာတွေ့ပေးပါနော်၊ မေမေရှိတယ်ဆိုရင် သားအားမငယ်ရတော့ဘူးပေါ့၊ အရမ်းချမ်းသာပြီး အရမ်းလှတဲ့မေမေက ငါ့မေမေကွလို့ သားစိတ်ကူးထဲမှာ ပျော်နေချင်လို့ပါ"

"သားရယ်"

ဒေါ်မြမြလွင် အသွေးအသားတွေ ခမ်းခြောက်သွားလောက်





အောင် စိတ်ထိခိုက်သွားရလေသည်။ ဒီသားက မိမိအပေါ်အရမ်းကို ချစ်မြတ်နိုးပြီး လိမ္မာသိတတ်လှချည်လား။

အမေပြောတော့ဒီလောက်မယုံချင်။ ကလေးပဲ အဲလောက်တော့ မဟုတ်လောက်ပါဘူးလို့တွေးခဲ့ဖူး၏။ ဒီလိုခွဲခွာထားရတာကို စိတ်မကောင်းပေးမယ့် ချမ်းသာကြွယ်ဝသောမအေရဲ့ အလိုလိုက်ခြင်းခံရသည့် သားသမီးနှစ်ယောက်အပေါ် တာဝန်ဝတ္တရားတွေ ကျေပွန်ဖြည့်ဆည်းနိုင်အောင် ကြိုးစားရင်း ဖြေသိမ့်နေခဲ့ရသည်။

ကိုယ်ရွေးချယ်လိုက်သည့် ကံကြမ္မာကပေးဆပ်မှုတွေနှင့်မို့ ကျေနပ်ရမှာပဲမဟုတ်ပါလား။

"သမီး . . ကိုယ့်အိမ်ထောင်ရေးအဆင်ပြေဖို့ပဲ စဉ်းစားပါ၊ မြေးလေးက အမေတို့နဲ့နေရတာပျော်ပါတယ်၊ နေသားတကျလည်းရှိနေပါပြီ၊ သမီးမောင်တွေကြောင့် တစ်ခါတစ်ရံစိတ်ဆင်းရဲတယ်ဆိုပေမယ့် အမေ သည်းရှိနေတော့ ပြဿနာကြီးကြီးမားမားမဖြစ်ပါဘူး"

"အမေ့သားတွေကို သေချာလေးပြောထားပါ အမေ၊ သူတို့ အတွက်ပါ သမီးကထောက်ပံ့နေရတာပါ၊ အခုမှလည်းမဟုတ်ဘူး၊ ဟိုအရင်အပျိုဘဝကတည်းက သူတို့အတွက်ပါ ရုန်းကန်ခဲ့ရတာ"

"အမေသိပါတယ်ကွယ်၊ သားယောက်ျားလေးတွေဖြစ်ပြီး တစ်ယောက်မှ အားမအားရဘူး ကိုယ့်ဝမ်းစာလည်းကိုယ်မရှာ၊ မိသားစုလည်း အထောက်အပံ့မပြု၊ အစ်မကိုမှီခိုနေရတာလည်း ရှက်ရမှန်းမသိဘူး၊ ဒီလို သားမျိုးတွေကို မွေးမိတဲ့အတွက် သမီးကိုအမေအားနာမိပါတယ် သမီးရယ် တောင်းဆိုးပလုံးဆိုးပစ်လို့ရပေမယ့်၊ သားဆိုးသမီးဆိုးပစ်ရတဲ့ ထုံးစံရှိတော့ အမေလည်း ဝဋ်ကြွေးလို့အောက်မေ့ပါတယ်၊ သမီးရော မြေးရော ဒီဝဋ်ကြွေးတွေဆပ်နေရတာ အမေတကယ်စိတ်မကောင်းပါဘူး သမီးရယ်"

အဘွားလည်း မျက်ရည်ကျသည်။ မေမေက စိတ်မကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဝဲလျက်နှင့်

''အမေ့အပြစ်တွေမဟုတ်ပါဘူး၊ အရင်ဘဝက သူတို့ကိုဆပ်ဖို့ အကြွေးတွေပါလာလို့ မဟုတ်လားအမေ၊ ဒီဘဝမှာ အကျေဆပ်လိုက်ရင် နောက်ဘဝကျဆုံစရာမလိုတော့ဘူးပေါ့၊ အဲဒါဆိုရင် သားလေးလည်း မိတကွဲ ဖတကွဲနေရမှာမဟုတ်ဘူး၊ ဒီဘဝမှာတော့ မေမေကိုနေ့လည်း ပေးပါတော့ သားရယ်''

သူခေါင်းညိတ်လိုက်ပါသည်။ အလုံးစုံနားမလည်တောင် မေမေ နှင့် အဘွားရဲ့မျက်ရည်များက သူ့ဆန္ဒများကိုချိုးနှိမ်ပစ်လိုက်သည်။ ရင်ထဲ မှာ လှိုက်လှိုက်တက်အောင် ဝမ်းနည်းစိုးနှင့်နေပေမယ့် မျက်ရည်တွေကို ပွတ်သပ်သုတ်ကာ မျိုချပစ်လိုက်၏။

''ဟိုလေ . . မေမေဘယ်လိုအိမ်ကြီးနဲ့နေရတယ်ဆိုတာတော့ သားကိုကြည့်ခွင့်ပေးပါနော်၊ ဒီလိုစိတ်မချမ်းမသာဖြစ်ပြီး ပြန်ရတာဆိုရင် သားစိတ်ကောင်းမှာမဟုတ်ဘူး၊ မေမေ ကြီးကြီးကျယ်ကျယ် ခမ်းခမ်း နားနားနဲ့ စိတ်ချမ်းသာသာနေနေတာကို သားမြင်ချင်ပါတယ်၊ ဒီကနေ ပြန်ရင် မေမေ့အိမ်ကို သားလိုက်ကြည့်မယ်နော်၊ ဟို . . မေမေကားနဲ့ မလိုက်ပါဘူး၊ သားတို့ငှားလာတဲ့ကားနဲ့လိုက်မှာပါ၊ ဘယ်သူမှသတိမထား မိစေရပါဘူး မေမေ''

ဒေါ်မြမြလွင်အခက်တွေ့သွားသည်။ သားက မိမိနေသောနေရာ ကို သိချင်လို့ ဒီလိုလုပ်နေတာမဟုတ်ပါလား။ ဒါပေမဲ့ ဒီဆန္ဒလေးလောက် မှ မလိုက်လျောလျှင် သားအပေါ် မတရားရာရောက်ပေတော့မည်။

ခွဲခွာနေရတာမို့ အငွေ့အသက်လေးတွေ ခံစားချင်ရှာမှာပေါ့ ဒါကြောင့်မို့ သားခေါင်းလေးကိုဖွဖွပုတ်ပြီး

''နောက်တစ်ခါလာရှာမိတာမျိုး မလုပ်မိအောင်တော့ သားကတိ ပေးရမယ်နော်၊ သားကလိမ္မာတယ်၊ သိတတ်တယ်၊ အသိတရားရှိတယ်၊ အရွယ်နဲ့မမျှအောင် ရင့်ကျက်တွေးခေါ်မှုရှိတယ်၊ ဒီလိုသားလိမ္မာလေး





မွေးထားတဲ့အတွက် မေမေဂုဏ်ယူနေပါရစေသား''

မေမေကသူ့ရဲ့စိတ်ဆန္ဒတွေ မှန်သမျှကိုချုပ်လိုက်တာမှန်းသိ ပေမယ့် သူကျေနပ်ပါသည်။ မေမေ့အပြုံးကိုမြင်ရအောင် သူအရင်ပြုံးပြ လိုက်သည်။

''သားက မေမေ့အတွက် သားလိမ္မာပဲဖြစ်စေရပါမယ်၊ သား ကြောင့် မေမေစိတ်မဆင်းရဲစေရပါဘူး၊ အဘွားမသေမချင်း အဘွားနား မှာပဲနေပါမယ်၊ ဒါပေမဲ့ မေမေလည်း တစ်ခုတော့ကတိပေးပါ၊ အဘွား မရှိတော့တဲ့အခါကျရင် မေမေအနားမှာသားကိုခေါ်ထားပေးပါ၊ ဘယ်လို အခြေအနေမျိုးနဲ့နေရနေရ၊ မေမေ့မေတ္တာရိပ်အငွေ့ရှိတဲ့နေရာလေးမှာ နေပါရစေ''

မေမေလေးပင်စွာ ခေါင်းညိတ်၏။ အပြုံးလေးတစ်စနှင့် . .

''ဒီမှာစားစရာတွေရောက်လာပြီ စားလေသား၊ မေမေခွံ့ကျွေး ရမလား''

''အကျင့်ပါမှာစိုးလို့ သားဘာသာစားပါ့မယ်၊ ဒါပေမဲ့ တစ်ခါ လောက် မေမေခွံ့ကျွေးတာကို စားကြည့်ချင်ပါတယ်၊ သား ခဏခဏ တောင်းတမိလို့ပါ''

''အင်းပါ . . အင်းပါ မေ့သားကို ခွံ့ကျွေးမယ်နော်၊ မေမေက သားကို အဲလိုအမြဲတမ်းခွံ့ကျွေးချင်ခဲ့တာပါကွယ်''

တုန်ယင်သောအသံလေးနှင့်ပြောပြီး မေမေမျက်ရည်တဝဲဝဲနှင့် ခေါက်ဆွဲကြော်တွေကို ခွံ့ကျွေး၏။ သူလှိုက်တက်ကြည်နူးစွာစားနေရင်း က မေမေမျက်နှာကို တမြှော်မြှော်ကြည့်ကာ မျက်ရည်ဝဲနေမိသည်။ အဘွား လည်း သူတို့သားအမိအဖြစ်ကိုကြည့်နေရင် မျက်ရည်ဝဲ၏။

တစ်ဝက်မကုန်ခင်မှာ မေမေလက်ကနာရီကိုမြှောက်ကြည့်သည်။ သူအလိုက်သိစွာ မေမေခွံ့ကျွေးတာကို မစားတော့ဘဲ

''သား ဗိုက်ဝပြီမေမေ၊ မေမေပြန်ချင် ပြန်တော့လေ''



www.burmeseclassic.com

www.burmeseclassic.com



"ဩော်.. အင်းသား။ စျေးဝယ်လာတဲ့ ပစ္စည်းတွေလည်းပါလာတော့ မေမေပြန်မှဖြစ်တော့မယ်"

မေမေက အစားအသောက်တွေအတွက် ပိုက်ဆံရှင်းပြီး ကားလေးကို ကိုယ်တိုင်မောင်း၏။ သူတို့မြေးအဘွားက ငှားလာသောတက္ကစီကားနှင့် မေမေကားနောက်ကလိုက်ခဲ့ကြသည်။ အတန်ကြာမောင်းလာခဲ့ပြီး ကြီးကျယ်ခမ်းနားသော အိမ်ကြီးရှေ့အရောက်မှာတော့ မေမေနောက်ကိုတစ်ချက်လှည့်ကြည့်ကာ လက်လေးပြပြီး ဖွင့်ပေးသောတံခါးကြီးကနေ ခြံဝင်းထဲကိုမောင်းဝင်သွားသည်။

သူကားသမားကို တစ်ချက်ရပ်ခိုင်းကာ ကားပေါ်ကဆင်းပြီး ဝင်းတံခါးသံတိုင်တွေကနေ ခြံဝင်းထဲကိုချောင်းမြောင်းကြည့်မိ၏။

ခြံထဲမှာ မေမေကားလေးရပ်သွားသည်နှင့် အိမ်ထဲကနေ သူ့ထက်နှစ်နှစ် သုံးနှစ်စီငယ်ပုံရသော ကလေးနှစ်ယောက်ပြေးထွက်လာပြီး မေမေကိုအော်ဟစ်နှုတ်ဆက်ဖက်တွယ်ကြသည်။ မေမေက အငယ်မလေးကို ဆတ်ခနဲကောက်ချီပွေ့ဖက်ပြီး ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်နမ်းမွှေး၏။ မေမေယောက်ျားဖြစ်ဟန်တူသော ယောက်ျားကြီးလည်း ထွက်လာကာ အကြီးကောင်လေးပခုံးကိုဖက်၍ အိမ်ထဲဝင်သွားသည်။ ပျော်ရွှင်ကြည်နူးနေသော မိသားစုဘဝလေးကိုကြည့်၍ သူဝမ်းသာ ဝမ်းနည်းကြီးခံစားလိုက်ရသည်။

ဒီကလေးနှစ်ယောက်ဟာ သူ့ရဲ့အမေတူအဖေကွဲမောင်နှမတွေပေါ့။ မေမေက ဒီလိုအိမ်ကြီးမှာ ဒီလိုနွေးထွေးတဲ့မိသားစုဘဝလေးနှင့် ပျော်ရွှင်စွာ နေရတာပါလား။

သူကတော့ တစ်ယောက်တည်း မေတ္တာတွေ အကြင်နာတွေ မပြည့်စုံမှုတွေ ချို့တဲ့စွာနှင့်ပါ။

ဒါပေမဲ့ မေမေဘဝလေးအရာရာပြည့်စုံနေသည်ဆိုလျှင် သူကျေနပ်ပါသည်။ ဒီလိုမိသားစုဘဝလေးနှင့် မေမေပျော်နေသည်ဆိုလျှင်





သူကြည်နူးနေနိုင်ပါသည်။ သူကတော့ ချို့တဲ့သောဘဝလေးမှာပဲ အဘွားရဲ့သံယောဇဉ်များဖြင့် နေပျော်သလို နေရဦးမှာပါပဲ။

ဒါဟာ သူ့ရဲ့ကံကြမ္မာဆိုလျှင်..။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

''မေမေ. . . မေမေ သားဖို့ဘာပါလဲ''

''မီးမီးဖို့ရော ဘာပါလဲမေမေ''

ရင်ခွင်တွင်း ဖွတ်တိုးဝင်ကာမေးနေသော သားနှင့်သမီးကို ဖ
တွယ်ကာ အနမ်းပေးလိုက်ရင်း. . .

''သားသားနဲ့ မီးမီးကြိုက်တာလေးတွေ ဝယ်လာတာပေါ့ကွ
အဝတ်အစားတွေရော၊ မုန့်တွေရော၊ ဟင်းချက်စရာတွေရော မီးမီ
သားရဲ့စိတ်ကြိုက်ချည်းပဲ ဝယ်လာတာ''

''ဟေး. . . ဒါမှတို့မေမေ''

''မေမေ. . . မီးမီးဖို့အရုပ်လေးရောပါလားဟင်၊ မီးမီးအရွ
ဝက်ဝံရုပ်ကြီးမှာလိုက်တာလေ''

''ကားနောက်ခန်းမှာပါပါတယ်မီးရယ်၊ ကိုသောင်းယူလာလိ
မယ်နော်၊ မွေးနေ့တုန်းက အရုပ်သေးသေးလေးတွေရလို့ မေမေအကြ
ကြီးကို ဝယ်လာတယ်''

''အဲဒါကြောင့် မေမေ့ကိုချစ်တာ''

သမီးလေးရဲ့ မွှေးမွှေးတစ်ချက်က ရင်ကိုအေးမြသွားစေသည
သားသားကလည်း အားကျမခံလာနမ်း၏။ ကြည်နူးမှုများဖြင့် သား
သမီးကို ပြန်နမ်းပေးလိုက်သည်။





''သားကြီးကို တစ်ချက်လေးတောင် မနမ်းလိုက်မိပါလား''

အတွေးလေးဝင်လာလျှက် ရင်မှာနင့်နင့်သီးသီး စိတ်မကောင်း
ဖြစ်သွားသည်။ မိခင်တစ်ယောက်ရဲ့ မေတ္တာကိုတော်မှတ်လွန်းလို့ သားကြီး
မီကိုအရမ်းတွေ့ချင်ရှာတာနေမှာ။ ခက်ခက်ခဲခဲတွေဖြစ်ချိန်လေးမှာတောင်
သားရဲ့တောင်းတမှုတွေကို မဖြည့်ဆည်းပေးခဲ့မိပါလား။

''မြ''

''ရှင်. . . ကိုလွင်''

သားနှင့်သမီးက ပါလာသော ပစ္စည်းတွေကိုဖွနေချိန်မှာ ဦးဝေ
လွင်က မိမိအနားဝင်ထိုင်ပြီး ခေါ်လိုက်သည်။ အတွေးတွေကြောင့် ငြိမ်
နေမိရာက ဆတ်ခနဲတုန်သွား၏။ ဦးဝေလွင်မျက်လုံးများက စူးစမ်းနေ
သလိုပါ။

''မြ ဈေးသွားတာကြာလှချည်လား။ အသွားအပြန်ကားမောင်း
ချိန်နဲ့ ဈေးဝယ်ချိန်က နေ့လယ်တစ်နာရီလောက်တည်းက ပြန်ရောက်
သင့်တာ''

''ရန်ကုန်က ကားလမ်းတွေအကြောင်း သိသားနဲ့ကိုလွင်ရယ်၊
အချိန်နဲ့သွား အချိန်နဲ့ပြန်လို့ရလို့လား''

''ဒီနေ့က ရုံးပိတ်ရက်၊ ကိုယ်ကမွေးဖွားရက်မှာ မြဈေးဝယ်
ထွက်နေကျပဲ၊ ဒီလိုနေ့က ကားလည်းရှင်းတယ်၊ အရင်အပတ်တွေက
မြ ဒီလောက်လည်းမကြာဘူး၊ ဘာလဲ မြအရင်ယောကျ်ား မိုးအောင်သေ
သောသိလို့ နာရေးအိမ်ရောက်နေတာလား''

''ဘာလို့ အဲလိုစကားမေးတာလဲ ကိုလွင်၊ သူနဲ့ကျွန်မက ဘာမှ
ဆိုင်တော့တဲ့သူတွေပါ၊ သူသေသေ ကိုယ်သေသေ ပတ်သက်စရာ
အကြောင်းမရှိပါဘူး''

''ဒါဆိုမင့်သားနဲ့ပတ်သက်ပြီး သတင်းရလို့ရှင်ြား တစ်ယော
ယောက်နဲ့ သွားတွေ့တာလားမြ၊ ကိုယ့်အသိက်အ၀န်းက လူတွေသွား



www.burmeseclassic.com

www.burmeseclassic.com



ရင် ဘယ်လောက်သိက္ခာကျနိုင်တယ်ဆိုတာ မင်းမသိဘူးလား''

''အဲဒီသံသယတွေနဲ့ ကျွန်မကိုဘယ်လောက်ထိနှိပ်စက်နေမှာ လဲကိုလွင်၊ ကျွန်မကို အနေကျပ်အောင် စိတ်ပင်ပန်းအောင် ဘယ်အချိန် ထိလုပ်နေမှာလဲ''

''စိတ်ပင်ပန်းတယ်၊ အနေကျပ်တယ်လို့ မင်းပြောလိုက်တာ လားမြ၊ ဒီကိစ္စတွေ မင်းသဘောတူထားတာ မဟုတ်ဘူးလား၊ ငါ့အသိုက် အဝန်းမှာ မင်းကအပျိုစင်တစ်ယောက်လေ၊ အဲလိုသိထားတဲ့အတွက် မင်းနဲ့ကျေကျေနပ်နပ် လက်ထပ်ပေးထားကြတာ၊ ဒီစည်းစိမ်ဥစ္စာတွေ ခံစားစံစားနေရတာ အဲဒါကြောင့်မဟုတ်ဘူးလား၊ မင်းအသိုက်အဝန်းက ဒီနေ့ထိ မငြိုမငြင်ထောက်ပံ့နေခဲ့တာ၊ အားလုံးကိုဖြတ်တောက်ထား မယ်ဆိုတဲ့ မင်းရဲ့ကတိကြောင့်ပဲ''

လေသံမာမာနှင့်ပြောလိုက်သော စကားတွေက အမှန်တ တွေဆိုပေမယ့်။ ဒီလိုအခြေအနေမျိုးနှင့်နေနေရတာ တကယ်မွန်းကျ တာအမှန်ပါ။

ဒီအသိုက်အဝန်းမှာ ဟန်ဆောင်ရသည်။ ထိန်းချုပ်ရသည်

မပြုံးချင်ဘဲ ပြုံးရ၊ မရယ်ချင်ဘဲ ရယ်ရ၏။ ဦးဝေလွင်ရဲ့မိဘမျ က မိမိကိုယဉ်ကျေးသိမ်မွေ့မှုရှိသည့် အပျိုစင်တစ်ယောက်ဆိုပြီး တန် ထားကာ မိမိရင်သွေးတွေကို အမွေတွေအားလုံးလွှဲထားခဲ့ဖို့တောင် စီ ထားပြီးဖြစ်၏။

ဦးဝေလွင်အဖေက အစဉ်အဆက်စီးပွားရေးလုပ်ငန်းရှင်ကြီး ပြီး အရာရာကိုဆုံးဖြတ်ရသည်။ ပြတ်သားရသည်။ မိမိနှင့်မွေးသော မြေးတွေကိုချစ်လွန်း၍ သားနာမည်နှင့်တောင် အမွေတွေလွှဲပေးဖို့ စီ ခဲ့တာမဟုတ်။ ဒါကြောင့် သားနှင့်သမီးရဲ့ အနာဂတ်အတွက် မိမိမှာပို ထိန်းသိမ်းရသည်။ ကျိုးနွံနာခံတတ်သောချွေးမအဖြစ်နေခဲ့ရ၏။ အ တောင်မှ ထိန်းသိမ်းနိုင်သောမိန်းမတစ်ယောက်အဖြစ်လည်း အောက်





စွာ နေခဲ့ရသည်။

သားနှင့်သမီးအပေါ် ဖြည့်ဆည်းပေးဆပ်နိုင်သော မိခင်ကောင်း တစ်ယောက်ဖြစ်အောင်လည်း ကြိုးစားခဲ့ရ၏။ ဒါကြောင့်မို့ ဦးဝေလွင်က မိမိရဲ့အားနည်းချက်များကို အမိန့်အာဏာတွေနှင့် တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားခဲ့ခြင်းဖြစ်သည်။

''မြ''

''ပြော. . . ပြောပါကိုလွင်''

''ဟိုနေ့က မင်းအမေကို မင်းကိုယ်တိုင် ပိုက်ဆံသွားပေးတာ မဟုတ်လား''

''အမေက တွေ့ချင်တယ်ဆိုလို့ ဒီအသိုက်အဝန်းနဲ့မနီးစပ်တဲ့ နေရာမှာ သွားတွေ့လိုက်တာပါ၊ ဘဏ်ကပဲ ငွေလွှဲနေတော့ အမေနဲ့လည်း တွေ့ရတာကြာလို့''

''မင့်သားအကြောင်း ကြားချင်လို့သွားတွေ့တာမဟုတ်လား မြ၊ မင်းက ကိုယ်တို့တစ်မိသားစုလုံးကို သိက္ခာချဖို့လုပ်နေတာပဲ၊ ကိုယ်နဲ့ မွေးထားတဲ့ သားသမီးတွေကရော မင်းရဲ့သားသမီးတွေ မဟုတ်ဘူးလား၊ သူတို့အတွက် မင်းမတွေးဘူးလား၊ သူတို့ချစ်နေတဲ့အမေက အရင် ယောကျ်ားနဲ့ အရင်ကလေးရှိခဲ့တယ်ဆိုတာသိရင် သူတို့တွေစိတ်ထဲ ဘယ်လောက်နာကျင်သွားမလဲ၊ အရှက်ရသွားမလဲ၊ ဒီအသိုက်အဝန်းက မင်းတို့အတန်းအစားကလိုမျိုး နေချင်သလိုနေ၊ ဖြစ်ချင်တိုင်း ဖြစ်လို့မရ တာ မင်းနားမလည်ဘူးလား''

''တော်. . . တော်ပါတော့''

စကားလုံးတွေက အားနည်းချက်တွေကို ရိုက်ပုတ်ထုထောင်း နေရ၍ နာကျင်လွန်းစွာ မခံစားနိုင်တော့ပေ။ ဒီစကားလုံးတွေနဲ့ပဲ ထောက်လျှောက်နှိပ်စက်ခံလာခဲ့ရတာပါ။

သားကြီးနှင့် မိသားစုအတွက်၊ တစ်ခြားနေရာက ထောက်ပံ့မှု



www.burmeseclassic.com

www.burmeseclassic.com



သာလုပ်နိုင်မည်ဆိုလျှင် ဒီမွန်းကျပ်မှုထဲက ရုန်းထွက်လိုက်ချင်သည်။ ဒါပေမဲ့ တကယ်ရှိလာခဲ့လည်း အခုမလုပ်နိုင်တော့ပါ။ ရင်နှင့်လွယ်မွေးခဲ့ရသော သားနှင့်သမီးက ရှိနေပြီပဲ။

သူတို့လေးတွေကို သားကြီးလိုမျိုး မိတကွဲ ဖတကွဲသိမ်ငယ်ဝမ်းနည်းစေသော ဝေဒနာတွေ ထပ်မပေးချင်တော့ပါ။ ကြိတ်မှိတ်သည်းခံရပေါင်းများကို ဒဏ်ရာတစ်စွန်းတစ်စက အနာမကျက်ချင်တော့။

"မင်းဘာလို့အော်လိုက်တာလဲ မြ"

"ကျွန်မက ရှင့်ဇနီးမယားတစ်ယောက်ဖြစ်နေပါပြီ၊ အသိုက်အဝန်းကိုပါ နှိမ့်ချပြီးမပြောပါနဲ့တော့"

"ဘယ်လောက်အထင်ကြီးစရာကောင်းနေလို့လဲ မြ၊ မင်းမောင်အရက်သမားတွေနဲ့ မင်းအရင်လင်နဲ့ရတဲ့သားအတွက် အခုထိတောင်ပံ့ပိုးပေးနေရတုန်းပဲ မဟုတ်လား"

"ကျွန်မနဲ့လက်ထပ်ရဖို့ ရှင်အဲဒါတွေ ကြည်ကြည်ဖြူဖြူ လက်ခံခဲ့တာပဲ၊ ရှင့်ကိုကျွန်မက အပျိုပါလို့ပြောပြီး လက်ထပ်ခဲ့တာမဟုတ်ဘူးနော်၊ ကျွန်မမှာ ဒီလိုဝတ္တရားတွေ တာဝန်ယူရမှုတွေရှိတယ်ဆိုတာ ပွင့်ပွင့်လင်းလင်းပြောခဲ့တာပါ"

"အဲဒီအတွက် ငါ့ဘက်ကလိုက်လျှောမှုနဲ့ မင်းရဲ့ကတိစကားတန်တယ်မဟုတ်လား မြ၊ ဒါပေမဲ့ အပေးအယူအိမ်ထောင်ရေးလို့ ငါမသတ်မှတ်ခဲ့ဘူး။ ငါ့ကလေးတွေကို မိခင်ကောင်းပီပီသသ စောင့်ရှောက်ပေးရင် ငါကျေနပ်ပြီ"

"ဒါဆိုရင်လည်း အရိပ်ကြည့်ပြီး ကျွန်မကိုချုပ်ချယ်ကန့်သတ်တာမျိုးတွေ မလုပ်ပါနဲ့လား ကိုလွင်"

"ဘာ"

"ကျွန်မကို မိသားစုနဲ့ဆက်သွယ်မှာစိုးပြီး ဘယ်သွားသွား ဘယ်လာလာအချိန်နဲ့ စောင့်ကြည့်နေတာ ကျွန်မမွန်းကျပ်တယ်၊ ရှင့်အပေါ်



ကလေးတွေအပေါ် ကျွန်မဘာတာဝန်မကျေတာရှိလဲ၊ ဝတ္တရားပျက်ကွက်တာ လစ်ဟင်းတာရှိသလဲ"

ဦးဝေလွင် မျက်နှာပိုပြီးတင်းမာသွားကာ

"အဲဒီတာဝန်ဝတ္တရားဆိုတာကို ငါမကြိုက်တာမြ၊ ဒီလိုအဝ်ချက်တွေထောက်ပံ့နေလို့ ဒီငွေကြောင့် တာဝန်ဝတ္တရားကျေအောင်ကြိုးစားနေတာပါဆိုရင်၊ ဘယ်လိုလုပ်စစ်မှန်တဲ့မိသားစုဖြစ်မှာလဲ၊ မင်းတကယ်ပဲ ငါတို့မိသားစုကိုချစ်ရဲ့လားမြ၊ ဟင့်ပြောစမ်းပါဦး"

မေးဖျားကိုကိုင်ကာ ခပ်တင်းတင်းမေးတော့ ဆတ်ခနဲနာကျင်သွားမိ၏။ ဘာမှမရှိသော မိမိဆီက ဦးဝေလွင်လိုချင်တာတွေက များလွန်းသည်။ မိမိဆီကတော့ စစ်မှန်တာတွေမျှော်လင့်ပြီး သူကတော့ မိမိရဲ့တောင့်တမှုလေးကို နားလည်မပေးနိုင်။ သင်္ဂါမောင်ဆိုတာ မိမိရင်နှင့်လွယ်မွေးခဲ့တာပဲ။ ကိုယ့်ကိုချစ်လှပါချည်ရဲ့လို့ပြောပေမယ့် ဘာကြောင့်မိမိရင်သွေးကိုတော့ ချစ်မပေးနိုင်ရတာလဲ။

စာနာမပေးနိုင်ရတာလဲ။ သားသမီးချင်း ကိုယ်ချင်းစာမပေးနိုင်ရတာလဲ။ ရင်ထဲမှာမေးခွန်းတွေထပ်နေသော်လည်း နှုတ်ဖျားကတော့ထွက်မလာပါ။ မျိုသိပ်ခြင်းဆိုတာ မိမိနှင့်ရင်းနှီးပြီးသားပါ။

"အိမ်ထောင်ကျခဲ့ဖူးတဲ့သူမို့ ကျွန်မကိုမယုံမကြည်ဖြစ်နေတာသားကိုလွင်၊ ဥက္ကာလွင်နဲ့ နှင်းဆီလွင်က ကျွန်မကိုးလလွယ် ဆယ်လမွေးထားရတဲ့သားသမီးတွေပါ၊ ကျွန်မက ခန္ဓာကိုယ်ကိုပဲရောင်းစားတဲ့ ပြည့်တန်ဆာမဟုတ်ဘူးကိုလွင်၊ မိသားစုအတွက် ဘဝကိုရင်းခဲ့တယ်ဆိုပေမယ့် သာယာအေးချမ်းတဲ့မိသားစုဘဝကို လိုချင်ခဲ့တာပါ၊ ဒါကြောင့်လည်းကတိစကားတွေအတွက် ကျွန်မသားကိုသွားမတွေ့ဘဲ၊ အဝေးကနေထောက်ပံ့ခဲ့တာပါ၊ သားနာကြည်းနေမလားဆိုတဲ့အတွေးနဲ့ အိပ်မပျော်တဲ့ညတွေရှိခဲ့ပေမယ့် ရင်ခွင်ထဲမှာ ဥက္ကာလွင်နဲ့ နှင်းဆီလွင်ဆိုတဲ့ သားသမီးရှိနေတဲ့အတွက် ကျွန်မဖြေသိမ့်နိုင်ခဲ့တယ်၊ ဒါဟာသားကြီးအတွက်

www.burmeseclassic.com



မိခင်ကောင်းမပီသ မတရားလောက်ပေမယ့် ဒီအိမ်ထောင်ရေးမှာ အ
အထစ်မဖြစ်ချင်လို့ ကျွန်မကြိုးစားနေထိုင်ခဲ့တာပါ၊ အဲဒါကို ရှင်မသိလို့
လားကိုလွှင်''

ဦးဝေလွှင်ငိုင်ကျသွားကာ တိတ်ထဆိတ်ဖြစ်သွား
အိမ်ထောင် ရှင်မကောင်း မိခင်ကောင်းပီသနေတာဌြင်းလို့မရဘဲ၊ ဒါပေမဲ့
အမှားအယွင်း ဖြစ်သွားမှာစိုးလို့ သတိပေးနေရတာပါ။ မိသားစုအတွက်
ဂုဏ်သိက္ခာ အတွက် နည်းနည်းမှထိပါးမခံချင်လို့ပင်။

သားနှင့်သမီးရဲ့အနာဂတ်ကလည်း မြမြလွှင်ရဲ့အပေါ်မှာမူတည်
နေ၏။ ဒါကြောင့် မြမြလွှင်ကို အမှားအယွင်းအစွန်းအထင်းအဖြစ်မခံ
နိုင်တာ။ ပြီးတော့ မြမြလွှင်ကို ကိုယ်တကယ်စုံမက်ချစ်မြတ်နိုးလို့ လက်ထပ်
ခဲ့တာမို့ ဒီအိမ်ထောင်ရေးလေးကို ဘာအကြောင်းနှင့်မှမပြိုကွဲချင်။

မြမြလွှင်ရဲ့ ပခုံးသားလေးတွေကိုဆုပ်ညှစ်လိုက်ပြီး . . .

''ကိုယ်သိပါတယ် မြ၊ သိလို့လည်း ပိုပြီးတန်ဖိုးထားခဲ့ရပါတယ်
ဒါကြောင့်လည်း မစွန့်လွှတ်ချင်တာ၊ ပြဿနာတစ်ခုခုဖြစ်ရင် ဒီမိသားစု
ဘဝက တစ်သက်စာအတူနေရဖို့ အာမခံချက်မရှိဘူးမဟုတ်လား၊ ဖေဖေ
က ပြတ်သားတယ်၊ ဆုံးဖြတ်ချက်ချပြီးရင် ချပြီးတဲ့အတိုင်းဖြစ်အောင်
လုပ်တယ်၊ မေမေမရှိတော့လို့ ဖေဖေ့ကိုပိုလေးစားရမယ်မြ၊ မင်းကိုချစ်
သလို မြေးတွေအတွက်လည်း မျှော်လင့်ချက်ကြီးမားတယ်၊ ဂုဏ်သိက္ခာ
ကိုတန်ဖိုးထားတဲ့သူတစ်ယောက်လည်းဖြစ်တယ်''

''တစ်ခုခုသိသွားမှာစိုးရိမ်နေတာမဟုတ်လား၊ ကိုးနှစ်ကျော်လာ
ခဲ့ပြီး ရှင်ကျွန်မကိုယုံကြည်ဖို့ကောင်းနေပါပြီ၊ ဖေဖေ့အပေါ်လည်း ကျွန်မ
မိဘတစ်ယောက်လို ပြုစုနေတာပဲ၊ အခုနောက်ပိုင်းကျန်းမာရေးမကောင်း
ချင်ဖြစ်လာတဲ့အဖေကို ကျွန်မပိုပြီးဂရုစိုက်တယ်''

''ဖေဖေပြောပါတယ်၊ ချွေးမလေးက အရမ်းတော်တယ်တဲ့
ချွေးမရတာ ကံကောင်းတယ်လို့တောင်ပြောနေတာ၊ အဲဒါကြောင့် ဒီ





မိသားစု ဒီအိမ်ထောင်ရေးလေးကို မပြိုကွဲပါစေနဲ့၊ ကိုယ်လေးလေးနက်
နက်တောင်းဆိုတာပါမြ''

စိတ်လိုလျှင် ကိုယ်လို့သုံးနှုန်းလိုက်၊ မလိုလျှင် မင်းတွေ ငါတွေ
ပြောလိုက်နှင့် ဦးဝေလွှင်က ရှေ့နောက်မဆင်ခြင်ဘဲ ဒေါသထွက်လွယ်
တာကတော့ အမှန်ပင်။ မျိုးရိုးနှင့် အထက်တန်းကျကျအစဉ်အဆက်
နေခဲ့ရသူမို့၊ တစ်ခါတစ်ရံမောက်မာမှုလေးကလည်းရှိချင်သည်။ နှိမ့်ချ
ချင်သည့်စိတ်ကလေးလည်းရှိ၏။ ဘာဖြစ်ဖြစ် သည်းခံဖို့ဆုံးဖြတ်ပြီးသား
ပါ။ ဒီအမေ ဒီမောင်ဆိုးတွေနှင့် သားကြီးသင်္ဂါမောင်တို့ရဲ့ဘဝလေးတွေ
ပြည့်စုံဖို့အတွက် ဒီလမ်းကြောင်းကို ကိုယ်တိုင်ရွေးချယ်ခဲ့တာပဲ။

ဟောဒီအမေမှာ ဒီလိုအကြောင်းတွေရှိနေလို့ပါ သားရယ်။ ဒီ
အမေရဲ့ကံကြမ္မာကြောင့်ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

''ငါ့အမေကလေ အရမ်းချောတာပဲဟ''

''ဟုတ်လား''

''အရမ်းလည်းချမ်းသာတယ်၊ အိမ်ကြီးမှအကြီးကြီး၊ ကားကိုလည်း ကိုယ်တိုင်မောင်းလာတာ''

''ဟယ်''

''နာမည်ကြီးတဲ့ဆိုင်မှာ တန်ဖိုးကြီးတဲ့ အစားအသောက်တွေကျွေးတာ''

''ဩော်''

''ပြီးတော့လေ၊ ငါ့ညီလေးနဲ့ ညီမလေးကလည်း ချစ်စရာလေးတွေ၊ သူတို့ရဲ့အဖေကလည်းခန့်ချောကြီး။ မိသားစုတွေ အရမ်းကိုနွေးထွေးကြတယ်။ မေမေခဏလေးအပြင်ထွက်တာတောင် လွမ်းနေကြတဲ့ပုံပဲ၊ မေမေ့အတွက် စိတ်ချမ်းသာလိုက်တာ''

''ဟင်''

သဂါမောင်ပြောသမျှ အံ့ဩတကြီးအာမေဍိတ်သံအမျိုးမျိုးဖြင့် တုံ့ပြန်နားထောင်ရင်း၊ သဂါမောင်မျက်ရည်ဝဲနေတာမြင်တော့ စိတ်မကောင်းဖြစ်ရပြန်သည်။ ပျော်နေသလိုဖြစ်နေပါလျက် သဂါမောင်ဘာကြောင့် မျက်ရည်ဝဲနေရသည်မသိပေ။



''နင်အဲလိုမနေရလို့ စိတ်မကောင်းဖြစ်နေတာလားဟင်၊ နင့်အမေနဲ့ နင်လည်းအဲလိုနေချင်နေတာလား သဂါ''

''ဆန္ဒတွေရှိနေရင်တောင် အဲဒါတောင်းတမှုပါပဲ၊ စိတ်ကူးယဉ်သက်သက်ပေါ့၊ လက်တွေ့မှာ ငါကအဲလိုဘဝမျိုးနဲ့ မနေထိုက်တဲ့သူ၊ နေဖို့ ကံဇာတာမပါတဲ့သူပေါ့''

''နင့်အမေကို စိတ်မနာဘူးလား''

''အားလုံးအတွက် ပေးဆပ်နေတဲ့မေမေ့ကို ငါဘာလို့ စိတ်နာရမှာလဲ''

''တခြားမိသားစုနဲ့ပျော်နေပြီး နင့်ကိုတော့''

''ငါကျေနပ်ပါတယ်၊ မိသားစုအတွက် ပေးဆပ်လို့ မေမေအဲလိုဘဝမျိုးနဲ့နေရတာ၊ လောကဓံကို ပင်ပင်ပန်းပန်းရုန်းကန်ဆင်းရဲနေတဲ့သူတွေထက်စာရင် တော်သေးတယ်မဟုတ်လား၊ မေမေပျော်နေတယ်ဆိုရင် ငါရဲ့ကံဆိုးခြင်း ကံကောင်းခြင်းတွေက အရေးမကြီးပါဘူးဟာ''

''ဒီလိုတွေဖြစ်ရတာတွေဟာ နင့်အဖေအိမ်ထောင်ဦးစီးကောင်းမပီသခဲ့လို့ဆိုပြီး အပြစ်မတင်ဘူးလား''

တစ်ဖက်ကိုလှည့်သွားကာ သဂါမောင် သက်ပြင်းရှိုက်၏။ ကျောင်းဝန်းကျင်မှာ အဖေအရက်သမားကြီးရဲ့ပုံရိပ်တွေကို မြင်ယောင်မိသည်။

တုန်ယင်နေသောလက်များဖြင့် သူ့ပခုံးလေးတွေကို ကြင်ကြင်နာနာဖက်တွယ်ခဲ့တာတွေ၊ တန်ဖိုးနည်းသောမုန့်ထုတ်လေးတွေ ဝယ်ကျွေးခဲ့သော မေတ္တာတရားတွေ၊ သူ့အတွက်အရက်ကိုဖြတ်တောက်ခဲ့သော နောက်ဆုံးအချိန်တွေ။ သဂါမောင် ခေါင်းကိုယမ်းမိကာ..

''သူလည်း သူ့အသိတရားဝင်တဲ့အချိန်မှာ တတ်နိုင်သလောက် ဆင်ဝတ္တရားကျေချင်စိတ်နဲ့ ကြိုးစားခဲ့သေးတာပဲဟာ၊ ငါ့အတွက် အရက်ကို တိခနဲဖြတ်လိုက်လို့ ဝေဒနာခံစားပြီးသေဆုံးသွားခဲ့တာမဟုတ်လား၊

www.burmeseclassic.com



အဲဒီအတွက် ဘယ်အချိန်တည်းက တာဝန်မကျေကျေ၊ ငါကျေနပ်ပေးရမှာပါပဲ''

''နင့်မှာအဲလိုစိတ်မျိုးရှိတာ တစ်နေ့တော့ နင်ကံကောင်းမှာပါ၊ မိဘကိုမစော်ကားတာ နင်ကုသိုလ်ရမှာပါဟာ''

နံ့သာဖြူရဲ့အားပေးစကားများကြောင့် သူစိတ်ဖြေသာရာရခဲ့သည်။ ဘာအတွက် ဘယ်သူ့ကို မကျေမနပ်ဖြစ်ပြီး လောကဓံကိုအရှုံးပေးလိုက်ရမှာလဲ။

သူ့အတွက်တော့ ဘဝကချိုမြိန်ခြင်းမဟုတ်ပါ။ ရက်စက်ခြင်းလို့ ယူဆလို့လည်းမရတဲ့မို့ လူဖြစ်ခွင့်ပေးတာကိုပဲ ကျေးဇူးတင်ရတော့မှာမဟုတ်လား။

''ငါတို့စာမေးပွဲဖြေပြီးရင် နောင်နှစ်အတန်းပြောင်းတက်ရတော့မယ်နော်၊ တို့တွေအသက်တွေလည်း တစ်နှစ်ထက်တစ်နှစ်ကြီးလာပြီ၊ အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးနေတာပဲ''

ရင့်ကျက်စကားဆိုလာသော နံ့သာဖြူကိုတစ်ချက်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။ နာရီလက်တံနှင့် ရာသီဥတုတွေက ဒီအတိုင်း ရပ်တန့်နေတာမှမဟုတ်တာ။ ကျောင်းသွားကျောင်းပြန်၊ အိမ်မှုကိစ္စများ၊ ပင်ပန်းစွာဖြင့် လည်ပတ်ရင်းအချိန်တွေ ကုန်ဆုံးလာခဲ့သည်။

သူ့အတွက် ကုန်လွန်ခဲ့သည့်ရက်များက နဂိုအတိုင်းဘာမှထူးခြားမလာခဲ့ဘူးဆိုသော်လည်း...။

❀ ❀ ❀



## အခန်း (၁၆)

''မြေးလေး...မြေးလေး ဆယ်တန်းအောင်တယ်ဟုတ်လား၊ အမယ်လေး ဝမ်းသာလိုက်တာကွယ်၊ မြေးအမေသိရင်လည်း ဝမ်းသာမှာပဲ၊ ပျော်မှာပဲမြေးရဲ့''

အဘွားဝမ်းသာအားရ သူ့ကိုဖက်ပြီးအော်နေသည်။ သူလည်း အဘွားပါးနှစ်ဖက်ကို နမ်းရှုပ်လိုက်ပြီး

''သားလည်း မေမေကိုသိအောင်သွားပြောပြချင်လိုက်တာ ဘွားရယ်၊ မေမေ ဘယ်လောက်ပျော်နေမလဲဆိုတာ သားကိုယ်တိုင်ကြည့်ချင်တာ၊ မေမေ့မျက်နှာလေးပြုံးနေမှာပဲနော် ဘွား''

''အင်း...ပြုံးနေပျော်နေမှာပေါ့ မြေးရယ်၊ မြေးလေးထွားထွားကျိုင်းကျိုင်းသန်သန်မာမာနဲ့ လူပျိုကြီးဖြစ်နေတာကိုလည်း မြေးအမေသိချင်ကြည့်ချင်ရှာမှာပါ၊ ဒါပေမဲ့''

''သားနားလည်ပါတယ် ဘွား၊ သားလူဖြစ်လာတာ၊ ဝတ်နိုင်စားနိုင်တာ၊ ပညာတွေသင်နိုင်တာ မေမေကြောင့်ပဲ၊ မေမေ့ကျေးဇူးတွေကို စော်ကားသလိုဖြစ်မှာစိုးလို့ သားရင်ထဲကဖြစ်ချင်တဲ့ဆန္ဒတွေကို မျိုသိပ်ထားမှာပါ၊ မေမေ့ သွားမပြောတော့ပါဘူး''

''အေးပါမြေးရယ်၊ မြေးကသိတတ်လိမ္မာပါတယ်၊ ဘွားတော့ သိအောင်တော့ ဖုန်းဆက်ပြောပေးမှာပါမြေးရဲ့နော်''



www.burmeseclassic.com

www.burmeseclassic.com



''ဘွားဖုန်းပြောတဲ့အချိန်မှာ သားတစ်ခွန်းလောက်ဝင်ပြောလို့ မရဘူးလားဟင်''

''မပြောတာတော့ အကောင်းဆုံးပါပဲကွယ်၊ ဦးဝေလွင်က သူရှိနေတဲ့အချိန် မြေးအမေရဲ့ဖုန်းလာရင် စပီကာဖွင့်ပြီးပြောခိုင်းတတ်တယ်တဲ့၊ မြေးနဲ့အဆက်အသွယ်ရှိနေတယ်ဆိုတာသိရင် မဒကောင်းဘူးပေါ့ကွယ်၊ ဒီကိစ္စကို သူ့အဖေကိုရော သူ့သားသမီးတွေကိုရော လုံးဝအသိမခံဘူး၊ ဒါကြောင့် မြေးအမေကိုချုပ်ချယ်မှုတွေရှိတယ်လို့ မြေးအမေရင်ဖွင့်ဖူးတယ်၊ သူ့မှာလည်း မွန်းကျပ်မှုတွေရှိနေမှာပါ''

လေးပင်စွာ သက်ပြင်းချရင်းပြောလိုက်သည့်စကားတွေက သူ့ကို အသက်ရှူပါကျပ်စေသည်။ အပျော်တွေပျောက်လျက် အဘွားရင်ခွင်တွင်းက ခွာလိုက်မိ၏။

''ရင်ကလွယ်မွေးတဲ့သားတစ်ယောက်အပေါ် ဒီလိုပစ်ပစ်ခါခါနေနိုင်းတာတော့ ဒီလူကြီးမတရားဘူးထင်တယ်''

''မြေးအမေကျေနပ်သဘောတူလက်ခံထားခဲ့တဲ့ကိစ္စပဲကွယ်၊ သူ့လက်ကလည်း အပျိုတစ်ယောက်လို့ အသိပေးထားတဲ့အတွက် ပြဿနာတက်မခံချင်ဘူးနေမှာပေါ့၊ ပြီးတော့ သားသမီးတွေလည်းရှိတယ်လေ၊ ဂုဏ်သိက္ခာကိုကိုးကွယ်တဲ့ သူတို့အသိုက်အဝန်းအတွက် ဒီကိစ္စက အရေးကြီးနေမှာပေါ့၊ ဒါကြောင့်လည်း သူ့ဘက်က ဒီဘက်ကိုမငြိုမငြင်ထောက်ပံ့ပေးနေခဲ့တာမဟုတ်လား၊ ပြန်ပြီး တစ်သက်စာကျေးဇူးတင်မျက်နှာထောက်ထားရတော့မှာပေါ့၊ ဒီအိမ်ကို ညီအစ်ကိုနှစ်ယောက်သဘောတူပေါင်နှံသုံးဖြုန်းတာကိုလည်း ရွေးပေးထားရတယ်၊ ဒီကောင်တွေအသုံးမကျလို့ မြေးအမေမျက်နှာငယ်ငယ်နေရမှာ အဘွားသိတယ်မြေး''

''လေးလေးတို့က တကယ်ဆိုးတယ်ဘွားရာ၊ အသက်အရွယ်တွေလည်း ကြီးလာပြီ၊ အသိတရားရသင့်နေပါပြီ၊ ဒါက မေမေထဘီနားခိုစားနေတာနဲ့အတူတူပဲမဟုတ်လား''

''ဟိတ်ကောင် သင်္ဂါမောင်''

''ဟင် လေးလေး''

''သား မင်းကို''

ဟိန်းခနဲအသံနှင့်အတူ အနားရောက်လာသော ဦးမင်းကိုက သင်္ဂါမောင်ကို မျက်ထောက်နီကြီးဖြင့်ကြည့်ကာ

''မင်းကခြေရာချင်းတူလို့ တိုင်းချင်လာတာလား၊ ဘာ ငါတို့က မင်းအမေထဘီနားခိုစားတယ်လို့ ပြောလိုက်တာလား''

''မဟုတ်ဘူးဘား လေးလေး၊ ဒီအသက်အရွယ်ရောက်လာတဲ့အထိ လေးလေးတို့ ကိုယ့်ဘာသာရှာစားခဲ့ကြလို့လား၊ တစ်လတစ်လ မေမေလှမ်းပို့တဲ့ ပိုက်ဆံကိုပဲမျှော်ကိုးပြီး ထိုင်စားနေကြတယ်၊ လေးလေးတို့ စားဖို့နေဖို့အတွက် ဘာတွေပင်ပင်ပန်းပန်းလုပ်ဖူးလဲ၊ ကျွန်တော့်အမေက စိတ်ဆင်းရဲ စိတ်မွန်းကျပ်ခံပြီး လေးလေးတို့စားဖို့ သောက်ဖို့ ငွေပေးနေရတာ၊ နည်းနည်းမှအရှက်မရှိကြဘူး''

''သင်္ဂါမောင်၊ မင်းကအရွယ်ရောက်လာလို့ သိပ်ကိုရိုင်းစိုင်းတတ်နေတယ်ဟုတ်လား၊ မင်းအမေဆိုတာ ငါတို့အစ်မက ငါတို့နဲ့တော်စပ်ပြီးမှ မင်းနဲ့တော်စပ်ရတာ၊ ငါတို့အရှက်မရှိဘူးပြောရအောင် မင်းကရော အရှက်ရှိလို့လား၊ ပထွေးဆီကတောင်းရမ်းပေးတာနဲ့ စားသောက်ပညာသင်နေတာမဟုတ်ဘူးလား''

''ဟဲ့ . . မင်းကို၊ ကလေးကိုဘာတွေပြောနေတာလဲ၊ ဦးလေးတွေဖြစ်ပြီး ဦးလေးစကားမပြောဘူး၊ သူက အလုပ်လုပ်ရမယ့်အရွယ်လား၊ ပညာသင်ရမယ့်အရွယ်မို့ ပညာသင်နေတာလေ၊ အလုပ်လုပ်ရမယ့်အရွယ်ဆို မင်းတို့လိုမနေမှာတော့သေချာတယ်''

''ဘာ . . အမေကပါ ဒီကောင်ဘက်က''

မင်းကိုဒေါသဖြစ်သွားသည်။ ဒီမြေးကိုအမေမြှောက်စားနေလို့

www.burmeseclassic.com



ဒီကောင်မချေမင်မခန့်လေးစားဖြစ်နေတာ။ အရက်ဝယ်ခိုင်းလည်း အရင်လို ရှောရှောရှူရှူမဟုတ်။ အတန်းကြီးလို့ စာကျက်ရမှာအကြောင်းပြလိုက်၊ ကျူရှင်တက်ရမှာအကြောင်းပြလိုက်ဖြင့် လက်ကြောကိုမတင်းချင်ဘူး။ အပိုးကျိုးအောင်မဆုံးမလျှင် ဒီကောင်ဒီထက်ပိုပြီး ရောင့်တက်တော့မည်။

''ဟိတ်ကောင်''

''ခွပ်. . . ဗုန်း''

''ဟဲ့. . . ဘာလုပ်တာလဲ၊ ဘာလို့ထိုးရတာလဲ မင်းကို''

ပစ်လဲသွားသောမြေးကို ဆွဲထူရင်း ဒေါ်မြခင်အသံကုန်အော်လိုက်မိသည်။ မင်းကိုက သင်္ဂါမောင်အကျီရင်ဘတ်စကိုဆောင့်ဆွဲကာ

''သူ့ကိုဆုံးမနေတာ၊ ဒီကောင်အရွယ်ရောက်လာလို့ ခြေရာတိုင်းလာတာကို သည်းခံလို့မဖြစ်ဘူးအမေ၊ အမေကမြှောက်ပင့်နေလို့ ဒီကောင်က ဦးလေးတွေကို ဦးလေးမှန်းမသိတော့ဘူး၊ ပြောရဲဆိုရဲခွန်းတုံ့ပြန်ရဲနေပြီ''

''ဟဲ့. . . ကလေးပြောတာရောလွန်လို့လား။ နင်တို့နည်းနည်းပါးပါး အသိတရားဝင်စမ်းပါ၊ သူ့အမေပေးတာ ကမ်းတာကိုလည်း ထိုင်စားနေသေးတယ်၊ သူ့သားကိုလည်း ထိုးလားကြိတ်လားလုပ်နေသေးတယ်၊ သူ့သားသာမရှိရင် နင်တို့ကို ဒီလိုမျိုးငွေပို့နေဦးမယ်ထင်နေလား၊ ငါသာမရှိရင့် နင်တို့တော့ ဒုက္ခကောင်းကောင်းတွေ့မယ်''

''ဟား. . . အဲလိုလုပ်လို့ကတော့ မင်းကိုတို့အတွက် ပွဲကြီးပွဲကောင်းပေ့၊ သူ့လင်အသိုက်အဝန်းကို မြမြလွင်က ယောကျ်ားရှိတယ်၊ ကလေးရှိတယ်ဆိုတာ သွားပြောလိုက်မှာပေါ့၊ သူရောအဲလိုဘဝမျိုးနဲ့နေရမယ်ထင်လား''

''ဟဲ့. . . မင်းကို နင်ကိုယ့်အစ်မကိုယ်တောင် အောက်တန်းကျလှချည်လား''



''လေးလေး ခင်ဗျား''

ရင်ဘတ်ဆုပ်ကိုင်ထားသော လက်ကိုဆောင့်တွန်းပစ်လိုက်၍ အမူမပြေသေးသောလေးလေး ယိုင်နဲ့ခါယမ်းသွားသည်။ မေမေကို ထိပါးလာတော့ သူသည်းမခံနိုင်တော့ပါ။ အဘွားမျက်နှာကိုလည်း ငဲ့မနေနိုင်။

''ခင်ဗျားတို့ သွေးသားစိတ်မှရှိရဲ့လား။ ကျုပ်အမေက အခုချိန်ထိ ကျွေးမွေးစောင့်ရှောက်ထောက်ပံ့လာခဲ့တာ၊ သူ့ဘဝကိုရင်းနှီးပေးဆပ်လာခဲ့တာ၊ ဘာအလုပ်မှမလုပ်ဘဲ ဒီလောက်စားသောက် အေးအေးသက်သာနေရတာတောင် ကျေဇူးတင်ရမှန်းမသိဘဲ စော်ကားရဲသေးတယ်၊ ခင်ဗျားတို့ လူရောဟုတ်ကြရဲ့လား''

''မြေးလေး''

''အမေ. . . ခင်ဗျားမြေးပြောနေတာကြားလား၊ လူကြီးကို လူကြီးမှန်းမသိ ရိုင်းစိုင်းနေတာတွေ့လား''

''ခင်ဗျားတို့က ဦးလေးဆိုပြီး ကျွန်တော်ကို ဆုံးမသွန်သင်ဖူးတာရှိလို့လား၊ ခင်ဗျားတို့လို အရက်သမား၊ ဖဲသမားအချောင်သမားမဖြစ်တာ ကံကောင်း။ အတုခိုးမှားရင် ခင်ဗျားတို့လိုဘဝမျိုးတောင်ရောက်နေပြီနားလည်လား''

''အောင်မာ မင်းကများ''

''ဟဲ့. . . မင်းကို''

ဒီတစ်ခါ သူအထိုးခံမနေတော့ပေ။ တစ်ဖက်ကိုတိမ်းကာ ယိမ်းလိုက်သည့်အတွက် လေးလေးဟပ်ထိုးကြီးရှေ့ကိုလဲကျသွားသည်။

''ဟဲ့. . . ဝင်းကို မ. . . မလုပ်နဲ့''

''ခွပ်''

လေးလေးဝင်းကို တုတ်နှင့်ဝင်ရိုက်လိုက်တာကိုတော့ သူမရှောင်သိုက်နိုင်။ နဖူးကသွေးတွေ ဖြာခနဲပန်းထွက်လာတော့ အဘွားပြေးပျာတာ ထိတ်လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မြေး . . မြေးလေး နင်တို့တွေဘယ်လိုဖြစ်နေကြတာလဲ ကိုယ့် တူသားအပေါ် ညှာတာမှုလည်းမရှိကြပါလား။ ဟင် . . နင်တို့ငါ့ရှေ့မှ တောင် ဒီကလေးကို အနိုင်ကျင့်နေကြတာ၊ ငါသေရင် သူ့ကို နင်တို့ဘယ်လိုလုပ်ကြမှာလဲ၊ အသေသတ်ကြမှာလား၊ သူ့ကို အသေ သတ်ကြမှာလား"

"သတ်သင့်ရင် သတ်ပစ်ရုံပဲအမေ၊ ကျွန်တော်တို့က တူသား တစ်ယောက်က ဒီလိုပြန်ပြောတာကို ခံနေရမှာလား၊ မိဘနဲ့မနေရ မိမဆုံးမ ဖမဆုံးမမိုက်ရိုင်းနေတာ"

"ဟဲ့ . . ဝင်းကို နင်တို့ကိုကျွေးမွေးထောက်ပံ့နေတဲ့ အစ်မ သားကို ဘယ်လိုပုံစံမျိုးပြောလိုက်တာလဲ"

"အဲလိုအပြောမခံချင်ရင် သူ့ကိုမာန်မတက်အောင်ဆုံးမထား အမေ၊ ကျွန်တော်တို့က အလကားကောင်တွေမဟုတ်ဘူး"

ဘယ်လောက်တန်ဖိုးရှိလဲဟုမေးလျှင် ပြဿနာတွေ ဒီထက်ပို ကြီးဦးမည်။ ဒေါ်မြခင်မြေးလက်ကိုဆွဲကာ . .

"မြေးလေးလာ အဘွားဆေးထည့်ပေးမယ်။ အရမ်းနာနေလား မြေးလေး"

"ရင်ထဲကနာတယ်၊ ဘယ်တော့မှဒဏ်ရာကျက်မှာမဟုတ်ဘူး အဘွားသာမရှိရင် သားဒီအိမ်ကထွက်သွားလိုက်ပြီ"

"အေး . . ငါတို့ကလည်း ဘယ်သူမှမရှိရင် ဒီအိမ်ကို ငါ့ ညီအစ်ကိုနှစ်ယောက်အမွေခွဲပြီး တစ်ဝသောက်ပစ်လိုက်မယ်"

ရည်မှန်းချက်မရှိသောလူတွေရဲ့နားက အမြန်ဆုံးသာထွက်ပြေး လိုက်ချင်ပါသည်။ ဒီလိုအချိန်မျိုးမှာဆိုလျှင် သူ့ကိုတစ်ယောက်တည်း မျက်နှာလွှဲခဲ့ပစ်ထားခဲ့ရက်သော မေမေ့ကိုစိတ်ဆိုးချင်သည်။

ဒါပေမဲ့လည်း ရင်ထဲမှာအမြဲလိုတောင်းတနေမိသော မေမေ့ စိတ်လည်းမဆိုးရက် နာလည်းမနာကြည်းရက်ပါ။ မေမေ့ရဲ့ပေးဆပ်မှု



လေးလေးတို့ကပဲ နားမလည်ကြတာမဟုတ်လား။

"မြေးလေး"

"အဘွား"

အဘွားက အခန်းထဲကိုလက်ဆွဲခေါ်လာခဲ့ပြီး ဆေးပုလင်းလေး ကိုင်ကာ သူ့ကိုခေါ်သည်။ သူက အဘွားလက်ကိုဆွဲကာ ထိုင်နိုင်းလိုက်၏။

"ဒဏ်ရာကနည်းနည်းပါ၊ ဆေးမထည့်လည်းရပါတယ် ဘွား"

"သွေးတောင်ထွက်တာ နည်းနည်းလားမြေးရယ်၊ ဆေးထည့်ပြီး အဘွားပတ်တီးစည်းပေးပါမယ်"

သူခေါင်းညိတ်ပြီး အဘွားလုပ်ပေးတာကို ငြိမ်နေလိုက်သည်။ အဘွားက ညင်သာစွာလုပ်ပေးရင်းနှင့်

"မြေးဦးလေးတွေကို အရမ်းစိတ်နာနေပြီလား မြေးလေး"

"အဘွားလည်း ဒီလိုမဟုတ်၊ မေမေလည်း ဒီလိုမဟုတ်ဘဲ၊ သူတို့က စိတ်ရောလူရော ဘာလို့ကြမ်းတမ်းနေရတာလဲ၊ သွေးသား သံယောဇဉ်ဆိုတာ မရှိရတော့တာလဲ"

"အရက်ကြောင့်ပေါ့ကွယ်၊ အရက်သောက်တတ်သွားတဲ့အတွက် အသိတရားတွေ ပျောက်သွားကြတာ၊ အရက်အကြောက်ကင်းတယ်၊ မျှော်မြင်မှုနည်းသွားတယ်၊ တာဝန်ယူမှုဆိုတာတွေ သူတို့မသိတော့ဘူး၊ အရက်သောက်ရဖို့အတွက် လူမိုက်လည်းလုပ်ရဲတယ်၊ လူဆိုးဖြစ်ရမှာ လည်းမကြောက်ဘူး၊ မြေးလေးကိုတော့ အဲလိုလူမျိုးဖြစ်မှာ စိုးရိမ်တယ် ကွယ်"

"ပုဗ္ဗစရိယ မိနဲ့ဖ ရှေ့ဆောင်လမ်းပြကောင်းမှဆိုပေမယ့်၊ ဆို ဆုံးမလို့လည်း ရချင်မှရတာအဘွား။ လူတစ်ယောက်ကံကြမ္မာဟာ လူတစ် ယောက်ရဲ့အသိစိတ်နဲ့ပဲ ဆိုင်တယ်လို့ ထင်ပါတယ်၊ ကိုယ့်ကိုယ်ကိုအထင် မြင့်မားချင်တဲ့လူတွေက နိမ့်ကျတဲ့အလုပ်တွေကို မလုပ်ဘူး။ စမ်းသပ်ချင် တဲ့သဘောရှိခဲ့ရင်တောင် အမှားအမှန်အကောင်းအဆိုးခွဲခြားနိုင်ရမှာပေါ့

www.burmeseclassic.com



အဘွား၊ အခုခေတ်မှာအရက်ကို ယောက်ျားမိန်းမ အကုန်သောက်တတ်ကြပါတယ်၊ ဒါပေမဲ့ မူးအောင်သောက်တဲ့သူနဲ့ မမူးအောင်သောက်တဲ့လူ အဆင့်အတန်းကွာသွားတာပဲ၊ အရက်သောက်တဲ့လူတိုင်း မကောင်းတဲ့လူတွေချည်းမဟုတ်ပါဘူး၊ အရက်ဆိုတာ သုံးတတ်ရင်ဆေး၊ မသုံးတတ်မှဘေးရောက်တာပါ''

ဒါကိုထောက်ခံသလို ဒေါ်မြခင်ခေါင်းညိတ်မိသွားကာ

''ဒါတော့အမှန်ပါပဲ၊ မြေးတို့အဘိုးလည်း အရက်သောက်တတ်တယ်၊ ဒါပေမဲ့ မြေးဦးလေးတို့လို ရမ်းကားတတ်တဲ့သူမဟုတ်ဘူး၊ အလုပ်ကပြန်လာရင် သူ့ဘာသာအရက်ထုတ်လေးဆွဲလာပြီး ညစာချက်ထားတဲ့ဟင်းလေး နည်းနည်းပါးပါးနဲ့မြည်းလိုက်တယ်၊ ပြီးရင် ထမင်းစားပြီး အိပ်တော့တာပဲ၊ ရသမျှပိုက်ဆံအဘွားကို အကုန်အပ်တယ်၊ သားသမီးတွေကို ပညာတတ်တွေဖြစ်စေချင်တယ်၊ သူလိုပင်ပင်ပန်းဆင်းရဲပြီး ချိုမှာကို စိုးရိမ်ခဲ့တယ်''

''အဲလိုကောင်းတဲ့လူမျိုးကျတော့ ဘာလို့စောစောသေရတာလဲ အဘွားရယ်၊ အဘိုးသာမသေသေးရင် လေးလေးတို့ ဒီလောက်ကြီးဆိုးကြမယ် မထင်ဘူးနော်''

''သေချာတာပေါ့၊ သူတို့အဖေကိုတော့ ကြောက်ကြတယ်၊ အဲတုန်းက အရက်ကိုအနံ့တောင်ခံဖူးကြတာမဟုတ်ဘူး၊ သူတို့အဖေ အရက်သောက်တတ်သွားမှာစိုးလို့ သူတို့ကိုတစ်ခါမှ အရက်ဝယ်မခိုင်းဘူးလေ၊ အဲလိုအဖေမျိုးနဲ့ အချိန်ပိုနေခွင့်ရတဲ့ သမီးက လိမ္မာသိတတ်တယ်လို့ပြောရတော့မှာပဲ၊ မင်းကိုနဲ့ ဝင်းကိုကတော့ အပေါင်းအသင်းမှားသွားတယ်ထင်ပါရဲ့မြေးရယ်''

ထိုစကားကို ဆန့်ကျင်စွာနှင့် သူခေါင်းယမ်းလိုက်သည်။ အဘွားက နားမလည်သလို မော့ငေးငေးလေးကြည့်ပြီး . . .

''ဘာလို့လဲ မြေး''



''အပေါင်းအသင်းကြောင့် ပျက်စီးရတယ်ဆိုတာ လက်မခံဘူး၊ အရက်သောက်ချင်တဲ့သူက အရက်သမားကိုရှာပြီး အပေါင်းအသင်းလုပ်တာပါ၊ လောင်းကစားသမား၊ မကောင်းတာလုပ်တဲ့လူ၊ အဲဒီလူတွေလည်း အတူတူပါပဲ၊ ကိုယ်ကိုယ်တိုင်က အဲဒါတွေလုပ်ချင်လို့ အဲလိုလူမျိုးတွေနဲ့ ပေါင်းဖြစ်တာပါ၊ ကောင်းတဲ့လူတွေကတော့ အဲလိုလူမျိုးတွေကို ရှောင်ပါတယ်၊ သားကတော့ အဲလိုလူမျိုးတွေကို သတိထားပြီးကိုရှောင်တယ် အဘွား''

''လိမ္မာလိုက်တဲ့ ငါ့မြေး၊ မြေးလေးက အဲလိုလိမ္မာသိတတ်တော့ အဘွားစိတ်ချမ်းသာသေးတာပေါ့ကွယ်၊ ကဲ . . မြေးအမေဆီကို အဘွား ဖုန်းသွားဆက်ပြောလိုက်ဦးမယ်၊ သူလည်း ဒီသတင်းတွေ သိချင်နေမှာပါ''

''ဟုတ်ကဲ့ပါ အဘွား''

သူ့ကို တစ်ခွန်းလောက်တောင် ဖုန်းပြောခွင့်မပေးချင်ဘူးဆိုသော်လည်း အဘွားနှင့် ရှေ့ဆင့်နောက်ဆင့်လိုပင် အိမ်ထဲကထွက်လာခဲ့သည်။

အဘွားမရှိဘဲ အိမ်ထဲမှာနေလျှင် လေးလေးတို့နှင့် ပြဿနာတက်ဖြစ်နေမှာစိုးလို့ပါ။ ဒါပေမဲ့ သူဘယ်ကိုခြေဦးလှည့်နေမိမှန်းမသိပေ။ ဝမ်းသာစရာသတင်းကို အရမ်းကိုအသိပေးချင်နေတာပါ။ သား စာမေးပွဲအောင်တယ် မေမေလို့ . . .။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၁၇)

"သား. . . သားစာမေးပွဲအောင်တယ် ဟုတ်လားအမေ၊ အင်း. . . သူမရှိပါဘူး ကုမ္ပဏီကိုသွားပြီ၊ ပြောလို့ရပါတယ်အမေ၊ သားက အင်ဂျင်နီယာလုပ်ချင်တာတဲ့လား၊ တက်ဖြစ်အောင်တက်လို့ပြောပါ၊ ကုန်ကျစရိတ်အတွက် ဘာမှထည့်မပူနဲ့၊ သမီးဘက်က အဆင်ပြေပါတယ်၊ အဆင်ပြေအောင်လုပ်ပါအမေ၊ ဟုတ်. . . ဟုတ်ကဲ့အမေ"

အမေနှင့်ဖုန်းပြောပြီးသည့်တိုင်အောင် ရင်ထဲမှာပျော်ရွှင်ကြည်နူးမှုများက ရပ်မသွားပေ။ ဒီသတင်းကို မိုးလင်းတည်းက မျှော်နေမိတာပါ။ အမေကတော့ ကိုလွင်ကုမ္ပဏီသွားချိန်လောက်မှန်းပြီး ဖုန်းဆက်လိမ့်မည်ဆိုတာ သိနေသည်။

ဒီနေ့မှ ကိုလွင်က တမင်ညစ်ပတ်ပြီး ကုမ္ပဏီကို နောက်ကျခံသွားလေသလားထင်ရသည်။ ဟိုလိုဒီလို အချိန်ဆွဲနေတာ စိတ်ပင်မရှည်ချင်ပါ။ ဥက္ကာလွင်နှင့် နှင်းဆီလွင် စာမေးပွဲအောင်စာရင်းထွက်သည့်နေ့ကတော့ ချက်ချင်းကိုစားပွဲသောက်ပွဲ ညှိခံပွဲလုပ်ပေးတာပါ။ ကလေးတွေကို ကစားကွင်းလိုက်ပို့၊ ရုပ်ရှင်လိုက်ပို့၊ လိုချင်တာတွေဝယ်ပေးဖြင့် တစ်နေကုန် ပင်ပန်းသည်ဟု မညည်းငြူခဲ့။ ဒီနေ့သားဆယ်တန်းအောင်စာရင်းထွက်မည်ဆိုသောနေ့မှ သိသိကြီးနှင့် မိမိကိုမေ့ပျောက်ထားစေချင်သည့် သဘောမျိုးဖြစ်နေခဲ့သည်။ သားနှင့်မတွေ့ရ စကားမပြောရ



ဲ့ အမေကတစ်ဆင့် ဆက်သွယ်နေရတာကို ရင်နာနေတာ။ ဒီလိုသတင်းလေးတောင် နားထောင်ခွင့်မပေးလျှင်ဖြင့် ဦးဝေလွင်တရားလွန်သည်ဟု ထင်မိသည်။

"ဘယ်သူနဲ့ဖုန်းပြောနေတာလဲ"

"ဩော်. . . သား"

တိုက်ရှေ့မှာထွက်ပြီး အမေနှင့်ဖုန်းပြောကာ ပြုံးနေမိသော မိမိအားကို ဥက္ကာလွင်ရောက်လာပြီးမေးသည်။ သားကြီးကိုဂုဏ်ပြုသည်ဟု ထင်ယူကာ ဥက္ကာလွင်ပါးလေးကို ရွှတ်ခနဲနမ်းလိုက်သည်။

"မေမေ့မိတ်ဆွေရဲ့သားလေး ဆယ်တန်းအောင်တယ်ဆိုပြီး ဖုန်းဆက်ပြောလို့ပါသားရယ်၊ ဂုဏ်ထူးလေးခုပါတယ်၊ အင်ဂျင်နီယာလုပ်မယ်တဲ့"

"ဟင်. . . ဂုဏ်ထူးလေးခုတောင် ဒါဆိုတော်တာပေါ့၊ သားလည်း အနည်းဆုံးဂုဏ်ထူးလေးခုလောက်ရအောင်လုပ်ပြီး အင်ဂျင်နီယာဖြစ်အောင်ကြိုးစားမယ်"

"အင်း. . . သားက ရည်မှန်းချက်ကြီးတာပဲ၊ ဒါပေမဲ့ သားအဖေက ကုမ္ပဏီအလုပ်ကို တာဝန်လွှဲပေးချင်တာ၊ ဆယ်တန်းအောင်ပြီးတာနဲ့ နိုင်ငံခြားမှာကျောင်းဆက်တက်ပြီး ပညာဆက်သင်၊ ကျောင်းစာရေးတတ်ပညာ၊ အသိပညာစုံပြီဆိုတာနဲ့ ကုမ္ပဏီမှာတွဲလုပ်မယ်၊ သားကို ဆက်လွှတ်လို့ရတဲ့အချိန်မှာ သားကိုအားကိုးမယ်တဲ့"

"ဒယ်ဒီစီမံကိန်းအတိုင်းတော့ ဖြစ်ချင်မှဖြစ်မှာ၊ လူငယ်ဆိုတာ ရှုဟာသူ ပန်းတိုင်ဆိုတာရှိတယ်၊ ဒါပေမဲ့ လူငယ်ဘဝမှာလွတ်လပ်မှုနဲ့ ပျော်ရွှင်မှုဆိုတာလည်း ရှာဦးမှာပဲ၊ စည်းကမ်းတွေဘောင်တွေနဲ့ ကန့်သတ်ထားဆိုရင်တော့ မာမီပြောပေးနော်"

အရွယ်ရောက်လာသော သားကစိန်ခေါ်မှုလေးတွေဖြင့် တုံ့ပြန်ခြင်းလာသည်။ သူငယ်ချင်းအပေါင်းအသင်းတွေနှင့် သွားလာရည်ပတ်

www.burmeseclassic.com



တာမျိုးလည်း လုပ်ချင်လာ၏။ ဦးဝေလွင်ကလည်း ဖိဖိစီးစီးမဆုံးမ။

ဒီအသိုက်အဝန်းက ဒီလိုပေါင်းသင်းဆက်ဆံရေးမျိုးရှိတယ်၊ လွတ်လပ်ပွင့်လင်းဆက်ဆံမှုရှိမှ ရင်းနှီးမှုဖြစ်တာ။ အထက်တန်းလွှာတွေ ချည်းမို့ သိပ်မပိတ်ပင်နဲ့ဟု ပြောထားသည်။ အထက်တန်းလွှာမှာရော ပေါင်းသင်းဆက်ဆံရေးမမှားနိုင်ဘူးလား။ သမီးကိုလည်း ဒီအတိုင်းပင် သူတို့အထက်တန်းလွှာချင်း ပေါင်းသင်းဆက်ဆံကြတာဆိုပြီး လွတ်လပ် မှုတွေပေးထား၏။ လိုချင်တာမှန်သမျှလည်း အပြိုင်အဆိုင် မငြိုမငြင် ဝယ်ပေးထားသည်။ ဒီလိုနှင့် ဒီကလေးတွေပျက်စီးသွားတော့ ဘယ်လို လုပ်မလဲ။

"မာမီ"

"ဟင် သား"

"သားကိုကြည့်ပြီး ဘာမှလည်းပြန်မပြောဘူး"

"ဪ. . မဟုတ်ပါဘူးသားရယ်၊ သားလေးအရွယ်ရောက်ပြီ ဆိုတာ တွေးမိလို့ပါ၊ ဟော. . သမီးလေး ဘာလို့အိမ်ရှေ့ထွက်လိုက်လာ တာလဲကွဲ့"

နုတ်ခမ်းစူစူလေးနှင့် ရောက်လာသော သမီးပခုံးလေးကိုဖက် ကာ မေးလိုက်သည်။ သမီးကခြေလေးဆောင့်လျက်

"ဒေါ်ကြီးသိန်းက မီးမီးဗိုက်ဆာလို့ပါဆိုတာကို ဘာမှလည်း လုပ်မပေးတတ်ဘူး၊ တုန်ချို့တုန်ချို့နဲ့ စိတ်မရှည်ပါဘူး၊ မော်မော်က ပြန် မလာတော့ဘူးလား"

"မော်မော်က ယောကျ်ားနောက်လိုက်သွားတာ ဘယ်ပြန်လာ တော့မှာလဲ သမီးရယ်၊ သူ့ယောကျ်ားနဲ့သူနေတော့မှာပေါ့"

"ဟွန်း. . အိမ်မှာနိုင်းတဲ့လူတွေကလည်း ယောကျ်ားနောက် လိုက်တဲ့သူနဲ့ လစာယူပြီးပြန်မလာတဲ့သူနဲ့၊ အသက်ကြီးတဲ့သူတွေနိုင်းရ တာလည်း ဖင်မပေါ့ဘူး"





"ဟုတ်တယ်၊ အိမ်ကအရိုင်ဘာတွေလည်း စိတ်တိုင်းကိုမကျ ဘူး၊ သားဆယ်တန်းဖြေပြီးရင်တော့ ပြိုင်ကားဝယ်ပေးရမှာနော်မာမီ၊ ဒယ်ဒီကိုပြောထားဦး"

"သားဒယ်ဒီက သားကိုယ်တိုင်ပြောလည်း ဝယ်ပေးပါတယ် ကွယ်၊ ကဲ. . သမီးလေးစားချင်တာ မေမေလုပ်ပေးမယ်၊ ဘိုးဘိုးကကြက် ဖွပ်ပြုပ်သောက်ချင်တယ်ဆိုတာလည်း လုပ်ပေးရဦးမယ်၊ ဒေါ်ကြီးသိန်း က အဲဒါမလုပ်တတ်ဘူး"

"ဒေါ်ကြီးသိန်းကလည်း မလုပ်တတ်တာများနေတာပဲ၊ လုပ် တတ်တာကိုသိပ်မရှိဘူး အိမ်ဖော်မြန်မြန်ထပ်ရှာလေ မာမီရဲ့၊ မာမီပင်ပန်း နေမှာပေါ့"

"ဟုတ်ပါပြီရှင်၊ သမီးလေးကလိမ္မာသိတတ်လိုက်တာ၊ မေမေ က အနမ်းလေးနဲ့ဆုချရမယ်၊ ကဲ. . သားကိုရောနှောက်ထပ်"

သားကြီးကို ထိုအနမ်းမျိုးဖြင့် ဆုချချင်ပေမယ့် အခါအခွင့်မရှိ တာမို့ အနားမှာရှိနေသော သားနှင့်သမီးကို အရင်ထက်ပိုကာ အနမ်းဆု ပေးပြီး ဖြေသိမ့်နေရသည်။ ဒီကလေးတွေကလည်း ရင်ကလွယ်မွေးထား တာဆိုပေမယ့် သားကြီးကိုလည်း မေ့ဖျောက်မထားနိုင်ပါ။

ဒီရင်သွေးလေးတွေကိုပဲ၊ မိမိမျက်စိရှေ့မှာအမြဲမြင်တွေ့ပြီး ပြုစု ယုယတွေးပိုက်ကားချင်တာပါ။ ဒါပေမဲ့ ကံတရားက ဆိုးဝါးလွန်းသည်။ သားကြီးကိုအနားမှာနေခွင့်မပေးသလို ဆက်သွယ်ခွင့်လည်းမရပါ။

ဒီလိုမျိုးဘယ်ချိန် ဘယ်ကာလထိနေရမှာလဲ။

ဒီအချိန်မှာ ပျော်ရွှင်ရင်းဖြင့် မအေဖြစ်သူကို သားကြီးတမ်းတ နေမှာပါ။ မေမေလည်း အောက်မေ့နေမိပါတယ် သားရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

မြင်နေရပါသည်။ အရာအားလုံးကိုတွေ့နေရပါသည်။ မခံနိုင်လွန်းလို့ မေမေအိမ်နားကိုရောက်လာခဲ့ခြင်းပါ။ အုတ်တံတိုင်းအပေါက်လေးတွေက ချောင်းကြည့်တော့ ညီလေးနှင့် ညီမလေးကို မေမေအပြန်ပြန်အလှန်လှန် နမ်းနေတာတွေ့ရသည်။

မေမေနှုတ်ခမ်းလေးမှာ အပြုံးလည်းမပြတ်ပါ။ သူတို့လေးတွေကို မေမေ တကယ်ချစ်မြတ်နိုးရှာတာဖြစ်မည်။ သူကတော့ ဘာလို့အချစ်မခံရတာလဲ။ အနားမှာ မေမေ့မေတ္တာရိပ်မှာ ဘာလို့နေခွင့်မရတာလဲ။

ထိုမြင်ကွင်းကိုကြည့်ပြီး သူ့မျက်ရည်ကျနေမိသည်။ ဒီအနားမှာ ကြာကြာနေလို့လည်းမဖြစ်။ ဓားပြတိုက်ဖို့ ခိုးဖို့အခြေအနေချောင်းကြည့်နေသည်ဟု အထင်ခံနေရဦးမည်။

အဘွားမသိအောင်ထွက်လာမိတာမို့ အဘွားလည်း စိတ်ပူနေမှာ။ ဒီအရပ်ဒေသက သူနှင့်မဆိုင်သလိုပါ။ သူ့ကားနှစ်ဆင့်စီး၍ မော်ဘီကိုပြန်လာခဲ့သည်။ ရင်ထဲမှာပျော်နေသင့်ပါလျက် နွမ်းလျလွန်းလှ၏။

"သင်္ဂါ . . သင်္ဂါမောင်"

လမ်းထဲအဝင်မှာ ခြေသံတရှပ်ရှပ်နှင့် ခေါ်သံကြောင့်နောက်လှည့်ကြည့်ကာရပ်စောင့်နေလိုက်သည်။

"နှံ့သာ"





"နင်ကလည်းဟယ်၊ စာမေးပွဲအောင်စာရင်းထွက်တာ ငါ့ကိုတောင်လာမပြောဘူး၊ သူများတွေနဲ့သွားကြည့်ရတယ်၊ နင့်ကိုတွေ့မလားလို့ ရှာကြည့်တာလည်းအနံ့ပဲ၊ နင့်အဘွားကိုတောင် သွားမေးသေးတယ်၊ နင့်အဘွားကလည်း အိမ်ကပျောက်သွားတော့ ငါတို့နဲ့ရှိမယ်ထင်တာ၊ အခုအရမ်းကိုစိတ်ပူနေတယ်၊ နင်ကဘယ်သွားနေတာလဲ"

"မေမေဆီ"

"ဟင် . . နင် . . နင်အမေဆီသွားတယ်၊ ဘယ် . ကဘယ်လို"

"ငါစာမေးပွဲအောင်တာသွားပြောချင်တာ၊ ဒါပေမဲ့ မေမေ့မျက်နှာလေးကိုကြည့်ပြီး ပြန်လာခဲ့တာပါ"

"နင်ကဟယ်၊ စိတ်မကောင်းအောင်ဘာလို့သွားနေတာလဲ၊ စကားလေးတောင်ပြောခွင့်မရဘဲ ဘာလို့သွားနေတာလဲ"

"မေ . . မေမေကို ငါအရမ်းသတိရလို့ပါ၊ ငါစာမေးပွဲအောင်တာ မေမေပျော်နေမလားဆိုပြီးတော့"

"ပျော်တာတော့ ပျော်မှာပေါ့၊ ဒါပေမဲ့ သူလွတ်လွတ်လပ်လပ် ပျော်လို့မရမှာ နင်လည်းသိနေတာပဲ"

"သိပါတယ် . . ဒါပေမဲ့"

စကားမဆက်နိုင်လောက်အောင် နောက်အိမ်ထောင်နှင့်ရသောသားသမီးတွေကို နမ်းရှုံ့ကျီစယ်နေသည့် မေမေ့ကိုမြင်ယောင်ပြီး ဝမ်းနည်းစိတ်တွေဖြစ်နေမိသည်။ ဒီလိုအချိန်မှာသူလည်း မေမေရဲ့ဂုဏ်ပြုအနမ်းလေးတစ်ချက်လောက်ရချင်တာပါ။

"သင်္ဂါ ညနေကျ ငါတို့တစ်ခုခုအထိမ်းအမှတ်လုပ်ရအောင်၊ သူငယ်ချင်းတွေစုပြီး စားကြသောက်ကြမယ်လေ"

"ငါ့မှာကျွေးစရာ ပိုက်ဆံမှမရှိတာ မလာတော့ပါဘူးဟာ"

"သင်္ဂါ . . ငါ့ကိုသူစိမ်းဆန်တဲ့ စကားမပြောပါနဲ့နော်၊ ငါလည်း ချမ်းသာကြီးမဟုတ်ပါဘူး မေမေတို့က စာမေးပွဲအောင်လို့ဆိုပြီး မုန့်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်၊ အဲဒါနဲ့ နင့်ကိုပါမုန့်ဝယ်ကျွေးမယ်သိလား၊ အမှတ်တရလက်ဆောင်လေးလည်း ဝယ်ပေးမယ်''

''ရပါတယ်ဟာ၊ နင့်ကိုငါဘာမှပြန်ပေးစရာမရှိဘဲနဲ့ မယူချင်ပါဘူး''

''သဂိါနော်၊ နင်အဲလိုတွေပြောနေရင် မခေါ်ဘဲနေလိုက်မှာ''

နံ့သာဖြူမျက်စောင်းလေးက သူ့ရင်ကိုဘာကြောင့် တဆတ်ဆတ် လှုပ်ရှားသွားစေသလဲမသိပေ။ အပျိုပေါက်မလေးရဲ့ မျက်နက်ဝန်းများက ညို့ရီရွှန်းလဲ့လျက်၊ မှုန့်မှုလေးများက ဆွဲဆောင်မှုတွေနှင့်ဖြစ်သည်။

''နံ့သာ''

''ဟင်...သဂိါ''

''နင်အရမ်းလှလာတယ်''

''အဟင်း...နင်ပြောမှပဲ ငါဘဝင်မြင့်ချင်လာပြီ''

''တကယ်ပြောတာပါ၊ ရည်စားတော့မထားနဲ့ဦးနော်''

''ထားစရာလား။ ငါဘယ်သူမှစိတ်မဝင်စားဘူး''

''နင်က စိတ်မဝင်စားပေမယ့်၊ နင့်ကိုစိတ်ဝင်စားတဲ့သူတွေရှိနေပြီလေ၊ တက္ကသိုလ်ရောက်ရင် ပိုဆိုးဦးမယ်''

''နင်ငါ့အနားမှာ အမြဲတမ်းစောင့်ရှောက်ပေါ့''

''ငါစောင့်ရှောက်တာခံချင်တယ်ပေါ့''

''အင်း''

အရက်သည်းသောမျက်နှာလေးက ပန်းနုရောင်သမ်းသွားသည်။ သူကြည့်နေရင်းဖြင့် ရင်တွေခုန်လာကာ နံ့သာဖြူလက်ကလေးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်၏။

''နင်ရော ငါရော ချစ်သူမထားကြေးလောင်းကြမလား နံ့သာ''

''ဘာကြောင့်ဆိုတဲ့ တိုင်တယ်လ်ကရော''



''တစ်နေ့နေ့မှာ ငါ့ရဲ့ချစ်သူဖြစ်စေချင်လို့''

''ဟယ်''

''နင်နဲ့ငါက ကံကြမ္မာက တိုက်ဆိုင်မှုပေးထားတာမသိဘူးလား၊ မွေးနေ့ မွေးရက် မွေးချိန်တောင်တူတာ၊ ဒါကြောင့်ငယ်ငယ်တည်းက သံယောဇဉ်ကြီးကြတာလေ၊ ဟုတ်တယ်မဟုတ်လား''

''အင်း''

''ဖူးစာကံပါတာကြောင့်လည်း ဖြစ်နိုင်တယ်၊ အဲဒါကြောင့် နင်ရည်းစားမထားပါနဲ့ နံ့သာ၊ ငါ့ကိုပဲလက်ထပ်ပါနော်''

''ချစ်တဲ့စကားတော့မပြောဘဲနဲ့ လက်ထပ်မယ်တဲ့၊ ဘောင်မကျော်ဘူးလား''

''အဟဲ...ငယ်သေးလားလို့ နည်းနည်းထိန်းလိုက်တာပါ၊ တကယ်တမ်း နင့်ကိုချစ်တယ်ဆိုတာ အခုပဲပြောလိုက်ချင်တာ၊ အားနာလို့''

''သွားပါ''

ပြောပြီးမှ အားနာလို့ဆိုတော့ အနေရခက်သွားသည်။ သဂိါမောင် ဘယ်လိုကောင်စားလဲမသိ။ ဒီမှာရင်တွေခုန်နေတာ မသိလေရော့သလား။

အချစ်ရည်ရွှန်းလဲ့သောမျက်ဝန်းများနှင့် ခပ်ညို့ညို့ကြည့်နေသော သဂိါမောင်က သူ့ကိုအခုချက်ချင်းအဖြေပေးရမည်လို့ အမိန့်ပေးနေသလိုပါ။

''သဂိါမောင်၊ ဟိတ်ကောင် သဂိါမောင်၊ မင်းက ဒီမှာအကြည်ဆိုက်နေတယ်၊ အိမ်မှာအမေ့မကာမူးလဲလို့ အခုထိသတိမရသေးဘူး''

''ဗျာ''

ယိုင်ထိုးစွာဖြင့် အနားရောက်လာပြီး ဦးမင်းကို အော်ကျယ်ကျယ်ပြောလိုက်သည့်စကားကြောင့် သဂိါမောင် ထိပ်ပျာလန့်ဖျပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နံ့သာဖြူလက်ကလေးကို ဖုတ်ခနဲလွှတ်မိလျက်...

"လေးလေး... လေးလေး အဘွားကဘာဖြစ်တာလဲ၊ ဘာဖြစ်သွားတာလဲ"

"ဘာဖြစ်ရမလဲ၊ မင်းကိုလိုက်ရှာတာမတွေ့လို့ နေပူထဲကပြန်လာပြီး၊ အိမ်ရောက်တော့ မူးလဲသွားတာပဲ၊ မင်းက ဘယ်သွားနေ တာလဲ"

"ကျွန်... ကျွန်တော်ကိစ္စရှိလို့ပါ၊ အခုပြန်လိုက်ပါ့မယ်၊ နံ့သာ ငါပြန်မယ်နော်၊ အဘွားကိုဆေးရုံလည်း တင်ချင်တင်ရမှာဆိုတော့ ညနေ ငါလာနိုင်မှာမဟုတ်တော့ဘူး"

"အေး... အေးပါ၊ အကျိုးအကြောင်း ငါ့ကိုပြောဦးနော်၊ ငါ လည်းစိတ်ပူတယ်"

"အင်း... ငါသွားပြီနော်"

ဦးလေးနှင့် နံ့သာရှေ့က အမြန်ဆုံးပြေးထွက်လာခဲ့သည်။ သူ မေမေဆီရောက်နေမလားဆိုပြီး စိတ်ပူလို့ လိုက်ရှာနေတာနေမှာ။ မေမေ ယောက်ျားသိပြီး ပြဿနာဖြစ်မှာစိုးရိမ်လို့နေမှာပေါ့။

သားမိုက်မဟုတ်ပါဘူး အဘွားရယ်။ ကိုယ်တစ်ယောက်တည်း ပဲ ကြိတ်မှိတ်ခံစားမှာပါ။ ဆန္ဒတွေရှိရင်လည်း မျိုသိပ်ထားမှာပါ။

ဆန္ဒနဲ့သာ တစ်ထပ်တည်းမကျဘဲ ရင်ဆိုင်လာခဲ့တာ၊ အကျင့် ပါ နေသားကျနေပါပြီ။ ကျွန်တော်က ဘေးမဲ့လွှတ်ထားခံရတဲ့ သားတစ် ယောက်ပဲ အဘွားရယ်...။

* * *



# အခန်း (၁၉)

"အဘွား ...အဘွား ဘယ်လိုဖြစ်ရတာလဲ အဘွားရယ်၊ အ... အဘွားကို ဘာလို့ဆေးရုံမပို့ကြသေးတာလဲ၊ ကျွန်တော်ကိုဘာလို့ စောင့်နေကြတာလဲ"

"ဘယ်က ပိုက်ဆံနဲ့ ဆေးရုံတင်မှာလဲ၊ ဘဏ္ဍစိုးတောင် ငါတို့ လက်ထဲမှာမရှိဘဲနဲ့ ဟိုကပေးသမျှ ပိုက်ဆံသူ့လက်ထဲပဲ ကျစ်ကျစ်ပါ အောင်ကိုင်ထားတာ"

"အေးလေ၊ အရက်ဖိုးတောင် မနည်းတောင်းသောက်နေရ တယ်၊ အဲဒါကြောင့် အရက်မဝလို့ သောင်းကြမ်းပြတော့၊ စိတ်ဆင်းရဲ တယ် စိတ်ညစ်တယ်နဲ့၊ သူမြေးကျတော့ ကျူရှင်ဖိုး မုန့်ဖိုးမငြိုမငြင်ပေး လိုက်ရတာမောလို့"

"တော်ကြပါတော့ လေးလေးတို့ရာ၊ အလကားစားသောက်နေ တာတောင် မတင်းတိမ်နိုင်ကြဘူး၊ အပြစ်ပြောဖို့လောက်ပဲ သိတယ်၊ အခုအဘွားကို ဆေးရုံတင်ဖို့ ကျွန်တော်ကားသွားငှားလိုက်ဦးမယ်"

"သေနေတဲ့လူကို ဘယ်ဆေးရုံသွားတင်မှာလဲ"

"ဗျာ"

ဦးဝင်းကို ပြောလိုက်သည့်စကားကြောင့် အဘွားကို ကမန်း ကတမ်းစမ်းကြည့်လိုက်သည်။ အဘွားရဲ့နှလုံးခုန်သံတွေက တိတ်ဆိတ် နေ...။

www.burmeseclassic.com

www.burmeseclassic.com



"စမ်းမနေနဲ့၊ မင်းကို အပြင်သွားပြီးမကြာဘူး၊ မင်းနာမည်ကို
ခေါ်ပြီး အသက်ထွက်သွားတာ"

"ဗျာ. . . အဘွား. . . အဘွားတကယ်သေပြီ"

"ဘာညာစရာရှိလို့လဲ၊ မင်းစမ်းကြည့်တာမသိဘူးလား။ အသက်
ရှူသေးလို့လား၊ အလကားသောက်သုံးမကျပြန်မေးနေပြန်တယ်"

"ခင်. . . ခင်ဗျားတို့ ဘာလုပ်နေကြလဲ၊ ဒါခင်ဗျားတို့အမေ
ခင်ဗျားတို့ကို မွေးထုတ်ခဲ့တဲ့အမေ၊ ခင်ဗျားတို့ ဒီအရွယ်သေခါနီးရောက်
တဲ့အထိ ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့အမေဗျ၊ အရက်သောက်
လောက်ပဲ အာရုံထားနေကြတယ်၊ ဒီအမေဒီလိုဖြစ်နေတာ ခင်ဗျားတ
နည်းနည်းမှဂရုမစိုက်ကြဘူး၊ ဆေးရုံဆေးခန်းအချိန်မီပို့လိုက်ရင် အဘွ
ဒီလိုဖြစ်မှာမဟုတ်ဘူး၊ သေမှာမဟုတ်ဘူး"

"ဟိတ်ကောင် လူကြားကောင်းအောင် ကြီးကြီးကျယ်ကျ
တွေ အော်မနေနဲ့၊ အမေကမင်းကြောင့်သေတာ၊ မင်းဘယ်ထွက်သွ
မှန်းမသိဘဲ၊ နေပူထဲမှာလိုက်ရှာနေလို့ ဒီလိုဖြစ်သွားတာ"

"အေးလေ. . . အဲဒါမင်းကိုချစ်ပြီး စိတ်ပူလို့ ဒီလိုဖြစ်သွားတာ
ငါတို့ဘာတတ်နိုင်မှာလဲ၊ နေပူထဲကလာလို့ သွေးဆောင့်တိုးသွားတာ
မှာပေါ့၊ ဆေးရုံသွားလည်း ဦးနှောက်သွေးကြောပြတ်တယ်ပဲပြောမှာ"

"ကဲ. . . ရုပ်ကွက်ကိုအသိပေးပြီး စီစဉ်စရာရှိတာစီစဉ်၊ စကာ
တွေများနေလည်း သေတဲ့လူက ပြန်ရှင်လာမှာမဟုတ်ဘူး"

ဦးဝင်းကို မိန်းမပါးစပ်ကလည်း အဘွားအပေါ်အလေးအန
စကားနှင့်မဟုတ်ပါ။ သူအဘွားကို ဒီအတိုင်းလွှတ်လိုက်ရမှာ ရင်ထဲနင့်
အောင် ယူကျုံးမရခံစားရသည်။ မနက်ကတောင် သူစာမေးပွဲအောင်
ပျော်နေသေးတာ။ သူနဲ့စကားတွေပြောနေသေးတာ။

မေမေ့ဆီကို ဝမ်းသာအားရ ဖုန်းဆက်ဖို့အတွက် သူ့ရှေ့က
ထွက်သွားခဲ့တာပါ။ အ. . . အခုအဘွားမရှိတော့ဘူးတဲ့လား။ အဘွ



ဆက်မရှိတော့ဘူးတဲ့လား။

သူဘယ်လိုဖြေရမှာလဲ။ သူဘယ်လိုနေရမှာလဲ။

အဘွားမရှိတော့ရင် ဒီအိမ်ကြီးမှာ သူဘယ်လိုနေရမှာလဲ။
ကြင်နာတရား လူအသိစိတ်ဓာတ်မရှိသောလူတွေနှင့် ဘယ်လိုနေရမှာ

"မြမြလွင်ဆီဖုန်းဆက်အကြောင်းကြားရမယ်။ ဒီအသုဘကိစ္စကို
တာဝန်ယူမယ့်သူရှိတာ"

"ဖဲပိုင်းတော့ထောင်ရမယ်၊ ဒါမှတို့အတွက် မြိုးမြိုးမြက်မြက်ရ
ဟိတ်ကောင်. . . မင်းအမေဆီဖုန်းဆက်၊ အမေသေတ္တာထဲမှာဖြစ်ဖြစ်
ပါတ်ရှိလိမ့်မယ်၊ အမြန်လာခဲ့လို့ပြော"

မေမေ့ဆီဖုန်းဆက်ရမည်တဲ့။ အဘွားသေပြီမေမေလို့ ပြောရမှာ

မေမေနာကျင်နေမှာတော့အမှန်ပင်။ အဘွား. . . အဘွား။

သူအမှီအတွယ်ပြုနေခဲ့ရသော အဘွား။ အဘွား သားဘယ်လို
မှာလဲ။ ဘယ်လိုလုပ်ရမှာလဲ. . . ။

✽ ✽ ✽

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''ဘယ်လိုလုပ်မှာလဲမြ၊ ဒေါ်ကြီးသိန်းတစ်ယောက်တည်း မဖြ ဘူးလေ၊ ဖေဖေ့ကိစ္စ၊ ကလေးတွေဝေယျာဝစ္စနဲ့ အိမ်မှုကိစ္စတွေရော မ လိုက်လုပ်နေလို့ဖြစ်မှာလား၊ ပွဲစားတွေကတစ်ဆင့် အိမ်အကူအမြန် အောင်ရှာ''

''ဟုတ်သားပဲ သမီး၊ ညည်းလာဆောင်လာနဲ့ သမီးက ဒီလိုတွေ လုပ်နေရင် အမြင်မတော်ဘူးလေ၊ လူအမြန်ရှာမှပေါ့''

''သမီးလည်းရှာပါတယ် ဖေဖေ၊ ပွဲစားတွေဆီကလာတဲ့လူ ကလည်း လစာကို အရင်ကြိုထုတ်တယ်၊ ပြီးရင်မလာချင်တော့ဘူး ဘယ်လိုက်ရှာရမှန်းလည်း မသိဘူး၊ မိန်းကလေးငယ်ငယ်ခေါ်ထားပြ တော့ ယောက်ျားလေးကိစ္စပြဿနာတက်တယ်၊ အသက်ကြီးတဲ့သူခေ ပြန်တော့ သမီးငယ်လေးပြောသလိုပဲ ခိုင်းဖို့ကိုကိုယ်ကပြန်ပြီး အားနာ ရတယ်''

''အဲလိုဆိုပြီး ဒီအတိုင်းနေလို့မှမရတာ၊ ဘယ်လိုဖြစ်နေနေ လ တော့ရှာရမှာပဲ၊ သမီးပင်ပန်းတာလည်း မကြည့်ရက်လို့၊ လစာဘယ် လောက်ပေးရပေးရ အမြန်သာရှာလိုက်ပါ''

ဦးဘုန်းမြင့်ရဲ့စေတနာစကားကြောင့် ဒေါ်မြမြလွင်ခေါင်းညိတ် လိုက်ရကာ…



''ဟုတ်ကဲ့ပါ ဖေဖေ၊ သမီးလည်းရှာတော့ရှာနေတာပါပဲ၊ စိတ် ိုင်းကျတာ မတွေ့သေးလို့ ဘယ်လိုလုပ်ရမှန်းမသိဘူး၊ ဒရိုင်ဘာကိုသက် ိန်းမကာလည်း ကလေးမွေးနေလို့မလုပ်နိုင်တာတဲ့၊ သူတို့လည်း တခြား ်တော့ ရှာပေးနေပါတယ်၊ လူကောင်းရဖို့ကမလွယ်ဘူး၊ အရင်ကလို လုပ်အကိုင်ရှားပါးနေတာမဟုတ်တော့ အလုပ်ကိုရွေးလုပ်နေကြပြီ''

''အင်း… အဲဒါလည်းဟုတ်တာပဲကွ၊ အရင်ကတော့ လုပ်နိုင် ိုင်နိုင် လုပ်တတ်ကိုင်တတ်တဲ့သူတွေပေါ်မှပေါ၊ တစ်သက်လုံးတောင် ထားလို့ရတယ်၊ သစ္စာလည်းရှိကြတယ်၊ အခုခေတ်ကတော့ လူတွေ ရတာလည်း စိတ်ပျက်စရာပါပဲ၊ ဒီအိမ်မှာယောက်ျားနောက်လိုက်ပြေး ဲ့သူတင် နှစ်ယောက်လောက်ရှိပြီထင်တယ်''

''အဲဒါဆိုယောက်ျားလေးအိမ်ဖော်ငှားလိုက်ပါလား မာမီ''

''ဘယ်လိုကွဲ့''

သားစကားကြောင့် နားမလည်နိုင်အောင်ဖြစ်သွားတာမို့ သားကို ွန်းပြန်ထုတ်ရသည်။ ယောက်ျားလေးအိမ်ဖော်ဆိုတာ ကြားမှမကြား ူးတာ။ ဦးဘုန်းမြင့်လည်း အံ့ဩသွားဟန်ဖြင့်…

''ယောက်ျားလေးတွေ အိမ်ဖော်လုပ်လို့လား မြေးရဲ့''

''ဟိုတယ်တွေမှာ ချက်ပြုတ်ကြော်လှော်နေတာယောက်ျားလေး ွေပဲ၊ သားသူငယ်ချင်းထွန်းထွန်းတို့အိမ်မှာလည်း ယောက်ျားလေး အိမ် ော်ပဲထားတယ်၊ သူတို့အိမ်ကယောက်ျားလေးတွေများတော့ မိန်းကလေး ိမ်ဖော်ထားရင် ပြဿနာဖြစ်နိုင်တယ်တဲ့၊ အဲဒီမိန်းကလေးတစ်ယောက် ဲ့ဝယ် ဘာညာအပြင်သွားရင်း ရည်းစားနဲ့ဖိုက်ကြီးလာတာကို တာဝန်ယူ ်းလို့တဲ့လေ၊ တာဝန်မယူရင် အရှက်ခွဲမယ်ဆိုလို့ လျော်ကြေးပေးလိုက် ယ်ပြောတယ်''

သားပြောသည့်စကားကို ခေါင်းညိတ်ထောက်ခံမိရင်း ဒေါ်မြ လွင် လက်ထဲကသစ်သီးစားခပ်ရင်းလေးကို ပန်းကန်ပေါ်တင်လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီကိစ္စမျိုးကြားဖူးတယ်၊ အနေအထိုင်မတတ် တဲ့ မိန်းကလေးဆိုရင် စိတ်မချရဘူး၊ ဒီလိုနစ်နာကြေးလျော်ကြေးတွေ လိုချင်လို့ လုပ်ကြံလိုဆယ်တတ်ကြတယ်၊ တကယ်ကို ရိုးရိုးသားသားမိန်း ကလေးတွေမှဖြစ်မှာ"

"ဒါဆို သားပြောတဲ့ကိစ္စစဉ်းစားပြီးလုပ်လိုက်လေ၊ ဟိုတယ်တွေ မှာလုပ်မယ့်သူခေါ်မလား"

"အဲဒါတော့မဖြစ်ဘူး၊ သူတို့ကဟိုတယ်စာပဲ ချက်တတ်ပြုတ် တတ်မှာ၊ နေ့တိုင်းဟိုတယ်စာဆိုရင် ဘယ်စားနိုင်မှာလဲ၊ ပြီးတော့ အိမ် သန့်ရှင်းရေးအတွက်က လိုသေးတယ်၊ ဒေါ်ကြီးသိန်းက မလုပ်နိုင်တော့ ဘူးလေ"

"မလုပ်နိုင်ရင် မနိုင်းနဲ့တော့ပေါ့၊ မာမီကလည်း အလကား ပိုက်ဆံပေးနေရတာ မတန်ပါဘူး"

နှင်းဆီလွင်ဝင်ပြောလိုက်သည့် စကားကြောင့် ဦးဘုန်းမြင့် ပြုံး ပြုံးကြီးဖြစ်သွားကာ..

"ဘိုးဘိုးတို့နဲ့ ငယ်ငယ်လေးတည်းက သစ္စာရှိရှိနေလာခဲ့တာ ဆိုတော့ အဲလိုလုပ်လို့မဖြစ်ဘူး မြေးရဲ့၊ မြေးလေးတို့ ငယ်ငယ်တုန်းက လည်း သူပဲဂရုစိုက်ခဲ့တာ၊ ဒီပြင်အလုပ်သမားတွေကတော့ ဝင်လိုက်ထွက် လိုက်၊ ပြဿနာအမျိုးမျိုးရှာသွားလိုက်၊ ငွေတွေလိမ်သွားလိုက်နဲ့ ဒေါ်သိန်း ကတော့ တခြားဆွေမျိုးသားချင်းလည်း မဖြစ်ဘူးလေ၊ သူရတဲ့လစာကို ဘဏ်မှာအပ်ထားတာ အိုစာမင်းစာတဲ့"

"ဒေါ်ကြီးသိန်း ဘာဖြစ်ဖြစ် သမီးတို့မှာတာဝန်ရှိပါတယ် ဖေဖေ ဒီလိုသစ္စာရှိ ရိုးသားတဲ့သူကို သမီးတို့ရဲ့မိဘလိုသဘောထားပြီး စောင့် ရှောက်ပေးရမှာပေါ့၊ သူလုပ်နိုင်တဲ့အချိန်တုန်းက တကယ်ကိုတာဝန်ကျေ ခဲ့တာပဲ"

"အေး.. ငါ့ချွေးမကို အဲလိုစိတ်ဓာတ်ဖြူစင်တာလေးတွေ





သဘောကျတာ၊ ယောက္ခမကို မိဘလိုသဘောထားပြီး ရိုသေကိုင်းရှိုင်း စောင့်ရှောက်တယ်၊ လင်သားအပေါ်လည်း သစ္စာရှိရှိသားပြီး အိမ်ထောင် မှု ထိန်းသိမ်းနိုင်တယ်၊ သားသမီးတွေအပေါ်လည်း ကြင်ကြင်နာနာ နွေးနွေးထွေးထွေးနဲ့ တကယ်ကို မိခင်ကောင်းပီသပါပေတယ်၊ ဝန်ထမ်း တွေအပေါ်လည်း မောက်မာမှုမရှိ ဆက်ဆံတယ်ဆိုတော့ ငါသားလူရွေး တော်တယ်၊ အလိမ္မာ အိမ်ပါချွေးမလေးကိုခေါ်လာနိုင်တယ်လို့ အစတည်း က ဖေဖေခန့်မှန်းလိုက်တာပေါ့"

"ဖေဖေကလည်း ဖေဖေ့ချွေးမကိုလိုက်ကြည့်ပြီး အကုန်ချီးမွမ်း နေတော့တာပဲ"

"သားရယ်၊ ဒီခေတ်မှာ ဇနီးကောင်း၊ မိခင်ကောင်း၊ ချွေးမ ကောင်းရဖို့ မလွယ်တော့ဘူးကွ၊ ပေါ့ပေါ့ရှုပ်ရှုပ်နဲ့ လျှပ်ပေါ်လော်လီတဲ့ မိန်းကလေးကများတယ်၊ အဲဒါကြောင့် ငါ့သမီးချွေးမလေးကို တန်ဖိုးထား နေရတာပေါ့၊ တကယ်ကျေးဇူးတင်တာပါ၊ အဖေ့သားအပေါ် မြေးတွေ အပေါ် သစ္စာရှိပေး ကောင်းပေးလို့၊ ပြီးတော့ ဒီယောက္ခမကြီးအပေါ် မိဘလိုပြုစုစောင့်ရှောက်ပေးနေလို့ သမီးအတွက် အမွေကိုတောင် ဖေဖေ သပ်သပ်စဉ်းစားပေးထားတယ် သိလားသမီး"

"ဟုတ်.. ဟုတ်ကဲ့"

BURMESE CLASSIC

ခေါင်းညိတ်လိုက်ရပေမယ့် စိတ်ထဲမှာမလုံမလဲဖြစ်နေမိသည်။ ဒီလောက်ထိ အဖိုးမတန်တာသိနေသော ဦးဝေလွင်က မိမိကိုမျက်ခုံး ထင့်ကြည့်ပြီးမှ..

"ဖေဖေကတော့ သူ့ချွေးမကို သားထက်တောင်ပိုချစ်နေလား မသိဘူး၊ သားမသိအောင် အမွေပေးမလို့ပေါ့လေ၊ လင်နဲ့မယားအတူတူ မဟုတ်ဘူးလား ဖေဖေ"

"တူတာက တူပေမယ့်၊ သားကစီးပွားရေးကိစ္စတွေနဲ့ အချိန် ကုန်တာများတယ်၊ သမီးကတော့ အိမ်မှာ ဖေဖေ့ဝေယျာဝစ္စတွေနဲ့ပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းတယ်၊ အဲဒီအတွက် ဖေဖေက သူ့နာမည်နဲ့ ဘဏ်မှာငွေအပ်ပေးမယ် ပါ၊ သူလိုအပ်တာ သီးသန့်သုံး၊ သူလုပ်ချင်တာလုပ်လို့ရတာပေါ့။ ဝင်ငွေ မရှာနိုင်တဲ့ အိမ်ထောင်ရှင်မတွေက လင်လုပ်စာစားပြီး အားငယ်တတ်ကြ လို့ သားရဲ့"

"အဘိုး"

"ဟေ... ဒါဆိုမာမီဆီကလည်း သားတို့တောင်းလို့ရပြီပေါ့နော် မာမီကိုယ်ပိုင်ပိုက်ဆံဖြစ်သွားတော့လေ"

"မာမီ... မီးမီးကိုလည်း ပေးရမယ်နော်၊ ဒယ်ဒီဆီတောင်းတာ များရင် ဒယ်ဒီက ငေါက်ချင်တယ်... နော်မာမီ"

"ဟား... ဟား မြေးတို့ကတော့လေ၊ မြေးတို့မာမီပိုင်တာ မြေး တို့ပဲရမှာပေါ့ကွ၊ တကယ်မလွယ်တာ၊ သမီးရေ ပေးသာပေးလိုက်တော့"

မြေးတွေကိုသဘောကျကာ ဦးဘုန်းမြင့်ပျော်နေ စိတ်ချမ်းသာ နေသည်။ ဒီအိမ်မှာတော့ ဒီလိုမေတ္တာတရားတွေနှင့် အမြဲတမ်းနွေးထွေး နေတာပါ။

သားကြီးကတော့ တကယ့်ကို ငရဲဘုံမှာနေရသလို၊ နေ့စဉ်အ သောကတွေနှင့် စိတ်ဆင်းရဲနေရမှာသေချာသည်။ ဒါပေမဲ့ ဘယ်လို ကယ်တင်ပေးလို့မရသည့် အခြေအနေမို့ တစ်နေ့မှစိတ်မချမ်းသာပေ

"မြ... မင်းဖုန်းလာနေတယ်"

"ဟင်"

စားပွဲပေါ်မှာ မြည်နေသောဖုန်းနံပါတ်ကိုကြည့်လိုက်တော့ အမေတို့ခေါ်နေကျ ဖုန်းဖြစ်နေ၍ ဒေါ်မြမြလွင် တုန်တက်လန့်ဖျပ်သွား သည်။ အားလုံးရဲ့ရှေ့မှာ ဘယ်လိုပြောရမှန်းမသိပါ။ အရေးအကြောင်း ကိစ္စမရှိဘဲ ဒီလိုအချိန် ဒီလိုနေ့မျိုးမှာ အမေဖုန်းဆက်မှာမဟုတ်။

"ခဏလေးနော်"

ဘယ်သူဘယ်လိုထင်ထင် နောက်မှရှင်းပြတော့မည်ဆိုပြီး ဖုန်း





လေးကို ကောက်ကိုင်ကာ အောက်ထပ်ဧည့်ခန်းဆောင်ထဲကို ခပ်သွက် သွက် ပြေးဝင်လာခဲ့သည်။

"ဟယ်လို... ဟယ်လို မေ... မေမေ"

"ဟင်"

သားအသံကြောင့် တစ်ကိုယ်လုံးတုန်ယင်တက်သွား၏။ သား... သားဘာကြောင့် ဖုန်းဆက်ရတာလဲ။ စာမေးပွဲအောင်သည့်အကြောင်း သားကိုယ်တိုင်ပြောချင်လို့များလား။ တစ်ခါမှမဆက်ဘူးသော သားလိမ္မာ လေးရဲ့ အသံကိုနားထောင်ပြီး လွမ်းတမ်းတသည့်စိတ်တွေဖြင့် ကြည်နူး ...ရပေမယ့် ဦးဝေလွင်သိလျှင် ပြဿနာတက်နိုင်သည်မို့ ဖုန်းအမြန် ပြောမှုဖြစ်မည်။

"သား... သား ဘာလို့ဖုန်းဆက်တာလဲ၊ မနက်ကသား အွားဘွားဖုန်းဆက်လို့ သားစာမေးပွဲအောင်တာ မေမေသိပြီးပြီ"

"အဘွား... အဘွားဆုံးပြီ မေမေ"

"ဘာ... ဘာ"

ဗုံးတစ်လုံးပေါက်ကွဲသွားသလို နားထဲမှာအူထွက်သွားသည်။

"သား... သား၊ ဘာပြောလိုက်တာလဲ၊ ပြန်ပြောစမ်းပါဦး"

"အဘွား... အဘွားဆုံးသွားလို့ပါ မေမေ၊ အဲဒါမေမေ့ကို အကြောင်းကြားတာပါ"

"သား... သားရယ်၊ တကယ်လား၊ အဲဒါတကယ်လား၊ မနက် က မေမေနဲ့တောင်ဖုန်းပြောနေပါသေးတယ်"

"ဟုတ်ပါတယ်၊ သားစာမေးပွဲအောင်တဲ့အကြောင်း ဖုန်းဆက် မယ်ဆိုပြီး သားရှေ့ကနေထွက်သွားတာပါ၊ သား... သားက"

"သားလေး"

"သားက မေမေ့ကိုပြောပြချင်လို့ ကားနဲ့ရန်ကုန်ကိုထွက်လာ တာ၊ အဲဒါအဘွားက စိုးရိမ်လို့လိုက်ရာပြီး အပြန်မှာဦးနှောက်သွေးကြော

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြီးဆုံးသွားတာ မေမေ''

''ဘုရား . . ဘုရား။ အမေ . . အမေ''

ဒေါ်မြမြလွှင် ရင်ထဲလှိုက်တက်ကြေကွဲလျက် ဝမ်းနည်းဆို

မျက်ရည်တွေ ဖြိုကျလာကာ ရင်ဘတ်ကိုဖိနှိပ်ထားရသည်။ ဒါဆိုနေ့လ

က ခြံဝမှာ လှရိပ်လိုလိုမြင်လိုက်တာ သားလာပြီးချောင်းကြည့်သွား

ပေါ့။ ဒါကြောင့် အမေကပြဿနာတက်မှာစိုးပြီး လိုက်ရှာရင်းနှင့်

ဒီလိုသေသွားတာလား။ အမေ . . အမေ။

''မေမေ . . မေမေ''

''သား . . မေမေလာခဲ့မယ်၊ မေမေလာခဲ့မယ်နော်''

''မြ''

''ဟင်''

ဦးဝေလွှင်အသံကြောင့် ဖုန်းကိုအမြန်ပိတ်လိုက်ရသည်။

ဝန်းအိမ်ထဲမှာ မျက်ရည်တွေအပြည့်ပါ။

''ဘာဖြစ်တာလဲ၊ ဘယ်သူ့ဖုန်းမို့ စားသောက်နေရင်းနဲ့

သွားရတာလဲ၊ ဖေဖေနဲ့ကလေးတွေ တစ်မျိုးထင်မသွားနိုင်ဘူးလား

''မေ . . မေမေဆုံးပြီတဲ့ ကိုလွှင်''

''ဘာ''

''မေမေဆုံးပြီတဲ့''

''ဘယ်သူဆက်တာလဲ၊ မင့်သားလား''

''ဟုတ်တယ်၊ သူ့အဘွားဆုံးလို့တဲ့''

''အဲဒါတွေခက်တာမြ၊ ဖေဖေက မင်းကိုဘယ်လောက်တော

တန်ဖိုးထားလိုက်သလဲ၊ ကလေးတွေကရော မင်းကိုဘယ်လော

လေးစားကြည်ညိုလိုက်သလဲ၊ မင်းကတော့ မင့်သားဆီက ဖုန်းလာလို

တာနဲ့ ကူခြေကိုမရဘူး။ ဖေဖေနဲ့ကလေးတွေ တစ်မျိုးထင်သွားရင်

ဘယ်လိုလုပ်မှာလဲ''



''အခု အဲဒါကအရေးကြီးလား၊ ကျွန်မအမေသေသွားတာ ကိုလွှင်၊ ကျွန်မမွေးအမေဆုံးတာ၊ ရှင့်မှာလည်း မိဘရှိတာပဲ ရှင်မစာနာတတ်ဘူးလား''

''မြ . . မင်းငါ့ကိုအော်မပြောနဲ့''

''ကျွန်မမှာ အားနည်းချက်ရှိတယ်ဆိုပြီး ကျွန်မလိုပဲတစ်သက်လုံး နှိပ်ချုဆက်ဆံနေတော့မှာလား၊ ကျွန်မဘယ်အချိန်ထိ ဆွေမျိုးသားချင်း မိဘမောင်ဘွားတွေနဲ့ ထောင်ကျသလိုနေနေရမှာလဲပြောပါဦး''

''ဒီလမ်းကို မင်းရွေးချယ်ခဲ့တာမဟုတ်ဘူးလားမြ၊ ပုံပိုးမှုတွေနဲ့ အလဲအထပ်လုပ်ခဲ့တဲ့ ဒီအိမ်ထောင်ရေးအပေါ် မင်းဒီလောက်တော့ပေး ဆပ်ရမှာပေါ့။ မင်းအခုကြည့်ရမှာ ငါ့သားသမီးနဲ့ ငါ့မိသစ ငါ့အသိုက်အဝန်း ပဲ''

''ဒါဆို ကျွန်မအမေသေတာ မသွားရဘူးလို့ပြောတာလား ကိုလွှင်''

ဦးဝေလွှင် ငြိမ်နေခြင်းက မသွားရဘူးလို့ပြောတာနှင့်အတူတူ ပဲမဟုတ်ပါလား။

ဒေါ်မြမြလွှင် အသည်းတွေဆတ်ဆတ်ခါ မျက်ရည်တွေရပ်တန့် သွားသည်။ ဦးဝေလွှင်မျက်နှာကို တည့်တည့်စူးစူးကြည့်၍

''အမေအသုဘကို သွားခွင့်မပေးရင် ရှင်နဲ့ကျွန်မ ကွာရှင်းရ အောင် ကိုလွှင်''

''ဘာ . . မင်းဘာပြောတယ်မြ''

''ကျွန်မ ဒီအမေ၊ ဒီမောင်တွေနဲ့ သားအတွက် ရှင့်ကိုလက်ထပ် ခဲ့တာ၊ ကျွန်မအပျိုပါလို့ လိမ်ညာလက်ထပ်ခဲ့တာမဟုတ်တဲ့အတွက် ကျွန်မကိုယ့်ကိုယ်ကိုယ်အပြစ်ရှိတယ်လို့ မခံစားရဘူး စိတ်လုံတယ်''

''မြ''

''ဒါပေမဲ့ အပေးအယူကတိစကားတွေအတိုင်း ရှင်ကလွှယ်မွေး

www.burmeseclassic.com



တဲ့သားကို ကျွန်မ မဆက်သွယ်ဘဲနေခဲ့တယ်၊ သံယောဇဉ်တွေဖြစ်မှာ စိုးလို့ မမြင်မတွေ့ရအောင် ဖြတ်တောက်ထားခဲ့တယ်၊ အမေကိုတောင် မမြင်ကွယ်ရာမှာ လူမသိ သူမသိခိုးတွေ့ခဲ့ရတာပါ၊ အဲဒါတွေက အချစ်မပါပေမယ့် ဒီအိမ်ထောင်ရေးခိုင်မြဲချင်လို့ပါ၊ ဒီမိသားစုလေးနဲ့ မခွဲမခွာနေချင်လို့ပါ၊ သားနဲ့သမီးအတွက် အကျင့်စာရိတ္တပျက်တဲ့သူမဖြစ်ချင်လို့ပါ''

နာကျင်ခြင်းများဖြင့် တုန်ခတ်လျက် ဒေါ်မြမြလွင်ပေါက်ကွဲနေခဲ့သည်။ ဒီလိုလေသံမာမာ မတုံ့ပြန်ဘူးတာမို့ ဦးဝေလွင်အံ့ဩနေသည်။ ဒေါ်မြမြလွင်က ပါးပြင်ပေါ်က မျက်ရည်စီးကြောင်းကို ကြမ်းတမ်းပွတ်သပ်လျက်. . .

''အမွေနာရေးကို ကျွန်မသွားမယ်၊ ကျွန်မက သမီးအကြီးဆုံး။ အိမ်မှာမောင်အရက်သမားတွေနဲ့ သားပဲရှိတာ၊ သူတို့ငွေလည်းမရှိ အသိုက်အဝန်းလည်းမရှိနဲ့ ဘာမှလုပ်တတ်ကြမှာမဟုတ်ဘူး''

''မင်းသွားလို့ဖြစ်မှာလား။ ငွေပေးလိုက်လေ၊ ငွေဘယ်လောက်လိုလဲ၊ လိုသလောက်ဘဏ်ကထုတ်ပြီး အဆင်ပြေအောင်ပေးလိုက်၊ မင်းသွားရင် ဖေဖေရော၊ ကလေးတွေကိုရော ငါဘယ်လိုပြောရမှာလဲ၊ အရင်က ဈေးသွားတာကလွဲရင် မင်းဘယ်ကိုထွက်ဖူးသွားဖူးလို့လဲ''

''အခုသွားမယ်''

''မြမြလွင်''

''အခုထွက်မယ်''

ရဲတင်းသောအသံနှင့် စူးရဲသောမျက်လုံးများက ဘာကိုမှ ဂရုမစိုက် မမှုတော့မည့်ပုံမျိုးပင်။ ဦးဝေလွင်ကို မမိုတ်မသုန်တည့်တည့်စူးစူးပင်ကြည့်ကာ

''ကျွန်မမွေးချင်းကိုချစ်လို့ မိဘတွေအတွက် သမီးကောင်းတစ်ယောက်ဖြစ်ချင်လို့ တာဝန်ကျေချင်လို့၊ မိခင်ကောင်းတစ်ယောက်တောင် မဖြစ်ခဲ့ဘူး၊ ကျွန်မတစ်ကိုယ်စာချမ်းသာချင်လို့ ကျွန်မဒီမှာတွယ်ကပ်နေ



တာမဟုတ်ဘူး။ မွန်းကျပ်နေတဲ့ အသိုက်အဝန်းကြားမှာနေနေတာ မဟုတ်ပါဘူး၊ ဘဝကိုရင်းခဲ့တာ ကျွန်မတစ်ယောက်တည်း ကောင်းစားဖို့မဟုတ်ဘူး ကိုလွင်၊ အမေ့ရဲ့နောက်ဆုံးခရီးကို တာဝန်မကျေရရင်၊ ကျွန်မရှင်နေ့မပေါင်းနိုင်တော့ပါဘူး''

''မင်းအရမ်းကိုပြတ်သားနေပါလား မြ၊ ငါတို့သားသမီးတွေအတွက် မင်းထည့်မတွေးတော့ဘူးလား''

''တွေးခဲ့လို့ ဒီအချိန်ထိသည်းခံနေခဲ့တာပါ၊ ဒါပေမဲ့ အခုအခြေအနေမှာ ကျွန်မပွင့်ပွင့်လင်းလင်းဝန်ခံပြီး ထွက်သွားမယ် ကိုလွင်၊ ကျွန်မကို အထင်သေးချင်လည်းသေးပါစေ၊ ရွံချချင်လည်း ရွံချပါစေ၊ သားနဲ့သမီးကို ဒီအသိုက်အဝန်းမှာ မျက်နှာမငယ်ရအောင် ကျွန်မခေါ်သွားမယ်''

''ဘာ''

ဦးဝေလွင် ထိတ်လန့်သွားသည်။ မြမြလွင်လို မိန်းမကပြောပြီးလျှင်ဖြစ်အောင်လုပ်မှာပါ။ ပေးခဲ့သောကတိအတွက် ဆယ့်ခြောက်နှစ်နီးပါးတည်ခဲ့တာပဲ။ မိသားစုကို အထောက်အပံ့ပြုနိုင်ဖို့အတွက် အားလုံးနှင့်သူစိမ်းဆန်ဆန်မဆက်ဆံပဲနေခဲ့ပြီး၊ ဒီဘက်မှာ ချွေးမကောင်း၊ ဇနီးကောင်း၊ မိခင်ကောင်းပီသအောင်ကြိုးစားနေထိုင်ခဲ့တာပဲ။

ဒီကိစ္စ ဒီလိုလုပ်ပါမယ်လို့ဆုံးဖြတ်ပြီးလျှင်လည်း ဘာဖြစ်နေနေ နောင်ထရမှာမဟုတ်ပေ။ ဘာလုပ်ရမလဲ။ ဘာတွေလုပ်ပေးရမလဲ။ ကိုယ်နဲ့ လက်ထပ်ခဲ့တာ အချစ်ကြောင့်မဟုတ်ပါဘူးလို့ ရဲရဲတင်းတင်း ပွင့်လင်းစွာ ဝန့်ခံရဲသော ဒီမိန်းမကို ကိုယ်ကမြတ်မြတ်နိုးနိုးချစ်နေမိတာမို့ အဆိုးဝါးဆုံးအခြေအနေမျိုးမရောက်ချင်။

''မြ''

လေသံပျော့နှင့်ချော့သလိုခေါ်လိုက်ရင်း သက်ပြင်းတွေရှိုက်မိကာ. . .

''မင်းသွားချင်တယ်ဆိုရင် မြေချမယ့်တစ်ရက်တော့ သွားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ နောက်နေ့ကျရင်တော့ ပြန်လာပေ့ါ၊ ကလေးတွေနဲ့ ဖေဖေ့ကိုအလုပ်သမားသွားရှာတယ်လို့ ကြည့်ကောင်းအောင်ပြောကြတာပေ့ါ၊ အသိတစ်ယောက်က မိတ်ဆက်ပေးတယ်ဆိုပြီး တောတွေ ရွာတွေသွားရှာတယ်ဆိုရင် သူတို့ယုံကြမှာပါ၊ ဒီအိမ်ထောင်ရေး ဒီမိသားစုမပြိုကွဲချင်လို့ ကိုယ်လိုက်လျောပေးတာပါမြ၊ နောက်တစ်ခါကွဲဖို့ ကွာဖို့ မိသားစုကဆင့်ကလျားဖြစ်ဖို့ကိစ္စတွေ မပြောမိပါစေနဲ့၊ မင်းမှာဆန္ဒရှိနေရင်တောင် ကလေးမျက်နှာကိုထောက်ထားငဲ့ညှာပါ၊ မင်းရင်နဲ့လွယ်မွေးထားတဲ့ မင့်သားသမီးအရင်းတွေပဲ မဟုတ်လား''

''အဲဒါကြောင့် ဒီအချိန်ထိသည်းခံလာခဲ့တာပေ့ါ ကိုလွင်၊ ကျွန်မဘယ်လောက်ထိပေးဆပ်နေတယ်ဆိုတာ ရှင်သိမှာပါ၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စခွင့်ပြုပေးတဲ့အတွက် ကျေးဇူးပါပဲ၊ ကျွန်မလည်း ဒီလိုတွေမဖြစ်ချင်ပါဘူး၊ တစ်ခါမှားတာကံကြမ္မာကြောင့်ဆိုရင် နှစ်ခါမှားရင်တော့ ကိုယ့်ရဲ့အမှားပဲဖြစ်တော့မှာ၊ ရှင်နဲ့မွေးထားတဲ့ကလေးတွေကိုတော့ သားကြီးလိုနာကျင်မှုမျိုးထပ်မဖြစ်စေချင်တော့ပါဘူး၊ အဲဒါကြောင့် ဖြစ်သင့်တဲ့အကျိုးအကြောင်းတွေကိုတော့ ရှင်သိုသိုသိပ်သိပ်နဲ့ လိုက်လျောပေးပါ၊ မဟုတ်ရင်တော့ ကျွန်မတို့အခြေအတင်တင်းတင်းမာမာတွေဖြစ်ကြရင်မကောင်းဘူး''

သတိပေးစကားက ကိုယ့်အတွက်လား၊ သူမအတွက်လား၊ ကလေးတွေအတွက်ပဲလားမသိပေ။

ကိုယ်ကတော့ သူမလိုကာကွယ်ပေးဖို့အတွက် ဆင်ခြေတွေအဆင်ပြေဆုံးဖြစ်အောင် စဉ်းစားနေမိသည်။ ကလေးတွေအတွက်ဆိုပေမယ့် မင်းကိုဒီအသိုက်အဝန်းကြားမှာ သိက္ခာရှိရှိမျက်နှာပွင့်လန်းဂုဏ်တင့်တယ်စေချင်လို့ပါ။

မင်းကိုမစွန့်လွှတ်ချင်လို့ မစွန့်လွှတ်နိုင်လို့ပါ မြမြလွင်။

❋ ❋ ❋

# အခန်း (၂၁)

''မြမြလွင်လာပြီ. . . ဒါမှအဆင်ပြေတော့မှာ''

''သင်္ဂါမောင်. . . မင်းအမေလာပြီ၊ ဟိုတ်ကောင်ထွက်ခဲ့ဦး''

အိမ်ရှေ့က အသံကြောင့်၊ နောက်ဖေးဘက်ရောက်နေသော သင်္ဂါမောင်အပြေးလေးထွက်လာခဲ့သည်။

''မေမေ''

မေမေက အဘွားချုပ်အလောင်းကိုသေချာကြည့်၍ ပန်းသားတွေလှပ်ခတ်အောင်ကြိတ်၍ငိုနေသည်။ မေမေက ဟိုအရင်ငယ်ငယ်ကတွေ့သည့်အတိုင်း လှပနုပျိုနေဆဲပါ။

စိန်နားကပ်အရောင်ကြောင့် ပါးပြောင်သည်ဆိုသော စကားပုံလို ချမ်းသာကြွယ်ဝသည့်အရှိန်အဝါတွေကြောင့် လင်းလက်တောက်ပကြွားနေခဲ့တာဖြစ်မည်။ ဒါပေမဲ့ မိခင်တစ်ယောက်ကို ဒီလိုပုံစံမျိုးမြင်ရသည့်အတွက် နာကျင်ကြေကွဲခံစားနေသည်က သနားစရာကောင်းလွန်းလှသည်။

အခုချိန်ထိ မေမေအနားကိုသူမသွားရဲသေးပါ။

''မမ. . . နင်ကအခုမှရောက်လာတယ်၊ မြေချဖို့အတွက် ငပ်ကွက်ကလူတွေ စီစဉ်နေရတယ်၊ နင့်ယောက်ျားက တန်းခနဲမလှမ်းသို့ မလာရတာလား''

www.burmeseclassic.com



''ဟိုမှာလည်း ကလေးတွေကျန်ခဲ့လို့ အစီအစဉ်လုပ်နေရသေးတယ်၊ ရပ်ကွက်ကလူတွေလုပ်တယ်ဆိုတော့ နင်တို့ကရော ဘာတွေလုပ်နေလဲ မောင်လေး၊ နင်တို့ယောကျ်ားသားအားကောင်းမောင်းသန်တွေရှိနေတာပဲ၊ အမေသေတဲ့နေ့တောင် နင်တို့အရက်သောက်မပျက်ကြဘူး။ မွေးကျေးဖူး ကျွေးကျေးဖူးလေးတော့ သိတတ်ကြဦးမှပေါ့''

''နင်ကအခုမှ ဩဝါဒလာချမနေနဲ့၊ နင်က ပိုက်ဆံပေးရုံလေးနဲ့ တာဝန်ကျေနေပြီထင်နေလား၊ ကိုယ့်သားသမီးတောင် အနီးကပ်စောင့်ရှောက်ခဲ့တာမဟုတ်ဘဲနဲ့''

''အဲဒီငွေပေးနိုင်ဖို့အတွက် အဲလိုနေခဲ့ရတာ နင်တို့မသိကြလို့လား မင်းကို၊ နင်တို့အားလုံးအလုပ်မလုပ်ဘဲ စားနိုင်သောက်နိုင်ဖို့ ငါ့သားနဲ့ငါ့အမေနဲ့ ငါခွဲနေခဲ့ရတာ၊ နင်တို့သာ သိတတ်ခဲ့မယ်ဆိုရင် ငါဒီလိုဘဝမျိုးမရောက်ဘူး''

''သူဌေးမကြီးကလည်း ဒီဘဝကိုသာယာကျေနပ်နေတယ် ပြောစမ်းပါ၊ ငါတို့ကြောင့်မို့ နင်ဒီလိုနေရတယ်အောက်မေ့ပြီး နင်က ငါတို့ကို ကျေးဇူးတင်ရမှာအစ်မ''

''တော်ပြီ မင်းကိုရယ်၊ အမေ့အလောင်းဘေးမှာ နင်တို့နဲ့ စကားနိုင်လုပြီး ပြဿနာမတက်ချင်ဘူး၊ ငါကအမေ့အတွက် သမီးလိမ္မာ သမီးကောင်းတစ်ယောက်ပဲဖြစ်ချင်တာ၊ အမေကိုစိတ်ချမ်းသာသာနဲ့ပဲ လွှတ်ချင်တယ်၊ အမေဒီလိုဘဝမျိုး နောက်ထပ်မရပါစေနဲ့၊ သားဆိုးတွေနဲ့တွေ့ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမဖြစ်ပါစေနဲ့၊ ဒီဝဋ်ကြွေးတွေ ကျွတ်ပြီလို့ အောက်မေ့ပါအမေ''

မေမေရဲ့ငိုရင်းပြောနေသော စကားတွေအတွက် လေးလေးတို့ ရှုံ့ရှုံ့ရှားရှားဒေါသဖြစ်သွားကြသည်။ တစ်ယောက်ကချောင်ထဲမှာထား သော အရက်ပုလင်းကိုကောက်မော့၍ တစ်ယောက်ကကြမ်းပြင်ကို လက်သီးနှင့်ထိုးပြီး . . .



''အမေကိုတိုင်တည်ဆုတောင်းပေးနေတာပေါ့၊ အမေသေမှ ရောက်လာပြီး သူတော်ကောင်းယောင်ဆောင်မနေနဲ့၊ နင်ဒီအိမ်ကထွက်သွားပြီး သူဌေးမယားဖြစ်သွားတော့ နင့်သားအသက်နီးပါးဖြစ်နေပြီ၊ စားဖို့သောက်ဖို့အပြင် နင်ဘာတွေများ ပိုပိုလျှံလျှံထောက်ပံ့လို့လဲ၊ နင့်သားပညာရေးအတွက်ပဲ အကုန်အကျများနေတာ၊ ငါတို့မှာ အရက်ကိုမဝတဝသောက်နေရတယ်၊ အခုရော နင်ဘယ်လိုလုပ်မှာလဲ''

''နင့်အသားအတွက်ပဲ ပြည့်ပြည့်ဝဝပေးပြီး၊ ငါတို့အတွက် ချိုချိုတဲ့တဲ့ဆိုရင်တော့ မဖြစ်ဘူး၊ ငါတို့က ဒီအိမ်ကိုရောင်းမှာ အခုတားမယ်ဆီးမယ်အမေလည်း မရှိတော့ဘူး။ နင်လည်းတားဖို့ စိတ်မကူးနဲ့ နင်ကသူဌေး၊ နင့်အတွက် ငွေမလိုဘူးမဟုတ်လား၊ နင့်သားကို နင့်ဘာသာဘယ်လိုပဲ စီမံစီမံ၊ ငါတို့ကတော့ အမွေခွဲမပေးနိုင်ဘူး''

''နင်တို့ ဒီအိမ်ရောင်းပြီး ဘယ်မှာသွားနေကြမှာလဲ၊ ဒီအိမ်ကိုအဲ ရွေးပေးထားတာလေ''

''အဲဒါအမေက နင့်ဆီတောင်းဆိုတာ ငါတို့နဲ့မဆိုင်ဘူး၊ ငါတို့သည်း ငါတို့လက်ထဲမှာ ငွေများများကိုင်ပြီး သုံးချင်သေးတာပေါ့၊ နေစရာ အိမ်ငှားနေလို့ရတယ်၊ သေသွားရင် အဲဒီအိမ်ကြီးက ကိုယ့်နောက်ပါမှာလား၊ အခုအမေကိုပဲကြည့် အိမ်ကြီးယူသွားနိုင်လို့လား၊ နင့်ကိုအပူတပ်ပြီး ရွေးခိုင်းထားတဲ့ ဒီအိမ်ကြီးပေါ် ဘယ်လောက်ကြာကြာနေသွားနိုင်သို့လဲ''

''ဩော် . . ဒုက္ခပဲ''

အရက်သမားတွေ စကားကတကယ်ကိုတရားကျစရာပင်။ ကိုယ့်အတွက်လည်း ရည်ရွယ်ချက်မရှိ၊ သားသမီးအတွက် အနာဂတ် မဲ့။

လတ်တလော အဆင်ပြေဖို့တစ်ခုတည်းကြည့်နေသော လူတွေ ကို ဘယ်လိုများ တရားချလို့ရပါဦးမလဲ။

www.burmeseclassic.com



သား . . သားကိုလည်း မတွေ့ပါလား။ မိမိလာတာသိပါလျက် အနားကိုရောက်မလာတာ မိမိပြောထားသည့်စကားတွေကြောင့်များ လား။ မျက်ရည်တွေ မခမ်းခြောက်သေးသော မျက်ဝန်းများနှင့် သားကို ရှာမိချိန်မှာ ခန်းဆီးစအကွယ်လေးကနေ မိမိကိုကြည့်နေတာ မြင်တွေ့ လိုက်ရသည်။ သားလည်း ငိုထားသည့်ပုံပါ။

အဘွားဆုံးတာရော၊ ဦးလေးတွေပြောနေသည့်စကားတွေ ကြောင့်ရော သားလေးဘယ်လောက်များအားငယ်နေရှာမလဲ။ အမေနား မှာ အားရပါးရငိုပြီး သားဆီလျှောက်သွားမိသည်။ သားမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး လက်နှစ်ဖက်ဖြင့် ပွတ်သပ်မိလိုက်၏။

"မေမေ"

"သားလေး"

ပခုံးထက်မှာ မှီနွဲ့ငိုရှိုက်လိုက်သောသားကို ဖြေသိမ့်စရာ စကား လုံးရှာမတွေ့သေးပေ။ ဆို့နင့်မှုများဖြင့် သည်းထန်စွာ သားနှင့်အတူတူ ငိုရှိုက်ပစ်လိုက်မိ၏။ အတန်ကြာမှ သားမျက်ရည်တွေကို ပွတ်သပ်သုတ် ပေးပြီး အိပ်ခန်းထဲကိုခေါ်လာခဲ့၏။ ထရံကာအိပ်ခန်းကျဉ်းကျဉ်းလေးထဲ မှာ အဘွားနှင့်အတူတူ အိပ်ခဲ့သောသားက၊ အဘွားမရှိချိန်မှာ ဘယ်သူ့ ကို ဖက်တွယ်ပြီး အိပ်ရှာမလဲ။

"သား . . သားရယ်"

"မေ . . မေမေ အဘွားမရှိတော့ဘူး။ အဘွားမရှိတော့ဘူးဗျာ။ သားဘယ်သူနဲ့နေရမှာလဲ၊ ဘယ်သူ့ကိုအားကိုးပြီးနေရမှာလဲ၊ အဘွား သားကိုထားသွားပြီ"

"သားရယ် . . မေ့သားရယ်"

ပွေ့ဖက်ကာ သားလေးကျောပြင်ကို ပုတ်၍နှစ်သိမ့်သော်လည်း သားက ငိုနေဆဲပါ။ အတန်ကြာမှငိုတာရပ်သွားခဲ့ပြီး . . .

"လေးလေးတို့က ဒီအိမ်ရောင်းတော့မယ်ဆို သားဘယ်မှာ



သွားနေရမှာလဲ၊ ဘယ်သူနဲ့သွားနေရမှာလဲ မေမေ"

"မရောင်းရအောင် မေမေသူတို့ကို ငွေပေးလိုက်ပါမယ်"

"ဘယ်လောက်လဲမေမေ၊ ဘယ်လောက်ပေးပေး အရက်သမား လောင်းကစားသမားတွေအတွက် လောက်မှာမဟုတ်ဘူး၊ ဒါကုန်သွားရင် နောက်တစ်ခါ ဒီအိမ်ကိုထပ်ရောင်းဖို့ လုပ်ဦးမှာပဲ၊ ပြီးတော့ လေးလေးတို့ အနိုင်ကျင့်သမျှကို အဘွားရှိတုန်းက အဘွားကကာကွယ်ပေးတယ်၊ အခု အဘွားမရှိတော့ သားကိုဘယ်သူကာကွယ်ပေးမှာလဲ၊ မခံချင်စိတ်နဲ့တုံ့ပြန် မိရင် ဘုတ်၊ ဓားဆွဲပြီး ထောင်ထဲဝင်နေရဖို့ပဲရှိတယ်"

"သား"

"သား သူတို့နဲ့မနေချင်ဘူး မေမေ၊ ဒီအိမ်မှာနေတာတောင် ဒီလောက်ဖြစ်နေရင် သူတို့ငှားနေမယ့်အိမ်တို့ အခန်းတို့လိုက်နေရင် ဒီ ထက်ပိုဆိုးမှာ၊ သားသူတို့နဲ့ဝေးတဲ့ တစ်နေနေရာရာကိုထွက်သွားလိုက် တော့မယ်"

သဂါမောင်စကားကြောင့် ဒေါ်မြမြလွင် ဆတ်ဆတ်တုန်သွား ကာ ခေါင်းကိုကပျာကယာယမ်းလိုက်မိသည်။ သားလက်ကလေးကို လည်း ဖျစ်ညှစ်ဆုပ်ကိုင်မိလိုက်ကာ

"ဘယ်ကိုထွက်သွားမှာလဲ၊ ဘယ်ကိုသွားမှာလဲသား၊ ဒီအသက် ဒီအရွယ်လေးနဲ့ သားပျက်စီးသွားမှာပေါ့၊ သားပညာသင်ရဦးမယ်၊ ပညာ တတ်ကြီးဖြစ်ရဦးမယ်လေ၊ သားအင်ဂျင်နီယာကြီးဖြစ်ချင်တယ်ဆို၊ မေမေ ထောက်ပံ့ပေးမယ်၊ သားကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့အထိ မေမေလုပ်ပေးပါ့မယ် သားရယ်နော်"

"အဲဒီပညာလည်း မသင်ချင်တော့ပါဘူး၊ အဲဒီရည်မှန်းချက် မပြည့်ခင် သားထောင်ထဲရောက်သွားလိမ့်မယ်၊ လူတစ်ယောက်မှာ မခံချင် စိတ်၊ ဒေါသ၊ မောဟဆိုတာရှိပါတယ်၊ အမြဲတစ်ပြေသနာရှာနေတတ်တဲ့ လူတွေနဲ့ ဘယ်လိုအဆင်ပြေအောင်နေမလဲ မေမေ၊ ပြီးတော့ မေမေ

www.burmeseclassic.com

www.burmeseclassic.com



ပုံပိုးမှုတွေကို သားမလိုချင်ဘူး။ သားတို့ကိုထောက်ပံ့ဖို့အတွက် ဟိုကာက် မေမေမျက်နှာငယ်ငယ်နဲ့ ပေးဆပ်နေရတယ်၊ နှိမ့်ချခံနေရတယ်၊ ဖြစ်ချ သမ္မာဆန္ဒတွေ မျိုသိပ်နေရတယ်ဆိုတာ သားသိတယ်''

''သား။ ။ သားအဘွားကပြောပြတာလား''

''အဘွားပြောပြရုံတင်မဟုတ်ပါဘူး၊ မေမေ သားတို့ဆီမလာ တဲ့အကြောင်းအရင်း၊ သားကိုအသိအမှတ်မပြုရဲ၊ အဘွားကိုတောင် ပေါ်တင်တင်မတွေ့ရဲ ဒါတွေအားလုံးဟာ မေမေဘယ်လိုနေရတယ်ဆို အကြောင်းရင်းပဲ မဟုတ်လား''

''သားရယ်''

နားလည်မှုရှိသော သားရဲ့စကားများကြောင့် ရင်မှာနွေးသွာ သလို၊ ဝမ်းနည်းစိတ်လည်းဖြစ်သွားမိသည်။ ဒီသားအတွက် ဘာလုပ်ပေ ရမလဲ။ ဘာလုပ်ပေးနိုင်မှာလဲ။

''မေမေ''

''ဟင်။ ။ ဘာလဲသား''

''သားကို မေမေအိမ်ခေါ်သွားလို့ မရဘူးလားဟင်''

''ဟင်''

''မေမေတောင်နေရတာ မွန်းကျပ်တယ်ဆိုတာ သားသိပါတယ် ဘယ်လိုပဋိပက္ခတွေကို ရင်ဆိုင်နေရတယ်ဆိုတာ သားနားလည်ပါတယ် ဒါပေမဲ့ သားမေမေနဲ့နေပါရစေမေမေ၊ ဘယ်လိုအခြေအနေမျိုးနဲ့နေ နေရပါ''

''ဘယ်။ ။ ဘယ်လိုဖြစ်မှာလဲသားရယ်၊ သူတို့အသိုက်အဝန်းက ဘယ်လိုမှကိုလက်ခံမှာမဟုတ်ပါဘူး၊ မေမေ့မှာ သားညီလေးနဲ့ ညီမလေး ရှိနေတယ်လေ၊ သူတို့မျက်နှာငယ်ရရင် မေမေအပြစ် မေမေ့အမှားပဲဖြ မှာ၊ သူတို့ချစ်ခင်လေးစားမြတ်နိုးတဲ့မေမေက အရင်ယောကျ်ားရှိခဲ့ဖူးတယ် သားတစ်ယောက်ရှိခဲ့ဖူးတယ်ဆိုတာ သိရင်။ ။''





''မေမေ့သားအဖြစ်နဲ့မဟုတ်တဲ့ အလုပ်သမားတစ်ယောက်အနေ နဲ့ဆိုရင်ရော မေမေ''

''သား။ ။ သဂါမောင်''

''မေမေတို့ရဲ့အလုပ်သမားအဖြစ်နေပါ့မယ်၊ ဘာပဲခိုင်းခိုင်းလုပ် ပါ့မယ်၊ သားမှန်းမသိအောင်နေပါ့မယ်၊ မေမေ့မျက်နှာလေးကို မြင်နေရ ရင်တော်ပါပြီ၊ ကျေနပ်ပါပြီမေမေ''

''သားရယ်၊ သားဒီလိုလုပ်နိုင်တယ်ဆိုရင်တောင် မေမေကြည့် ရက် မမြင်ရက်ပါဘူး။ မေမေ့သားကို ဘဝအခြေအနေ မြင့်မြင့်မားမားကြီး နဲ့ ပညာတတ်ကြီးပဲဖြစ်စေချင်တာ၊ မိခင်မေတ္တာနဲ့ မေမေပေးဆပ်နိုင် သလောက် ပေးဆပ်ချင်တာပါသား။ သားဘဝအကောင်းဆုံးအခြေအနေ ရောက်မှ မေမေဝတ္တရားကျေတယ်၊ တာဝန်ကျေတယ်လို့ခံစားရမှာပါ၊ မဟုတ်ရင် မေမေပေးဆပ်ရကျိုးဘယ်နှစ်မှာလဲ သားရယ်''

သဂါမောင် လက်မခံနိုင်စွာ ခေါင်းယမ်းလိုက်ပြီး အကြည့်လွှဲ သွား၏။

''ဒါဆို ဒီလိုနေရင်း သားဘဝပျက်စီးလေလွင့်သွားရင် မေမေ နောင်တမရဘဲနေမှာလား မေမေ''

''သား။ ။ သားကဘာလို့''

''သားဘယ်သူ့ဆိုဆုံးမမှုတွေနဲ့ လိမ္မာရင့်ကျက်မှုတွေနဲ့နေရမှာ လဲ၊ ဘယ်လိုစံနှုန်းပါရမီတွေနဲ့ ပြဿနာရှာတဲ့သူတွေကို သည်းခံရမှာလဲ မေမေ၊ ဒီကထွက်သွားရင်ရော၊ သားဘဝကောင်းမှာပါလို့ ဘယ်သူက အာမခံနိုင်မှာလဲ၊ မမြင်ကွယ်ရာမှာ သားကိုမေမေဖြစ်စေချင်သလို ဖြစ် မယ်လို့ မေမေယုံကြည်နေသလား''

သားမေးတာကို ခေါ်မြမြလွှင်မဖြေနိုင်။ ဒီလိုဒုက္ခတောထဲမှာ ထားမိတာပါလားလို့ နောင်တတော့ရချင်သည်။ တော်ရုံတန်ရုံနာကျင်မှု နှင့် ဒီလိုဝေဒနာစကားတွေ ထွက်လာပါ့မလား။ မိမိထက်တောင် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းဆင်းရဲခဲ့ရှာမှာပါ။

''မေမေ . . သားကိုပစ်ချင်လို့ ပစ်သွားခဲ့တာမဟုတ်ပါဘူးကွယ် မေမေက မိသားစုအတွက်''

''ထပ်ခါထပ်ခါ မရှင်းပြလည်း မေမေ့ပေးဆပ်မှုတွေကို သား နားလည်ပါတယ်၊ သူများတွေလို ငါ့ကိုပစ်ပြီး နောက်ယောကျ်ားယူ နောက်သားသမီးမွေးပြီး ပျော်နေတယ်လို့လည်း အပြစ်မမြင်ပါဘူး၊ အ အမေတွေလုပ်သမျှ ငါ့ရဲ့ကံကြမ္မာပဲလို့ ဖြေသိမ့်နိုင်ပါတယ်။ ဒါကြော် လည်း မေမေထားတဲ့နေရာမှာ သားနေနေတာပဲလေ၊ ကလေးဘ ကတည်းက မေမေနဲ့နေချင်လို့ ဆန္ဒတွေပြင်းထန်ခဲ့ပေမယ့်၊ အဘွားရှိ လို့ သားအတင်းအကျပ်တောင်းဆိုခဲ့ဖူးသလား၊ အခုလည်းမဖြစ်မ မေမေ့အနားမှာ မေမေလို့ခေါ်ပြီး အသိအမှတ်ပြုခံချင်တာပါလို့ တောင်း နေတာမဟုတ်ပါဘူး၊ ဘယ်လိုဘဝမျိုးနဲ့နေရနေရ ကျေနပ်နေမယ့်ကော ပါ၊ အချိန်ကလေးပဲ ခိုခွင့်တောင်းတာပါ၊ မေမေ့မျက်နှာလေးကို မြင်နေ လေးပါ မေမေရယ်''

''သားရယ်''

သားကိုရင်မှာမွေ့ဖက်ပစ်လိုက်ရင်း ဒေါ်မြမြလွင်မျက်ရည်မဆယ် နိုင်ပါ။ သားစကားတွေက ရင်ကိုနင့်စေသည်။ အသည်းနှလုံးမွမွကြေ မတတ်ခံစားရ၏။

ဘဝရဲ့အဆိုးတွေမှန်သမျှ သားကိုခံစားနိုင်းမိခဲ့လေသလား သာ ကိုဖြေသိမ့်နှစ်သိမ့်နိုင်မည့် စွမ်းအင်တွေပေးသနားတော်မူပါ။

ဒီရင်မှာ ဒီအမေရဲ့ရင်မှာ ပူပြင်းလောင်မြိုက်လွန်းလို့ . . .

❁ ❁ ❁

# အခန်း (၂၂)

''သားလေး''

အမေရဲ့စျာပနကိစ္စမေခြချုပြီးသည်အထိ ဒေါ်မြမြလွင်မပြန်နိုင် သး။ အမူးသမားနှစ်ယောက်က အရက်ဝိုင်းနှင့် ပျော်ပျော်ကြီး ဖဲဝိုင်း ထောင်နေတာမို့၊ သားလက်ကိုဆွဲ၍ အခန်းထဲခေါ်လာခဲ့သည်။

''သားလေး အိပ်တော့လေ၊ တစ်နေကုန်ပင်ပန်းပြီး အစား သည်းမစားဘူး၊ အနားယူလိုက်တော့နော် သား''

သင်ဖြူးဖျာစုတ်လေးပေါ်မှာ စောင်ပါးလေးခင်း၍ သားကိုအိပ်ရာ က် လှဲစေလိုက်သည်။ ခေါင်းအုံးကသေးပြီး ခေါင်းအုံးစွပ်ကလည်း ညစ်ထေးနေသည်။ မိမိနေရသည့်ဘဝနှင့် အရမ်းကိုကွာခြားလွန်းသော သားဘဝက ဘယ်လောက်တောင်သနားစရာကောင်းလိုက်သလဲ။ သား အတွက်လုပ်ပေးဖို့ အမေကိုငွေလုံလောက်စွာ ပို့ပေးခဲ့သော်လည်း အမေ့ ကိုအနိုင်ကျင့် မှီခိုနေသော အရက်သမားတွေကြောင့် အမေဘာမှမတတ် နိုင်ခဲ့တာဖြစ်မည်။

''မေမေ''

''ဟင် . . သား''

''သားနဲ့အတူတူအိပ်ပါလားမေမေ၊ သားလေ ဟိုးငယ်ငယ်လေး ကတည်းက မေမေ့ရင်ခွင်ထဲမှာအိပ်ချင်ခဲ့တာ၊ မေမေ့ကိုဖက်ပြီး အိပ်ပျော်

www.burmeseclassic.com



ချင်ခဲ့တာပါ မေမေ''

''သားရယ်''

''ဒါပေမဲ့ အဘွားနဲ့ပဲအိပ်ခဲ့ရတယ်၊ မေမေနဲ့ပတ်သက်ရင် လေ... ထဲကမဖြစ်နိုင်တဲ့စိတ်ကူးယဉ်မှုတစ်ခုပဲ၊ အဲဒါသားရဲ့ကံကြမ္မာလားဟင်''

''လူ့ဘဝက ဆန္ဒနဲ့တစ်ထပ်တည်းမကျရင် ကံကြမ္မာကိုအပြစ်... ပုံချတတ်ကြတာပါပဲ၊ ဒါပေမဲ့ လူတွေရဲ့လောဘ၊ ဒေါသ၊ မာန်မာန... ကြောင့်လို့ မေမေထင်တယ်၊ မေမေသာသားအဖေကိုသည်းခံပေါင်းသင်း... နေခဲ့မယ်ဆိုရင် မေ့သားလေးဒီလို ခံစားရမှာမဟုတ်ဘူး မဟုတ်လား... သားရယ်''

''ဖေဖေကို မေမေကွဲခဲ့တာမမှားပါဘူး၊ နောက်အိမ်ထောင်ပြုပြီး... ဒီလိုဘဝမျိုးနဲ့နေနိုင်တာလည်း မမှားပါဘူး၊ မေမေက မိသားစုအတွက်... ပေးဆပ်ခဲ့တာပဲလေ၊ ဖေ..ဖေဖေလည်း နောက်ဆုံးအချိန်မှာ သား... အပေါ် ဖခင်ဝတ္တရားကျေဖို့ ကြိုးစားခဲ့ပါသေးတယ်၊ ဖေဖေကိုရော မေမေ့... ကိုရော သားအပြစ်မမြင်ပါဘူးမေမေ''

''သားရယ်..မိဘကိုပြစ်မှားစော်ကားတာမျိုးမလုပ်တဲ့အတွက်... သားဘဝ ဒီအတိုင်းမနေပါဘူး၊ ဝဋ်ကြွေးရှိသရွေ့ပေးဆပ်ပြီးရင် သား... ဘဝလေးကောင်းစားလာမှာပါ''

ဖြေသိမ့်ရင်းဖြင့် သားအနားမှာ ဝင်လှဲလိုက်သည်။ ပြီးတော့ မိမိလက်မောင်းပေါ်မှာ သားခေါင်းလေးကိုမတင်လိုက်ကာ ရင်ခွင်မှာ ဖက်ပွေ့ထားလိုက်၏။ ခဏကြာတော့ မိမိလက်မောင်းလေးမှာ စိုစွတ်လာ တာ သတိထားမိလိုက်သည်။

''သား..သားငိုနေတာလား''

''သားဒီလိုလေးနေချင်တာ ဆန္ဒပြည့်သွားလို့ပါ မေမေ၊ နောက် တစ်ခါဒီလိုမျိုး မေမေ့ရင်ခွင်မှာ အိပ်ဖို့အခွင့်အရေးမရှိတော့တာအတွက် လည်း ဝမ်းနည်းမိတယ်''



''သားရယ်''

''သားဒီလိုနေခွင့်မရလည်း မေမေ့မျက်နှာလေးကို မြင်နေရရုံ... ကျေနပ်နိုင်ပါတယ်၊ မေမေအိမ်ကိုလိုက်နေပါရစေနော်''

''မေ..မေမေကြိုးစားကြည့်ပါ့မယ်သား၊ ကိုလွင့်ကို မေမေ ...ပြောကြည့်ပါ့မယ်''

''ပြောကြည့်ဦးမယ်ဆိုတာ မသေချာသေးဘူးလို့ ပြောတာလား၊ ...မေ၊ သားမေမေကို အကျပ်ကိုင်တာတော့မဟုတ်ပါဘူး၊ သားကတော့ ...လေးတို့နဲ့မနေနိုင်ဘူး၊ မေမေမခေါ်ရင် တခြားနေရာကို ဘာဖြစ်ဖြစ် ...ထွက်သွားမှာပါ''

သားရဲ့စကားကိုခြိမ်းခြောက်မှုလို့ မထင်ပါ။ သားလိမ္မာလေး ...ခုဖြစ်သွားမှာပဲ စိုးရိမ်တာ။ ကိုယ့်တက်ကငွေတစ်ခုတည်း ဖြည့်ဆည်း ...နဲ့သားဘဝလုံခြုံမှာလား။

မိဘနှင့် ကင်းကွာနေသော သားဘဝအမှားတွေအများကြီး ဖြစ် ...နိုင်ပါသည်၊ ဒါဆိုလျှင် တစ်သက်လုံးနောင်တရယူကျုံးမရဖြစ်ရမှာ ... မိမိဘာလုပ်ပေးနိုင်မလဲ။

သားကို ရင်ခွင်မှာပွေ့ဖက်ထားရင်း တစ်ညလုံးဘယ်လိုဆုံးဖြတ် ...မလဲ စဉ်းစားလို့မရနိုင်။ ပြတ်ပြတ်သားသားဆုံးဖြတ်မှ သားကိုကယ်တင် ...ရောက်မှာပါ။ မိခင်ကောင်းပီသဖို့ ဘာတွေလုပ်ရမလဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဘာ. . မင်းဘာပြောတယ်မြ၊ မင့်သားကို အိမ်ခေါ်မယ် ဟုတ်လား"

"ဟုတ်တယ်ကိုလွင်"

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲမြ၊ မင်းနဲ့ဆက်နွယ်သမျှ ဒီအသိုက်အဝန်းကြားမှာပတ်သက်လို့မရဘူးဆိုတာ မင်းနားမလည်ဘူးလား။ ဟင် မြမြလွင်"

ဦးဝေလွင် ဒေါသတကြီးအော်လိုက်တာကြောင့် ဒေါ်မြမြလွင် အသည်းတဆတ်ဆတ်နာသွားသည်။ ဒီယောက်ျားကို မိမိရဲ့အားနည်းချက်တွေကြောင့် ကျိုးနွံစွာသံသည်းခံပေါင်းသင်းခဲ့ရတာပါ။

ကိုယ့်ဘက်ကိုလိုက်လျောမှုတွေရှိခဲ့တာကြောင့် တစ်ကိုယ်ကောင်းဆန်သည့်လူလို့လည်း မစွပ်စွဲချင်။ ပြီးတော့ သားသမီးနှစ်ယောက်ရဲ့ဖခင်မို့ ပြဿနာရှာတိုက်ခိုက်နေတာမျိုးလည်း မလုပ်ချင်ပါ။

အတတ်နိုင်ဆုံးကျိုးနွံခယပြောကြည့်လို့မရဘူးဆိုမှသာ. .

"သဂါမောင်ကလည်း ကျွန်မရဲ့သားတစ်ယောက်ပါ ကိုလွင်အရင်က သူ့အဘွားနဲ့နေလို့ရတယ်၊ အခုအဘွားဆုံးသွားတော့ သူ့အတွက်ခိုကိုးရာမရှိဖြစ်သွားပါတယ်၊ အရက်သမားဦးလေးတွေနဲ့က ဘယ်လိုမှနေလို့မဖြစ်တာပါ၊ မူက်ကွယ်ရာမှာ သားတစ်ခုဖြစ်သွားရင် ရှင်





ကျိုးရမှာ၊ ပြီးတော့ ရှင်နဲ့လက်ထပ်မိတာကိုလည်း ကျွန်မနောင်တရမိမှာအမှန်ပဲ"

"မြ"

"မိသားစုအတွက် ပေးဆပ်ခဲ့တာဆိုပေမယ့် ရှင့်ကိုလက်ထပ်ခဲ့လို့ မိသားစုဘဝလေးရတာကို ကျွန်မအခုထိ နောင်တမရမိသေးဘူး၊ ဒါပေမဲ့ ကျွန်မသားလေးသဂါမောင် တစ်ခုခုဖြစ်မယ်ဆိုရင်တော့ ဒီအိမ်ထောင်ရေးကို ကျွန်မအရမ်းကို စိတ်ပျက်စိတ်ကုန်သွားမိမှာပါ"

"မင်းကိုယ့်ကိုအကျပ်ကိုင်တာလား၊ ခြိမ်းခြောက်နေတာလား မြ အခုဒီကိစ္စကို မဖြစ်မနေလိုက်လျောပေးမှဖြစ်မယ်လို့ပြောနေတာလား"

"ရှင်ယူဆချင်သလိုသာ ယူဆပါတော့ ကိုလွင်၊ မိခင်ဆိုတာက ဖခင်တွေထက် သားသမီးအပေါ် မေတ္တာတရားကြီးမားကြပါတယ်၊ ရှင်လည်းဖခင်တစ်ယောက်ပဲ၊ ကိုယ့်သားသမီးအတွက် အဲလောက်တွေးတတ်မယ်ဆိုရင် ကျွန်မသားအပေါ်လည်း ကိုယ်ချင်းစာပေးစေချင်တယ်"

ဦးဝေလွင် ကျွတ်ခနဲနှုတ်ခမ်းဖျားမှအသံမြည်သွားလျက် ခေါင်းယမ်းသည်။ မဖြစ်နိုင်တာကို ဒီမိန်းမခြိမ်းခြောက်ပြီး ဖွတ်ပြောနေရတာလဲ။ အသုဘသွားသည့်ကိစ္စ လိုက်လျောလိုက်လို့ အတင်းအကျပ်ခြိမ်းခြောက်သည့်အဆင့်ထိရောက်တက်လာတာလား။

တက်ဂဇ်ချက်ခေါက်မိသွားကာ. .

"မင်းကိုယ့်ကိုခေါင်းစားနေတာပဲမြ၊ ငါက ဖခင်တစ်ယောက် မင်းနဲ့ပတ်သက်တဲ့သူတစ်ယောက်ဆိုပေမယ့်၊ ကိုယ့်သားသမီးထက်ပိုပြီး ဦးစားမပေးနိုင်ဘူး၊ ဒီကိစ္စဖေဖေသိလို့ စိတ်ဆိုးသွားရင် ငါရော မင်းရော ကလေးတွေဘဝရော ဘာဖြစ်သွားမယ်ထင်လဲ၊ အသိုက်အဝန်းကြားမှာ အရှက်ရအောင် လုပ်တယ်ဆိုပြီး အနာဂတ်တွေပါပျောက်သွားမှာ"

"သူ့ကိုကျွန်မသားအဖြစ်နဲ့ခေါ်လာမှာမဟုတ်ပါဘူး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ အိမ်ဖော်လိုနေတယ်လေ၊ သားကလည်း ယောကျ်ားလေးအိမ်ဖော်ခေါ်ပါလားလို့ အကြံပေးထားတယ်၊ အမေသေတဲ့ကိစ္စမှာလည်း အိမ်ဖော်သွားရှာတာလို့ ပြောထားတယ်၊ အဲဒီအတွက်"

"မြ . . မင်းဘာတွေစိတ်ကူး"

"ကျွန်မသားက ကျွန်မမျက်စိအောက်မှာနေချင်တယ်၊ ကျွန်မကလည်း သားကိုကျွန်မမျက်စိအောက်မှာထားရမှ စိတ်ချနိုင်မယ်၊ အဲဒါကြောင့်"

"မင်းသဘောက မင့်သားကို ဒီအိမ်မှာအိမ်ဖော်လုပ်ခိုင်းမယ်ပေါ့"

မတတ်သာလို့ခေါင်းညိတ်ပြလိုက်ရပေမယ့် ရင်မှာမချိပေ။ ကိုယ့်သားကို ဒီလိုနေရာမှာထားဖို့ ဘယ်လိုမိခင်က စိတ်ကူးရဲမှာလဲ။

ဒါပေမဲ့ ဒီလိုလုပ်မှအဆင်ပြေမည့်အခြေအနေမို့ ဦးဝေလွင်ကိုသာရအောင် ဖျောင်းဖျဖို့ရှိတော့သည်။ ဦးဝေလွင်က မယုံနိုင်အောင်အံ့သြနေသည့်ပုံစံနှင့် . . .

"မင်း . . မင်းသူ့ကို အဲလိုပုံစံမျိုးနဲ့ထားရတော့ စိတ်ချမ်းသာမှာမို့လား မြ"

"စိတ်တော့ချရမှာ သေချာတာပဲလေ၊ ကျွန်မမျက်စိရှေ့မှာ မြင်နေရမှာဖြစ်တဲ့အတွက် ပျက်စီးလေလွင့်သွားမှာ မစိုးရိမ်ရတော့ဘူး၊ သားက ကျွန်မ ဒီအိမ်မှာနေရတဲ့အခြေအနေကိုသိနေရတဲ့အတွက် သူဘယ်လိုနေရမယ်ဆိုတာ နားလည်ပါတယ်"

ဦးဝေလွင် သက်ပြင်းချမိရင်း၊ ဒေါ်မြမြလွင်ကို ဘယ်လိုနားလည်ရမှန်းမသိဖြစ်နေမိသည်။ သားကိုအိမ်ဖော်လုပ်ခိုင်းမယ်ဆိုတာ ဟုတ်ပါ့မလား။ သံယောဇဉ်ကြောင့် သွေးသားစိတ်ကြောင့် မခိုင်းရက်မပြုရက်နှင့်သတိထားမိသွားကြလျှင် ဘယ်လိုလုပ်မလဲ။

"မြ . . မြပေါ့ပေါ့တွေးပြီးပြောနေတယ်လို့ ကိုယ်ထင်တယ်၊ အိမ်



ဖော်အဖြစ်နဲ့ရောက်လာရင် အိမ်မှုကိစ္စ၊ အိမ်အလုပ်တွေ အကုန်လုပ်ရမှာ၊ မင်းရဲ့သားဖြစ်နေတဲ့အတွက် မင်းမြင်ရက်ကြည့်ရက်မှာလား၊ သံယောဇဉ်ကြောင့် ငဲ့ညှာရင်းနဲ့ ဖေဖေရော ကလေးတွေရော သတိထားမိသွားရင် ပြဿနာကို မင်းဘယ်လိုရှင်းမှာလဲ မြ"

"ကျွန်မကိုယ့်ကိုယ်ကိုယ် အဲလိုမဖြစ်အောင် သတိထားပါ့မယ်၊ ကြိုးစားပါ့မယ်၊ သားတခြားလမ်းကြောင်းမှားမသွားဖို့ ပျက်စီးမသွားဖို့ပြီးတော့ ကျွန်မအရိပ်အောက်မှာနေချင်တဲ့ သားဆန္ဒပြည့်ဝဖို့အတွက် ကျွန်မဒီလောက်တော့ နာကျင်ခံနိုင်ရမယ်မဟုတ်လား၊ သားကလည်း ဒီလိုနေပါ့မယ်လို့ ကတိပေးထားတဲ့အတွက် ရင်စိုးရိမ်စရာကိစ္စမျိုးဖြစ်လာမှမဟုတ်ပါဘူး၊ ကျွန်မအာမခံနိုင်ပါတယ်"

"မြရာ . . ကိုယ်ဘယ်လိုပြောရတော့မှာလဲ"

ဒီမိန်းမကိုချစ်သည့်စိတ်နှင့် ဒီကိစ္စကိုလက်ခံပေးရဦးတော့မည်ထင်သည်။ ဒါပေမဲ့ ပြဿနာဖြစ်နိုင်တာကိုတော့ တင်းတင်းကျပ်ကျပ်ကိုင်တွယ်လို့မဖြစ်။

"မင်းအာမခံတယ်ဆိုတာ တစ်သက်လုံးဖြစ်နိုင်မှာလား မြ၊ အကြောင်းကိစ္စတစ်ခုခုဆိုရင် ကိုယ်ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး"

"ဘာကိုပြောတာလဲ"

"သားအမိနှစ်ယောက်ရဲ့သံယောဇဉ်ကို ငါ့အဖေနဲ့ ငါ့ကလေးတွေ ပြီးတော့ ငါ့အသိုက်အဝန်းသတိထားမိသွားမှာမျိုးပေါ့"

"ကျွန်မကတိပေးတယ် ကိုဝေလွင်၊ အဲဒီလူတွေရှေ့မှာ ကျွန်မနဲ့သားရဲ့ဆက်ဆံရေး သူစိမ်းလိုဖြစ်နေရမယ်လို့ ကျွန်မကတိပေးပါ့မယ်၊ မွေးခဲ့ရထားတာလည်း ကျွန်မရဲ့ရင်သွေးကလေးတွေပဲ၊ ကျွန်မကလေးတွေကို ကျွန်မထိခိုက်အောင်မလုပ်ပါဘူး"

အာမခံရဲနေတာကို ယုံသင့်လား၊ မယုံသင့်လား ဦးဝေလွင်ဝေခွဲရခက်နေသည်။ ကိုယ့်ဇနီးမယားဖြစ်သော မြမြလွင်ကို မယုံသကာ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ချင်ပေမယ့်၊ သွေးသားသံယောဇဉ်ဆိုတာ မေတ္တာတရားတွေနှင့် ဖွဲ့စည်းထားတာမဟုတ်ပါလား။

သက်ပြင်းတွေမှုတ်ထုတ်ရင်းက ရင်မှာပို၍လေးလံနေမိသည်။ အပျိုစင်မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားက ကလေးတစ်ယောက်အမေကို စွဲလမ်းစွာလက်ထပ်မိသော ကိုယ့်ကိုယ်ကိုယ်နောင်တရမိသည်။ ဒါပေမဲ့လည်း အဆုံးမသတ်ချင်ပါ။

သားနဲ့သမီးတောင်အရွယ်ရောက်လာပြီဆိုတော့ ငြိတွယ်မှုတွေလည်း သက်တမ်းရင့်လာခဲ့ပြီ မဟုတ်ပါလား။

"ကိုယ်တစ်ခုတော့ အလေးအနက်တောင်းဆိုချင်တယ် မြမြလွင်၊ မင်းပေးတဲ့ကတိ၊ မင်းအာမခံတာတွေ ဘာအကြောင်းနဲ့မှ ပျက်စီးမသွားပါစေနဲ့၊ ကိုယ့်ဘက်ကလိုက်လျောမှုတွေကို မင်းနားလည်စေချင်တယ်၊ ဒီအချိန်ထိ မင်းမိသားစုကို လိုလေသေးမရှိ မငြိုမငြင်ထောက်ပံ့ခဲ့တဲ့ ကျေးဇူးတရားတွေကို သိစေချင်တယ်၊ နောက်လည်းထောက်ပံ့မှုတွေ ကင်းဦးမှာမဟုတ်တဲ့အတွက်..."

"ဟုတ်တယ်၊ ကျွန်မမောင်တွေနဲ့ မိသားစုရှိသေးတယ်၊ ကျွန်မမသေခင်အချိန်ထိ သူတို့မှီခိုနေကြဦးမှာပဲ၊ အရင်လောက်မဟုတ်တောင် အခွင့်အရေးကလိုချင်နေကြဦးမှာ၊ အဲဒီအတွက် ကျွန်မဘက်ကပေးဆပ်နေရဦးမယ်၊ အနစ်နာခံနေရဦးမယ်ဆိုတာ ကျွန်မသိတယ်၊ ကျွန်မရှင့်ကို လင်သားတစ်ယောက်အနေနဲ့တင်မဟုတ်ဘဲ၊ ကျေးဇူးရှင်တစ်ယောက်အနေနဲ့ပါ၊ လေးစားကျေးဇူးတင်နေပါမယ်၊ ပြီးတော့ သားနဲ့သမီးအတွက် ကျွန်မမိခင်ကောင်းတစ်ယောက်အဖြစ် သူတို့တစ်သက်လုံး လေးစားအောင်နေသွားပါမယ်"

လေးနက်တည်ငြိမ်သော စကားတွေဖြစ်ပါစေဟု ဆုတောင်းနေရုံသာရှိတော့မည် ထင်သည်။ ဒီမိန်းမကိုချစ်မိမှတော့ ဘယ်လိုလုပ်တော့မလဲ။ သားတစ်ယောက်ကို အိမ်ဖော်လိုထားမည့် မိန်းမတစ်ယောက်ရဲ့နှလုံးသားဘယ်လောက်မာကျောမလဲဆိုတာ စောင့်ကြည့်ရပေတော့မည်။



မင်းဘယ်လိုမိန်းမလဲ၊ ဘယ်လိုမိခင်မျိုးလဲ မြမြလွင်။

ငါလည်း ငါ့သားသမီးတွေအတွက်ဆိုရင် နည်းနည်းမှအစွန်းမခံ၊ ဆတ်ဆတ်ထိမခံ၊ အထိနိုက်မခံ၊ အမှားအယွင်းမခံတဲ့ဖခင်ကောင်းတစ်ယောက်ဆိုတာ...။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

''ဟင်. . . နင်. . . နင်က နင့်အမေအိမ်ကို အိမ်ဖော်သွားလုပ်မယ် ဟုတ်လားသဂ်ီ၊ နင်ဘာအရူးထတာလဲ၊ ဘယ်လိုစိတ်ကူးနဲ့လဲ နင်ဘယ်လိုစိတ်ကူးလိုက်တာလဲ သဂ်ီရယ်၊ ပြောပါဦး''

''ဦးလေးတို့က အိမ်ရောင်းပြီး သူတို့နှစ်ယောက်ခွဲယူကြတော့ မယ်၊ ငါက ဘယ်သူနဲ့နေရမှာလဲ''

''နင့်ဦးလေးတစ်ယောက်က လူပျိုကြီးမဟုတ်လား၊ သူနဲ့အတူ တူနေပေါ့''

''အရက်သမားတွေက သူတို့အချင်းချင်းတော့ စည်းလုံး တယ်ဆိုတာအမှန်ပဲ၊ အစကသာ ရန်စောင်ပြီးမတည့်သလိုဖြစ်နေတာ အခု သူတို့နှစ်ယောက်က အဲဒီအိမ်ကိုရောင်းပြီး အကုန်အကျများမှာ လို့ အိမ်သေးသေးတစ်လုံးငှားပြီး အတူတူနေကြမှာ၊ အိမ်ကျယ်ရင်တော့ သူတို့နဲ့ လိုက်နေလို့မဖြစ်တာ နင်သိပါတယ်၊ ငါ့ကိုကာကွယ်ပေးမယ့် အဘွားမရှိတော့ဘူးလေ၊ ပြီးတော့ အမေနဲ့နေချင်တယ်၊ အမေကို တွေ့ပြီး အမေ့အရိပ်ကိုနေရဖို့အတွက် ဒီနည်းလမ်းတစ်ခုပဲရှိတာ နှင်းသာ''

''သဂ်ီရယ် အဓိပ္ပာယ်မရှိတာ''

နှင်းသာဖြူလက်ခံရခက်နေသလို ခေါင်းယမ်းလိုက်သည်။ ဒီ လုပ်လိုက်လျှင် သူမနှင့်အရင်ဆုံးခွဲရမှာမဟုတ်ပါလား။ ဒါပေမဲ့ မိခင်



သွားနေမည့် သူတစ်ယောက်ကို ဘယ်လိုချုပ်ကိုင်လွှမ်းမိုးမှုတွေနှင့် တားဆီးရမှာလဲ။

သူငယ်ချင်းအဆင့်တက်ကျော်လွန်သော ပတ်သက်မှုမျိုးမှ မဟုတ်သေးတာ။

''သဂ်ီ''

''ဟင်''

''နင်ဆုံးဖြတ်ပြီးပြီလား''

''မေမေက သူ့ယောက်ျားကိုပြောပြီးလို့ ငါ့ကိုလှမ်းခေါ်နေပြီ၊ ငါက နင့်ကိုအသိပေးနှုတ်ဆက်ချင်သေးလို့ပါ''

''ပညာရေးကိုလက်လွှတ်ဆုံးရှုံးခံလိုက်တော့ နင့်ဘဝအတွက် ဘာတွေတိုးတက်မှုရှိမှာလဲ''

''အဆင်ပြေမယ့်လမ်းကို ငါ့မှာရွေးချယ်ခွင့်မှမရှိတာဟာ၊ ငါ့ဘဝ အတိမ်းအစောင်းကို ဘယ်သူကတည့်မတ်ပေးမှာလဲ၊ ငါ့မှာမေမေကလွဲရင် အတွယ်အတာသံယောဇဉ်မရှိတော့ဘူး''

ငါကရောလို့ မေးလိုက်ချင်ပေမယ့် နှုတ်ကမရဲ။ မချိပြုံးပဲ ပြုံး ယိုက်ရကာ. .

''နင့်အမေဆီသွားတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ တခြားမိသားစု ကြား ဒီအလုပ်ကြီးလုပ်ပြီးနေရမှာ နင်မသိမ်ငယ်ဘူးလား သဂ်ီ''

''အိမ်မှာနေရတော့ရော ငါ့ဘဝက ဘာတွေမြင့်မားနေလို့လဲဟာ၊ ဦးလေးတွေ အရက်ဝယ်ခိုင်းတာလည်း ဝယ်ပေးရတယ်၊ ဦးလေး မိန်းမ က ဈေးဝယ်ခိုင်းရင် ဝယ်ပေးရတယ်၊ ဟင်းကျချက်ခိုင်းရင် ချက်ပေးရ တယ်၊ အဘွားရှိတုန်းက အိမ်သန့်ရှင်းရေးလုပ်တာ၊ အဘွားလက်တို ဆက်တောင်းခိုင်းတာ အကုန်လုပ်ပေးခဲ့ရတာပဲ။ အဆူအဆဲခံရ အတိုး အကြိတ်ခံရနဲ့ သူစိမ်းတွေနဲ့နေရမှာထက် နိမ့်ကျခဲ့ပါတယ်''

''နင့်အမေနဲ့နေချင်လို့ ဆင်ခြေပေးတယ်လို့တော့ ငါထင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူးဟာ၊ နင့်အခြေအနေကို ငါသိနေခဲ့တာပဲ၊ ဒါပေမဲ့ သားတစ်ယောက် အဖြစ် အသိအမှတ်ပြုမခံရဘဲနေရမှာ နင်ခံစားနိုင်ပါ့မလား''

''ကြိုတွေးပြီးသားကိစ္စတစ်ခုအတွက် ထူးပြီးရင်နင့်ရမှာတော့ မဟုတ်ပါဘူး၊ ငါမေမေ့ကိုချစ်တယ်၊ အဲဒီအတွက် ငါတောင့်ခံနိုင်မှာပါ''

''သင်္ဂါရယ်၊ နင်ငါ့ကိုခွဲသွားနိုင်တယ်ပေါ့နော်''

မနေနိုင်လွန်းလို့ လွှတ်ခနဲထွက်သွားတော့ သူမပခုံးလေးကို သင်္ဂါ မောင် ဖွဖွလေးဖက်ဆုပ်ကိုင်ရင်းနှင့် မျက်နှာလေးကို ဆွေးမြေ့စွာကြည့်၏

''နှံ့သာ. . နင်ငါ့ကိုစိတ်ပျက်သွားတာလား''

''ငါ့မေးခွန်းက အဲလိုသက်ရောက်နေလို့လား သင်္ဂါ၊ နင်နဲ့ငါက အတူတူကြီးပြင်းခဲ့တာပါ၊ အခြေအနေချင်း နည်းနည်းကွာခြားတယ်ဆိုပေ မယ့်၊ ငါနင့်ကိုခွဲခြားခဲ့လို့လား''

''အဲဒီအတွက် ငါကနင့်ကိုကျေးဇူးတင်နေတာပါ၊ ငါ့အတွက် အနားမှာ အဖော်အဖြစ်ရှိနေပေးတယ်၊ ဖြေသိမ့်တယ်အားပေးတယ်၊ ငါ နင့်ကို အရမ်းချစ်နေမိပါတယ် နှံ့သာ၊ ဒါပေမဲ့ နင့်ဆီကအဖြေကို ငါမယူ ချင်သေးဘူး၊ မပြည့်စုံသေးတဲ့အခြေအနေဆိုတော့ နင့်ကိုတန်ဖိုးမထားရာ ရောက်မှာစိုးလို့ပါ၊ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်လိုရပ်တည်ရမှန်း မသိ သေးဘဲ၊ နင့်ကိုအာရုံမစားစေချင်ဘူး၊ တကယ်လို့တက္ကသိုလ်မှာ အစ အရာရာပြည့်စုံချမ်းသာတဲ့သူနဲ့ဆုံခဲ့ရင် ငါ့ကိုအားနာမနေပါနဲ့''

''သင်္ဂါ''

ပခုံးပေါ်က လက်ကလေးကိုဖြုတ်ချပြီး ပြောလိုက်တော့ နှံ့သာ ဖြူ ဝမ်းနည်းစိတ်လေးဖြစ်သွားမိ၏။ သင်္ဂါမောင် မျက်ဝန်းများက ရီဝေ ဆွေးမြေ့နေသည်။ သူ့ဘဝအတွက် အားငယ်နေခြင်းဖြစ်ဟန်တူ၏။

ချစ်တယ်လို့အပြောခံရပြီး သူမဆီက အချစ်ကိုမတောင်းခံသော ယောကျ်ားတစ်ယောက်ကို သူမဘာကြောင့် လေးလေးနက်နက်ဖြစ်နေ တာလဲ။



''ဒါလေး နင့်လက်မှာပတ်ပေးမယ်နော်''

''ဟင်''

''ဖန်စီလက်ပတ်ကြိုးလေးပါ၊ ငါတို့ဆယ်တန်းအောင်တဲ့နေ့က ဘယ်မှလည်းမသွားဖြစ်လိုက်ဘူး၊ နင့်ကိုလက်ဆောင်ဝယ်ပေးမယ်ဆိုတာ သည်၊ မပေးလိုက်ရဘူး၊ ဒါက ငါ့ရဲ့အမှတ်တရပါ၊ နင့်အနားမှာငါရှိတယ် လို့ သဘောထားပေါ့ သင်္ဂါ''

လက်မှာပတ်ပေးလာသော အနက်ရောင်ဖန်စီလက်ပတ်ကြိုး လေးကို မြတ်နိုးစွာ အုပ်မိုးကိုင်ကြည့်ရင်း တစ်ခုခုပိုင်ဆိုင်လိုက်ရသလို ခံစားမိလိုက်၏။ နှံ့သာဖြူလက်ကလေးကို ဆုပ်ကိုင်ဖျစ်ညှစ်မိရင်း

''ကျေးဇူးတင်ပါတယ် နှံ့သာ၊ ငါတို့တွေ့ဆုံဖြစ်ကြဦးမယ်လို့ မျှော်လင့်ပါတယ်''

''နင်အချိန်ရတဲ့အခါ ငါတို့ကျောင်းကိုလာလည်ပေါ့ဟာ၊ ငါနင့် ကို ခဏခဏ သတိရနေဖြစ်မှာပါ''

''ငါကတော့ အမြဲတမ်းပေါ့၊ ငါ့အတွက်အဖိုးမဖြတ်နိုင်တဲ့ အမှတ် တရတွေပေးနိုင်တဲ့သူက နင်တစ်ယောက်ပဲရှိတာ''

''အဲဒီစကားလေးနဲ့တင် ငါကျေနပ်နေပါပြီဟာ၊ နင့်ဘဝ အဆင် ပြေပါစေ၊ နွေးထွေးတဲ့မိသားစုဘဝလေးကိုရပါစေ''

''ပေးတဲ့ဆုနဲ့ပြည့်ချင်ပါတယ် နှံ့သာ''

ခွဲခွာခြင်းများက သံယောဇဉ်များဖြင့် နောက်ဆံတင်းလို့နေ သည်။ နှလုံးသားက တောင်းတမှုများကို ဘဝပေးအခြေအနေတွေကြောင့် ဆင်ခြင်နေရ၏။

ဘဝမလှသည့်သူက အချစ်ကံလည်းမကောင်းနိုင်ဘူးလား။ နှလုံးသားလေးက ရေတိမ်နစ်လုလုပါ။ နင့်ရဲ့အမှတ်တရလေးကို ငါတစ် သက်လုံးတန်ဖိုးထားပါမယ် နှံ့သာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

''သူက သင်္ဂါမောင်တဲ့၊ ဒီအိမ်မှာ အလုပ်လုပ်မယ့်သူပဲ၊ မှတ်
ထားကြနော် သားနဲ့သမီး။ မေမေ သူကယောက်ျားလေးဆိုတော့ မေမေ
နိုင်းချင်နိုင်းဖို့ အားမနာရဘူးပေါ့၊ ကျိုးကျိုးနွံနွံလုပ်မယ့်သူပါ''

မိတ်ဆက်ပေးလာတော့ အားလုံးရဲ့မျက်လုံးက သင်္ဂါမောင်ဆီ
ရောက်လာသည်။ သင်္ဂါမောင် ဘယ်သူ့ကိုမှမျက်လုံးလှန်မကြည့်ရဲပါ
မေမေ့မိသားစုအသစ်ဆိုသောအသိက လူကို သိမ်ငယ်စေသည်။ လက်
လျှင် မေမေနှင့် ဝေးရမှာကြောက်လို့ပါ။

ဒါကြောင့် ပိုပြီးကျိုးနွံစွာ နေတတ်ထိုင်တတ်ဖို့ ပြင်ဆင်ဆုံးဖြတ်
လာခဲ့သည်။

''မင်းအသက်ဘယ်လောက်လဲ''

''ဗျာ..ဟို ဆယ့်ရှစ်နှစ်ထဲရောက်နေပါပြီ''

''မင်းမိဘတွေကရော''

''မရှိတော့ပါဘူး။ ကျွန်တော်အဘွားနဲ့နေတာပါ၊ အဲ..အခု
အဘွားဆုံးသွားလို့''

''ယောက်ျားလေးဖြစ်ပြီး ဒီလိုအိမ်ဖော်အလုပ်ကိုလုပ်ဖို့ ဆုံးဖြတ်
တာလဲ''

''ဗျာ..ဟို''



''ယောက်ျားလေးတွေအတွက် တခြားအလုပ်တွေ လုပ်စရာ
များကြီးရှိတယ်မဟုတ်လား။ မင်းတို့လို အခြေခံလူတန်းစားတွေအတွက်
အထောက်အပံ့ပိုးမှုမရှိရင်တောင် ဆိုက်ကားနင်းမလား၊ ပန်းရံလက်သမား၊ ပြီး
တော့ ဈေးရောင်း၊ အကုန်လုပ်လို့ရတာတွေ အများကြီးပဲ၊ ဒီအိမ်ဖော်
အလုပ်ကို ရွေးချယ်တာက ဘာကြောင့်လဲ''

ဦးဘုန်းမြင့်ရဲ့မေးခွန်းက သူ့ကိုဖြေရခက်စေသည်။ ဦးဘုန်းမြင့်
က ဘာကြောင့်ဆိုပြီး သံသယဖြစ်တာမျိုး မဟုတ်လောက်ပေမယ့်
ယောက်ျားလေးက အိမ်ဖော်လုပ်မှာကို စိတ်ဝင်စားနေတာဖြစ်မည်။ မေမေ
ကတော့ မျက်နှာမကောင်းပါ။ ဦးဝေလွင်ကလည်း သူ့အဖြေမှားမှာကို
စိုးရိမ်နေဟန်ရှိသည်။ မဝံ့မရဲဖြင့် ဦးဘုန်းမြင့်ကိုမော့ကြည့်ကာ..

''ကျွန်တော်အတွက် လုံခြုံမှုရှိမယ့်ပတ်ဝန်းကျင်ကောင်းလိုနေ
လို့ပါ။ ဦးလေးအရက်သမားတွေနဲ့နေရတာ၊ ကျွန်တော်လူဆိုးလူသွမ်း
တစ်ယောက်ဖြစ်သွားနိုင်တယ်၊ တခြားအလုပ်တစ်ခုဝင်တုန်းက
လည်း ပိုက်ဆံပဲလိုက်တောင်းနေကြတာဆိုတော့ ဒီလိုအိမ်မှာ ဒီလိုအလုပ်
လုပ်မှ အဆင်ပြေမယ်ထင်လို့ပါ''

''အေး..ဟုတ်တော့ ဟုတ်သားကွ၊ ကိုယ့်ကိုယ်ကိုယ်အပျက်
မခံချင်တဲ့ စိတ်ကလေးကလည်းကောင်းပါတယ်၊ ဒါနဲ့အိမ်အလုပ်တွေ
ကို လုပ်တတ်လို့လား''

''ဟုတ်ကဲ့..အိမ်မှာလည်း လုပ်နေရတာဆိုတော့ အတွေ့
အကြုံရှိပါတယ်၊ ကျွန်တော့်ကိုခိုင်းကြည့်ပါခင်ဗျ၊ စိတ်တိုင်းကျအောင်
လုပ်တတ်နိုင်ဆုံးကြိုးစားပါ့မယ်၊ လိုအပ်တာရှိလည်း ဆုံးမသွန်သင်ပြီးခိုင်း
လို့ရပါတယ်''

''အေး..ကျိုးနွံတတ်ရင်တော့အကြိုက်ပေါ့၊ အခုခေတ်က
အိမ်ကလေးအိမ်ဖော်ကလည်းရှားနေပြီ၊ တခြားတိုင်းပြည်ထွက်လုပ်နေကြ
တော့ဖြစ်နိုင်ရင်တော့သစ္စာရှိရှိလေးနဲ့ ရေရှည်မြဲအောင်လုပ်စေချင်တယ်''

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်..ဟုတ်ကဲ့ခင်ဗျ၊ လုပ်ပါ့မယ်''

ဦးဘုန်းမြင့်လက်ခံသွား၍ သင်္ဂါမောင်ဝမ်းသာအားရတက်တ
ကြွကြွလေးဖြစ်သွားသည်။ မေမေ့ဆီက အပြုံးသဲ့သဲ့လေးကိုလည်း
လိုက်ရ၏။ ဦးဝေလွင်ကတော့ မျက်ခုံးအတွန့်မပြေသေးပါ။ မတိမ်းမယိ
ပုံစံရှယ်တူလိုဖြစ်နေသည့် ဥက္ကာလွင်ကတော့ သနားသလိုလို အထင်သေ
သလိုလို နှာခေါင်းရှုံ့ကြည့်၍

''ယောကျ်ားလေးဖြစ်ပြီး ဒီအလုပ်ကိုရွေးချယ်တာ အံ့သြစ
ကောင်းလိုက်တာ၊ ခင်ဗျားတကယ်ရော ချက်တတ်ပြုတ်တတ်ရဲ့လား

''ချက်တတ်ပါတယ်၊ ညီလေးတို့စားချင်တာပြောနော်၊ အစ်
အကောင်းဆုံးလုပ်ပေးပါ့မယ်၊ အစ်ကို့ကိုခိုင်းကြည့်ပါ ညီ''

အစ်ကိုတွေ ညီတွေ သုံးနှုန်းနေတာ ဦးဝေလွင် ကြိုက်ပုံမပေ
မေမေလည်း စိုးရိမ်စွာမျက်ဝန်းလေးတွေ ပြူးလည်နေ၏။ ဒီထက်ရိုက
ပေးစေချင်တာလားလည်း မသိပါ။ နှင်းဆီလွင်က သင်္ဂါမောင်ကို အ
ခတ်မျက်ဝန်းတွေနှင့်ကြည့်ပြီး

''အဝတ်တွေရော ဖြူအောင်သန့်စင်အောင်လျှော်တတ်ရဲ့လား
အဝတ်လျှော်စက်ရှိတယ်ဆိုပေမယ့် ကျိုးမစင်နိုင်တဲ့နေရာတွေကိုတော့
လက်နဲ့ပဲလျှော်ရမှာနော်''

''ရပါတယ်၊ လျှော်တတ်ပါတယ်၊ စိတ်ကျေနပ်အောင်လုပ်ပေး
ပါ့မယ်''

''ဒါဆိုအဲဒီအလုပ်လေးနဲ့ စကြည့်ပါလား။ ဒေါ်ကြီးသိန်းလျှော်
ထားတာ ကျိုးမပြောင်လို့ အဝတ်အစားဝတ်ရတာ မသဒ္ဓါဘူးဖြစ်နေတ
အိပ်ရာခင်းတွေလည်း လဲချင်တယ်''

''အင်း..သေချာလုပ်ပေးပါ့မယ်''

''အင်းဆိုတာဘာလဲ၊ အလုပ်ရှင်ကို ကြီးကြီးငယ်ငယ်ရှိရှိ
သေပြောတတ်ဖို့တော့ လိုသေးတယ်''



''ဟုတ်..ဟုတ်ကဲ့ပါ''

သားလေး ဒီလောက်ရိုကျိုးသိမ်ငယ်နေရတာ စိတ်မကောင်း
ပေး ရင်ထဲနင့်နေအောင် ထိခိုက်ခံစားရသော်လည်း ကြိုးသိပြီးသားကိစ္စ
တွေမို့ ဘာတတ်နိုင်တော့မှာလဲ။ မိမိမျက်စိမျက်နှာပျက်နေတာ သတိထား
မိမှာစိုး၍ မနည်းပင်ဂရုစိုက်နေရသည်။

''ဒေါ်သိန်းရေ ဒီကောင်လေးကို လုပ်ရမယ့်ကိစ္စတွေ သေချာ
ပြပေးလိုက်ပါ၊ ဒေါ်သိန်းမလုပ်နိုင်တာတွေလည်း ခိုင်းလိုက်နော်၊ အခုမှ
စဆိုတော့ သူမသိတာတွေများလိမ့်မယ်၊ ကောင်လေး ဒေါ်သိန်းနဲ့လိုက်
သွား၊ မသိတာရှိရင်မေး၊ ခိုင်းတာကိုသေချာလုပ်''

''ဟုတ်ကဲ့''

လေသံပြင်းပြင်းနှင့် မာမာထန်ထန်ပြောလိုက်ရတာ၊ ဖျစ်ဖျစ်
ညှစ်လောက်အောင် ရင်တွေနာကျင်လှသည်။ ဘယ်လိုဝဋ်ကြွေးများလဲ။
ကိုယ့်ရင်ကမွေးသောသားကို ကိုယ့်အိမ်မှာပြန်ပြီး အိမ်ဖော်လုပ်ခိုင်းရ
သည့် မိခင်တစ်ယောက်ရဲ့ရင်ထဲ မီးလိုပူလောင်လှတာ ဘယ်သူမှသိမည်
မဟုတ်။

သားလည်း ဝဋ်ကြွေးပါလာသလို မိမိလည်းဝဋ်ကြွေးတစ်ခုကို
ဆောင်နေရသလိုပါပဲ။

သားရေ..ဒီဝဋ်ကြွေးတွေ ဘယ်ချိန်မှကျွတ်မှာလဲ....။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဒေါ်ကြီးသိန်း အဝတ်တွေ အကုန်လျှော်ပြီးပြီ ဘယ်မှာလှ
ရမလဲ"

"ဪ . . ခြံနောက်ဖက်မှာတန်းတွေရှိတယ်၊ အဲဒီမှာလှ
မှာ၊ ဟင် စောင်တွေပါ လျှော်လိုက်တာလား။ နောက်မှတစ်နေ့
လျှော်တာမဟုတ်ဘူးကွယ်၊ ပင်ပန်းအောင်လို့"

"ရပါတယ် ဒေါ်ကြီးသိန်းရဲ့ ကျွန်တော်လုပ်နိုင်ပါတယ်"

"ဟယ် . . မိန်းကလေးဘော်လီတွေ အောက်ခံတွေပါ လျှေ
သလား၊ ဘုန်းတွေကံတွေ နိမ့်ကုန်တော့မှာပဲကွယ်"

သူ့လက်ထဲကဟာတွေကြည့်ပြီး ဒေါ်ကြီးသိန်းပြောနေသည်
သူက မေမေ့ဟာတွေမှန်းသိ၍ ကြည်ကြည်နူးနူးပြုံးလိုက်ကာ

"အဝတ်ညစ်ခြင်းထဲတွေ့လို့ အကုန်လျှော်လိုက်တာပါ ဒေါ်
သိန်းရဲ့ ကျွန်တော်ကယောကျ်ားလေးဆိုပေမယ့် မိန်းမကမွေးတာပဲ
ဒါဆိုမွေးကတည်းက ဘုန်းကံနိမ့်ပြီးသားဖြစ်နေမှာပေါ့၊ ကျွန်တော်
အဲလိုအယူအဆတွေ မရှိပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ အိမ်မှာမြုံမြုလွင်နဲ့ နှင်းဆီလွင် အဝ
အစားတွေကို ဒေါ်ကြီးသိန်းလျှော်ပါ့မယ်"

"ဒေါ်ကြီးသိန်းလျှော်တာ နှင်းဆီလွင်က စိတ်တိုင်းမကျဘူ





ပြီး ကျွန်တော့်ကို လျှော်ခိုင်းထားတာ၊ အိမ်ဖော်လုပ်တာပဲ ဒေါ်ကြီးသိန်း
ရယ်၊ ခိုင်းတာကို မငြိုမငြင်လုပ်ပေးရမှာပေါ့၊ တော်ကြာအလုပ်ဖြုတ်ခံ
နေရပါဦးမယ်"

"အေးကွယ်၊ ဒေါ်ကြီးသိန်းအတွက်အဖော်ရပေမယ့် ယောကျ်ား
လေးက ဒီလိုအလုပ်တွေလုပ်တာတော့ မြင်ရတာတစ်မျိုးကြီးပဲ၊ ဒေါ်ကြီး
သားသာဆို ခိုင်းရက်မှာမဟုတ်ဘူး"

"ဒေါ်ကြီးသိန်းက သားသမီးတွေရှိသလား"

"ရှိပါ့မလားကွယ် အပျိုကြီးကို"

ဒေါ်ကြီးသိန်းစကားကြောင့် အဝတ်တွေရှေ့ချစ်ရင်းနှင့် သူ
ရယ်ချလိုက်မိသည်။

"ဪ . . ဒေါ်ကြီးသိန်းရယ်၊ ယောကျ်ားတောင်မရှိဘဲနဲ့ သား
သမီးချင်းကိုယ်ချင်းစာနေသေးတယ်"

"မင်းကိုမြင်မြင်ချင်းခင်မိလို့ပါကွယ်၊ ပြီးတော့ ဒီအလုပ်လာလုပ်
တာ သနားလည်း သနားမိတယ်၊ ယောကျ်ားလေးအိမ်ဖော်လုပ်တယ်ဆို
တာ ကြားမှမကြားဖူးခဲ့တာ"

"ဒီခေတ်ကြီးမှာ ယောကျ်ားလေးစားဖိုမှူးတွေ အများကြီးပါ
ဒေါ်ကြီးသိန်းရယ်၊ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာသွားကြည့်လိုက်၊
အားလုံးယောကျ်ားလေးတွေချည်းပဲ"

"ဒီလိုအဝတ်လျှော်၊ မီးပူတိုက်၊ အိမ်သန့်ရှင်းရေးလုပ် ဈေးဝယ်
ရမှာတော့ မပါဘူးမဟုတ်လား"

"ဒါတွေက ခက်ခဲပင်ပန်းတဲ့အလုပ်တွေ မဟုတ်ပါဘူးဒေါ်ကြီး
သိန်းရယ်၊ စိတ်ချမ်းသာရတဲ့အရပ်ဒေသမှာနေရတဲ့အတွက် ဘာအလုပ်
ဆို ကျွန်တော်လုပ်နိုင်ပါတယ်"

"ဟင် . . ဒီမှာနေရတာ စိတ်ချမ်းသာတယ်၊ ဒီအိမ်ကလူတွေက
မင်းကို ဖော်ဖော်ရွေရွေတောင် ကြိုဆိုကြတာမဟုတ်ဘဲနဲ့၊ အလုပ်တွေ

www.burmeseclassic.com



လည်းတန်းစီနိုင်းလိုက်တာ၊ ဘာတွေများ စိတ်ချမ်းသာစရာရှိလို့လဲ''

''ဟို . . ဒီ . . ဒီလိုပါ၊ အရက်သမားဦးလေးတွေနဲ့နေရတာစ ရင် စိတ်ချမ်းသာရတယ်လို့ပြောတာပါ''

''ဩော်''

ဒေါ်ကြီးသိန်း ဘာမှဆက်မမေးတော့၍ တော်ပါသေးသည်။ ဒေါ်ကြီးသိန်းက သူ့ကိုသနားပြီး အဝတ်တွေကူလှန်းပေး၏။ သူကတော့ အိမ်သန့်ရှင်းရေးလုပ်တာကိုလည်း သွက်သွက်လက်လက်ပင်လုပ်လိုက် သည်။

အားလုံးရဲ့အလိုကျဖြစ်အောင် ခြံထဲကိုလည်း ပန်းအိုးတွေမွှေ ခြံထဲက မြက်တွေ ပေါင်းတွေရှင်း ချွေးတဒီးဒီးကျအောင်လုပ်လိုက်သည်။

ညကျတော့ အားလုံးညစာခန်းမှာ မိသားစုစုဝေးစားသောက်နေ ကြတော့ သူက မီးပူတိုက်နေရ၏။ မိသားစုရယ်မော စနောက်နေကြတာ ကြည့်နှူးစရာပါ။ အဘိုးဖြစ်သူက မေမေနှင့်ကလေးတွေကို အရမ်းချစ်ပုံ ရသည်။ သူ့သားနှင့်တောင် ဒီလောက်ကြီး နွေးနွေးထွေးထွေးမနေပါ။

''အဘိုး . . သမီးတို့အတန်းတွေပြန်တက်ရတော့မှာ၊ မုန့်ဖိုး လုံလုံလောက်လောက်ပေးနော်၊ တစ်ပတ်စာကို ခဏခဏမတောင်းချင် ဘူး''

''အတန်းကြီးတော့ မုန့်ဖိုးပိုပေးရမယ်ဆိုပါတော့''

''အဘိုးကအလိုက်သိလိုက်တာ၊ အဲဒါကြောင့် ချစ်ရတာရော''

''အသင့်ပြင်ပြီးသားပါဗျာ၊ သမီးနဲ့သား စိတ်တိုင်းကျပါ''

''မာမီလည်း သပ်သပ်ပေးရမှာနော်''

''မာမီက ဘာဝင်ငွေရှိလို့လဲကွယ်၊ သမီးတို့ဒယ်ဒီက မာမီကို စာရင်းဖယားနဲ့အပ်တာလေ၊ ကျန်တာကိုလုပ်ငန်းထဲထည့်တာ''

''ဒယ်ဒီက မာမီကိုလစဉ်သုံးဖို့ ငွေအပ်နေတာ သမီးတို့သိ တယ်နော်၊ အဲဒီငွေတွေက ဘယ်ရောက်သွားလို့လဲ''



''ဟင် . . ဟိုအဲဒါကလေ''

ဘာပြောရမှန်းမသိဘဲ ကတုန်ကယင်ဖြစ်သွားရသည်။ သားကို ထောက်ပံ့ဖို့အတွက် ဦးဝေလွင်ခပ်ကြိတ်ကြိတ်ငွေပေးတာကို မသက်ာ ဖြစ်နေခြင်းမဟုတ်ပါလား။ ဘယ်သူ့ကိုပေးတယ်ဆိုတာ မသိလို့တော် ပါသေးသည်။

ဦးဝေလွင်က ကြားဝင်ကာ . .

''ဒယ်ဒီက မုန့်ဖိုးလောက်ပဲပေးတာပါ၊ အဲဒါကိုမသုံးရက်လို့ ဘဏ်မှာစုထားတာတဲ့၊ သမီးတို့လိုအပ်တာ ဒယ်ဒီဆီကတောင်းပါနော် သမီး''

''ပြီးရော''

နှင်းဆီလွင် ကျေနပ်သွားတော့ ဥက္ကာလွင် လှုပ်လှုပ်ရှားရှားဖြစ် သွားကာ

''သားကိုကားဝယ်ပေးဖို့ မာမီကိုပြောထားတာ မာမီပြောတယ် မဟုတ်လား''

''သားဆယ်တန်းအောင်မှမဟုတ်လား၊ အောင်မယ်လို့သားမှာ ယုံကြည်ချက်ရှိရင် စာမေးပွဲဖြေပြီးတာနဲ့ ဒယ်ဒီတန်းခနဲဝယ်ပေးမယ် မဟုတ်ပြီလား''

''မော်ဒယ်အမြင့်နော်ဒယ်ဒီ၊ အောက်တာဆိုရင်တော့ မသုံးဘူး''

''ဘယ်နိုင်ငံကကြိုက်လဲ၊ သားကြိုက်တဲ့နိုင်ငံကမှာလိုက်မဟုတ် လား''

''အိုကေ''

မြေးတွေကကျေနပ်နေ၍ ဦးဘုန်းမြင့်ပြုံးပြုံးကြီးဖြစ်နေသည်။ ဒေါ်မြမြလွင်လည်း အားလုံးနှင့်ရောနှောကာ အရယ်အရွှန်းလုပ်နေရင်း သူ့ မျှော်ငေးငေးလေးကြည့်လိုက်၊ မီးပူတိုက်လိုက်လုပ်နေသော သားကို မြင်နေရတာ ရင်မှာစိတ်မချမ်းသာပေ။

www.burmeseclassic.com



မျက်ရည်ဝဲချင်နေသော်လည်း နှုတ်ခမ်းကပြုံးနေရတာ၊ ဝေဒနာ တွေက မသက်သာပါ။ သားရယ်လို့ ပင်ပင်ပန်းပန်းလုပ်နေတာတွေ မမြင် ရက်လို့ ရင်ထဲက ညည်းညူမိတာအကြိမ်ကြိမ်ပါ။

ဘယ်သူမှမသိအောင် သတိထားနေရတာမို့ မွှမ်းကျပ်ပိတ် လှောင်မှုများနှင့် အသက်ရှူလို့လည်း မဝပေ။

''သမီးမြမြလွင်''

''ရှင်. . . ရှင်ဖေဖေ''

ဦးဘုန်းမြင့်အသံကြောင့် အတွေးတွေလွင့်ပြားကာ သတိခ တုန်သွားရသည်။ ဦးဝေလွင်က သတိထားမိသွားမှာစိုး၍ မျက်မှော ကြုတ်နှင့်ကြည့်ပြီး

''ဖေဖေ့သမီးက ပင်ပန်းထားလို့ အိပ်ချင်နေပြီထင်တယ်''

''အေး. . . အဲဒီအိပ်တဲ့အကြောင်းပဲပြောမလို့၊ ဒီကောင်လေ အိပ်ဖို့အတွက် စတိုခန်းရှောရှင်းပြီးပြီလား''

''ဒေါ်ကြီးသိန်း အခန်းဘေးက စတိုခန်းလားဖေဖေ၊ အဲဒီအခ က မလိုတဲ့ပစ္စည်းတွေ စုပြုံထည့်ထားတာ၊ ခုတင်လည်း မပိုမရှိဘူ အောက်ထပ်အခန်းတစ်ခန်းပိုနေတာပဲ၊ အဲဒီအခန်းမှာထားလိုက်ရင်ရော''

''ဟာ. . . အဲဒါတော့မဖြစ်ဘူး၊ ကိုယ်တို့အခန်းဘေးက လွတ် နေတဲ့အခန်းကို ဘယ်လိုလုပ်နေခိုင်းရမှာလဲ၊ စတိုအခန်းကိုပဲရှင်းပြီး နေ ခိုင်းလိုက်ပါ၊ ခုတင်မရှိတော့လည်း ပိုက်ဖျာခင်းပြီး အိပ်ပစေပေါ့''

ဦးဝေလွင် ပျာပျာသလဲ ဝင်ပြောတော့ ဒေါ်မြမြလွင် အတိုက် အခံလုပ်နေလို့ မဖြစ်တော့ပေ။

ဦးဘုန်းမြင့်က ခေါင်းတညိတ်ညိတ်ဖြင့်

''အဲဒါကြောင့် သားကိုပြောတာပေါ့၊ ခြံနောက်ဖက်မှာ အလုပ် သမားတန်းလျားတစ်ခုလောက်ဆောက်ပါလို့၊ ဒါဆို ဒီအိမ်ထဲမှာနေဖို့ စဉ်းစားပေးရာမလိုဘူး။ သူတို့အတွက် သီးသန့်ဖြစ်တာပေါ့''



''ဒေါ်ကြီးသိန်းကျတော့လည်း အရင်တည်းက အတူနေလာ တာဆိုတော့ အဲလိုခွဲခြားထားလို့ ဘယ်ကောင်းပါ့မလဲ ဖေဖေ၊ တခြား လူအတွက်တော့ နောက်ကျသားစီစဉ်လိုက်ပါ့မယ်''

''ကဲ. . . ဒါဆိုမီးပူကိုနောက်နေ့မှတိုက်တော့ ကောင်လေး၊ အခန်းကတော်တော်ရှင်းယူရမှာဆိုတော့ သွားလုပ်လိုက်''

''ဟုတ်ကဲ့''

သင်္ဂါမောင် မီးပူတိုက်ခြင်းကို လက်စသတ်၍ စတိုခန်းရှင်းဖို့ ထလာခဲ့ရသည်။ အခန်းကတကယ်ကို ရှုပ်ပွပြီး ဖုန်တလုံးလုံးနှင့်ပါ။

အိပ်စရာတစ်နေရာရဖို့အတွက် စိတ်ရှည်ရှည်တော့ ရှင်းရပေ လိမ့်မည်။ ဒါပေမဲ့ သူမညည်းညူမိပါ။ အိမ်ကအခန်းကျဉ်းလေးထက်တော့ သာနေတာပဲမဟုတ်ပါလား။

သူ့အတွက်တော့ နိဗ္ဗာန်ဘုံပါ။ မေမေမျက်နှာလေးကို မြင်နေ ရသည့်အတွက် သူ့မှာခွန်အားတွေရှိနေသည်။ ရှိနေရသော ဘဝကိုလည်း ကျေနပ်၏။

မေမေသာ သူ့ဘဝအတွက်အရေးပါသည့်သူပါ။ တခြားဘာမှ မတောင်းတတော့ပါဘူးမေမေ. . .။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

"သားရယ်"

တစ်ညလုံး ဘယ်လူညာလိုမ့်ဖြင့် အိပ်လို့မပျော်။ သားရဲ့အဖြစ်ကိုပဲ မြင်ယောင်နေမိလို့ပါ။ အခုလည်း မိမိက အဲကွန်းဖြင့်တစ်ခန်းလုံး မွှေးကြိုင်နေသော အခန်းထဲမှာမွေ့ရာကြီးထူထူနှင့် စိမ်ရှိရှိအိပ်ရပေမယ့် သားကတော့ ဘယ်လိုအိပ်နေသည် မသိ။

သားလေးအိပ်လို့မှပျော်ရဲ့လား။ ပိုက်ဖျာလေးခင်းရုံဆိုလျှင် ပါကောခင်းရဲ့အအေးဓာတ်ကြောင့် ကျန်းမာရေးများထိခိုက်နေမလား။ စိတ်ထဲမှာ ဘယ်လိုမှနေလို့မဖြောင့်။

ဦးဝေလွင် ဖက်ထားသောလက်ကို ညင်သာစွာဖယ်၍ အခန်းထဲက ခြေသံဖွဖွနှင့် အခန်းတံခါးကို အသံမမြည်အောင်ကြိတ်ဖွင့်ပြီး ထွက်လာခဲ့သည်။

တစ်အိမ်လုံးအိပ်နေကြပြီဖြစ်၍ အသံတွေတိတ်ဆိတ်ပြီး မီးတွေပိတ်ထား၍ မှောင်မည်းနေသည်။ ဧည့်ခန်းထဲမှာတော့ ညမီးရောင်မှိန်ပျပျလင်းနေ၏။

ထိုမှိန်ပျပျမီးအလင်းရောင်အားကိုးနှင့်ပင် သားရှိရာ စတိုခန်းဘက်ကိုလာခဲ့သည်။ ဂျက်ချပိတ်၍မရသော သားအခန်းတံခါးကို ဖွဖွလေးဆွဲဖွင့်ပြီး ကြည့်လိုက်တော့ . . .



"သားရယ် . . မေမေ့ရင်တွေ မချိလိုက်တာ"

ပိုက်ဖျာလေးပေါ်မှာ စောင်ပါးပါးတစ်ထည်ခြုံ၍ ကွေးကွေးလေးအိပ်နေသောသားကိုကြည့်၍ ငိုချလိုက်ချင်သည့်စိတ်တွေ တလှိုက်လှိုက်ဖြစ်လာခဲ့သည်။ မငိုမိအောင် စိတ်အားတင်းထားပေမယ့် မျက်ရည်တွေကတော့ ပါးပြင်လေးပေါ်တလိမ့်လိမ့်စီးကျလာခဲ့သည်။

"မေမေ . . မေမေ ဘယ်လိုလုပ်ရမှာလဲ သားရယ်၊ မေမေသားလေးကို ဒီလိုမြင်ရတာ မေမေ့ရင်တွေမချိပါဘူး။ မချိပါဘူးမေ့သားရယ်"

ကြာကြာမကြည့်ရက်ပါ။ မျက်ရည်တွေသုတ်မနိုင်ဘဲ အခန်းထဲကို ပြန်လာခဲ့ရသည်။

"မြ"

"ဟင် . . ကို . . ကိုလွင်"

အခန်းတံခါးကိုဖွင့်လိုက်ချိန်မှာ မားမားကြီးရပ်ကာ ခေါ်လိုက်သော ဦးဝေလွင်ရဲ့အသံကြောင့် လူကတုန်လှုပ်သွေးပျက်သွားသည်။ ဦးဝေလွင်က မီးကိုချပ်ခနဲဖွင့်၍ မိမိမျက်နှာကိုကြည့်၏။

မျက်မှောင်ကုပ်တွန့်ချိုးထားသော မျက်နှာမှာ တင်းထန်မာကျောအေးခဲနေခဲ့သည်။

"မင်း ဘာလုပ်တာလဲ၊ ဘာသွားလုပ်တာလဲမြ"

"သား . . သားဘယ်လိုအိပ်နေလဲလို့ သွားကြည့်တာပါ"

"မင်း . . တစ်ယောက်ယောက်မြင်သွားမှာ မကြောက်ဘူးလားမြ၊ သိသွားရင်သတိထားမိသွားရင် မင်းဘယ်လိုရှင်းမှာလဲ"

"နောက် . . နောက်တစ်ခါမဖြစ်စေရပါဘူး၊ ကျွန်မကိုယ့်ကိုယ်ကိုယ်ထိန်းမှာပါ ကိုလွင်"

"ဘာကိုထိန်းမှာလဲ၊ မင်းတစ်နေကုန်အမူအယာပျက် မျက်စိမျက်နှာပျက်နေတယ်၊ ဒီလိုတွေဖြစ်မှာစိုးလို့ မင်းသားကိုမခေါ်စေချင်တာ"

"အခြေအနေက အရမ်းကွာခြားပြီး သားလေးကအရင်းသနား

www.burmeseclassic.com



စရာကောင်းနေလို့ပါ ကိုလွင်၊ မိခင်ရဲ့နောက်မိသားစုအိမ်မှာ အိမ်ဖော် လုပ်နေတဲ့သားကို ကျွန်မဘယ်လိုကြည့်ရက်မှာလဲ''

''မကြည့်ရက်လည်း ကြည့်ရမှာပဲ၊ မမြင်ရက်လည်း မြင်ရမှာပဲ မြ၊ သူ့ကိုမင်းခေါ်ထားတာလေ၊ သူကလည်း ဒီလိုဘဝမျိုးနဲ့နေချင်လို့ လာနေတာမဟုတ်ဘူးလား၊ မင်းတို့ချင်းသဘောတူ ကြည်ဖြူပြီးယူ ...ကို ဘာစိတ်မကောင်းဖြစ်နေတာလဲ''

''သင်္ဂါမောင်ကို ရှင့်သားအနေနဲ့ ကိုယ်ချင်းစာကြည့်ပါကိုလွင် ဥက္ကာလွင်သာ ဒီလိုနေရာမှာဆိုရင် ရှင်ဒီလိုနေနိုင်လား''

''ဘာ''

ဦးဝေလွင်အရှိုက်ထိသွားသည်။ ဖခင်နေရာမှမို့ ကိုယ်ချင်းစာပေးလို့တော့ရပါသည်။ ဒါပေမဲ့ ကိုယ့်သားသမီးအတွက်ပဲ အတ္တကြီးရမှာပါ။ တစ်ချက်ငိုင်သွားပြီးမှ တက်ခေါက်လိုက်ပြီး . . .

''ဒီမယ်မြ သူ့ကိုကိုယ်ချင်းစာပေးဖို့ထက် ကိုယ့်သားသမီးတွေရဲ့ ရှေ့ရေးကိုပဲကြည့်ရမယ်၊ မင်းအခုမှကိုယ့်ကိုကန့်လိုက်တိုက်မေးခွန်းတွေ ပြန်မေးမနေနဲ့၊ မင်းကိုယ့်ကိုဘယ်လိုကတိတွေပေးပြီး သူ့ကိုခေါ်ထားတာလဲ၊ မင်းကရော ငါနဲ့မွေးထားတဲ့ကလေးတွေရဲ့ အနာဂတ်ကိုထည့်မတွေးတော့ဘူးလား၊ နောက်ထပ်သားသမီးတွေပါ ဒုက္ခရာပေးချင်နေတာလား၊ အဲဒါဆိုရင်တော့ မင်းမိခင်ကောင်းမဟုတ်တော့ဘူး''

''ကိုလွင်ရယ်၊ ကျွန် . . ကျွန်မဆင်ခြင်ပါ့မယ်''

ဒီမိန်းမမျက်ရည်ကျတော့ ရင်ထဲမကောင်းပေ။ ဒါပေမဲ့ ဘာမှ မတတ်နိုင်ပါ။ မျက်နှာလွှဲပြီး သက်ပြင်းကိုခိုးရှိုက်မိသည်။ ဒီမိန်းမကို ချစ်မိလို့ ဒီလောက်စိတ်ပင်ပန်းနေရတာပါ။

အေးချမ်းတည်ငြိမ်နေသော မိသားစုလေးက သင်္ဂါမောင်ရောက်လာမှ ရှုပ်ထွေးရပေတော့မည်။ ဒီကောင်လေးရောက်မလာခဲ့လျှင် အကောင်းသား။





''မင်းအိပ်တော့''

''ဟုတ်ကဲ့''

လေသံအနည်းငယ်ပျော့သွားတာကို နာခံလိုက်ရရင်း ခုတင်ပေါ် ...ဆက်လှဲလိုက်ရပေမယ့်၊ မျက်လုံးတွေကတော့ မှေးမှိတ်လို့မရပါ။

မျက်စိထဲမှာ သားကိုပဲမြင်ယောင်နေသည်။ ရင်ထဲမှာနာကျင်...လောက်အောင်သနားနေ၏။

ဘဝတွေဆိုးလိုက်တာ သားရယ်။

❀ ❀ ❀

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

## အခန်း (၂၈)

"မနက်စာ အဆင်သင့်ဖြစ်ပါပြီ၊ လိုအပ်တာရှိပြောပါ"

အလုပ်တွေကို ဇယ်ဆက်အောင်လုပ်ရင်း မုန့်ပန်းကန်တွေနဲ့ ကော်ဖီတွေလိုက်ထည့်ပေးနေသည်။ ငြိုငြင်ခံရမှာစိုး၍ အလိုက်တသိ ပျာယာခတ်လျက်ရှိသည်။

"မင်းရော မနက်စာစားပြီးပြီလားကွ"

အလိုက်တသိအလုပ်တွေကြိုးစားနေ၍ ဦးဘုန်းမြင့်က သက်မောင်ကို ခင်မင်လာဟန်ရှိသည်။ စာနာမှုနှင့်မေးတော့ သက်မောင်ရိုကျိုး မှုနှင့် ဦးခေါင်းလေးညွှတ်ပြီး

"ကျွန်တော်ပြီးမှ ထမင်းကြမ်းစားမှာပါ"

"ငါတို့ ဒါတွေကုန်မှာမှမဟုတ်တာကွ၊ ပြီးရင်ကော်ဖီနဲ့ မုန့်တွေ စားလိုက်ပေါ့"

"ကျွန်တော် အဲဒါမျိုးမစားတတ်ပါဘူး၊ အကျင့်ပါမှာစိုးလို့ ထမင်း ကြမ်းပဲစားပါ့မယ်"

"အဘိုးကလည်း ဆင်းရဲသားတွေက မနက်စာကိုဘယ်လိုလုပ် ဒါမျိုးစားတတ်မှာလဲ၊ ထမင်းကြမ်းနဲ့ ဟင်းအကျန်က သူတို့အတွက်နတ် သုဒ္ဓါပဲ၊ ခွေးတွေအတွက် ထန်းလျက်ခဲက အရသာရှိသလိုပေါ့"

"သမီးအဲလိုမပြောရဘူးလေ"



ဒေါ်မြမြလွင် သားကိုသနားသွားကာ ဆတ်ခနဲဒေါသဖြစ်လျက် အော်လိုက်မိသည်။ ဦးဝေလွင်က မျက်မှောင်ကြုတ်ကြည့်လိုက်တာကို တောင် သတိထားဆင်ခြင်ဖို့မေ့သွား၏။ သမီးကဝမ်းနည်းသွားပုံဖြင့်

"မာမီက ဘာလို့သမီးကိုအော်တာလဲ"

"သူများကို အဲလိုမပြောရဘူးလေ၊ ကိုယ့်ထက်လည်းကြီးတယ် ခွေးနဲ့နှိုင်းတယ်ဆိုတာလည်း ရိုင်းတယ်၊ သမီးအဲလိုဘဝမျိုးရောက်ပြီး ဝင့်လိုက်မှာမကြောက်ဘူးလား"

"မြ. . ကိုယ့်သမီးက ဘာလို့အဲလိုဘဝမျိုးရောက်ပြီး ဝင့်လိုက် ရမှာလဲ မင်းစကားကိုသတိထားပြီး ဆင်ခြင်ပြီးပြောစမ်း"

"သား"

ဦးဝေလွင်အသံက လိုတာထက်ပိုပြီး မာကျောပြင်းထန်လွန်း၍ ဦးဘုန်းမြင့်ဝင်ဟန့်လိုက်သည်။

"သားကရော သမီးကိုဘာလို့ အဲလိုထအော်လိုက်တာလဲ၊ သမီး က မြေးကိုဆုံးမနေတာ၊ သားအဲလိုမအော်သင့်ဘူး၊ သူများရဲ့ချို့တဲ့မှု အားနည်းမှုကို နှိမ့်ချမပြောသင့်ဘူးနော်၊ သူ့အမေဆုံးမတာကို မြေးလေး နာခံရမှာပေါ့"

"ကျွန်တော့်သမီးကို အဲလိုပြောတာမကြိုက်ဘူး ဖေဖေ၊ အလုပ် သမားတစ်ယောက်နဲ့နှိုင်းယှဉ်ပြီးပြောတာကို မခံနိုင်တာ"

"ဩော် . . ဘယ်ဟုတ်ပါ့မလဲ၊ အဲဒီအတွေးကိုက သားမှားနေ ပြီ၊ အလုပ်သမားလည်းလူ၊ အလုပ်ရှင်လည်းလူပဲ၊ သားသမီးကို ဥပမာနဲ့ ခိုင်းနှိုင်းပြီး ဆုံးမသွန်သင်ရတာပဲလေ၊ သားတို့ငယ်ငယ်တုန်းက ဖေဖေ လည်းဆင်းရဲသားမဖြစ်ချင်ရင် ကူလီမထမ်းချင် ဆိုက်ကားမနင်းချင်ရင် စာကြိုးစားရမယ်၊ မိဘကိုရိုသေရမယ်လို့ ဆုံးမသွန်သင်ခဲ့တာမဟုတ် လား သား၊ အဲဒါကြောင့် ဖေဖေ့ခြေရာနင်းနိုင်အောင် ဖေဖေ့ဆုံးမမှုတွေ ကို နာခံလိုက်နာခဲ့တာမဟုတ်လား"

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမဲ့"

"ကျွန်မသင်ခြင်ပုံ့မယ် ဖေဖေ၊ သမီးကို အဲလိုပုံစံမျိုးနောက်ထ ခါမဆုံးမပါစေရပါဘူး"

"အေးပါကွယ်၊ သမီးမမှားပါဘူး။ မိဘဆိုတာ ဒီလိုပဲဆုံးမရ ပေါ့၊ ကဲ . . စားသောက်ပြီးရင် သင်္ဂါမောင်ကိုဈေးဝယ်တတ်အောင် လို ပို့လိုက်ဦးလေ၊ ဘယ်ကုန်တိုက်မှာ ဘာတွေဝယ်ရမယ်ဆိုတာ ပြထားတေ သမီးမအားတဲ့အခါ သူ့ကိုခိုင်းလို့ရတာပေါ့၊ အတူတူသွားတော့လည် သမီးသက်သာတာပေါ့ကွယ်"

"ဟုတ် . . ဟုတ်ကဲ့ဖေဖေ"

ဦးဘုန်းမြင့်စကားကြောင့် သားနှင့်အတူတူသွားရမှာကို ဒေါ် မြလွင်ပျော်သွားသော်လည်း ဦးဝေလွင်ကတော့ မကြိုက်သလို မျက်မှေ ကြုတ်လျက်ရှိသည်။ ဒါပေမဲ့ ဒေါ်မြမြလွင် ဂရုမစိုက်နိုင်။

အိမ်မှာမိသားစုစားသောက်ပြီး ကျန်မှအကြွင်းအကျန်စားဒေ သော သားကို အခုလိုအပြင်ထွက်ခွင့်ရတုန်း စားကောင်းသောက်ကော လေးတွေ ဝယ်ကျွေးချင်လှသည်။ ဒီလိုအခွင့်အရေးပေးသော ဦးဘုန်းမြ ကို ကျေးဇူးတွေတင်နေမိ၏။

အခုတော့ဦးဝေလွင်ကုမ္ပဏီမသွားမချင်း ဣန္ဒြေရရှာနေရ သည်။

နောက်တစ်နာရီအတွင်းမှာတော့ ဦးဝေလွင်က ကုမ္ပဏီသွာ သားနှင့်သမီးက ကျောင်းသွား၊ ဦးဘုန်းမြင့်ကလည်း စာကြည့်ခန်း ဝင်သွားပြီမို့ သားရှိရာမီးဖိုချောင်ထဲကို ဝင်လာခဲ့သည်။

သားကဇလုံထဲမှာ ထမင်းကြမ်းခဲထည့်၍ အားရပါးရစားနေ

"မောင်သင်္ဂါ . . အဲဒီထမင်းစားမနေနဲ့ ဈေးသွားမယ် မြန်မြ လုပ်"

ဒေါ်ကြီးသိန်းရှေ့မှာမို့ ခပ်တည်တည်ပြောလိုက်တော့ ဒေါ်ကြ





သိန်းက ပန်းကန်ဆေးနေရာမှ နောက်လှည့်ကြည့်ပြီး . .

"မောင်သင်္ဂါ တစ်မနက်လုံးအလုပ်တွေလုပ်နေလို့ ဗိုက်တွေဆာ နေတာ၊ ဒါလေးပြီးအောင်စားပြီးမှခေါ်သွားပါလားကွယ်၊ တော်ကြာအဆာ လွန်ပြီး ဗိုက်အောင့်နေပါဦးမယ်"

"ဟာ . . ရ . . ရပါတယ်၊ ကျွန်တော်အခုပဲလိုက်ပုံ့မယ်၊ ဒါ အပြန်မှပဲစားလိုက်တော့မယ်၊ သွန်မပစ်နဲ့နော် ဒေါ်ကြီးသိန်း။ နမြောစရာ ကြီး။ အိမ်မှာဆိုဒီလိုကောင်းကောင်းတောင်မစားရဘူး"

"သားရယ်"

လို့ ညည်းညူမိပြန်သည်။ ဒီလိုအကြွင်းအကျန်စားရတာကို နတ်သဒ္ဒါလို မက်မောနေတာသနားစရာပါ။ မိမိက ဝတ်ကောင်းစားလှ နှင့် ဝံ့ဝံ့ကြွားကြွားရှိနေသော်လည်း သားကနွမ်းဖတ်သော အဝတ်အစား များဖြင့် ချို့ချို့တဲ့တဲ့ပါ။ ဒါပေမဲ့ မိမိနှင့်သွားရမှာကိုသားလည်း ပျော်နေ ပုံရသည်။

မိမိနောက်မှရွေ့ခြင်းကို ကိုင်လျက်ပြုံးပျော်တက်ကြွနေ၏။ ကား ကိုစမတ်ကျစွာမောင်းနေသော မအေကိုကြည့်လို့ဝပုံမပေါ်။

"မေမေက အရမ်းစမတ်ကျပြီး ချောလှပြီးခန့်နေတာပဲနော်"

"သား"

"ဗျာ မေမေ"

"သား စိတ်မညစ်ဘူးလား သားရယ်"

"ဘာကိုစိတ်ညစ်ရမှာလဲ မေမေ"

"သားရယ် ဒီလောက်သိမ်သိမ်ငယ်ငယ် ပင်ပင်ပန်းပန်းနေနေရ တာ မေမေစိတ်မချမ်းသာပါဘူး"

"သားကတော့ပျော်တယ်မေမေ၊ မေမေ့အရိပ်အောက်မှာရှိနေရ တာပါလားဆိုတဲ့အတွေက သားဘဝတစ်ခုလုံး လုံခြုံနွေးထွေးသွားသလို ခံစားရတယ်"



www.burmeseclassic.com

''သားရယ် ပညာလည်းဆက်မသင်ရဘဲ ဒီအိမ်ဖော်အလု
ကြီးနဲ့ သားကိုမေမေမမြင်ရက်ပါဘူး၊ မကြည့်ရက်ပါဘူး၊ မေမေ့ရင်
မချိ့တော့ပါဘူး သားရယ်''

ခေါ်မြမြလွင်ကားကိုလမ်းဘေးချရပ်ပြီး ငိုချလိုက်သည်။ ရင်
မွန်းကျပ်နေတာတွေ မျက်ရည်အဖြစ် ဖွင့်ဖောက်ထုတ်လိုက်တာပါ။

''မေမေ''

မေမေပခုံးလေးကို လှမ်းဖက်ပြီး သက်မောင်လည်း ရင်ထဲထိ
ကာ ငိုမိသည်။ ဒါပေမဲ့ မျက်ရည်တွေကို မေမေမမြင်အောင်ပွတ်သပ်သု
ပြီး ပြုံးပြလိုက်၏။

''မေမေက ဘာလို့စိတ်ထိခိုက်နေတာလဲ၊ သားကဒီလို
တာ စိတ်ချမ်းသာနေတာ မေမေရဲ့၊ မေမေကိုအမြဲမြင်တွေ့နေရတယ်
မေမေ ဒီလိုမျိုးပြည့်စုံချမ်းသာပြီး အဆင့်အတန်းမြင့်မြင့်နေနိုင်တာ
တကယ်ကိုကြည်နူးမိတယ်မေမေ၊ ဒီလိုအခြေအနေမျိုး ဖေဖေလည်းထာ
နိုင်ခဲ့တာမဟုတ်ဘူး၊ သားလည်း မေမေ့ကိုဒီလိုမျိုးထားနိုင်မှာမဟုတ်ဘူ
မေမေ၊ ဦးဝေလွင်က အရမ်းကိုကျေးဇူးတင်စရာကောင်းပါတယ်၊ မေ
ကို ဒီလိုထားပေးတဲ့ မိသားစုအတွက် သားဘာမဆိုပေးဆပ်မယ်၊ လု
ပေးမယ်၊ အနစ်နာခံမယ်၊ အဲဒီအတွက် မေမေ့ကျေးဇူးကိုဆပ်ခွင့်ရတယ်
လို့ အောက်မေ့တယ်၊ မေမေဘာမှစိတ်မကောင်းမဖြစ်ပါနဲ့၊ သားတို့သာ
အမိနှစ်ယောက် တစ်မိုးအောက်မှာ အတူတူနေခွင့်ရနေတာပဲမေမေရယ်''

''သားရယ်၊ မေ့သားရယ်၊ မေ့သားလိမ္မာလေ မေမေရင်နာ
လေပါပဲ၊ ဒါပေမဲ့ မေမေဘာလုပ်ပေးရမှန်း ဘယ်လိုဆုံးဖြတ်ရမှန်း မ
တော့ပါဘူး သားရယ်''

''မေမေစိတ်ချမ်းချမ်းသာသာနေပါ၊ မမြင်မတွေ့ ဝေးကွာနေ
တာထက်စာရင် ဒီလိုနေရတာက ပိုကောင်းပါတယ်၊ သားတကယ်
ပျော်တာပါ၊ သူတို့တွေ ဘယ်လိုပဲဆက်ဆံဆက်ဆံ၊ ဦးလေးတို့လော



ဆိုးဘူး၊ ပြီးတော့ မေမေနဲ့ဒီလိုနေခွင့်ရမယ်ဆိုရင် သားဘာမဆိုသည်း
ခံနိုင်ပါတယ် မေမေ''

''အေး . . အေးပါသားရယ်''

သားရဲ့ဖြေသိမ့်မှုများကြောင့် စိတ်သက်သာရာရသော်လည်း
ထဲမှာတော့ မွန်းကျပ်မှုတို့မပြေပါ။ ဒါပေမဲ့ သားကိုစိတ်ချမ်းသာအောင်
ပြုံးပြလိုက်ပြီး စားသောက်ဆိုင်ကိုအရင်ခေါ်လာခဲ့သည်။

သားကိုစားကောင်းသောက်ဖွယ်လေးတွေ ကျွေးချင်လို့ပါ။

''မေမေကုန်တိုက်ကိုသွားမယ်ဆို၊ ဘာလို့စားသောက်ဆိုင်ကို
လာတာလဲ''

သားဘာမှပြန်မပြောနိုင်ခင် ဆိုင်ထဲဝင်လာခဲ့သည်။ ဝိတ်တာ
သားတန်ဖိုးကြီးအစားအသောက်တွေ အများကြီးမှာပေးလိုက်၏။

''သားလေးစား၊ အားရပါးရစားနော်သား''

''မေမေ . . သားဒါတွေ''

''မေမေ စိတ်ချမ်းသာအောင် အားရပါးရစားပါ သားရယ်နော်၊
သားအစားကောင်းကောင်းစားတာကို မေမေမြင်ချင်လို့ပါ၊ အိမ်မှာသား
ရတဲ့ ဘဝ၊ စားရတဲ့ဘဝကို မေမေ စိတ်မချမ်းမြေ့လွန်းလို့ပါ''

''မေမေရယ်''

မေမေစိတ်ချမ်းသာစေရန် သူအားရပါးရပြုံးပြုံးကြီးနှင့်စားပြ
လိုက်သည်။ သူစားနေတာကိုကြည့်ပြီး မေမေ့မျက်နှာလေးပြုံးယောင်
သမ်းလာ၏။

''မေမေ . . မေမေရောစားလေ''

''မေမေက ဗိုက်ပြည့်ပြီးသားလေ၊ သားကိုသာ မေမေက စား
စေချင်တာ''

''သားခွံ့ကျွေးမယ် နည်းနည်းလောက်တော့စားနော်''

''အင်း''

www.burmeseclassic.com



"ကောင်းလား မေမေ"

"အင်း . . သားခွဲကျေးတာ အရမ်းကိုအရသာရှိတာပဲ၊ မေမေ တစ်လုည့်ခွံကျွေးမယ် သားပါးစပ်ဟာ"

"ဟား ကောင်းလိုက်တာမေမေရယ်၊ ဒီလိုမျိုးခဏခဏ ကြုံကြိုက်ရင်ကောင်းမှာပဲနော်"

"အခါအခွင့်သင့်ရင်သင့်သလို ဒီလိုနေခွင့်ရအောင် မေမေကြိုးစားပါ့မယ်သား၊ မေမေလည်း မေ့သားလေးနဲ့ဒီလိုနေချင်ပါတယ်"

"သားကျေနပ်ပါတယ် မေမေ၊ ကျေနပ်ပါပြီ"

ပြုံးပျော်နေသော သားမျက်နှာလေးကို ပွတ်သပ်၍ မြတ်နိုးမဝစွာ ကြည့်နေမိသည်။ ဒီမေတ္တာများနှင့်သားဘဝလေးကို မြဲ့ငံ့တင်ပေးခွင့်ရချင်လှသည်။

မဆုံးနိုင်သော ချစ်ခြင်းမေတ္တာတွေ ဒီရင်ထဲမှာရှိနေသရွေ့ . . .

❁ ❁ ❁

# အခန်း (၂၉)

"ဗုန်း"

"အမယ်လေး"

အရှိန်နှင့်ဆောင့်တွန်းခံလိုက်ရသလိုဖြစ်သွား၍ ကျောင်းနံရံမှာ သာဖြူကျောလေးကပ်သွားလောက်အောင် ခံလိုက်ရသည်။

"ဟာ . . ဆော . . ဆောရီးဗျာ၊ သူငယ်ချင်းက ကင်န်တင်းမှာ အင့်နေတယ်ဆိုလို့ ပြေးလာလိုက်မိတာပါ၊ စိတ်မရှိပါနဲ့နော်"

ပျာပျာသလဲတောင်းပန်နေသော ကောင်လေးကို ဒီကျောင်းမှာ တစ်ခါမှမမြင်ဘူးပေ။ သူမဘာမှမပြောဘဲ မျက်စောင်းသာရွယ်လိုက်မိ ပြီး အနားရောက်လာသော ကေသီလက်ကိုဆွဲ၍ ကင်န်တင်းဘက် ထွက်လာခဲ့သည်။

"ဟဲ့ . . ဘယ်ကကောင်လဲ"

"မသိဘူးလေ၊ ဒီကျောင်းတက်နေတာကြာပြီ၊ တစ်ခါမှမျက်နှာမတန်းမိသလိုဘဲ၊ ဒီလိုပဲ တခြားကျောင်းကနေ အပေါင်းအသင်းတွေဆီလာလည်သလိုနဲ့ ကောင်မလေးတွေကို လာကျူနေတဲ့သူတွေရှိတယ်ပေါ့"

"ဟွန်း ဗရုတ်တွေ၊ ကိုယ့်ကျောင်း ကိုယ့်အတန်းကမိန်းကလေးတွေနဲ့ အားမရလို့ လာပွေတဲ့ကောင်ပဲဖြစ်ရမယ်၊ ဟဲ့ ဒါပေမဲ့သူ့ငွေးသား

www.burmeseclassic.com



ရှင်ဆော်"

"ဘာလုပ်ရမှာလဲ"

"အခြေအနေကောင်းရင် ဆွဲစိဖို့ပြောတာ"

"တော်စမ်းပါ၊ စိတ်မဝင်စားဘူး"

ယောက်ျားလေးတွေနှင့်ပတ်သက်ရင်တော့ နံ့သာဖြူစတိုင်က ခပ်တင်းတင်းပင်။ ဘယ်သူနှင့်မှလည်း ရောနှောပတ်သက်အောင်မနေဘူးပါ။

သူမစိတ်ထဲမှာ သင်္ဂါမောင်တစ်ယောက်သာရှိသည်။ သင်္ဂါမောင်ဆီကချစ်တယ်ဆိုသည့် စကားကြားထားပြီး၊ သူမကအဖြေမပေးရသေးဘူးဆိုသော်လည်း သူမရင်ထဲမှာတော့ သင်္ဂါမောင်အတွက်အချစ်တွေကရင်နှင့်အပြည့်ပါ။

"ဟဲ့ . . ဟိုဘက်ထောင့်သွားထိုင်ရအောင် ဒီဘက်ကလူတွေပြည့်နေတယ်"

"သွားလေ"

ကေသီရွေးချယ်သောနေရာမှာပဲ သွားထိုင်လိုက်ကြသည်။ ကေသီက ကော်ဖီတစ်ခွက်မှာသောက်ပြီး သူမကထောပတ်သီးဖျော်ရည်မှာလိုက်၏။

"ဟဲ့ . . ဟိုတစ်ယောက်နင့်ကိုရှိုးနေတယ်"

"ဘယ်တစ်ယောက်လဲ"

"တို့အတန်းထဲက မှန်ကြောင်ပေါင်နားမှာထိုင်နေတဲ့ ကောင်လေး၊ နင့်ကိုခုနက ဝင်တိုက်မိသွားတဲ့"

"ကြော်"

ကေသီစကားမဆုံးခင် နံ့သာဖြူ သဘောပေါက်လိုက်သည်။ မျက်နှုံးပါးပါး နှာတံပေါ်ပေါ် မေးရိုးကားကားနှင့် ထိုကောင်လေးက သူချောသားဖြစ်နိုင်သော်လည်း လုံးဝစမတ်မကျပါ။

မပြည့်စုံနွမ်းဖတ်သော်လည်း သင်္ဂါမောင်ကမှကြည့်ကောင်းသေးသည်ဟုထင်မိသည်။ ရုပ်ကမချိုမချဉ် ပြိတ်ပြိတ်မျက်နှာနှင့် သူမတို့ဝိုင်းကို ခဏခဏလှမ်းကြည့်နေသည်။

သူမခပ်ချဉ်ချဉ်နှင့် မျက်စောင်းထိုးပစ်လိုက်၏။ ပြီးတော့ ထောပတ်သီးဖျော်ရည်ကို ငုံ့သောက်နေလိုက်သည်။

"ခဏလောက်ထိုင်မယ်နော်"

"ဟင်"

အသံကြောင့် ခေါင်းမော့အကြည့်မှာ မှန်ကြောင်ပေါင်နှင့် ထိုကောင်လေးက သူမတို့ဝိုင်းက ထိုင်ခုံအလွတ်တွေမှာ ဝင်ထိုင်နေပြီဖြစ်သည်။

"ဘာလဲ . . ဘာကိစ္စ"

"ကြော် . . ဒီလိုပါ ခုနကဝင်တိုက်မိတဲ့ကိစ္စတောင်းပန်ချင်လို့ပါ"

"ခုနကတည်းက ပြီးပြီလေ၊ ဘာဖြစ်လို့လာရှုပ်နေတာလဲ"

"မဟုတ်ပါဘူး . . ဟို . . ကျွန်တော်က ဒီအတန်းကမဟုတ်ပါဘူး၊ ဒီကကိုနိုင်နဲ့ကခင်လို့ လာလည်တာ၊ ကျွန်တော့်နာမည်မှတ်ထားပါနော် ဥက္ကာလွင်လို့ခေါ်ပါတယ်"

"ဘယ်သူက နင့်နာမည်မေးနေလို့လဲ၊ ကြောင်တောင်တောင်နဲ့"

"ဟိုလေ . . ခုနက တိုက်မိသွားတာကို ရန်မတွေ့တော့ ခင်မိသွားလို့ပါ၊ တချို့ဆို ရန်တွေ့မယ်၊ ပြဿနာရှာမယ်၊ ဒါမှမဟုတ်ရင်လည်း လျှော်ကြေးအနေနဲ့ ရင်းနှီးပတ်သက်သွားတာမျိုးရှိတယ်၊ မင်းကတော့"

"စိတ်ချလျှော်ကြေးလည်း မတောင်းဘူး၊ ရင်းနှီးပတ်သက်အောင်လည်းမနေဘူး၊ အခုစကားလည်း လက်ခံမပြောချင်ဘူး သွားတော့"

ဥက္ကာလွင် အောင့်သက်သက်နှင့်မျက်နှာပျက်သွားသည်။ တခြားမိန်းကလေးတွေဆို သူလိုသူချောသားကို ခပ်တည်တည်နေတာတောင်မှ အထာပေးချင်နေကြတာပါ။ လူအထင်ကြီးအောင်တွဲချင်နေသည့် မိန်း







www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကလည်း ရှိသေးသည်။

ကိုနိုင်ပြောသော နံ့သာဖြူဆိုသည့် မိန်းကလေးက ထိုမိန်းကလေးတွေနှင့်မတူသည့် မာနကြီးတတ်သူလား။ ဒါဆိုလျှင်တော့ ကိုယ့်အကြိုက် ကိုယ်စိတ်ကူးယဉ်ထားသော မိန်းကလေးမျိုးဖြစ်သည်။

ဥက္ကာလွင် ပေကပ်ကာထိုင်နေလိုက်ပြီး ...

''ကိုနိုင်က သူတို့အခန်းက မိန်းကလေးတွေသဘောကောင်းတယ်လို့ပြောပါတယ်၊ ဘာလို့ရန်တွေ့တာလဲဗျာ၊ ကျွန်တော်အခုလိုလာမိတ်ဆက်တယ်ဆိုတာ ရိုးရိုးသားသားခင်ချင်လို့ပါ''

''ဟုတ်ပါတယ် နံ့သာရာ၊ ခုနကနင်နဲ့တိုက်မိသွားတာကို ဥက္ကာလွင်က အားနာနေတာ၊ ဘာမှလည်းရန်ပြန်မတွေ့ဘူး၊ ကျွန်တော်ကို မိတ်ဆက်ပေးပါလား၊ ကျွန်တော်တောင်းပန်ချင်လို့ပါဆိုတာနဲ့ ငါလိုက်ပို့တာပါ''

''စိတ်ထဲဘာမှမရှိလို့ ဘာမှပြန်မပြောခဲ့တာ၊ တောင်းပန်ခံနေရင် ဓာတ်လမ်းတွေရှည်မှာစိုးလို့၊ နင်တို့ပြောစရာရှိတာပြောပြီးရင် သွားတော့''

''နံ့သာကမာနကြီးလိုက်တာဗျာ၊ ကျွန်တော်ကတော့ ခင်မင်ချင်တဲ့ အထိမ်းအမှတ်နဲ့ နံ့သာတို့ဝိုင်းအတွက် ရှင်းပြီးသွားပါပြီ''

''ဘာ''

အတင့်ရဲလှသော ဥက္ကာလွင်ကို နံ့သာဖြူအမြင်ကတ်မိသွားသည်။ မျက်နှာက အပိုးမကျိုးပြောင်ဖြဲဖြဲနှင့်ပါ။

''ဟဲ့ . . ကေသီ ပိုက်ဆံရှင်းမယ် စားပွဲထိုးခေါ်လိုက်၊ သူ့ပိုက်ဆံကို ပြန်ပေးခိုင်းလိုက်မယ်''

''ဟာ . . နံ့သာ အဲလိုလုပ်ရင် ကျွန်တော်ဒီစားပွဲဝိုင်းက ထမှာမဟုတ်ဘူးနော်၊ ကျွန်တော်က ကျွန်တော်ဖြစ်ချင်တာကိုဖြစ်ရမှ''

''ဟွန်း . . . ကြောက်နေရဦးမယ် အားကြီးကြီး''

သူမရွဲ့တဲ့တဲ့ပြောတော့ ဥက္ကာလွင်ရယ်နေသည်။ သူမမျက်စောင်းထိုးတာကိုလည်း ဘာတွေသဘောကျနေမှန်းမသိပါ။

ထောပတ်သီးဖျော်ရည်ကိုတောင် သောက်ချင်စိတ်မရှိတော့ဘဲ သူမထရပ်လိုက်သည်။

''နံ့သာ''

ဥက္ကာလွင်က သူမနှင့်အတူ ဆတ်ခနဲထရပ်လျက်ခေါ်၏။

''ဘာလဲ၊ နင်တို့နဲ့အတူ မထိုင်ချင်လို့ အတန်းသွားတက်တော့မလို့''

''ဒါဆို ကျွန်တော်နံ့သာတို့အတန်းထဲထိလိုက်မှာ''

''ဟဲ့မှန်ကြောင်၊ နင့်ကောင်ကဘာလဲ၊ လူကိုဘာများအောက်မေ့နေလဲမသိဘူး ဖွတ်တရွတ်နဲ့''

''ကျွန်တော် လူမိုက်မဟုတ်ပါဘူး ကျွန်တော်နံ့သာတို့နဲ့ခင်ချင်လို့ပါ၊ တစ်မျိုးမထင်ပါနဲ့၊ ကျွန်တော်ကိုရင်းနှီးခွင့်ပေးပါနော်နံ့သာ''

ဒီလောက်ဖွတ်တရွတ်ဖြစ်နေတာ သူမစိတ်မရှည်ချင်ပါ။ ကေသီက သူမလက်ကိုလှမ်းဆွဲပြီး

''ထိုင်လိုက်စမ်းပါ နံ့သာရယ်၊ အတန်းတက်ဖို့အချိန်လည်း လိုပါသေးတယ် ဒီလောက်စေတနာသဒ္ဓါကောင်းနေတာ ငါထပ်ဆွဲလိုက်ဦးမယ်''

''ငတ်ကြီးကိုကျတယ်''

ကေသီက အစားအသောက်နှင့်ဆို ကေသီက ကမြွေမရပေ။ ထိုင်သာထိုင်လိုက်ရပေမယ့် ဥက္ကာလွင်မျက်နှာကိုမကြည့်မိအောင်နေလိုက်သည်။ ဒီလိုဖွတ်တရွတ်ကောက်လေးမျိုးနှင့် မခင်ချင်ပါ။ သင်္ဂါမောင်သာ အနားမှာရှိလျှင် ဒီလိုကောင်လေးမျိုးတွေ အနားတောင်ကပ်ရဲကြမှာမဟုတ်။

သင်္ဂါကတော့ သူ့အမေဆီသွားနေလိုက်တာ သူမဆီတစ်ချက်တောင်အလည်မပတ်ပေါ်မလာပေ။ သတိရလိုက်တာ သင်္ဂါရယ်။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

''သားမျက်နှာက အခုတလော ကျောင်းကအပြန်တပြုံးပြုံး ဖြစ်နေတယ်နော်၊ သားရည်းစားတွေ ဘာတွေရနေပြီလား''

''ဟုတ်တယ်. . မာမီတို့ မိန်းမလိုက်တောင်းပေးဖို့သာ အဆင်သင့်ပြင်ထား''

''ဟယ်. . သားတကယ်ပြောနေတာလား၊ သားနော် ငယ်ငယ်လေးရှိသေးတယ်၊ ဟိုဟိုဒီဒီလျှောက်မစဉ်းစားနဲ့''

''သားအရွယ်ရောက်နေပါပြီမာမီရယ်၊ တက္ကသိုလ်တောင်စတက်နေပြီ၊ လူကြီးဖြစ်ပြီပေါ့မာမီရ''

အချိန်တွေ ကုန်လွန်လွယ်လိုက်တာလို့သားပြောမှ သတိထားမိသည်။

တကယ်ကို သားဥက္ကာလွင်က လူပျိုကြီးဖားဖားဖြစ်နေပြီဖြစ်၏။

ဆယ်တန်းအောင်တုန်းက ဝယ်ပေးထားသော မြိုင်ကားတစ်စီးနှင့် မိန်းမလည်းပိုးတတ်နေပြီဖြစ်သည်။

သားသင်္ဂါမောင်ကတော့ ဒီအမေနှင့် ဒီအိမ်မိသားစုကလွဲရင် ဘာကိုမှ စိတ်ဝင်စားပုံမပေါ်။ ဒီအမေမျက်နှာကိုမြင်တွေ့နေရဖို့ အရိပ်ခိုရဖို့အတွက် အငြိုငြင်မခံရအောင် အလုပ်တွေကြိုးစားလုပ်နေရှာတာ။

''မာမီ''



''ဟင် သား''

''သားနဲ့စကားပြောရင်း စိတ်ကဘယ်ရောက်သွားတာလဲ၊ မာမိ တစ်ခုခုကိုတွေးနေသလိုပဲနော်''

''ဩော်. . မာမီသားအရွယ်ရောက်ပြီလို့ တွေးမိသွားလို့ပါ၊ ဒါပေမဲ့ မာမီတစ်ခုတော့ လေးလေးနက်နက်သတိပေးထားမယ်နော်၊ မိန်းကလေးတစ်ယောက်ကို ကိုယ်တကယ်လက်မထပ်နိုင်ဘဲ အပျော်မတွဲပါနဲ့သား၊ အလွန်အကျူးလည်းမဖြစ်ပါစေနဲ့၊ အစွန်းအထင်း အမှားအယွင်းဖြစ်ပြီး မယူမဖြစ်ယူလိုက်ရတာမျိုးနဲ့လည်း တန်ဖိုးမဲ့မဖြစ်ပါစေနဲ့၊ သားတကယ်ချစ်တဲ့ တန်ဖိုးထားတဲ့မိန်းကလေးဆိုရင် မာမီဆီခေါ်လာပါ၊ မာမီကျေကျေနပ်နပ်လက်ခံတွေ့ပြီး အကောင်းဆုံးစီမံပေးမယ်''

''မာမီတကယ်နော်''

''တကယ်ပါသားရယ်၊ မာမီက မိန်းမဖြစ်တော့ တန်ဖိုးရှိတဲ့ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးလားဆိုတာ ခွဲခြားတတ်တယ်လေ၊ သားအတွက် သင့်တော်တဲ့မိန်းကလေးလားဆိုတာ မာမီအကဲခတ်ပေးမယ် ဟုတ်ပြီလား''

''အိုကေ မာမီ၊ အဲဒါကြောင့် မာမီကိုချစ်တာ''

သားရဲ့အနမ်းက ရင်ကိုချမ်းမြေ့စေသည်။ ခုန်ပေါက်ပျော်ရွှင်ကာ အပေါ်ထပ်ပြေးတက်သွားသော သားကိုကြည့်လို့မဝ။ ဒီရင်ကလွယ်မွေးခဲ့ရသော်ကလေးတွေ အကုန်အရွယ်ရောက်ကုန်ပါရောလား။

''မာမီ''

''ဟော. . သမီးလေးကျူရှင်ကပြန်လာပြီ၊ မာမီလည်း လာကြို မလို့ပါကွယ်၊ အိမ်မှာ ဒယ်ဒီဧည့်သည်တွေလာမယ်ဆိုလို့ မီးဖိုချောင်မှာ စီမံနေရတယ်''

''အဲဒါကြောင့် ဒရိုင်ဘာငှားပါလို့ပြောတာပေါ့''

''သမီးအဘိုးက နေခက်လူမခေါ်ချင်ဘူးဆိုပြီး သင်္ဂါမောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသင်ပေးနေတယ်လေ၊ သူလိုင်စင်ရရင် အိမ်ကလူတွေအတွက် ဒရိုင်ဘာရပြီပေါ့"

"ဟင်း. . အဲဒါဆို အိမ်အလုပ်တွေကရော"

"အိမ်အလုပ်တွေလည်း မလစ်ဟင်းအောင်လုပ်ပါ့မယ်လို့ပြော တာပဲ၊ ချက်တဲ့ပြုတ်တဲ့နေရာကျတော့ ဘေးကဝိုင်းကူရုံပဲ ဂျူနယ၂လေ သူလုပ်နိုင်မှာပါ"

သားကို ကားမောင်းတတ်စေချင်တာကြောင့် မိမိကိုယ်တိုင် တိုက်တွန်းမိတာပါဆိုတာတော့ ပြောမနေချင်။ သမီးကနှုတ်ခမ်းလေးစူ ပြီး. . .

"ဒေါ်ကြီးသိန်းချက်တာ မကောင်းပါဘူး၊ ဟင်းကို ကိုသဂါချက် တာက အရသာရှိတယ်"

"သူအားတဲ့အချိန်လည်း ဝင်ချက်မှာပေါ့ကွယ်၊ သူက ဒေါ်ကြီး သိန်းထက် အလုပ်တွေပိုလုပ်ရတယ်လေ သမီးရဲ့၊ သမီးစားချင်တာရှိတဲ့ အချိန်တော့ ချက်ခိုင်းပေါ့နော်သမီး"

အခုမှသမီးမျက်နှာပြုံးပြုံးလေးပြန်ဖြစ်သွားသည်။ သဂါမောင် အပေါ် အနိုင်ကျင့်သလိုဖြစ်မှာစိုးလို့ မိမိမှာဖုံးရဖိရတာလည်း အမောပါ။ အခုသားက ဦးဘုန်းမြင့်အကြောင်းတွေတက်နေသည်ဆို၍ ဦးဘုန်းမြင့် အခန်းထဲမှာ နင်းနှိပ်ပေးနေသည်။ ဒါကြောင့်မို့ ဦးဘုန်းမြင့်အခန်းထဲ ဝင်လာခဲ့သည်။

"ဖေဖေ သက်သာရဲ့လား"

"ဩော်. . သမီး၊ မောင်သဂါက စေတနာပါပါလုပ်ပေးတော့ သက်သာပါတယ်ကွယ်၊ တော်တော်လေးတော့ သက်သာသလိုပါပဲ ဒါပေမဲ့ အခုတလော ဆရာဝန်မပြတ်လာနေတာတောင် နေရထိုင်ရတာ သိပ်မဟုတ်ချင်ဘူး၊ အသက်ကြီးနာထင်ပါရဲ့ သမီးရယ်"

"ဟို. . မသက်သာရင် ကျွန်မဘာလုပ်ပေးရမလဲ ဖေဖေ





ကျွန်မ လုပ်ပေးပါ့မယ်"

"ရပါတယ် သမီးရဲ့၊ အခုနောက်ကျောတွေ သက်သာပေမယ့် ခြေထောက်တွေ တက်နေလို့ မောင်သဂါနှိပ်ပေးနေတယ်"

"ကျွန်မတစ်ဖက်နှိပ်ပေးပါ့မယ် ဖေဖေ၊ မြန်မြန်သက်သာတာ ပေါ့၊ နော်ဖေဖေ"

"အေး. . အေး၊ သမီးကသိုလ်ရချင်ရင်လည်း နှိပ်ပေါ့ကွယ်၊ အဲလိုလေးတွေ သိတတ်လို့လည်း ဖေဖေက သမီးတစ်ယောက်လို တန်ဖိုး ထားနေရတာပါ၊ သားက ဖေဖေအတွက် သမီးနဲ့တူတဲ့ချွေးမကောင်းရှာ လာပေးတာကွ၊ အဲဒါကြောင့် ဖေဖေကလည်း အမွေကိစ္စမှာ သမီး အတွက်ပါထည့်စဉ်းစားထားတာပေါ့၊ သားထက်စာရင် သမီးကိုပိုယုံတယ် လေ၊ သူများမိဘတွေလို ကိုယ့်သားသမီးမှ ကိုယ့်သားသမီး၊ ကိုယ့်မြေး မှ ကိုယ့်မြေးသဘောမထားဘူး၊ သမီးကလည်း ဖေဖေ့သမီးပဲ၊ တန်းတူ အကျိုးကျေးဇူးခံစားရအောင် ဖေဖေစီမံထားတယ် ဟုတ်ပြီလားသမီး"

"ကျ. . ကျွန်မ အဲဒါတွေမျှော်လင့်လို့မဟုတ်ပါဘူး ဖေဖေ၊ တကယ်ကို ကိုယ့်မိဘလိုသဘောထားလို့"

ဦးဘုန်းမြင့်က မိမိရဲ့ပျာပျာသလဲဖြေရှင်းမှုကြောင့် လက်ကလေး ကို ဆုပ်ကိုင်လာပြီး

"သမီးရဲ့ ရိုးသားမှုကို ဖေဖေယုံပါတယ်ကွယ်၊ သားအပေါ် သစ္စာရှိပေးတာကလည်း အသိုက်အဝန်းကြားမှာ ဂုဏ်တက်စေပါတယ်၊ မြေးတွေအတွက် မိခင်ကောင်းတစ်ယောက်ဖြစ်ပေးတာကိုလည်း ကျေးဇူး တင်တယ်၊ ဒီခေတ်မှာက ရိုးသားပြီး ပဋိပက္ခကင်းတဲ့ အိမ်ထောင်ရေးမျိုး၊ မိသားစုမျိုးဆိုတာ မရှိသလောက်မဟုတ်လား၊ ဖေဖေကတော့ တကယ် ကို ဒီမိသားစုလေးက တစ်သက်လုံးမပြိုကွဲနိုင်ဘူးလို့ ဖေဖေယုံတယ်"

"ဟုတ်. . ဟုတ်ကဲ့ဖေဖေ"

ဦးဘုန်းမြင့်ကို နှိပ်ပေးရင်းနှင့် သားမျက်နှာကိုကြည့်ကာ မလုံ

www.burmeseclassic.com

www.burmeseclassic.com



မလဲ မငံ့မရဲဖြစ်ရသည်။ သားလည်းမျက်နှာမကောင်းပါ။ မရှိးသားမှုတွေ နှင့် ဒီအိမ်ကြီးကိုရောက်လာရတာမို့ ပိုပြီးသိမ်ငယ်နေပေလိမ့်မည်။ မမေ့ အမှားတွေပါသားရယ်လို့ ရင်ထဲကတောင်းပန်နေမိသည်။ ဦးဘုန်းမြင့်ကျ ခြေထောက်တစ်ဖက်စီ အနှိပ်ခံနေတာမို့ သက်တောင့်သက်သာဖြစ်လာ ကာ မျက်လုံးတွေ မှေးစင်းပြီး အသံတွေတိတ်ကျသွား၏။

အခုမှသားမျက်နှာလေးကို သက်ပြင်းတွေချ၍ ငေးမောစွာ ကြည့်မိသည်။

ထိုအချိန်ခဏလေးမှာ ချပ်ခနဲအခန်းတံခါးဖွင့်သံနှင့် အတူ

''မြ. . . မင်းဘာလုပ်နေတာလဲ၊ ဒီအခန်းထဲ ဘာလို့ရောက်နေ တာလဲ''

''ဟင်. . . ကိုလွင်''

ဟိန်းဟောက်လိုက်သည့်အသံကြောင့် မှိန်းမောနေသော ဦးဘုန်းမြင့်တောင် လန့်တုန်သွားလျက်၊ မျက်လုံးအစုံပြူးကျယ်သွားကာ

''သား ဘာဖြစ်တာလဲ၊ ဒီမှာ သမီး ဖေဖေ့ကိုနှိပ်ပေးနေတာ မမြင်ဘူးလား''

''ဟို. . . သားက ကုမ္ပဏီကအပြန် ညီ့သည်တွေပါလာမယ် ဆိုတာပြောထားရဲ့နဲ့၊ ညီ့ခန်းမှာတန်းခနဲ မတွေ့လို့ စိတ်ဆိုးမိတာပါ''

''စိတ်ဆိုးမယ်ဆိုလည်း သူဘာလုပ်နေလဲ မျက်လုံးနဲ့သေချာ ကြည့်ဦးလေ၊ မင်းမွေးအဖေကိုလာပြီး ပြုစုနေတာ၊ ကျန်းမာရေးမကောင်း လို့ နှင်းနှိပ်နေတာ၊ မင်းအခုတွေ့ပြီလား''

''ဟုတ်. . . ဟုတ်ကဲ့''

''တွေ့ရင်သွားတော့၊ မင်းညီ့သည်တွေကို မင်းဘာသာညီ့ခံ၊ ငါ. . . မင်းအဖေ အနှိပ်ခံလို့မပြီးသေးဘူး''

''မ. . . မဟုတ်ဘူးဖေဖေ၊ ညီ့ . . . ညီ့သည်တွေက အရေး ကြီးညီ့သည်တွေ၊ သူကိုယ်တိုင်ထွက်ပြီး ညီ့ခံမှဖြစ်မှာမို့ပါ''





''ကျွတ်. . . ဒီကောင်တော့ အမွေပေးဖို့စဉ်းစားရတော့မယ် ထင် တယ်၊ ဖအေကိုအခန်းထဲဝင်ပြီး ပြုစုနေတာ၊ မကြိုက်တဲ့ပုံစံနဲ့၊ မင်းမိန်းမ ကို ပင်ပန်းမှာကြောက်နေတာလားကွ၊ ဒီအဖေထက် မင်းညီ့သည်တွေ က အရေးကြီးနေသလား၊ ဟိတ်ကောင် မင်းမိန်းမကိုခေါ်သွားတော့''

''ဖေဖေ''

''မင်းရဲ့ခုနက လေသံက ငါ့ကိုလာပြုစုတာမကြိုက်တဲ့ပုံစံမျိုး ဖြစ်နေတယ်၊ မင်းကလုပ်ငန်းတွေ ဦးစီးဦးဆောင်လုပ်နေရတော့ ဒီ အိုကြီး အိုမ ဒီအဖေကို ဂရုစိုက်စရာမလိုတော့ဘူး တွေးနေတာမဟုတ်လား၊ သမီးလိုက်သွားလိုက်တော့ ဒီကောင်ကို ဖေဖေထထိုးမိတော့မယ်''

အခြေအတင်ပဋိပက္ခတွေဖြစ်နေပြီမို့ ခုတင်ပေါ်ကလျှောဆင်းပြီး အရင်ထွက်လာခဲ့ရသည်။ ဦးဝေလွင် သင်္ဂါမောင်ကို မကျေမချမ်း မျက် ထောက်နီကြီးနှင့်ကြည့်ပြီးမှ ခေါ်မြမြလွင်နောက်ကလိုက်လာခဲ့သည်။

''မြမြလွင်''

နောက်ကနေလိုက်ကာ လက်ကိုဖျတ်ခနဲဆွဲပြီး နီးစပ်ရာစာကြည့် ခန်းထဲဆွဲသွင်းလိုက်သည်။ ကိုယ်တွေရဲ့အိပ်ခန်းက ညီ့သည်တွေရှိနေ သော ညီ့ခန်းနှင့်ကပ်ရက်မို့ ပဋိပက္ခသံတွေမကြားစေချင်လို့ပါ။ ဂုဏ် သိက္ခာတွေ အရောင်တင်နေရသည့် အသိုက်အဝန်းကလူတွေ မဟုတ် လား။

''မြ. . . မြမြလွင်၊ မင်းပြောတော့ ဆင်ခြင်ပါ့မယ်၊ သတိထားပါ့ မယ်ဆို၊ အခုမင်းဘာလုပ်တာလဲ''

''ကျွန်မဘာလုပ်နေလို့လဲ ကိုလွင်''

''ဟိုကောင်ရှိနေတဲ့ ဖေဖေ့အခန်းထဲ မင်းဘာသွားလုပ်တာလဲ၊ မင်းမျက်လုံးတွေက ငါ့အဖေကိုနှိပ်ပေးနေလို့ သနားနေတာမဟုတ်လား၊ အဲဒါကြောင့် မင့်သားသက်သာအောင် ငါ့အဖေကိုသွားပြုစုပေးတာမဟုတ် ဘူးလား မြ''



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေလွင် စွပ်စွဲမှုတွေက မှန်နေတာမို့ ဒေါ်မြမြလွင်အသံတိတ်နေရသည်။ ဒါကိုပင် ဦးဝေလွင်မကျေမချမ်းဖြစ်ကာ

''မင့်သားကို မင်းအဲလောက်ချစ်နေသနားနေရင် ဒီအိမ်ကို အလုပ်လုပ်ဖို့ ဘာလို့ခေါ်လာသေးလဲ မြ၊ အရင်ကလိုပဲ အဝေးကနေ ထောက်ပံ့ပါလား။ ဘယ်လောက်ပဲဖြစ်ဖြစ် ကြည်ကြည်ဖြူဖြူပေးရတာကို ငါကျေနပ်တယ်၊ မငြိုငြင်ခဲ့ဘူး။ အခုတော့ကွာ ငါမှာတစ်နေ့မှ စိတ်မချမ်းသာရဘူး၊ ကုမ္ပဏီသွားတာလည်း နောက်ဆံတင်းနေရတယ်၊ မင်းတို့ရဲ့ပတ်သက်မှုကို သိသွားမှာစိုးလို့၊ မင်းတို့မဆင်မခြင် သံယောဇဉ်တွေပြနေရင် သတိထားမိသွားပြီး ပြဿနာဖြစ်မှာစိုးလို့ ငါဘယ်လောက် သွေးမျက်ထိတ်လန့်နေရတယ်ထင်လဲ''

''ရှင်စိုးရိမ်သလို အခုထိမဖြစ်သေးဘူး မဟုတ်လားကိုလွင်၊ ကျန်တဲ့လူတွေက ရှင့်လိုမျိုး သံသယမျက်လုံးနဲ့ကြည့်နေကြတာမဟုတ်တဲ့အတွက် သိစရာအကြောင်း သတိထားမိစရာအကြောင်းမရှိဘူး၊ ကျွန်မလည်း သားနဲ့သူစိမ်းလိုမျိုးနေနေရတာ ရင်တွေနာနေပါတယ်၊ သားကို ကျွန်လိုခိုင်းနေရတာ၊ အသည်းတွေ ဆတ်ဆတ်ခါလောက်အောင်နာနေပါတယ်၊ သားကိုသားလို့မခေါ်နိုင်ဘဲ အသိအမှတ်မပြုနိုင်ဘဲ၊ ဒီအမေနေချင်လွန်းလို့ ဒုက္ခတွေခံနေတာမြင်ရတိုင်း နောင်ဘဝကိုကူးပြောင်းပစ်လိုက်ချင်တဲ့ စိတ်တွေလည်းဖြစ်နေပါတယ်၊ ဒါပေမဲ့ ရှင်နဲ့ရတဲ့ သားသမီးတွေကိုထောက်ထားပြီး ကျွန်မဝေဒနာတွေ ကြိတ်မှိတ်ခံစားနေရတယ်၊ ဒါကိုရော ရှင်သိလား၊ ကိုယ်ချင်းစာစာတတ်ရဲ့လား၊ အတွေးတောင် ငဲ့ညှာကြည့်ဖူးသလား''

ဒေါ်သဖြင့် ခွန်းတုံ့ပြန်ပေါက်ကွဲလိုက်သည့်အခါမှာ မျက်ရည်တွေပါ ဗိုးဗိုးပေါက်ပေါက်ကျလာသည်။ ဒီထက်ကိုရင်တွေ ပွင့်ထွက်သွားအောင် ပေါက်ကွဲပစ်လိုက်ချင်တာပါ။ ဒါပေမဲ့ ဒီပဋိပက္ခသံတွေ တယောက်ယောက်ကြားသွားမှာစိုး၍ ခပ်ကြိတ်ကြိတ်ပင် သတိထားပြောခဲ့သည်။ ဦးဝေလွင်ကတော့ ဒေါ်သကိုထိန်းနိုင်သေးပုံမပေါ်ပါ။ မိမိပခုံးကို ဆောင့်ကာတွန်းလိုက်ရင်း ...

''မင်းခံစားသလို ငါလည်းခံစားနေရတာပဲ မြမြလွင်၊ အများအယွင်းဖြစ်ရင် ဘာမှအဖတ်ဆယ်လို့ သိက္ခာဆယ်လို့ရမှာမဟုတ်တော့ဘူး၊ ပြဿနာဆိုတာမဖြစ်ခင်ကရှောင်ရတာ၊ အခုမင်းက သူ့ကိုကာကွယ်ပေးချင်သလို၊ ဖေးမပေးချင်သလိုတွေ လုပ်နေတာ ငါမသိဘူးအောက်မေ့နေလား၊ အခု ဖေဖေက ငါ့ကိုဘယ်လိုဆက်ဆံလိုက်တယ်ဆိုတာ မင်းမြင်တယ်နော်၊ အဲဒါမင်းသားကြောင့်၊ မင့်သားကြောင့် ငါတို့သားအဖတွေ စိတ်ဝမ်းကွဲရမလိုဖြစ်နေတာ၊ မင်းတို့ကို စိတ်မချတာနဲ့ ဖေဖေက ငါ့ကိုတစ်မျိုးထင်သွားပြီ''

''အဲဒါ ရှင့်အတွက်နဲ့ ရှင်ပဲလေ၊ ညွှန်သည်တွေရောက်လာပြီဆိုပြီး ကျွန်မကို သာသာလေးခေါ်ထုတ်လို့ရတယ်၊ ဒါကိုရှင်အော်ကြီးဟစ်ကျယ်ထိန်းသိမ်းဆင်ခြင်ရမှန်းမသိ ဒေါ်သဖြစ်လိုက်တာမဟုတ်ဘူးလား''

''ဒီကောင်ရှိနေတဲ့အခန်းမှာ မင်းဒီလိုပုံစံနဲ့ရောက်မနေရင် ဒီလို ဒေါ်သဖြစ်လောက်စရာအကြောင်းရှိမှာမဟုတ်ဘူး မြ၊ ဗုံးတစ်လုံးကိုင်ထားသလို ဘယ်အချိန်စနက်တံပြုတ်ပြီး ပေါက်ကွဲမလဲ ရင်တထိတ်ထိတ်ဖြစ်နေရတဲ့ စိုးရိမ်မှုက ဆင်ခြင်ထိန်းသိမ်းနိုင်ပါဦးမလား၊ တကယ်ဆို မင်းပေးထားတဲ့ကတိအတိုင်း ဒီကောင်နဲ့ ကင်းကင်းပဲနေသင့်တာ''

မိခင်တစ်ယောက်အနေနှင့် ဒီလောက်ကြီးစိမ်းကားစွာနေနိုင်ပါ့မလားလို့ ဆင်ခြေတက်ချင်လှသည်၊ အောက်မှာလည်း ညွှန်သည်ရောက်နေသည်မို့ ဒီပြဿနာကို ဒီထက်ရှည်အောင်ဖြေရှင်းမနေချင်တော့။ စိမ့်ထွက်လာတော့မည့် မျက်ရည်တွေကို မျက်တောင်များတို့ဖြင့် ပုတ်ခတ်ဖယ်ရှားပစ်လိုက်သည်။

''ဖေဖေကျန်းမာရေးမကောင်းဘူးကိုလွင်၊ သင်္ဂါမောင်ပြုနေတယ်ဆိုပေမယ့် ချွေးမတစ်ယောက်အနေနဲ့တာဝန်ရှိတယ်ထင်လို့ပါ၊ ရှင်





ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



က ဘယ်အချိန်ရောက်မယ်ဆိုတာ ပြောမထားလို့ ကြိုစောင့်မနေတာ ကျန်တာချက်တာ ပြုတ်တာတွေအားလုံးပြီးနေပြီ၊ ရှင်အခုလို ဖေဖေ့ရှေ့မှာ ပေါက်ကွဲတာကမှ သတိထားမိသွားနိုင်တာ သံသယဝင်သွားနိုင်တာ တစ်ခုခုဖြစ်ရင် ကျွန်မတို့ကြောင့်မဟုတ်ဘူး၊ ရှင်မဆင်မခြင်သံသယဝင်နေတာကြောင့်ပဲ''

ပြောပြီးရှေ့ကထွက်လာခဲ့သည်။ အခန်းရှေ့က သဲ့သဲ့သံကြားလိုက်လို့ပါ။ ဒါပေမဲ့ လူရိပ်လူရောင်တော့ မမြင်လိုက်ရ။

ချောင်းနားထောင်မည့်သူမျိုးတော့မရှိပေ။ ဖေဖေနှင့်သားသက်မောင်က အခန်းထဲမှာ ဥက္ကာလွင်နှင့် နှင်းဆီလွင်ကလည်း ကျောင်းက ရောက်တာနှင့် တော်ရုံတန်ရုံအခန်းထဲကထွက်ကြတာမဟုတ်။

စားချိန်သောက်ချိန် မီသားစုစကားပြောချိန်လောက်ပဲ၊ ထမင်းစားခန်းနှင့် စာကြည့်ခန်းမှာဆုံကြတာ။ ဒေါ်ကြီးသိန်းလည်း မီးဖိုခန်းမှာ အလုပ်တွေရှုပ်နေမှာပါ။

ဒါဆိုဘယ်သူလဲ။ ဘယ်သူဖြစ်နိုင်လဲ။

ဦးဝေလွင်ရဲ့ အစွန်းရောက်နေသည့် စိုးရိမ်ကြောင့်ကျမှုတွေကြောင့် ဒီအကြောင်းတွေ တစ်ယောက်ယောက်သိသွားလျှင်ဖြင့်. . .

◆ ◆ ◆



# အခန်း (၁၁)

''ဘယ်သူလဲကွဲ့ . . . အိမ်ရှေ့မှာရပ်နေတာ''

''ဗျာ. . . ဟို. . . ကျွန်တော် နံ့. . . နံသာဖြူရဲ့သူငယ်ချင်းပါ။ ကျောင်းပိတ်တဲ့နေ့မို့ အိမ်လာလည်တာ''

ဒေါ်ခင်ညို အံ့ဩသွားသည်။ သမီးမှာယောက်ျားလေးသူငယ်ချင်းရှိသည်လို့ တစ်ခါမှမပြောဘူးပါ။ ဒီကောင်လေးအိမ်ရှေ့မှာ ယောင်ပေပေရပ်နေလို့ ထွက်ကြည့်တာ။

ကားကလည်း အကောင်းစားကြီးဆိုတော့ လူချမ်းသာအသိုက်အဝန်းကပဲဖြစ်မည်။ တက္ကသိုလ်မှာတွေ့ကြသည်ဆိုတော့ ဘယ်လိုပတ်သက်မှုမျိုးလဲ။ ကားနဲ့လာတာဆိုတော့ ဝှဲဝှဲကြွားကြွားလေးတော့ရှိသည့်ပုံပင်။

''သမီးက ဈေးသွားတယ်၊ ခဏနေပြန်လာမှာပါ၊ အိမ်ထဲဝင်စောင့်လေ၊ နာမည်ကဘယ်သူ''

''ဟုတ်ကဲ့ ဥက္ကာလွင်ပါခင်ဗျ''

''အေး. . . ထိုင်ဦးကွယ်၊ အဒေါ်လက်ဖက်ရည်လုပ်ပေးမယ်''

မွန်မွန်ရည်ရည်လေးဆိုတော့ ဒေါ်ခင်ညိုကော်ဖီတွေ ဘာတွေဖျော်ကာ ဧည့်ခံမိသည်။ တော်ရုံတန်ရုံသူငယ်ချင်းအပေါင်းအသင်းလိုခင်မင်ရုံနှင့်တော့ ကျောင်းပိတ်ရက်မျိုးမှာမတွေ့ရ မနေနိုင် အိမ်လိုက်လာမှာမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာလွင်ဆိုသည့်ကောင်လေးက တစ်အိမ်လုံးကို ဝေ့ဝဲကြည့်ပြီး အကဲခတ်လို့ပါ။ ဘာတွေများ စပ်စုနေသည်မသိ။

"ဟို . . မောင်ဥက္ကာနဲ့ သမီးနဲ့ခင်တာ တော်တော်ကြာပြီလား အတန်းတော့တူမယ်မထင်ဘူး"

"ဟုတ်ကဲ့ . . ကျွန်တော်က တစ်တန်းငယ်ပါတယ်၊ ခင်တာ တော့ မကြာသေးပါဘူး။ ကျွန်တော်က အိမ်ကိုရောက်ဖူးချင်လို့လာလည် တာပါ။ ဟိုဘက်ရပ်ကွက်မှာ ကျွန်တော်နဲ့ခင်တဲ့သူငယ်ချင်းကိုနိုင်ရှိတယ် လေ၊ သူ့ဆီကိုလာရင်းနဲ့ ကြုံလို့ဝင်လာတာပါ"

"သြော် . . သူ့ကိုပါခေါ်ခဲ့ရောပေါ့ကွယ်၊ အဖော်ရတာပေါ့"

ခေါ်ပေမယ့် သူက နံ့သာဖြူကိုကြောက်လို့ လိုက်မလာတာ လို့ ပြောလိုက်လျှင် ဘာကြောင့်လဲဆိုသည့်မေးခွန်းက ဖြေရခက်ပေလိမ့် မည်။ ဒါကြောင့်မို့

"ဟို . . သူက သူ့အိမ်မှာအလုပ်ရှုပ်နေတာနဲ့ မအားလို့ပါအမေ အဲဒါကြောင့် ကျွန်တော်တစ်ယောက်တည်းထွက်လာတာ၊ ကျွန်တော် ခဏနေပြန်မှာပါ"

"သြော် . . ရောက်တုန်းရောက်ခိုက်တော့ ထမင်းစားပြီးမှပြန် ပေါ့ကွယ်၊ သမီးဈေးကပြန်လာရင် အဒေါ်တန်းခနဲချက်လိုက်ပါမယ်"

"ဟုတ် . . ဟုတ်ကဲ့"

နံ့သာဖြူနှင့်စကားပြောဖို့ အခွင့်အရေးရဦးမှာမို့ ဥက္ကာလွင်ပျော် သွားသည်။ နံ့သာဖြူအမေက သဘောကောင်းမည့်ပုံမို့ အားရှိသွားတော့ တော့အမှန်ပင်။ တကယ်တော့ နံ့သာဖြူက အခုချိန်ထိကိုယ့်ကိုကောင်း ကောင်းမွန်မွန်ဖော်ဖော်ရွေရွေမဆက်ဆံသေးပါ။

ကိုယ်ကသာ သူ့မကျောင်းကိုသွား၍ အမျိုးမျိုးချည်းကပ်နေတာ နံ့သာဖြူဘက်ကတော့ ရန်လိုမှုများနှင့်သာတုံ့ပြန်နေဆဲပင်။

"ဟော . . သမီးပြန်လာပြီ၊ ဒီမှာညှို့သည်ရောက်နေတယ် သမီးရဲ့၊ အမေ ဟင်းမြန်မြန်ချက်လိုက်မယ် သမီး၊ နေ့လယ်စာစားပြီး





ပြန်လို့ အမေတားထားလို့"

"ဟင် . . ဥက္ကာလွင်"

ညှို့သည်ဆိုတာကိုကြည့်ပြီး နံ့သာဖြူ တအံ့တဩဖြစ်သွား သည်။ အမေကို ဘာတွေပြောပြီး အိမ်ထဲအထိရောက်အောင်ဝင်လာသလဲ မသိပေ။

ဒီကောင်လေးက သူဖြစ်ချင်တာကို အတင့်ရဲရဲမဖြစ်မနေလုပ် တတ်သူပါ။ မျက်နှာသာမပေးတာတောင် ဒီလိုအခွင့်အရေးရှာတတ်သည့် သတ္တိက ချီးကျူးစရာပင်ကောင်းသေး၏။

အမေရှေ့ခြင်းယူပြီး နောက်ဖေးဘက်ဝင်အသွားမှာ

"ဟဲ့ . . နင်ဘာကိစ္စ ငါ့အိမ်ကိုလာတာလဲ၊ နင့်ကိုဘယ်သူက ခေါ်လို့လဲ"

"နံ့သာအိမ်လည်ခေါ်တာစောင့်နေရင် ဒီတစ်သက်လုံးတောင် ဖြစ်ချင်မှဖြစ်မှာလေ၊ အဲဒါကြောင့် ကျွန်တော်ဘာသာလာခဲ့တာ"

"မခေါ်လို့လာလာ ခေါ်လို့လာလာ နင့်ကိုလက်မခံနိုင်ဘူး နင် ပြန်တော့"

"နံ့သာက ကျွန်တော့်ကိုဘာလို့ စိမ်းကားတာလဲဗျာ၊ ကျွန်တော် က တကယ်ကို နံ့သာနဲ့ရင်းနှီးပတ်သက်ချင်တာပါ"

"အဲဒါက လက်ခံတဲ့သူက လက်ခံမှဖြစ်မှာပေါ့ ဥက္ကာလွင်၊ ငါနင်နဲ့မခင်ချင်ဘူး မပတ်သက်ချင်ဘူး"

"ဘာဖြစ်လို့လဲ၊ နံ့သာမှာရည်းစားရှိလို့လား၊ နံ့သာရည်စားက မကြိုက်လို့လား"

ဒါကျတော့ဖြေစရာမရှိပေ။ ငါ့မှာချစ်သူရှိတယ်ဆိုပြီး လက်ညှိုး ထိုးပြရအောင် အနားမှာသင်္ဂါမောင်မှမရှိတာ။

"နံ့သာ"

"ဘာလဲ"

"နံ့သာမှာ ရည်စားမရှိဘူးဆိုတာ ကျွန်တော်သိတယ်၊ အခု

www.burmeseclassic.com



လည်း ကျွန်တော်က နံ့သာကိုရည်းစားစကားပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော်ခင်မင်ချင်တယ်၊ ရင်းနှီးချင်တယ်၊ နံ့သာဘက်က ခါးခါးသီးသီး ဖြစ်နေရင်တော့ ကျွန်တော်ဖွတ်ရှေ့တိုးမှာပဲ၊ နံ့သာဘက်က အကြောင်း ပြချက်ရှိရင်တော့ တစ်မျိုးပေါ့"

"အကြောင်းပြချက်ဆိုတာက"

"ကျွန်တော် လူဆိုးလူသွမ်းတစ်ယောက်၊ အခြေအမြစ်မရှိ ဂျလေဘီတစ်ယောက်ဆိုရင် ဒီလိုမျိုးမတူမတန်ဆက်ဆံခံရတာ တော် သေးတာပေါ့ဗျာ၊ အခုက"

"အရာရာပြည့်စုံတယ်ဆိုပြီး မခံချိမခံသာဖြစ်နေတာလား၊ အဲ က လူတစ်ယောက်ရဲ့စိတ်ခံစားမှုနဲ့ဆိုင်တယ်လေ၊ အဲဒီအပေါ်ယံပကာ သနုဂုဏ်ခြံပ်တွေကို ငါမှမမက်မောတတ်တာ"

"မက်မောပါလို့ ကျွန်တော်မပြောပါဘူး၊ ကျွန်တော်ကလည်း ကြွားဝါချင်တဲ့လူမျိုးမဟုတ်ပါဘူး။ ခါးခါးသီးသီး ဆက်ဆံခံရတာကိုတော့ အောက်တယ်လို့ထင်တယ်၊ တစ်ဆင့်တက် ဆက်ဆံရေးကို ငြင်းချင်ငြင်း ပါ၊ ဒီအတိုင်းခင်မင်ရုံလေးနဲ့တော့ နံ့သာအတွက် ဘာမှမထိခိုက်ဘူးလို့ ထင်ပါတယ်"

ဒါလည်းဟုတ်တော့ ဟုတ်တာပဲလို့ သက်ပြင်းချကာ စိတ်ကို လျှော့လိုက်ရသည်။ ခင်မင်မှုအတိုင်းအတာနှင့်တော့ သဂါမောင်ကို သူ ပျက်ရာမရောက်လောက်ဘူးဟု ထင်သည်။ သဂါမောင်က သူ့ကိုမမေ့ ပါနဲ့လို့ပြောသွားတာပါ။

သူ့အမေဆီသွားနေသော သဂါမောင် အဆင်မှပြေရဲ့လား

"နံ့သာ"

"ဟင်"

"ဟာ. . . နံ့သာရယ်၊ လူကဒီနားမှာထိုင်ပြီး စိတ်ကအဝေးကြီး ရောက်နေတယ်ဗျာ၊ ကျွန်တော်ပြောတာကို စိတ်မဝင်စားတာလား၊ နံ့သာ ဒီထက်ပိုပြီး သူစိမ်းဆန်နေရင်တော့ ကျွန်တော်စိတ်မကောင်းဖြစ်မိမှာပဲ"





"ကျွတ်. . . ခက်တော့တာပဲ၊ နင့်လိုဖွတ်တရှတ်လူစားမျိုး မတွေ့ ဖူးဘူး"

"အခုတွေ့ဖူးပြီမဟုတ်လား၊ ကျွန်တော်ကခင်စရာကောင်း တယ်နော်"

"သွားပါ၊ တော်တော်ခင်စရာကောင်းတဲ့ရုပ်ပဲ"

သူမ မှန်နဲ့သလိုဖြစ်သွားသလားမသိပေ။ ဥက္ကာလွင်က ညို့ချင် နေသော မျက်ဝန်းများနှင့်ကြည့်ကာ ပြုံးပြုံးကြီးလုပ်နေသည်။ သူမမျက် စောင်းထိုးပစ်လိုက်ရင်း . . .

"လူဆိုတာ ရိုးသားမှုနဲ့ဆက်ဆံမှ ရင်းနှီးမှုခိုင်မြဲတာ၊ နင့်ဘက် က မရိုးမသားတွေဖြစ်လာရင်တော့ ငါ့အဆိုးမဆိုနဲ့"

"အင်းပါ"

လို့ပြောလိုက်ပေမယ့် သူမဟို့ရဲ့မပြည့်စုံမှုများကြောင့် ကိုယ်ရဲ့ ပိုင်ဆိုင်မှုများ မျက်ဝါးထင်ထင်မြင်တွေ့ရလျှင် သူမစိတ်တွေပြောင်းလဲ လာလိမ့်မည်ဟု ယုံကြည်နေလိုက်သည်။

"သမီးရေ. . . ညည်းသည်ဖို့ ထမင်းပွဲပြင်ပါကွယ်၊ မြန်မြန်ဆန်ဆန် ပဲ ချက်လိုက်တာကျက်ပြီ"

"ဟုတ်ကဲ့ အမေ၊ ကဲ. . . ထမင်းစားမယ်"

အမေကပြောတော့ အောက်သီးအောင့်သက်နှင့် ထမင်းစား ခေါ်လိုက်ရသည်။ အမေကို ဥက္ကာလွင်က မျက်နှာချိုသွေးကာ ပြုံးပြ၏။

"ဟင်းကတော့ သိပ်မကောင်းဘူး၊ နောက်အိမ်လည်လာမယ် ဆိုကြိုပြောပါကွယ်၊ ဟင်းကောင်းကောင်းချက်ထားရအောင်"

"ဟုတ်ကဲ့ပါအဒေါ်၊ နောက်ဆိုကျွန်တော် ခဏခဏလာလည် မှာ၊ အဒေါ်ဖို့လက်ဆောင်လည်း ဝယ်လာမယ်"

သူမက လက်မခံချင်မှန်းသိ၍ အမေကိုဖားနေတာ အမြင်ကတ် ကာ မျက်စောင်းထိုးပစ်လိုက်သည်။ ဘယ်လိုမျက်နှာပြောင်သည့်ကောင် လေးလည်းမသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရောက်မှလာရင်တော့ ရှိတာနဲ့စား၊ ငါတို့အိမ်ကတော့ ဒါမျိုးပဲ စားနိုင်တယ်၊ ငါးခေါင်းချဉ်ဟင်းရယ်၊ ငါးပိရည် တို့စရာရယ်"

ထမင်းပွဲကိုမြင်ပြီး ဥက္ကာလွင် စိတ်ထဲကနှာခေါင်းရှုံ့မိပေမယ့် မျက်နှာပေါ်ကတော့ ပြုံးနေရသည်။ ကိုယ့်အိမ်မှာ ဒါမျိုးတွေမှမစားတာ။ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ငါးဆိုတာမျိုး ဟင်းကောင်းသုံးလေးမျိုးဆိုတာ အစိကပါပြီး ကျန်သည့်ဟင်းအရံတွေနှင့်ဆို အနည်းဆုံး ဟင်းရှစ်ခွက် ဆယ်ခွက်ချက်တတ်သည်။

အခု နံ့သာဖြူတို့အိမ်မှာ မြင်တွေ့နေရသည့် ထမင်းကလည်း ခပ်ကြမ်းကြမ်းပါ။ သူမျိုလို့တောင်ကျပါ့မလားမသိ။ ဒါပေမဲ့ ဟန်ဆောင်ပန်ဆောင်တော့ စားပြမှာပါ။ နောက်မှနံ့သာဖြူကို ကိုယ့်အိမ်ရအောင်ခေါ်ပြီး ကိုယ့်ရဲ့ကြွယ်ဝချမ်းသာမှုတွေ ပိုင်ဆိုင်မှုတွေဂုဏ်ဒြပ်တွေ သိအောင်မြင်အောင်ပြရမည်။

ဒါမှ နံ့သာဖြူကိုယ့်ကို စိတ်ဝင်စားလာမှာပါ။ အဲလိုဖြစ်လာပြီးရင်တော့ သူမကိုချစ်ရေးဆိုရမည်။ တစ်ဘဝလုံးစာ လက်တွဲသိမ်းပိုက်ရမည်။

ဥက္ကာလွင်ဆိုတာ လိုချင်တာကို ဒီလိုမျိုးသိမ်းသွင်းယူတတ်ကြောင်း ...။

✽ ✽ ✽



# အခန်း (၃၂)

"ဟယ် .. ဥက္ကာလွင်က နင့်ဆီရောက်လာတာပေါ့"

"အေးဟယ် .. အိမ်မှာတောင် ထမင်းစားသွားသေးတယ်"

"ဒီကောင် နှုတ်သွက်လျှာသွက် လက်ရဲဇက်ရဲ တဖွတ်ထိုးနော်၊ ငွေကြေးချမ်းသာတဲ့ အသိုက်အဝန်းကဆိုတော့ ဖြစ်ချင်တာလုပ်ချင်တာ ဖွတ်ထိုးလုပ်တတ်တဲ့အကျင့်ဖြစ်နေတာနေမှာ၊ နင်ရှေ့ဆက်ဘယ်လို စဉ်းစားမှာလဲ"

"ဘာစဉ်းစားရမှာလဲ၊ နောက်တစ်ဆင့်တိုး ပတ်သက်ချင်တာမျိုးဆိုရင် မဆက်ဆံဘူးလို့ ငါချုပ်ထားတယ်၊ အခုလည်း အမေကြောင့် အားနာပြီး ဆက်ဆံနေတာ"

"ငါတစ်ခုတော့ မေးချင်တယ်"

"မေး"

ရှမ်းခေါက်ဆွဲစားနေသော တူလေးကိုပန်းကန်ပေါ်ချ၍ မေးလေးငေါ့ပြောတော့ ကေသီကစားပွဲပေါ်လက်ထောက်ကာ သူမကိုကြည့်နေပြီး

"ဥက္ကာလွင်က အရာရာပြည့်စုံတဲ့ပုံစံမျိုးပဲ၊ နင့်ကိုစိတ်ဝင်စားလို့ ဒီလိုမျိုးချဉ်းကပ်နေတာလည်း သိသာတယ်၊ နင်သူ့အပေါ်နည်းနည်းလေးတောင် စိတ်မယိုင်ဘူးလား"

"ဟင့်အင်း .. ငါ့မှာ သဂါမောင်ရှိတာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . သင်္ဂါမောင်နဲ့က ချစ်သူတွေဖြစ်ကြသေးလို့လား"

"သူက ငါ့ကိုချစ်တယ်လို့ပြောထားတယ်လေ၊ ငါ့ဆီက သူ့အဖြေမတောင်းသေးဘူးဆိုပေမယ့် ငါကသူ့ကိုချစ်တယ်၊ ငါတို့က အပေါ်ယံပတ်သက်မှုမဟုတ်ဘူး။ မွေးနေ့မွေးရက်တူတဲ့ ရေစက်ပါပြီးသား၊ တစ်ယောက်အကြောင်း တစ်ယောက်နားလည်တယ် သိတယ်၊ ပြီးတော့ သူ့ဘဝလေးကို ငါစာနာတယ်"

"ညွန်းဆိုဖွဲ့လိုက်နိုင်မှာလားဟယ်၊ သင်္ဂါမောင်အကြောင်း ပြောရမယ်ဆိုရင်တော့ နင့်မျက်နှာကပြုံးနေတာပဲ"

ကေသီအပြောကြောင့် သူမပို၍ ပြုံးလိုက်မိသည်။ ကိုယ့်နိုင်ငံမှာ လူပေါင်းသန်းခြောက်ဆယ်လောက်ရှိသည့်အထဲက တစ်ယောက်တည်းကို ရွေးချစ်တယ်ဆိုတာ ပေါ့ပေါ့တန်တန်ငြိတွယ်မှုမဟုတ်တာ။ အတိတ်က သတ်မှတ်ပေးလိုက်သောဖူးစာပါ။

ဒါကို ဘာလို့ဟိုလူ ဒီလူချစ်သလိုလိုလုပ်နေရမှာလဲ။

"နံ့သာ"

"ဘာလဲ"

"ဥက္ကာလွင်နဲ့ သင်္ဂါမောင်က အခြေအနေချင်းအရမ်းကွာတယ်နော်၊ သင်္ဂါမောင်က သူ့အမေအိမ်မှာ အလုပ်လုပ်နေတာဆို၊ သူများမိသားစုလက်အောက်မှာ သိမ်သိမ်ငယ်ငယ်နေရတာဖြစ်လိမ့်မယ်၊ ပညာလည်း ဆက်မသင်ရတဲ့လူတစ်ယောက်၊ နင့်အတွက် အဖိုးတန်ယောက်ျားဖြစ်လာမှာမဟုတ်ဘူး နံ့သာ၊ နင်စဉ်းစားဦး"

"ငါက ဘာကိုမှအများကြီးမက်တဲ့သူမဟုတ်ပါဘူး။ ငါ့အမေကသာ လောဘရှိချင်ရှိမယ်၊ ငါ့အဖေကတော့ ရောင့်ရဲတတ်အောင် အမြဲသင်ပေးတယ်၊ လောဘရှိတဲ့သူက ပူလောင်တယ်တဲ့၊ လူဆိုတာ ကိုယ်နဲ့တန်ရာကိုပဲ မျှော်လင့်သင့်တယ်လို့ပြောတယ်"

"အခွင့်အရေးမရှိရင်တော့ ဟုတ်တာပေါ့ဟာ၊ အခွင့်အရေးပေးလို့မှမယူတတ်ရင်တော့ နင်အတာပဲ၊ ဥက္ကာလွင်က ရွှေတွင်းငွေတွင်းပတ္တမြားတွင်းကြီးနော်"

"အဲဒါကိုနင်ပဲယူ၊ ဟိုမှာလာနေပြီ"

"ဟယ်"

မှန်ကြောင်နှင့် ဥက္ကာလွင်ပြုံးပြုံးကြီး ကင်န်တင်းထဲဝင်လာ၍ ကေသီပါးစပ်အဟောင်းသား အိုးတိုးအမ်းတမ်းဖြစ်သွားသည်။ ဥက္ကာလွင်က နံ့သာဖြူအနားက ထိုင်ခုံမှာဝင်ထိုင်၏။

"နံ့သာတို့က စားပြီးကြပြီလား"

"အဲဒါလာမေးတာလား၊ ကိုယ့်အတန်းကိုယ်ရော တက်ရဲ့လား၊ ဒီကျောင်းကိုပဲလာနေတယ်"

"အဲဒါက နံ့သာကိုတွေ့ချင်လို့လေ"

"ရိုးရိုးသားသား စကားပဲပြော၊ မဟုတ်ရင်"

"ဆောရီး. . . ကျွန်တော်ကပြောစရာရှိလို့လာတာပါ၊ ဒီတစ်ပတ်ထဲမှာ ကျွန်တော့်အဘိုးမွေးနေ့ရှိတယ်၊ ဘုန်းကြီးဆွမ်းကပ်ပြီး ညေ့သည်နည်းနည်းပါးပါးဖိတ်မှာပါ၊ အဲဒါနံ့သာတို့ကိုလည်း ကျွန်တော်ဖိတ်တာ"

"အို. . . နင်တို့သူဌေးတွေအိမ်မလာချင်ပါဘူး။ နင့်မိဘတွေက တစ်မျိုးထင်ရင် ဘယ်လိုလုပ်မလဲ"

"ဟာ. . . ဘာကိုတစ်မျိုးထင်ရမှာလဲဗျာ၊ အလှူလုပ်လို့ သူငယ်ချင်းတွေကို ဖိတ်တာပဲ"

"ဟင့်အင်း. . . ဘာဖြစ်ဖြစ်မလာချင်ဘူး"

"နံ့သာကဗျာ၊ ကျွန်တော်ကျတော့ နံ့သာတို့အိမ်ကိုလာရတယ်"

"အဲဒါ နင့်ဘာသာလာတာလေ၊ ငါကခေါ်လို့လား"

အမှန်အတိုင်းပြောလိုက်တာဆိုသော်လည်း ဥက္ကာလွင်အောင့်သက်သက်ဖြစ်သွားသည်။ တခြားမိန်းကလေးတွေဆိုလျှင် သူ့အပေါ်မလိုလားသည့် အရိပ်အယောင်မျိုးမရှိပါ။ သိချင်ရင်းနှီးချင် ပတ်သက်ချင်လို့ပဲ အနားမှာကပ်နေကြတာ။ ဒါတွေကိုတော့ သူအပျော်သဘောမျိုးပဲတွဲခဲ့သည်။ နံ့သာဖြူကိုတော့ ခက်ခဲလို့ကို သူစွဲကြည့်ချင်နေတာပါ။

www.burmeseclassic.com



ယောက်ျားတွေဆိုတာလည်း လွယ်ရင်တန်ဖိုးမထားတတ်သလို ခက်ခဲတာကိုတော့ သွေးဆူလှုပ်ရှားတတ်ကြသည်။ သူက ကေသီကို အကူအညီတောင်းဖို့အတွက် မျက်နှာချိုသွေးလိုက်ပြီး . . .

"ကေသီရာ၊ ခင်ဗျားသူငယ်ချင်းကိုပြောပါဦး၊ ကျွန်တော် အိမ်က အလှူဖိတ်တာကို ဖွတ်ငြင်းနေတော့တာပဲ၊ ကျွန်တော်က ဘာကိုဘာ လုပ်မှာမို့လဲ"

"အေး . . . ဟုတ်သား နံ့သာရယ်၊ နင်ကလည်း သူဌေးအိမ်က အလှူဘာကျွေးမလဲ သွားစားကြရအောင်"

"နင်ကလေတော်ကြီးကိုကျတယ်၊ အစားအသောက်ဆိုအငမ်းမရ"

"နင်ကလည်းဟယ် အဲလိုမပြောပါနဲ့၊ လူဆိုတာမစားဘူးတာ စားချင် မလုပ်ဖူးတာလုပ်ချင်တာပဲ၊ ဥက္ကာလွင် ဘယ်လောက်ချမ်းသာတယ်ဆိုတာ သွားကြည့်ကြတာပေါ့"

"နင်ပဲ လိုက်သွား၊ ငါကတော့ ဘာမှစိတ်မဝင်စားဘူး"

"အင်း . . . မျက်နှာကြီးက ငါ့သူငယ်ချင်းလေးက ချောပါတယ်ဆိုမှ"

အစားအသောက်အတွက်ဆို ကေသီတို့မျက်နှာချိုသွေးတတ်မြဲပင်။ ဥက္ကာလွင်အိမ်ကို မလိုက်ချင်ဘဲလိုက်ရဦးမှာပါ။ ဥက္ကာလွင်က တစ်မျိုး၊ ကေသီကတစ်မျိုးနှင့်။

ဥက္ကာလွင် ဘယ်လိုများ စည်းရုံးသိမ်းသွင်းဦးမလဲ မသိပေ။ ဒီရင်ထဲမှာ သဂါမောင်တစ်ယောက်တည်းရှိတယ်ဆိုတာ . . .

✿ ✿ ✿



# အခန်း (၃၃)

"သားက အဲလိုပြောပြီး ခေါ်ထားတာလား၊ ဟုတ်လည်းမဟုတ်ဘဲနဲ့ သားရယ်၊ အဘိုးရဲ့မွေးနေ့က အဝေးကြီးလိုသေးတဲ့ဟာကို"

"မေမေရာ သူကအလှူရှိတယ်လို့ပြောကာတောင် လာချင်တာမဟုတ်ဘူး၊ သူငယ်ချင်းတွေက ဖွတ်အတင်းတိုက်တွန်းလို့သာ"

"သားနဲ့ချစ်သူရောဖြစ်ပြီလားကွယ်၊ လိုက်လိုက်လျှောလျှော မရှိတာ သားဘက်ကတစ်ဖက်သတ်လား"

ဥက္ကာလွင် ရက်ရယ်ရယ်ကာ မေမေခါးကိုဖက်လိုက်ပြီး

"သားရည်ရွယ်ထားတဲ့ မိန်းကလေးပါ၊ မေမေအကဲခတ်လို့ရအောင်ခေါ်ပြတာ၊ သူကမပြည့်စုံပေမယ့် ရိုးသားတယ်၊ သားတွဲနေတဲ့ မိန်းကလေးတွေနဲ့မတူဘူး"

"အဲဒါတော့ကောင်းပါတယ် သားရယ်၊ အခုခေတ်မှာ ရိုးသားတဲ့ မိန်းကလေးကရှားတယ်၊ သားကိုရိုးသားတဲ့မိန်းကလေးနဲ့တွေ့စေချင်ပါတယ်"

"အဲဒါကြောင့် သားကရှာထားတာပေါ့ မေမေရဲ့၊ တချို့မိန်းကလေးတွေဆို လက်မထပ်ခင်က အပေးအယူတွေ ညှိနှိုင်းနေကြတာ၊ ကိုယ့်ဘက်က စိတ်မနိုင်လို့မှားယွင်းမိပြီဆိုရင်တော့ သားလိုပိုက်ဆံချမ်းသာတဲ့ သူဌေးသားကို အမိဖမ်းချင်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့ . . မင့်သားက အဲဒါတွေတောင်နားလည်နေပြီလားကွ၊ တယ်စွံပါလား''

''အဟဲ့ . . ဒယ်ဒီ''

မနက်စာဝိုင်းမှာ ဦးဝေလွင်ရောက်လာပြီးမေးတော့ ဥက္ကာလွင် ရယ်ကျဲကျဲလုပ်နေသည်။ နှင်းဆီလွင်က အတို့အထောင်လုပ်ဖို့အကွက်

''ဒယ်ဒီသားက ဘွဲ့မရခင် မိန်းမအရင်ရတော့မယ်ထင်တယ်၊ မာမီကိုခေါ်လာပြမလို့တဲ့''

''ဟုတ်လား သား၊ သားကငယ်ပါသေးတယ်၊ အဲဒီဘက်ကို စိတ်ပါနေပြီလား''

''တက္ကသိုလ်မှာ မတော်တရော်မိန်းကလေးတွေများတယ် ဒယ်ဒီရဲ့ ဒီလိုမိန်းကလေးနဲ့ အတည်တကျတွဲရင် တခြားမိန်းကလေးတွေ မကပ်ရဲတော့ဘူးပေါ့''

''ဩော် . . သားရည်ရွယ်ချက်လေးက ကောင်းသားပဲ၊ အေး ပေါ့ကွာ၊ သားမာမီကို အကဲခတ်ခိုင်းပေါ့၊ သားမာမီသဘောကျရင် ဒယ်ဒီ လည်း သဘောကျပေးရမှာပေါ့၊ ဩော် . . ဖေဖေရော မနက်စာလာ မစားဘူးလား''

''ကိုယ်တွေ လက်တွေလေးနေတယ်ဆိုတာနဲ့ ဆေးရော မုန့် ရောသွားကျွေးပြီးပါပြီ၊ သင်္ကြီမောင်က နည်းနည်းနှိပ်ပေးခဲ့တာနဲ့ သက်သာ တယ်လို့ပြောတယ်''

ဒေါ်မြမြလွင် အပြောကြောင့် ဘေစင်မှာပန်းကန်တွေဆေးနေ သော သင်္ကြီမောင်ကို ဦးဝေလွင်လှည့်ကြည့်မိလိုက်သည်။ ဒီကောင်လေး ရှိနေတာ ဖေဖေ့ကို ကိုယ်တိုင်ကိုယ်ဖိရင်ဖိ ပြုစုစရာတော့မလိုပါ။ ကိုယ် ကတော့ ဆရာဝန်ခေါ်ပင့်ပြီးပဲ ဆေးကုပေးနိုင်တာ။

ဒီလိုတော့လည်း သင်္ကြီမောင်က အားကိုးရပါသည်။ မြမြလွင် နှင့် ဘာမှမပတ်သက်ဘဲရောက်လာတာဆိုလျှင် ဘယ်လောက်များ





ကောင်းမလဲ။

''ဒယ်ဒီ''

''ဟင် သမီး''

''ကိုသင်္ကြီရှိတာ အဘိုးအတွက်တော့ စိတ်ချရတယ်နော်၊ သမီး တို့က ကျောင်းတက်ကျူရှင်တက်နဲ့ အဘိုးကိုသိပ်ဂရုမစိုက်နိုင်ဘူး၊ ဒယ်ဒီ ကလည်း အချိန်မပေးနိုင်၊ ကိုကိုဆိုလည်း အဘိုးနဲ့တစ်ချိန်တောင်တွေ့ ချင်ရဲ့လားမသိဘူး''

''ငါ့ကိုယ်စား မာမီကပြုစုပေးပါတယ်ဟ၊ ငါက ငါ့ကိုယ်စား အဘိုးကို ပြုစုတာလို့ပြောပေးပါဆိုပြီး အဘိုးကိုချွဲခိုင်းထားတာ''

''ဟွန်းတော်တော်တတ်နေတယ်၊ အတတ်ကောင်းတွေ မင့် သားတော့မလွယ်တော့ဘူး မြဲ ကြည့်သာထိန်းပေတော့၊ ချစ်တယ်ဆိုပြီး အိပ်လည်းအလိုလိုက်မနေနဲ့''

ဦးဝေလွင်က အပြစ်တင်နေတာမဟုတ်ဘဲ ချစ်စနိုးနှင့် ပြုံးပြုံး ကြီးပြောနေတာပါ။ ဒီလိုမိသားစုကြည်နူးနေချိန်မှာ သားသင်္ကြီမောင် အလုပ်တွေလုပ်ရင်း နားစွင့်ကာ မအေအတွက် ကြည်နူးနေပေလိမ့်မည်။

''ကိုသင်္ကြီ''

''ဟင် . . ပြောပါညီ၊ ဘာလုပ်ပေးရမလဲ''

''ကျွန်တော့်ညီသည်တွေလာတဲ့နေ့ကျရင် မီးဖိုချောင်ထဲမှာပဲ တာဝန်ယူပေးပါ၊ အကောင်းဆုံးဟင်းတွေကို များများလုပ်ပေး၊ အရမ်းကို ဆိုဘဝမျိုးကို နှစ်သက်သွားအောင်ဆွဲဆောင်နိုင်ရမယ်၊ အိမ်ကိုလည်း သန့်ရှင်းတောက်ပြောင်နေအောင် ကြိုတင်ပြင်ဆင်ထား၊ နားလည်တယ်နော်''

''ဟုတ် . . နားလည်ပါတယ်''

''လုပ်ပေးလိုက်ပါကိုသင်္ကြီရေ၊ သူ့ရှုးနေတာ''

''သမီး ဘာလို့အဲလိုပြောတာလဲ''

ဦးဝေလွင်က သင်္ကြီမောင်ကို နှင်းဆီလွင်ရင်းနှီးသလို ပြောသံ



www.burmeseclassic.com

ပျော့ပျော့နှင့် ပြောလိုက်တာကို မကြိုက်ပေ။ နေရာတကာအလိုက်တတ် ကျိုးနွံစွာ အလုပ်ကြိုးစားသော သင်္ဂါမောင်ကို ဖေဖေရော သမီးရော ဆက်ဆံရေးတွေ ပျော့ပျောင်းလာခဲ့တာ၊ မြမြလွင် စိတ်ချမ်းသာနေမှာ ပေမယ့် ကိုယ့်အတွက်တော့ ဗုံးတစ်လုံးကိုကိုင်ထားရသလိုပါပဲ။

ဘယ်နေ့ပေါက်ကွဲမလဲ၊ ဘာတွေဖြစ်နေမလဲဆိုတာ စိုးတထိတ် ထိတ်နှင့်နေနေရတာ။

စားလည်းမဖြောင့်၊ အိပ်လည်းမဖြောင့်၊ ကုမ္ပဏီသွားလည် နောက်ဆံတင်းနှင့် သင်္ဂါမောင်ကို ဒီအိမ်မှာကို မထားချင်ပေ။

"ကိုလွင် စားလေ၊ ကော်ဖီတွေလည်း အေးကုန်ဦးမယ်"

"အင်း"

စိတ်မပါသလို ဖြေလိုက်သော ဦးဝေလွင်လေသံကို ဒေါ်မြ လွင် မကြိုက်ပါ။ မိမိနှင့်လည်း သားကိုမဆက်ဆံစေချင်။ ကလေးရေ က တရင်းတနှီးဖြစ်လာတာလည်း မလိုလား။

ဖေဖေက သင်္ဂါမောင်ကို လိုက်လျောနွေးထွေးလာတာလည် စိတ်တိုင်းမကျနှင့် ဦးဝေလွင် အခုတလောအတွက်ကိုကြီးနေတာ။ မိမိမှာ လည်း အသက်ရှူလို့ မဝအောင် မွန်းကျပ်နေခဲ့သည်။

သားက တကယ်ကိုသနားစရာပါ။ ဘယ်သူ့ကိုမှအပြစ်မတင်

တစ်ခါတစ်ရံဈေးကို မအေနှင့်အတူသွားရချိန်လေးမှာ စကား လေးပြောရ မျက်နှာလေးကြည့်ရတာကိုပဲ ကျေနပ်နေရှာတာ။ ဒီသား အတွက် မိမိဘာမှလုပ်မပေးနိုင်တာကိုပဲ ရင်ထဲမှာနင့်နေအောင် ခံစားနေ ရတာပါ။

မေ့သားလေးရယ် ဒီဝဋ်ကြွေးက ကျွတ်အောင်မေမေလုပ်ပေး ချင်ပါတယ်။

• • •

# အခန်း (၁၄)

"ဒေါ်ကြီးသိန်း ဒီဟင်းအိုးချလိုက်တော့မယ်နော်၊ ပုစွန်ထုတ် တွေ ကိုင်ထားတာ၊ အဲဒါချက်လိုက်ဦးမယ်"

"မင်းလုပ်ချင်တာလုပ်ပါကွယ်၊ ဒီမိသားစုက မင်းလက်ရာကို ကြိုက်နေကြတာ၊ မင်းကလည်း ယောက်ျားလေးဖြစ်ပြီး ချက်တတ် လိုက်တာကွယ်၊ ဘယ်မှာများသင်လာခဲ့တာလဲ"

"ဒီမလာခင် စားသောက်ဆိုင်မှာလုပ်တဲ့ သူငယ်ချင်းဆီက သင်လာခဲ့တာပါ"

"ဩော် . . ဒီလာဖို့ အစတည်းက ရည်ရွယ်ချက်ရှိထားတာ လား"

"ဗျာ"

ဒေါ်ကြီးသိန်းမေးပုံက သူ့ကိုတုန်လှုပ်သွားစေသည်။ ဒေါ်ကြီး သိန်း ဘာကိုသိလို့ ဒီလိုမေးလိုက်တာလဲ။ ဒေါ်ကြီးသိန်းက ခပ်ပြုံးပြုံးနှင့် ပင်

"ဒီလိုအလုပ်မျိုးလုပ်ချင်လို့ လေ့လာထားတာလားလို့ပါ"

"ဟို . . အဲလိုကြီးရယ်လည်း မဟုတ်ပါဘူး။ အိမ်မှာဦးလေးတွေ နဲ့စိတ်ညစ်ရတိုင်း သူငယ်ချင်းဆိုင်ကိုသွားနေတာမို့ပါ"

"အေးကွယ် . . မင်းဒီလိုလုပ်တတ်တာဆိုလည်း စားသောက်

www.burmeseclassic.com



ဆိုင်တွေ၊ ဟိုတယ်တွေမှာလုပ်သင့်တာ၊ အိမ်မှာဆိုတော့ အဝတ်လျှော်ရ၊ အိမ်သန့်ရှင်းရေးလုပ်ရ၊ မီးပူတိုက်လည်းပါ၊ အခုဒရိုင်ဘာလည်း လုပ်ရသေးတယ်၊ မင်းကိုနိုင်းကောင်းလို့ နိုင်းနေကြတယ်လို့ မအောက်မေ့ဘူးလား''

ဒေါ်ကြီးသိန်းက သူ့လူ့ကိုယ့်ဘက်သားလုပ်ကာ သွေးတိုးစမ်းမေးနေသလားမသိပါ။ သူကလုပ်စရာရှိတာတွေ ဖယ်ဆက်သလို တစ်ခုခြင်းလုပ်နေရင်းက ဒေါ်ကြီးသိန်းအနားလာရပ်ကာ

''နိုင်းကောင်းလို့ပဲ နိုင်းနိုင်း၊ ပိုက်ဆံပေးထားတာနဲ့တန်အောင်ပဲနိုင်းနိုင်း၊ ကျွန်တော်ကတော့ စေတနာမေတ္တာနဲ့ပဲလုပ်မှာပါ''

''ယောက်ျားလေးဖြစ်ပြီး မင်းတော်တော်လည်း သည်းခံနိုင်တယ်နော်''

''ဘဝအကျိုးပေးက အဲလိုသည်းခံရမယ့် ကံဇာတာပါလာတာပဲ ဘယ်နေရာမှာ ဘာပဲလုပ်လုပ်နေပျော်ဖို့ပဲ အရေးကြီးတာ မဟုတ်လား''

''အင်း. . . ဟုတ်ပါတယ်ကွယ်၊ မင်းရောက်လာတာ ဒေါ်ကြီးသိန်းအတွက်လည်း တော်တော်အားကိုးရပါတယ်၊ မင်းရောက်လာတာ ဒေါ်ကြီးသိန်း သက်တောင့်သက်သာလေးဖြစ်နေလို့ ဒေါ်ကြီးသိန်းကလည်း မင်းကိုကျေးဇူးတင်နေတာပါ၊ မြမြလွင်လည်း မင်းရှိနေတာ စိတ်ချမ်းသာမှာပါ''

ဒေါ်ကြီးသိန်းရဲ့လေသံအပြောင်းအလဲကို သူနားမလည်နိုင်ပေ။

အခုရက်တွေအတွင်းမှာ ဒေါ်ကြီးသိန်း သူ့ကိုအကဲခတ်နေသလို အရိပ်ကြည့်နေသလို ဖြစ်နေတာတော့ သတိထားမိသလိုပင်။

''ဒေါ်ကြီးသိန်းရေ အားလုံးအဆင်သင့်ဖြစ်ပြီလား၊ ဧည့်သည်တွေရောက်နေပြီ''

ရှေ့ကနေတက်ကြွစွာ မေးလိုက်သော ဥက္ကာလွင်ရဲ့အသံကြောင့် သဂါမောင်နှင့် ဒေါ်ကြီးသိန်းလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။



''ပြင်လိုက်ရုံပါပဲ၊ ဧည့်သည်တွေခေါ်လာလို့ရပါပြီ၊ ဒေါ်ကြီးသိန်းထမင်းပွဲပြင်ရအောင်''

''အေးအေး''

ရှေ့ကိုလှမ်းပြောရင်း ဒေါ်ကြီးသိန်းနှင့်အတူ ထမင်းပွဲပြင်လိုက်ရသည်။

ခဏနေတော့ ဧည့်သည်တွေနှင့်အတူ ဒေါ်မြမြလွင်ရော၊ ဥက္ကာလွင်ရော ဝင်လာကြသည်။

''နံ့သာထိုင်၊ ကေသီရော၊ ကိုနိုင်ရော ထိုင်ကြပါ၊ ကျွန်တော်တို့မမိက အိမ်ဖော်က ယောက်ျားလေးဗျ၊ အရမ်းအချက်အပြုတ်ကောင်းတာ၊ ကိုသဂါဟင်းတွေစုံပြီလား''

''ဟုတ်ကဲ့ စုံပါပြီ၊ ဟင်းချိုပဲ ပူအောင်ပြန်လုပ်နေတာ''

''ဟင်''

ဟင်းပွဲချပေးရင်း ပြောလိုက်သည့်အသံကြောင့် နံ့သာဖြူ ဆတ်ဆတ်တောင်တုန်သွားသည်။ သဂါမောင်က ဥက္ကာလွင်တို့အိမ်ရောက်နေတာပါလား။ ဒါဆို ဥက္ကာလွင်က သဂါမောင်အမေရဲ့သားပေါ့။

သဂါမောင်နှင့် ဥက္ကာလွင်က အမေတူအဖေကွဲ ညီအစ်ကိုတွေပေါ့။ သဂါမောင် ငယ်ငယ်ကတည်းက သူ့အမေအိမ်ထောင်ထပ်ပြုလိုက်တာမို့ ဥက္ကာလွင်နှင့် သဂါမောင်က အသက်သိပ်မကွာတာဖြစ်မည်။ သူမလည်း သဂါမောင်အမေကို ငယ်ငယ်ကပဲမြင်ဖူးတာမို့ မမှတ်မိဖြစ်နေတာပါ။ အသွားအသွားဘာတုန်းကလာသေးသည်ဆိုပေမယ့် အိမ်ကမိဘတွေပဲ အသုဘလိုက်ပို့တာမို့ သဂါမောင်အမေကို သူမ မမြင်ဘူးလိုက်။

''နံ့သာ ဖွန်းခပ်ရင်းနဲ့စားမှာမဟုတ်လား၊ လက်နဲ့စားမှာဆိုရင် လက်ဆေးခွက်ယူခိုင်းလိုက်မယ်''

''ဟင်''

ဥက္ကာလွင် ဘာမေးလိုက်မှန်းမသိအောင် သူမအတွေးတွေက

www.burmeseclassic.com



ကျဲပြန်နေခဲ့သည်။ ကေသီကလည်း သူမမျက်နှာကိုကြည့်နေသည်။

ကေသီမလည်း သူမဘယ်လိုခံစားနေရသည်ဆိုတာ သတိထား မိလို့ဖြစ်မှာပါ။

"ကိုသဂါ လက်ဆေးရေယူခဲ့ဗျာ၊ မြန်မြန်လေး"

"ဟုတ်.. ဟုတ်ကဲ့"

ဥက္ကာလွင်ခေါ်လာသော မိန်းကလေးက နံ့သာဖြူဖြစ်နေ၍ သင် မောင်ဘာလုပ်ရမှန်းမသိတော့သလို အယောင်ယောင်အမှားမှားဖြစ်ေ သည်။ ဥက္ကာလွင်က သူကောင်မလေးကို မေမေနှင့်မိတ်ဆက်ပေး မေမေအကဲခတ်လို့ရအောင်ခေါ်လာပြမည်လို့ပြောထားခဲ့တာ မဟုတ် လား။ ဒါဆို နံ့သာနှင့် ဥက္ကာလွင်က ပတ်သက်နေကြပြီပေါ့။ နံ့သာ ဆိုတာ သူချစ်ရသောမိန်းကလေးပါ။ အတွေးတွေ ဒိန်းခနဲဆောင့်ဝင်ရ သူခြေတွေလက်တွေပါ အားမရှိတော့သလို တဆတ်ဆတ်တုန်ယင်လာ သည်။

"ချွမ်.. ဗွမ်း"

"ဟာ.. ကိုသဂါ၊ ခင်ဗျားဘယ်လိုဖြစ်တာလဲ၊ ညေ့သည်ရှေ့ ရှေ့မှာ ပေါ့တီးပေါ့ဆနဲ့ လုပ်တာကိုင်တာသောက်သုံးကို မကျဘူး။ သွား နောက်တစ်ခွက် မြန်မြန်ခတ်လာခဲ့"

"ဟုတ်.. ဟုတ်ကဲ့"

ဥက္ကာလွင် အော်ငေါက်တာကို သဂါမောင်ဘာမှပြန်မပြောဘဲ ရေဖလားမြန်မြန်ယူ၍ စားပွဲပေါ်လာချပေးသည်။ ဥက္ကာလွင်က မျက်မှောင် ကုပ်ဖြင့် ...

"အဲဒီရေတွေ သန့်ရှင်းရေးမြန်မြန်လုပ်၊ ပြီးရင်ညေ့ခန်းထဲမှာ စားဖို့ သစ်သီးပွဲလုပ်ထား"

"ဟုတ်ကဲ့"

"နံ့သာ.. ထမင်းစားပြီးရင် လက်ဖက်ရည်သောက်မလား



ကော်ဖီသောက်မလား"

"ဟင့်အင်း.. မ.. မသောက်တော့ဘူး"

"ဒါဆို ဂျူးစ်တစ်ခွက်လောက်တော့သောက်ပါ၊ ဒီလူလုပ်ပေး တဲ့ ဖျော်ရည်က မိုက်တယ်၊ ဟိတ်လူ အဲဒါလုပ်ထား၊ ကောင်းကောင်း လေးနော်၊ သန့်သန့်ရှင်းရှင်းလည်းလုပ်ဦး"

"ဟုတ်ကဲ့၊ စိတ်ချပါ"

"သဂါရယ်"

အရှမ်းကို ရိုကျိုးနေရသော သဂါမောင်အဖြစ်ကို နံ့သာဖြူ မကြည့်ရက်နိုင်ပေ။ သဂါမောင်အမေကလည်း ကိုယ့်သားတစ်ယောက်လုံး ဒီလိုနှိမ့်ပါးသောဘဝနှင့် နှိမ့်ချခံနေရတာကို တစ်ချက်လေးမှ ကာကွယ်ပေး ခြင်း ဖေးမပေးခြင်းမရှိ။

သဂါမောင် ချက်ပြုတ်ပြင်ဆင်ပေးသော ထမင်းဟင်းတွေကို သူမ ဘယ်လိုမှစားလို့မဝင်ပါ။ လည်ပင်းထဲမှာနင်နေလျက် သဂါမောင် ဆုပ်ကိုင်နေတာတွေကိုပဲ သနားကရုဏာသက်နေမိသည်။ သမံတလင်း ပေါ် ဖိတ်စင်ကျသောရေတွေက သူမတို့စားသောက်နေသော စားပွဲခုံ ထိုင်ခုံအောက်တွေပါ စီးကျနေတာမို့ အားလုံးရဲ့ခြေထောက်တွေနားမှာ သဂါမောင်ရေစိုဖတ်နှင့်လိုက်သုတ်နေတာ ဘယ်လောက်တောင် ကရုဏာ ဖြစ်ဖို့ကောင်းလိုက်ပါသလဲ။ သူမတို့ ထမင်းစားပြီးလို့ ညေ့ခန်းမှာ ထိုင်ဖြစ် ကြတော့လည်း သစ်သီးပွဲနှင့် အအေးခွက်တွေလာချပေးတာ မဝံ့မရဲ သိမ်သိမ်ငယ်ငယ်ပင်။ ဒေါ်မြမြလွင်က သဂါမောင်ကို မျက်နှာလွှဲပြီး

"သမီးရယ် ဒီနေ့ကအိမ်မှာ လူမစုံဘူးဖြစ်နေတယ်၊ သူ့အဖေ က လုပ်ငန်းရှင်တွေနဲ့ အရေးကြီးအစည်းအဝေးပွဲရှိနေလို့လေ၊ အဘိုး ကတော့ ကျန်းမာရေးသိပ်မကောင်းလို့ သူ့အခန်းထဲမှာ သမီးငယ်က တော့ သူငယ်ချင်းတွေနဲ့ ရှော့ပင်းထွက်တာ ခုထိနေပြန်မလာသေးပါ၊ သမီးတို့လည်း အေးအေးဆေးဆေးနေကြဦးပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမြလွင်စကားကြောင့် နံ့သာဖြူစိတ်ထဲတစ်မျိုးဖြစ်သွား သည်။ ဥက္ကာလွင်က အိမ်မှာအဘိုးမွေးနေ့အတွက် ကသိုလ်လုပ်သည် ပြီး သူမတို့ကိုဖိတ်ခဲ့တာပါ။ ဒီအိမ်ရောက်ကတည်းက ဧည့်သည် တစ်ယောက်မှမတွေ့ရလို့ ထူးတော့ထူးဆန်းနေခဲ့သည်။

ဘာသဘောနှင့် ဥက္ကာလွင်လိမ်ညာခေါ်ခဲ့သည်မသိ။ သူ့ အိမ်ရဲ့ချမ်းသာကြွယ်ဝမှုကို ကြွားဝါချင်လို့ပဲလား။ ဒေါ်မြမြလွင်က ပြုံး လျက်‥‥

"သမီးလေးနာမည်က နံ့သာဖြူနော်၊ သားပြောပြတာထ တောင်ချောနေသေးတယ်ကွယ်၊ သားထက်အတန်ကြီးတယ်လို့သာပြေ တာ၊ သားထက်တောင် နုပျိုနေသေးသလိုပဲ"

"မေမေကလျှာ၊ ကိုယ့်သားကိုယ်အဲလိုပြောရလား။ နံ့သာ မြှောက်ပြောလည်း မမြှောက်တတ်ဘူး မေမေရ"

"မေမေက မြှောက်ပြောနေတာမဟုတ်ပါဘူးကွယ်၊ ဒါနဲ့သမီး လေးရဲ့ ဇာတိကဘယ်ကလဲကွဲ့၊ ရန်ကုန်ကပဲလား"

"မဟုတ်ပါဘူး ကျွန်မ မော်ဘီကပါ"

"ဟင်‥‥မော်ဘီက"

"ဟုတ်ပါတယ်၊ ပြောင်းလာတာမကြာသေးပါဘူး၊ အ အလုပ်နဲ့ဝေးနေလို့ ရန်ကုန်ပြောင်းလာကြတာပါ၊ အဖေက ဦးတင်ထွ အမေက ဒေါ်ခင်ညို"

"ဘာ"

နံ့သာဖြူ တမင်တကာကို ဒေါ်မြမြလွင်သိအောင် မိဘနာမ တွေပြောလိုက်တော့ မျက်ဝန်းလေးတွေ ပြူးလည်သွားအောင် ထိတ် သွားရှာသည်။ သစ်သီးပွဲချပြီး လှည့်ထွက်သွားသော သဂါမောင်လည ထိတ်လန့်စွာ ခြေလှမ်းတွေ ရပ်သွား၏။

ဥက္ကာလွင် သိသွားမလားဆိုပြီး သွေးပျက်ချောက်ချားသွား





လည်း ဖြစ်မှာပါ။ သဂါမောင်ကို စိတ်ဆင်းရဲပြီး အနေကျုံ့သွားတာမျိုး တော့ မဖြစ်စေချင်။

"အန်တီကတော့ သိမှာမဟုတ်ပါဘူး၊ ကျွန်မတို့က ပြည့်ပြည့် စုံစုံတော့ မဟုတ်တော့ အဆင့်အတန်းချင်းက မတူဘူးလေ"

"အင်း‥‥သား‥‥သားကပြောပါတယ်၊ နံ့သာဖြူတို့က အရမ်း ကြီး မပြည့်စုံကြဘူးဆိုတာ ဒါပေမဲ့ သားက သမီးရဲ့ရိုးသားမှုကိုတော့ စွဲစွဲလမ်းလမ်းဖြစ်နေပုံပါပဲ၊ သားဘဝတစ်သက်စာ ရည်ရွယ်ထားတဲ့ မိန်းကလေးမို့ မာမီလေ့လာအကဲခတ်ပေးပါတဲ့လေ"

"ရှင်"

"သမီးရဲ့သဘောကရောကွယ်၊ သားလေးအပေါ် လေးလေး နက်နက်ရှိရဲ့လား၊ ဖြစ်နိုင်တယ်ဆိုရင်တော့ အန်တီတို့ဘက်က အကောင်း ဆုံးလုပ်ပေးမှာပါ၊ သမီးရဲ့ကူညီအြေသိက္ခာကို အန်တီယုံကြည်လိုက်လို့လေ"

ကျွန်မက အန်တီသားကြီးရဲ့ချစ်သူပါလို့ အော်ပြောလိုက်ချင် ပါသည်။ ဥက္ကာလွင် လျှောက်ပြောထားလို့ ဒေါ်မြမြလွင် ဒီလိုတွေမေး မြန်းပြောဆိုနေတာနေမှာ။

ဘာမှမဟုတ်သေးပါပဲ ဒီလိုတွေပြောတာ သဂါမောင် အထင်လွဲ သွားနိုင်သည်။ ရပ်နေသော ခြေလှမ်းတွေ ခပ်သုတ်သုတ်ထွက်သွားတာ သတိထားမိတော့ သူမရင်တွေ ဖြောင်းဆန်သွားသည်။

ကေသီမရော မှန်ကြောင်ရော မျက်စိမျက်နှာပျက်လို့ပါ။ ဥက္ကာ လွင် ပြောထားတာတွေဟုတ်မှမဟုတ်တာ။ ဥက္ကာလွင်က သူမဖေါ်သ ဖြစ်သွားပြီဆိုတာ သဘောပေါက်လျက် မျက်နှာချိုသွေးသလို ပြုံးဖြဲဖြဲ လုပ်ပြီး ‥‥

"မာမီရယ်၊ ဘာလို့ အခုပြောနေတာလဲ၊ နံ့သာကိုသားက အိမ် ရောက်ဖူးအောင်ခေါ်လာတာပါ၊ မေမေနဲ့ မိတ်ဆက်ပေးချင်လို့ပေါ"

"ဥက္ကာလွင်၊ နင့်အိမ်မှာကုသိုလ်လုပ်တယ်ဆိုလို့ မကောင်းတတ်

www.burmeseclassic.com



လို့ ငါလာခဲ့တာနော်၊ နင်ဘာတွေလျှောက်ပြောထားတာလဲ''

''မ…မဟုတ်ပါဘူး နံ့သာရဲ့၊ ဟိုလေ ကျွန်တော်က…''

''တော်ပြီ ငါပြန်မယ်''

''ဟာ…မပြန်ပါနဲ့ဦး။ ကျွန်တော်လိုက်ပို့ပါ့မယ်၊ ခဏလေး နော်၊ ကျွန်တော်ရေချိုးပြီး အဝတ်အစားလဲလိုက်ဦးမယ်၊ ကိုနိုင် ကျွန်တော် နဲ့လိုက်ခဲ့ပါဦး။ မာဗီ နံ့သာကိုပြန်မသွားအောင်တားထားဦး''

ဥက္ကာလွင်က နံ့သာစိတ်ဆိုးသွားမှန်းသိ၍ မှန်ကြောင်လက်ကို ဆွဲကာ အပေါ်ထပ်ကိုခပ်သွက်သွက်ရှောင်ထွက်သွားသည်။ အခုမှ နံ့သာ ဖြူကို ဒေါ်မြမြလွင် ရဲရဲတင်းတင်းကြည့်ရဲတော့သည်။

''သမီးက…''

''သင်္ဂါနဲ့ မွေးနေ့ မွေးရက်တူ မော်တီကအိမ်နီးနားချင်း သူငယ် ချင်းပါ''

''ဪ…အန့်တီမှတ်မိပြီ၊ မသိတတ်ခင်ကလေးလေး ဘဝ တည်းက သံယောဇဉ်ကြီးကြတယ်၊ တစ်ယောက်ငိုရင် တစ်ယောက်က ငိုတယ်၊ တစ်ယောက်နေမကောင်းဖြစ်ရင် နောက်တစ်ယောက်ကလည်း နေမကောင်းဖြစ်တော့တာပဲ၊ နှစ်ယောက်အတူတူရှိတဲ့အချိန်ဆို မငိုကြ ဘူး၊ တခစ်ခစ်နဲ့ရယ်နေကြတော့တာ''

''အခု အန့်တီမရှိတော့တဲ့နောက်ပိုင်း ကျွန်မတို့သံယောဇဉ်တွေ ပိုဖြစ်လာကြပါတယ် အန့်တီ၊ သင်္ဂါကိုသနားလို့ သင်္ဂါဘဝကို စာနာလို့ သင်္ဂါကိုချစ်လို့''

''ဟင်''

''သင်္ဂါ ကျွန်မကိုချစ်တယ်လို့ ဖွင့်ပြောထားပါတယ်၊ ကျွန်မ လည်း သူ့ကိုချစ်တယ်၊ အခု သူ့အမေအိမ်မှာ ဒီလိုသိမ်သိမ်ငယ်ငယ် ချိုးနှိမ်ပြီး နေနေရတာမြင်ရတော့ စိတ်မကောင်းဘူး''

''ဟဲ့ နံ့သာ''





သူမရင်ထဲ မခံစားနိုင်လွန်းလို့ ပြောချင်တာတွေပြောပစ်လိုက် တာကို ကေသီက အလန့်တကြားနှင့် လက်ကုပ်ကာတားသည်။ ဒေါ်မြ မြလွင်ကတော့ ငိုချလိုက်တော့မည့် မျက်နှာနှင့်ပါ။ သူမရဲ့စိတ်ရင်းအမှန် ကိုလည်း သိသွားပုံရကာ…

''ဥက္ကာလွင်က သ…သမီးကို''

''သူ့ဘက်က တစ်ဖက်သတ်ပါအန့်တီ၊ ဥက္ကာလွင်ဘယ်လောက် ချမ်းသာချမ်းသာ ကျွန်မစိတ်မဝင်စားပါဘူး။ ကျွန်မဒီကိုလိုက်လာတာ ခုနကပြောသလို မကောင်းတတ်လို့ပါ၊ အခု ကျွန်မဘက်ကပိုပြီး သေချာ သွားပါပြီ၊ ဥက္ကာလွင်ကို ဘယ်တော့မှလက်ခံမှာမဟုတ်ပါဘူး၊ အရာရာ ချို့တဲ့နွမ်းပါးပြီး မိဘကံမကောင်းတဲ့ သင်္ဂါမောင်ကို ဖေးမလက်တွဲသွားဖို့ ပဲ စိတ်ကူးရှိပါတယ်''

''ဪ''

''အန့်တီသားတွေချင်းအတူတူ သင်္ဂါမောင်ကို ဘာကြောင့်ရွေး ချယ်ရသလဲဆိုတော့ သင်္ဂါမောင်က အရမ်းချို့တဲ့ပြီး သနားစရာကောင်း လို့ပါ၊ အန့်တီမေတ္တာကို လိုချင်လို့ ဒီအိမ်မှာ ဒီလိုဒုက္ခခံနေတာတောင် အန့်တီဘက်က အိမ်ဖော်လိုခိုင်းပြီး သူစိမ်းဆန်တာမြင်ရတော့ သူ့အတွက် တကယ်ကို ရင်နာမိပါတယ်၊ ပြန်လိုက်ပါဦးမယ်အန့်တီ၊ ကေသီသွားမယ်''

''သ…သမီး''

ထရပ်လိုက်သော နံ့သာဖြူလက်ကို ဒေါ်မြမြလွင် ကပျာကယာ လှမ်းဆွဲ၍

''အန်…အန့်တီနဲ့ သင်္ဂါမောင်ရဲ့ပတ်သက်မှုကို ဥက္ကာလွင် မသိ ပါဘူး။ သမီးလည်း သူ့ကိုမပြောလိုက်ပါနဲ့ကွယ်၊ ဒါ…ဒါက သင်္ဂါအတွက် ပါ၊ သူတို့သိသွားရင် သူအန့်တီနဲ့ နေရတော့မှာမဟုတ်ဘူး''

''မနေရရင် သူ့အတွက် ပိုမကောင်းဘူးလား အန့်တီ၊ အခု အိမ်ဖော်လိုနေရတဲ့သားအဖြစ်ကို အန့်တီကြည့်ရက်သလား၊ အာတွေများ

ရွှေညီညီသိမ်းတာမေ

www.burmeseclassic.com



သင်္ဂါတွက် ကောင်းနေလို့လဲ၊ အမေကို အမေလို့တောင်ခေါ်ခွင့်မရှိတဲ့ နေရာမှာ သိမ်ငယ်မှုတွေ ချိုးနှိမ်မှုတွေ နှိပ်ကွပ်မှုတွေနဲ့ သူ့ဘဝ ဒီထက် ဆိုးဝါးစရာကျန်သေးလို့လား၊ ဒါပေမဲ့ အန်တီနဲ့ သင်္ဂါရဲ့ပတ်သက်မှုကို ဥက္ကာလွင်ကို ကျွန်မမပြောပါဘူး''

''ကျေး. . ကျေးဇူးတင်ပါတယ်သမီး''

''ဒါပေမဲ့''

ဘာပြောမည်ဆိုတာကိုတော့ စိတ်ထဲမှာပဲထားလိုက်တော့သည်။ နောက်ထပ်တစ်ခါတော့ နှုတ်မဆက်တော့ပါ။

ဥက္ကာလွင်မျက်နှာကို မတွေ့ချင်တော့တာနှင့်ပဲ. . .။

* * *



## အခန်း (၃၅)

''သား''

နံ့သာဖြူတို့ပြန်သွားပြီး တားမထားရကောင်းလားလို့ စိတ်တွေဆိုးကာ ဥက္ကာလွင် အပြင်ထွက်သွားတော့ သင်္ဂါမောင်ဆီကိုလာခဲ့သည်။ နေ့လယ်ဘက်မှာ ဒေါ်ကြီးသိန်းလည်း တစ်ရေးတမောအိပ်နေမှာပါ။

ဖေဖေ့ကိုတော့ ထမင်းကျွေးဆေးတိုက်ကာ သိပ်ထားသည်။ ဦးဝေလွင်လည်း ပြန်မလာသေးသလို သမီးလည်း သူငယ်ချင်းတွေ အိမ်မှာ စာကျက်ဖို့ဆိုပြီး ပြန်ထွက်သွားသည်။

သင်္ဂါမောင်က မီးဖိုခန်းထဲမှာ သန့်ရှင်းရေးလုပ်နေ၏။

''ဟို. . .ဘာလိုအပ်လို့လဲ မေမေ၊ ဘာလုပ်ပေးရမလဲ''

ဘယ်သူမှမရှိဘူးဆိုတာ သိနေ၍ သင်္ဂါမောင်ကလည်း မေမေ ဟုခေါ်သည်။

သားဆံပင်တွေကို ဒေါ်မြမြလွင် ဖွဖွလေးပွတ်သပ်ပြီး . . .

''နံ့သာဖြူက သားရဲ့ချစ်သူဆို''

''သားကပြောထားတာပဲရှိပါတယ်၊ သူ့ဆီကအဖြေမတောင်းရ သေးပါဘူး''

''သူက သားကိုချစ်တယ်လို့ မေမေ့ကိုပြောသွားတယ်''

''ဗျာ''

''ဘာလုပ်ပေးရမှာလဲသား၊ မေမေဘယ်လိုဆုံးဖြတ်ပေးရမှာလဲ''

www.burmeseclassic.com



"သား. . သားအတွက် စိတ်ထဲမထားပါနဲ့၊ သားလိုကောင်ကို ချစ်လို့ နံ့သာအတွက်ကောင်းတာမရှိပါဘူး။ ညီလေးအတွက်ပဲ စဉ်းစားပေးလိုက်ပါ မေမေ"

"သား. . သားရယ်၊ နလုံးသားကို အနစ်နာခံလောက်အောင် အထိတော့ မပေးဆပ်ပါနဲ့သားရယ်၊ နံ့သာဖြူကလည်း ဥက္ကာလွင်ကို မချစ်ပါဘူး"

"သားအတွက်ဆိုပြီး နံ့သာနဲ့သားကို စီစဉ်ပေးရဲလို့လား မေမေ"

"ဟင်"

သားကန့်လန့်တိုက်လိုက်တာတော့ မဖြစ်နိုင်ပါ။ မဖြစ်နိုင်မှန်း သိရဲ့နဲ့၊ သူ့အတွက် ဖြစ်စေချင်နေတာကို သတိပေးမေးခွန်းမျိုးနှင့် သွေးတိုးစမ်းလိုက်တာဖြစ်မည်။

ဒေါ်မြမြလွင် ငိုင်ခနဲတွေဝေသွားတော့ သဂါမောင်က မအေမျက်နှာလေးကို ငုံ့ကြည့်ကာ. .

"ဒီမွန်းကျပ်မှုထဲကနေ မေမေရော သားရော ရုန်းမထွက်နိုင်ကြဘူး။ သူတို့အဆင်ပြေအောင်လုပ်ပေးနိုင်ရင် သားနဲ့မေမေမခွဲရတော့ဘူးပေါ့ မေမေ"

"မေမေနဲ့ အဲလောက်တောင်အတူနေချင်တာလား သားရယ်၊ ဒီအိမ်ကြီးထဲမှာ မေမေလို့လည်းခေါ်လို့မရ၊ သားလို့လည်း ခေါ်လို့လည်းမရနဲ့၊ သားရော မေမေရော အသက်ရှူလို့မဝအောင် လှောင်ပိတ်နေကြတာမဟုတ်ဘူးလား သားရယ်"

"မေမေက သားကိုဒီမှာမရှိစေချင်လို့လား"

"မ. . မဟုတ်ပါဘူးသား၊ မေမေက သားကိုမမြင်ရက်မကြည့်ရက်လို့ပါ၊ အခု နံ့သာဖြူကိုပါ စွန့်လွှတ်ရမယ်ဆိုရင် သား. . သားခံနိုင်ရည်ရှိပါတော့မလား"

မရှိတော့ပါဘူး မေမေလို့ ငိုသံစွက်ကာ ပြောလိုက်ချင်ပါသည်။ ဒါပေမဲ့ ကိုယ့်ရင်ထဲကဝေဒနာထက် မေမေ့ကိုစိတ်သက်သာစေချင်သည်။



"သားအတွက် အချစ်ကအရေးမကြီးပါဘူး မေမေ၊ မေမေ စိတ်ချမ်းသာမယ်၊ မေမေအငြိုအငြင်မခံရဘူးဆိုရင် သားအနာကျင်ခံနိုင်ပါတယ်"

"သားရယ်. . မေ့သားရယ်"

သားအတွက် ယူကျုံးမရ ခံစားရပါသည်။ ရင်မှာမရှိဖြစ်ရပေမယ့် သားအတွက် ဘာမှလည်းလုပ်မပေးနိုင်။ သားကိုဖက်ကာ မျက်ရည်ကျွန်နှင့်သာ နှိမ့်သိမ့်ပေးနိုင်တော့၏။

"အဟမ်း. . အဟမ်း"

"ဟင်. . ဒေါ်ကြီးသိန်း"

"ဒေါ်ကြီးသိန်း"

ဒေါ်မြမြလွင်သားအမိ အထိတ်တလန့် ကိုယ်ချင်းခွာပြီး တဆတ်ဆတ်တုန်သွားကြသည်။

"ဟိုလေ. . သဂါမောင် သိပ်နေမကောင်းဘူး၊ အိမ်ကိုလည်း သတိရနေတယ်ဆိုလို့ နှစ်သိမ့်ပေးနေတာပါ"

"မြတို့သားအမိပြောနေတာတွေ ဒေါ်ကြီးသိန်းအကုန်ကြားပါတယ်ကွယ်"

"ရှင်"

"ဟိုတစ်ခါ မြနဲ့မောင်လွင်ပြုံသနားဖြစ်ကြတာကိုလည်း ဒေါ်ကြီးသိန်း သိတယ်"

"ဒေါ်. . . ဒေါ်ကြီးသိန်း"

အထိတ်တလန့်ဖြစ်သွားလျက် ဒေါ်ကြီးသိန်းကို မျက်လုံးအပြူးသားနှင့် ကြည့်မိကြသည်။ ဒေါ်ကြီးသိန်းက သူတို့သားအမိနှစ်ယောက်လုံးကို ကရုဏာသက်စွာကြည့်လျက်. .

"ဘာလို့နှစ်ယောက်လုံး ဒုက္ခခံနေကြတာလဲကွယ်၊ ဖွင့်လင်းသင့်တာကို ဖွင့်လင်းလိုက်ရင် ဝေဒနာတွေ သက်သာကြသေးတာပေါ့ကွယ်"

"ဟိုလေ ဒေါ်ကြီးသိန်း ဒါက. ."

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးသိန်း ကိုယ်ချင်းစာပါတယ်၊ ဒေါ်ကြီးသိန်းငယ်ဘဝ တုန်းကလည်း အဖေကနောက်အိမ်ထောင်ပြု၊ အမေကနောက်အိမ်ထောင်ပြု အရမ်းကိုဒုက္ခဆင်းရဲရောက်ခဲ့တယ်၊ အဖေ့ဆီသွားနေတော့ အဖေက နောက်အိမ်ထောင်မိသားစုနဲ့ဆိုတော့ လက်မခံ၊ အမေ့ဆီသွား ပြန်တော့လည်း အမေက ပထွေးစော်ကားမှာကြောက်လို့မှာနိုင်း၊ ဒေါ်ကြီးသိန်း အိမ်တကာလှည့်ပြီး အိမ်ဖော်လုပ်ခဲ့ရတယ်၊ မိန်းမသားဆို တော့ ဘယ်အိမ်မှာမှ လုံခြုံမှုမရှိခဲ့ပါဘူး၊ နောက်ဆုံးဒီအိမ်ကြီးကိုရောက် မှ တည်ငြိမ်သွားတော့တယ်၊ ဒါပေမဲ့ မိဘတွေကြောင့် ဒေါ်ကြီးသိန်း အခုချိန်ထိ အိမ်ဖော်ဘဝက မကျွတ်သေးဘူး၊ ဒီအလုပ်ကိုလုပ်နေရ တယ်ဆိုတာ မိဘတွေက တာဝန်မဲ့ခဲ့လို့လေ"

"ဒေါ်ကြီးသိန်းရယ်.. ကျွန်မတို့ကိစ္စတွေ သိနေရက်နဲ့ ဘယ်သူ့ ကိုမှ အသိမပေးတာ ကျေးဇူးတင်ပါတယ်"

"မြတို့ ဒီအတိုင်းနေမှာလား၊ ဒေါ်ကြီးသိန်းမျိုသိပ်ထားရုံနဲ့ ဒီ ကိစ္စကို ဘယ်သူမှမသိတော့ဘူးလို့ ထင်နေလားမြ"

"ဘယ်.. ဘယ်လိုလုပ်ရမလဲ ဒေါ်ကြီးသိန်းရယ်၊ သားက သူ့ ဦးလေးတွေနဲ့ ပြန်နေလို့လည်းမဖြစ်ဘူး၊ တခြားကိုထွက်သွားရင်လည်း ပျက်စီးမှာ"

"ဒီအိမ်မှာ ဒီလိုဘဝနဲ့နေတာလည်း မြရင်နာနေရတယ်မဟုတ် လား၊ မိခင်တစ်ယောက်ရဲ့ မေတ္တာကို မြဘယ်လောက်ထိ ထိန်းချုပ်မျို သိပ်ထားမှာလဲ၊ အပြစ်ဆိုတာ ကိုယ်တိုင်ဝန်ခံရင်သေးငယ်သွားတတ်ပါ တယ်"

ဒေါ်မြမြလွင် မျက်ရည်တွေကျလျက် ခေါင်းယမ်းလိုက်ကာ

"ဉက္ကာလွင်နဲ့ နှင်းဆီလွင် ဘယ်လိုထင်သွားမလဲ ဒေါ်ကြီးသိန်း ရယ်၊ ဒီအသိုက်အဝန်းကြားမှာ သူတို့အမေကြောင့် အမည်းစက်စွန်း ထင်းသွားရင် ကျွန်မယူကျုံးမရဖြစ်ရမှာပါ၊ သူတို့တွေမျက်နှာငယ်ရရင် ကျွန်မနောက်ထပ်အမှားတစ်ခု ကျူးလွန်လိုက်သလိုဖြစ်သွားလိမ့်မယ်





ဒေါ်ကြီးသိန်း"

"မေမေ"

"မြရယ်"

သင်္ဂါမောင်ရော ဒေါ်ကြီးသိန်းရော မျက်ရည်ဝဲသွားသည်၊ ဘယ် သူက ဘယ်သူ့အတွက် ပေးဆပ်နေရမှန်းမသိဘဲ နှစ်ယောက်လုံးနာကျင် နေရတာ၊ ဘယ်သူ့ကိုအပြစ်တင်ကြမလဲ။

"ဒီကိစ္စကို မောင်လွင်က သိသိကြီးနဲ့လက်ထပ်ခဲ့ပြီး အခုမှ ဘာလို့ အပြစ်တစ်ခုလိုချုပ်ကိုင်နေရတာလဲ မြ"

"အမေနဲ့ မိသားစုကို ငွေကြေးထောက်ပံ့ပေးဖို့အတွက် အပေး အယူလုပ်ခဲ့ရတာပေါ့ ဒေါ်ကြီးသိန်းရယ်၊ ကျွန်မသူ့ကိုအပျိုပါလို့ပြောပြီး လိမ်ညာလက်ထပ်ခဲ့တာမဟုတ်ပါဘူး၊ ကိုယ့်ရဲ့အားနည်းချက်ကြောင့် သူတောင်းဆိုမှုတွေအတိုင်း နေနေရတာပါ"

"အေး.. မြရယ်၊ ကိုယ်ကရိုးသားရဲ့နဲ့ ဒီလိုကြီးအပြစ်ခံနေရ တာတော့ မတန်ပါဘူး၊ သင်္ဂါမောင်အတွက်လည်း ထည့်တွေးရမယ်လေ၊ သင်္ဂါမောင်ကလည်း မြရင်နဲ့လွယ်မွေးထားရတဲ့သားပဲ"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် ကျွန်မရင်တွေနာနေရတာပါ ဒေါ်ကြီးသိန်း၊ ဒီဘက်မှာက သားသမီးနှစ်ယောက်မျက်နှာ၊ ဟိုဘက်မှာက ဘကံမကောင်း မွေးချင်းကံမကောင်းတဲ့ အစွန့်ပစ်ခံသားလေး၊ ကျွန်မ ဘယ်လိုဆုံးဖြတ်ရမှာလဲ၊ ဘာလုပ်ရမှာလဲ၊ ဖေဖေကလည်း ကျွန်မကိုသမီး ရင်းတစ်ယောက်လိုချစ်ပြီးကို ကျွန်မကိုတန်ဖိုးထားနေခဲ့တာ၊ ဖေဖေရဲ့ ထာ်သိက္ခာနဲ့ ကျွန်မအပေါ်ယုံကြည်နေတာတွေကိုလည်း အားနာမိတယ်"

"မြရယ် ရင်မောလိုက်တာ၊ ဒေါ်ကြီးသိန်း ဘာလုပ်ပေးရမလဲကွယ်"

သုံးယောက်လုံး အသက်ရှူတွေကျပ်နေခဲ့ပါသည်။ ဒီလှောင်ပိတ် ထဲက ရုန်းထွက်ဖို့တော့မလွယ်ပါ။

ဘာတွေဆက်ဖြစ်ပြီး ဘာတွေလုပ်ရမယ်ဆိုတာတော့..။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

''ဘာလို့ပြန်သွားတာ နံ့သာ၊ ကျွန်တော်လိုက်ပို့ပါ့မယ်လို့ ပြော ထားသားနဲ့ နံ့သာက ကျွန်တော်ကိုတောင်မစောင့်ဘူး၊ မေမေက မှတ လို့လား၊ တစ်ခုခုမကျေနပ်စရာပြောလိုက်လို့လား''

''နှင့်အမေက တားပါတယ်၊ သူ့သားကို သည်းသည်းလှုပ်ပြီး ငြိုငြင်မှာကြောက်နေတာ၊ ဒါပေမဲ့ နှင့်လိုကလိမ်ကကျစ်ကောင်မျက်နှာ ကို မမြင်ချင်လို့ပြန်လာခဲ့တာ''

''ဟာ. . . နံ့သာ ကျွန်တော့်ကို ဘာလို့ကလိမ်ကကျစ်ကောင်လို့ ပြောရတာလဲ၊ ကျွန်တော်နံ့သာကို ဘာလုပ်လို့လဲ''

''နှင့်အမေကို မဟုတ်ကဟုတ်ကတွေပြောထားတာလေ၊ နှင့် ငါ ဘယ်လိုပတ်သက်မှုတွေရှိလို့လဲ၊ ဒီလောက်ထိရင်းနှီးလာတယ်ဆိုတာ တောင် နှင့်ဘက်ကအရမ်းကြီး ဖွတ်တရွတ်နိုင်နေလို့ပဲ''

''နံ့သာ ကျွန်တော့်ကို ဘာမကြိုက်တာလဲ၊ ကျွန်တော်မှာ နံ့သာ မက်မောလောက်တဲ့ ပိုင်ဆိုင်မှုတွေအများကြီးရှိပါတယ်၊ နံ့သာတို့ရဲ့ချို့တဲ့ မှုကို ပြည့်စုံအောင်ဖန်တီးပေးနိုင်ပါတယ်''

''အဲဒါတွေကို ငါမက်မောမလားဆိုပြီး နှင့်အိမ်ကိုခေါ်ကြွားလိုက် တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါအဲဒါတွေကိုမက်လည်း မမက်ဘူး ဘူး၊ စိတ်လည်းမဝင်စားဘူး''

''နံ့သာမှာ ချစ်သူရှိနေလို့ ဒီလောက်တောင် ခါးခါးသီးသီး နေတာလား''





''ဟုတ်တယ်''

''ဘာ''

ဒီတစ်ခါတော့ နံ့သာဖြူမငြင်းတော့ချေ။ သင်္ဂါမောင်ကို အနိုင် ကျင့်တာကို အမြင်ကတ်နေတာမို့ အရွဲ့တိုက်သလို ခပ်စောင်စောင်ကြည့် ပြီး ပြောပစ်လိုက်သည်။ ဥက္ကာလွင်က မျက်မှောင်ကြုတ်သွားကာ. . .

''ဘယ်သူလဲ၊ ဘယ်ကကောင်လဲ၊ ကျွန်တော်ထက်ဘာတွေများ သာနေလို့လဲ''

''နှင်သိပ်သိချင်လား''

''ပြောပါ''

''နှင်တို့အိမ်မှာ အိမ်ဖော်လုပ်နေတဲ့ သင်္ဂါမောင်''

''ဘာ. . . ဘာပြောတယ်''

''ငါမက်မောတာက လူ့စိတ်ရှိတဲ့ လူတစ်ယောက်ရဲ့မေတ္တာ တရားပဲ၊ သူနဲ့ငါက တစ်ရပ်ကွက်တည်းနေခဲ့ကြတာ၊ မွေးနေ့ မွေးရက် မွေးချိန်ချင်းတူတဲ့ ဖူးစာရှင်တွေ၊ သူ့မှာဘာပိုင်ဆိုင်မှုမှမရှိလည်း သူ့ကို ငါဘယ်အရာနဲ့မှ မလဲဘူး''

''ဟား''

ဘာမဟုတ်တဲ့ အိမ်ဖော်နှင့်အယှဉ်ခံရတာမို့ ဘယ်လိုအံ့ဩရ မှန်းမသိအောင် အောင့်သီးအောင့်သက်ခံရခက်သွားသည်။ တခြားကောင် ဆိုရင်တော်ပါသေးတယ်၊ အိမ်ကအခိုင်းအစေနဲ့မှ။

''အံ့ဩစရာပဲ နံ့သာရယ်၊ မင်းရဲ့ရွေးချယ်မှုက အံ့ဩစရာပဲ၊ သင်္ဂါမောင်ရဲ့အဆင့်အတန်းကို မင်းမမြင်ခဲ့ဖူးလား၊ အဲဒီကောင်က ကျွန်တော်တို့အိမ်က အခိုင်းအစေ၊ ကျွန်တော်တို့အိမ်ကကျွန်''

''ဘာဖြစ်ဖြစ်လေ၊ အချစ်ဆိုတာ ပေတံတွေနဲ့တိုင်းထွာနေရတဲ့ အရာဝတ္ထုမှမဟုတ်တာ၊ တစ်ယောက်ရဲ့ခံစားချက်ကို တစ်ယောက်က နား လည်ခံစားလို့ရတဲ့ စွဲညို့မှုတွေပဲ၊ သူ့မှာနှင့်လို ဂုဏ်ပကာသနတွေ ဆွဲ ဆောင်စရာမရှိပေမယ့် ရိုးစင်းတဲ့အချစ်တွေ ပေးဆပ်နိုင်တဲ့သတ္တိတွေရှိတယ်''

"ဟား . . ငှီကာတွေချဲ့နေလိုက်တာ၊ နားထောင်လို့မကောင်းဘူး နံ့သာရယ်၊ အိမ်ဖော်ကိုအမွှမ်းတင်နေတာ ရွံစရာကောင်းလိုက်တာ"

"ဘာ"

နှာခေါင်းရှုံ့ပြီးပြောနေတာက အမြင်ကတ်စရာပါ။ အဲဒါနှင့်အစ်ကိုလို့များပြောလိုက်လျှင် ပက်လက်လန်လဲသေသွားမလားမသိ။ သူမျက်စောင်းပစ်ထိုးပစ်လိုက်ပြီး

"ဘာဖြစ်ဖြစ်၊ ငါ့မှာချစ်သူရှိတယ်၊ နင်ငါ့ကိုမနှောက်ယှက်ပါနဲ့"

"တစ်ခုတော့ မေးပါရစေ၊ အဲဒီနေ့က သဂါမောင်က နံ့သာကို တွေ့ရဲ့နဲ့ ဘာလို့မသိချင်ယောင်ဆောင်နေတာလဲ၊ ဪ . . စိတ်လှုပ်ရှားပြီး လက်ဆေးဇလုံလွှတ်ကျသွားတာ ဒါကြောင့်လား၊ တကယ့်ဒရာမာပဲ"

လှောင်သလို မဲ့ပြုံးပြုံးလိုက်သော ဥက္ကာလွင်ကို သူမရွံ့မုန်းကြီးဖြစ်သွားသည်။ ဒီလိုစိတ်သဘောထားသေးသိမ်သည့်သူမျိုးနှင့် ပတ်သက်နေရသော သဂါမောင်ကို ပိုပြီးတော့တောင် သနားမိသွား၏။

ရင်ထဲမှာလည်း အမှန်တရားတွေကို ဥက္ကာလွင်သိအောင်ပြောပစ်လိုက်ချင်သည့် စိတ်တွေ တဖွားဖွားဖြစ်နေခဲ့သည်။ ဒါပေမဲ့ ဒေါ်မြမြလွင်က ဥက္ကာလွင်သိမှာ တုန့်လှုပ်သွေးပျက်မလိုဖြစ်နေတာမို့ မပြောဖြစ်တော့ပါ။

ဒေါ်မြမြလွင်က သဂါမောင်ရဲ့အမေဖြစ်နေတာမို့ စိတ်ဆင်းရဲမှုတွေ မပေးချင်လို့ဖြစ်သည်။ သူတို့တန်ဖိုးမထားသော သဂါမောင်ကို သူမဘယ်လောက်တန်ဖိုးထားသည်ဆိုတာ သိရင်တော်ပြီပေါ့။

"နံ့သာ"

"ဖယ်စမ်းပါ"

သူမလှည့်ထွက်လိုက်တာကို လက်ကိုလှမ်းဆွဲတော့ သူမပုတ်ထုတ်ပစ်လိုက်သည်။ ဥက္ကာလွင်ကိုတော့ သဂါမောင်ရဲ့ညီဆိုပြီး မညှာတာနိုင်ပါ။ သဂါမောင်ကို မညှာမတာအနိုင်ကျင့်တာမြင်တွေ့ခဲ့ရသည် မဟုတ်လား။ ရင်ထဲမှာ အငြိုးစိတ်များနှင့် . . . . ။

✿ ✿ ✿



# အခန်း (၃၇)

အငြိုးအတေးများဖြင့် အိမ်ကိုပြန်လာပြီး သဂါမောင်ဘယ်နားရောက်နေလည်း လိုက်ရှာနေမိသည်။

"ဒေါ်ကြီးသိန်း . . သဂါမောင်ဘယ်သွားလဲ"

ညှော်ခန်းထဲမှာ မအေထိုင်နေတာတောင် ဂရုမစိုက်နိုင်ဘဲ၊ ဈေးရည်ခွက်ချပြီး ထွက်သွားဖို့ပြင်နေသော ဒေါ်ကြီးသိန်းကို မေးနေသည်။ ဒေါ်ကြီးသိန်းက သေချာမသိသလိုနှင့် . . .

"ဘယ်သွားလဲ မသိလိုက်ဘူးသားရဲ့"

"ညီမလေးကို ကျောင်းလိုက်ပို့တယ်၊ ပြန်ရောက်ခါနီးပါပြီ ဘာဖြစ်လို့လဲသား၊ သဂါမောင်ကို ဘာလို့ရှာတာလဲ"

"အဲဒီကောင်ကို မေးစရာရှိလို့ ရှင်းစရာရှိလို့"

"သားရယ် . . ဒေါသတွေနဲ့ကွယ်၊ ဘာဖြစ်လာလို့လဲသား၊ သဂါမောင် ဘာအမှားတွေလုပ်လို့လဲ"

"ကျွတ်"

ပြောရခက်နေလျက် ရှက်ရမ်းလည်း ရမ်းချင်နေသည်။ မိန်းမသားတစ်ယောက်က အိမ်စေနှင့် နှိုင်းယှဉ်ပြီး ကိုယ့်ကိုဖယ်ထုတ်လိုက်ချင်နာလို့မဆုံး။ တကယ်ဆို နံ့သာဖြူကိုဒေါသဖြစ်ရမှာဆိုပေမယ့် ချစ်နေမိလို့ရသော သဂါမောင်အပေါ်ပဲပုံချပေါက်ကွဲဖို့ ပြန်လာခဲ့တာ။

www.burmeseclassic.com



မေမေက ဘာကြောင့်မျက်စိမျက်နှာပျက် စိုးရိမ်နေသလဲမသိ

''ဟော..သဂါမောင် ပြန်လာပြီ''

ဒေါ်ကြီးသိန်းစကားကြောင့် ဥက္ကာလွင်မျက်လုံးများက အိမ်
ဝင်လာသော သဂါမောင်ဆီ စူးခနဲရောက်သွားသည်။

''ဟိတ်ကောင် လာဦး''

ရိုင်းစိုင်းစွာ ခေါ်လိုက်တာကြောင့် သဂါမောင်ခြေလှမ်းများ တုံ့
ဖြစ်သွားသည်။ ဥက္ကာလွင်က သဂါမောင်အင်္ကျီရင်ဘတ်စကို ဆောင့်
လျက်

''မင်းနဲ့ နံ့သာက ချစ်သူတွေဆို''

'''ဟင်..အဲဒါက..ဟို..မဟုတ်ပါဘူး''

''ဘာမဟုတ်ပါဘူးလဲ၊ နံ့သာကိုယ်တိုင် ငါ့ကိုပြောလိုက်တာ
မင်းမှာဘာရှိလို့ ဘာတွေဆွဲဆောင်ထားတာလဲ၊ ဟင်ဟိတ်ကောင်''

''သား..သား အဲလိုမလုပ်ရဘူးလေ''

သဂါမောင်ကို ထိုးကြိတ်ကန်ကျောက်မလို့လုပ်နေ၍ ဒေါ်
လွင် ကြားဝင်ကာ ဥက္ကာလွင်လက်တွေကို ဆွဲရုန်းထားရသည်။ ဒါတော
ဥက္ကာလွင်က ဖင်ထိုင်ကျသွားအောင် သဂါမောင်ကိုဆောင့်တွန်းပစ်လို
သေး၏။

''မင်းနဲ့ နံ့သာနဲ့တန်လို့လား။ အိမ်စေဆိုတာ အိမ်စေလို ကျ
ပဲနေရတယ်ကွ၊ ကိုယ့်နေရာကိုယ်မသိဘူးလား''

''သားလေး..အဲလိုမပြောရဘူးလေသားရယ်၊ သဂါမောင်
မဟုတ်ပါဘူးလို့ပြောနေတာပဲ''

''မေမေ ဘာသိလို့လဲ၊ ဒီအိမ်စေကြောင့် နံ့သာဖြူက သာ
စော်ကားလိုက်တာ၊ သားမှာဘယ်လောက်ပိုင်ဆိုင်မှုတွေများများ သ
ကို စိတ်မဝင်စားဘူးတဲ့၊ လူစိတ်ရှိတဲ့ ချို့တဲ့တဲ့သဂါမောင်ကိုပဲ ချစ်တ
တဲ့၊ ဒီကောင်ကလည်း မနေ့က နံ့သာဖြူကိုမြင်လိုက်တာနဲ့ လက်





ဖေ့လုံတွေ ဘာတွေမှောက်လောက်အောင်ကျွေးမြှောက်နေတာ မေမေ
မသိဘူးလား''

''ဟို..အဲဒါအမှတ်တမဲ့ လက်ချော်သွားလို့ပါ၊ နံ့သာဖြူက
ညီကအလှူဆိုပြီး ညာခေါ်လာလို့ စိတ်ဆိုးနေတာဖြစ်ပါလိမ့်မယ်''

''ဒါဆိုတစ်မြို့တည်း တစ်ရပ်ကွက်တည်း မွေးနေ့ မွေးရက်တူ
ဖူးစာရှင်တွေဆိုတာကရော မင်းလိုကောင်က ငါ့ကိုလာလိမ့်နေတာလား''

''ခင်မင်ကြတယ်ဆိုတာတော့ အမှန်ပါ၊ ချစ်သူတွေဖြစ်လောက်
တဲ့အထိတော့ မရင်းနှီးကြပါဘူး၊ ကိုယ်တကယ်ပြောတာပါညီ၊ ဒီကိစ္စ
သာနဲ့တွေ့ပြီး ဖြေရှင်းပေးပါ့မယ်''

ဟုတ်လေမလားလို့ ဥက္ကာလွင်အနည်းငယ်ငြိမ်သွား၏။ သဂါ
မောင်က မျက်နှာငယ်လေးနှင့်ပါ။

''ခင်ဗျားတကယ်ပြောတာလား''

''တ..တကယ်ပါ၊ နံ့သာဖြူက ညီကိုစိတ်ဆိုးဆိုးနဲ့ တမင်ပြော
တာဖြစ်မယ်''

''ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားနဲ့နှိုင်းယှဉ်ခံရတာတော့ ရင်နာတယ်၊
ပစ္စည်းဥစ္စာချမ်းသာမှုတွေကို မမက်မောတဲ့ မိန်းမဘယ်ရှိမှာလဲ၊ သူ့လို
မပြည့်စုံတဲ့ မိန်းမက ခင်ဗျားလိုအိမ်စေကိုယူပြီး ဘာလုပ်မှာလဲ''

''သားရယ်..အိမ်စေ အိမ်စေဆိုတာကြီးက အရမ်းကြီးချိုးနှိမ်
သလိုဖြစ်နေတယ်၊ အဲလိုခွဲခွဲခြားခြားကြီး မပြောရဘူးလေ''

ဒီလိုကြီးပြောဆို အနိုင်ကျင့်နေတာ ဘယ်လိုမှရင်ထဲမကောင်း
နိုင်တော့တာမို့ မနေနိုင်စွာတားဆီးမိတော့ ဥက္ကာလွင်မကျေမချမ်းမျက်လုံး
လှန်ကြည့်သည်။

''မာမီက ဒီကောင်ဘက်က ဘာလို့နာနေတာလဲ၊ ဘာလို့ကာ
ဆီးကာဆီးလုပ်နေတာလဲ၊ ကိုယ့်အိမ်က အိမ်စေပြောတာဘာဖြစ်လို့လဲ''

''အဆင့်အတန်းခွဲပြီး နှိမ်ချပြောဆိုတာ သားရဲ့ကြီးမှုန်းလို့

www.burmeseclassic.com



ပါ သားရယ်၊ ပြီးတော့ သင်္ဂါမောင်အမှားလည်းမဟုတ်ဘူးလေ''

''ဒါဆို ငါ့သားကမှားနေတာပေါ့''

''ဟင်. . . ကိုလွင်''

''ဒယ်ဒီ''

ဦးဝေလွင် ဘယ်အချိန်တည်းကရောက်နေမှန်းမသိဘဲ၊ မျက်မှောင်ကြုတ်ကြီးနှင့် ဝင်လာကာ ဒေါ်မြမြလွင်ကို စိမ်းသက်စွာကြည့်၍

''မင်းက ဘာလို့ သားကိုပြောဆိုနေတာလဲ မြ၊ သင်္ဂါမောင်ကို သားပြောနေတာ ဘာမှားလို့လဲ''

''သားကို ကျွန်မဆုံးမနေတာပါ၊ သားက မိန်းကလေးကိစ္စကြောင့် အရမ်းကိုရိုင်းနေလို့''

''မဆုံးမနဲ့ရိုင်းပစေ''

''ကိုလွင်''

''ငါ့သားကို မင်းဘာမှပြောစရာမလိုဘူး ဆုံးမစရာရှိရင် ငါဆုံးမမယ်၊ အထူးသဖြင့် အိမ်မှာနိုင်းထားတဲ့ကောင်အတွက်နဲ့ ငါ့သားကို မင်းဘာမှကို ပြောစရာမလိုဘူး''

ဦးဝေလွင်ရဲ့ရင့်သီးသော စကားများကြောင့် ဒေါ်မြမြလွင်အံ့ကြိတ်လိုက်မိသည်၊ ဒီလောက်ထိခွဲခြားဆက်ဆံလွန်းတာတော့ မခံစားနိုင်တော့ပါ။ ဒါပေမဲ့ ဥက္ကာလွင်ရှေ့မှာ ဘာမှလည်း ပေါက်ကွဲလို့မရဘဲ ရင်ထဲမှာနာကြည်းမှုတွေသာ တိုးလာခဲ့သည်။

''မာမီ''

ထိုနေရာကနေ မာမီထွက်သွားတော့ ဥက္ကာလွင်ခေါ်လိုက်မိသည်။ မာမီက လှည့်ပင်ကြည့်မသွားတော့ပါ။ ဒယ်ဒီဒီလိုမျိုး မာမီကို လေသံမာမာနှင့် ဒေါက်ငမ်းအော်ဟစ်တာမျိုး တစ်ခါမှမမြင်မတွေ့မကြားဘူးပါ။

ဒယ်ဒီ ဘာကြောင့် ဒီလိုမျိုးဝင်ပြီး ပေါက်ကွဲလိုက်တာလဲ။ အခုတလော၌ ဒယ်ဒီဆက်ဆံမှုများ တစ်မျိုးဖြစ်နေသည်။ တင်းတင်းမာမာအေးစက်စက်နှင့် သင်္ဂါမောင်ကိုလည်း နည်းနည်းလေးမှမျက်နှာသာ မပေးဘူးဟု ထင်မိ၏။



ဘာမှန်းမသိပေမယ့် တစ်ခုခုတော့ တစ်ခုခုပင်။

''သား''

''ဗျာ. . . ဒယ်ဒီ''

''သား. . . ဘယ်လိုမိန်းမကိုလိုချင်လဲ၊ ဒယ်ဒီငွေနဲ့ဝယ်ပေးမယ်''

''ဟို. . . အဲလိုကြီးလုပ်စရာမလိုပါဘူး ဒယ်ဒီရယ်၊ သားက မိန်းမအရမ်းလိုချင်နေတာမဟုတ်ပါဘူး။ နည်းနည်းသွေးဆူသွားလို့ပါ၊ ဟိုလေဒယ်ဒီ. . . မာမီကို ဘာလို့အရမ်းအော်လိုက်တာလဲဗျာ၊ မာမီ မျက်နှာမကောင်းဘူး သနားပါတယ်''

''ဩော်. . . ခဏပါကွာ၊ ဒယ်ဒီချော့လိုက်ရင်ပြီးသွားမှာပါ၊ အေးဆေး''

သူ့ကြောင့်သာမဟုတ်လျှင် ဒီမိသားစုလေးက ပျော်စရာကောင်းနေမှာပါ။ သူ့ကိုကာကွယ်ပေးချင်တာနှင့် မေမေ စိတ်မကောင်းစရာအဖြစ်တို့ ကြုံလိုက်ရသည်။

မေမေကို ဥက္ကာလွင်ကလည်း ပြောသည်။ ဦးဝေလွင်ကလည်း အမိန့်အာဏာတွေနှင့် ဒေါက်ငမ်းမာန်မဲ၏။ မေမေအတွက် သူလုံးဝစိတ်မကောင်းပါ။ နံ့သာဖြူကြောင့် ဒီလိုတွေဖြစ်သွားရတာလား။

နံ့သာဖြူရယ်၊ ငါနင့်ကိုချစ်ပါတယ်။ ဒါပေမဲ့ နင့်ဘဝက ဥက္ကာလွင်တို့လို ပြည့်စုံတဲ့သူနဲ့ပဲ တန်ပါတယ်။

ငါက မေမေ့အတွက်ပဲ ရှင်သန်နေတဲ့ကောင်မို့ပါ နံ့သာရယ်။

✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၈)

"ဘာ. . . ဘာပြောတယ် သင်္ဂါ"

သင်္ဂါမောင် သူမဆီဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလို့ ဝမ်းသာနေတုန်းမှာ သင်္ဂါမောင် စကားကြောင့် သူမမယုံနိုင်စွာ ပြန်မေးလိုက်မိသည်။ သင်္ဂါမောင်က သူမမျက်နှာကိုမကြည့်ပါ။

"ဥက္ကာလွင်အချစ်ကိုလက်ခံလိုက်ပါလို့ လာပြောတာပါ၊ ငါနဲ့နင်က ချစ်သူတွေမဟုတ်သေးဘဲနဲ့ ဘာလို့ဥက္ကာလွင်ကို လျှောက်ပြောလိုက်ရတာလဲ"

"ငါကလျှောက်ပြောတယ်၊ ငါ့ရင်ထဲရှိတာ အမှန်အတိုင်းပြောလိုက်တာလေ၊ နင့်ငါ့ကိုချစ်တယ်လို့ပြောဖူးတယ်၊ ငါကလည်းချစ်နေတယ်လို့ပြောလိုက်တယ်၊ ငါဘာမှားလို့လဲ၊ ငါပြောလိုက်တာ ဘာတွေမှားနေလို့လဲ"

"ဥက္ကာလွင်က အရာရာပြည့်စုံသူပါ၊ ငါ့ထက်အစစအရာရာ နှိုင်းယှဉ်လို့ မရအောင်သာတယ်၊ ငါကချို့တဲ့သူပါ၊ နင့်ဘဝအတွက် ငါဘာမှလုပ်ပေးနိုင်မှာမဟုတ်ဘူး"

"ငါနင့်ဆီက ဘာတွေတောင်းဆိုနေလို့လဲ၊ ဘာတွေလိုချင်တယ်ပြောနေလို့လဲ၊ နင်ငါ့ကိုချစ်တယ်လို့ပြောပြီး နင့်အမေဆီထွက်သွားတယ်၊ ငါ့ကိုတစ်ခေါက်တောင်လာမတွေ့ဘူး၊ ဒါပေမဲ့ နင်ကိုမမေ့ပါနဲ့လို့မှာသွားတဲ့အတိုင်း ငါနင့်ကို တစ်ရက်မှမမေ့ခဲ့ဘူး"





"နံ့သာ"

"ငါတကယ်ဆို စိတ်နာနေသင့်တာနော်၊ ဒါပေမဲ့ အဲဒီအိမ်မှာ မြင်တွေ့ရတာစိတ်မကောင်းဘူး၊ နင်ဘာကြောင့် တွယ်ကပ်နေသလဲဆိုတာတောင် နားမလည်နိုင်တော့ဘူး တကယ်ပြောတာ"

နံ့သာရဲ့လေးနက်မှုတွေအတွက် ကိုယ့်မှာအပြစ်မကင်းသလို ထင်လိုက်မိသည်။ မမေ့ခဲ့ဘူးဆိုတာ ကျိန်ပြောရဲသော်လည်း၊ ဥက္ကာလွင်အပေါ်ပြတ်သားစွာ ဆုံးဖြတ်ပစ်လိုက်လို့မဖြစ်ပါ။

"ငါတစ်ခုလောက်ပြောပါရစေ နံ့သာ၊ ငါနင့်ဆီက အဖြေမတောင်းရသေးပါဘူး၊ အခုနင်ပေးလည်း ငါမယူချင်ဘူး"

"သင်္ဂါ. . . နင်"

"ငါနင့်ကို စွန့်လွှတ်လိုက်ရတယ်ဆိုရင်တောင် နင့်ဘဝလေး ကောင်းစားမယ်ဆိုရင် ငါကျေနပ်ပေးနိုင်တယ် နံ့သာ"

"နင့်ညီကိုလက်မခံရင် နင့်အမေစိတ်ဆင်းရဲမှာစိုးလို့မဟုတ်လား သင်္ဂါ၊ နင်က နင့်အမေအတွက်ပဲတွေးနေတယ်၊ ဝမ်းနည်းစရာကောင်းလိုက်တာဟာ"

"ဟို နင်လည်း မပြည့်စုံတဲ့သူမဟုတ်လား။ အချစ်ကအရေးကြီးလို့လားဟာ၊ လောကမှာအချစ်ထက် အရေးကြီးတဲ့အရာတွေအများကြီးပါ၊ နောင်တစ်ချိန်ကျရင် ငါစွန့်လွှတ်လိုက်တာကို နင်ကျေးဇူးတင်နေမှာပါ နံ့သာ"

"ဟုတ်သား"

နံ့သာဖြူ ခနီးခနဲပြုံးလိုက်တာ ရင်မှာဆစ်ခနဲနာကျင်သွားသည်။ အချစ်ဆိုတာကို စသိသည့်အရွယ်တည်းက ချစ်ခဲ့ရသူမို့ စွန့်လွှတ်လိုက်ဖို့ဆိုတာကို အတွေးနဲ့တင် ရင်မှာနင့်နေအောင်ခံစားရလေသည်။

မျက်လုံးချင်းမဆုံမိအောင် သတိထားနေခြင်းကို နံ့သာက သတိထားမိပုံရသော်လည်း မသိချင်ယောင်ဆောင်ကာ

"နင်အဲဒီအိမ်မှာပျော်သလောက်နေပါ သင်္ဂါ၊ နင်မပျော်တဲ့အချိန် ငါ့ဆီကို အချိန်မရွေးပြန်လာခဲ့ပါ၊ နင်မလာလည်း ငါကမျှော်နေမှာပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဥက္ကာလွင်ကို ချစ်ဖို့တော့ မတိုက်တွန်းပါနဲ့၊ နင်နဲ့ငါက ချစ်သူတွေမဟုတ်တဲ့အတွက် ငါ့ခံစားမှုကို ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါလို့ နင့်မှာ ပြောပိုင်ခွင့်မရှိဘူး''

သူဘာမှပြန်ပြောချိန်မရလိုက်ပါ။ နံ့သာဖြူက သူ့ရှေ့ကနေ အရင်ဆုံးထွက်သွားသည်။ သူ့ခြေလှမ်းတွေကိုမသယ်ချင်။ အိမ်ကိုတက္ကစီငှားကာ ပြန်လာခဲ့သည်။

နံ့သာဖြူကို စည်းရုံးလို့မရသဖြင့် ဥက္ကာလွင်ရဲ့ငြိုငြင်မှုကိုခံရဦးမှာမဟုတ်ပါလား။ နံ့သာဖြူ ဘာကြောင့်များ သူ့ကိုဒီလောက်တောင်ချစ်ရတာလဲ။ ငါလိုကောင်ကို စွန့်ပစ်လိုက်ရောပေါ့ နံ့သာဖြူရယ်။

''ဟင်''

အိမ်ရှေ့ရောက်လို့ ကားပေါ်ကအဆင်းမှာ အရက်မူးသမားနှစ်ယောက်၊ ခြံဝင်းရှေ့ ယောင်လည်လည်လုပ်နေတာကို မြင်တွေ့လိုက်ရသည်။

''ဟာ. . လေးလေး. . လေးလေးတို့ပါလား၊ ဘယ်လိုလုပ်ပြီးရောက်လာတာလဲ၊ ဒုက္ခပါပဲကွာ''

''လေးလေး. . ဘာ. . ဘာလာလုပ်တာလဲ''

''ဟင်. . သဂ်ီ၊ မင်းသဂ်ီမောင်၊ ဒါဆိုမြမြလွင်အိမ်ဆိုတာ သေချာတာပေါ့၊ ငါတို့မှာယောင်ဝါးဝါးနဲ့ လိုက်ရှာလိုက်ရတာကွာ''

''ဘာလို့လိုက်ရှာရတာလဲ လေးလေးတို့ရာ၊ ဒီအိမ်ကိုလေးလေးတို့ မလာသင့်ပါဘူး၊ မေမေကိုလာမရှာသင့်ပါဘူး''

''ဟာ. . ငါတို့ရှာချင်လို့ရှာတာမဟုတ်ဘူး၊ ငွေလိုလို့လာရှာတာကွ၊ ဘယ်မှာလဲ မင်းအမေ''

''လေးလေးတို့ရာ အိမ်ရောင်းထားတဲ့ငွေတွေက ကုန်ပြီလား၊ မေမေကို ဒုက္ခမပေးပါနဲ့တော့ဗျာ၊ လေးလေးတို့ကို ထောက်ပံ့ခဲ့ရတဲ့အတွက် မေမေ့မှာဒုက္ခရာတွေ အများကြီးရနေပါပြီ''

''ဒုက္ခရာရအောင် ငါတို့က ဘာလုပ်နေလို့လဲ၊ သူ့ဘာသာ



နောက်လင်ယူလို့ ပြဿနာတက်တာ၊ လင်မယူဘဲနဲ့သာ အပျိုတုန်းကလိုပဲ အေးအေးဆေးဆေးရှာဖွေကျွေးခဲ့မယ်ဆိုရင် ဘာ ပြဿနာမှတက်စရာမရှိဘူး၊ နိုးကြောင်နိုးဝှက်လုပ်ပြီး သူနိုးလူမိမှာကြောက်နေသလား''

''ကျွတ်''

သူစိတ်မရှည်ချင်။ ဒီလောက်ဒုက္ခတွေပေးတာတောင် သူတို့ကိုယ်သူတို့အပြစ်မမြင်သေး။ သူ့အိတ်ကပ်ထဲပါသမျှ ပိုက်ဆံကိုထုတ်လိုက်သည်။ ဒီပတ်ဝန်းကျင်နှင့် ဒီမိသားစုတွေ အရိပ်အယောင်လေးတောင်မြင်လို့မဖြစ်ပါ။

''ဒါ. . ဒါ ကျွန်တော့မှာရှိတာအကုန်ပဲ၊ နောက်လည်းမလာခဲ့ပါနဲ့ ပြန်ပါတော့လေးလေးတို့ရယ်၊ ပြန်ကြပါတော့ဗျာ''

''ပြစမ်း ဘယ်လောက်လဲ''

''ရေမနေပါနဲ့ လေးလေးတို့ အရက်အဝသောက်လို့ရပါတယ်''

''ဟာကောင်ရ၊ ငါတို့အစ်မဆီတောင်းရင် ဒီထက်မကရတယ်၊ မင်းပေးတာလေးကိုယူပြီး မပြန်နိုင်ဘူး''

''တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်ဗျာ၊ နောက်လိုရင်လေ၊ လေးလေးတို့ဆီ ကျွန်တော်ကိုယ်တိုင်လာပေးပါ့မယ်၊ ဒီအိမ် ဒီရောကိုတော့ လုံးဝမလာခဲ့ပါနဲ့၊ မေမေရော ကျွန်တော်ရော ရပ်တည်စရာနေရာပျောက်သွားပါလိမ့်မယ်၊ မေမေ့သိက္ခာကိုငဲ့ပါဦး။ ပြန်ပါ ပြန်ပါတော့''

''အား. . ဒီကောင်''

''လာစမ်းပါကွာ၊ သောက်ဖို့ရပြီပဲ''

သဂ်ီမောင် ဖွတ်တွန်းထိုး၍ လွှတ်လိုက်တော့ ယိုင်ထိုးစွာနှင့်ပြန်သွားကြသည်။ ဘေးဘီဝဲယာကိုကြည့်ရင်း သဂ်ီမောင်ချွေးစေးတွေပြန်လို့နေသည်။ အိမ်ရောင်းလို့ရသည့်ငွေတွေက ကုန်တာမြန်လိုက်ကြတာ။ အိမ်လည်းသေချာသိသွားသည်မို့ ဒီလိုမျိုးလာနေလျှင်မလွယ်။

မေမေ့ကို စိတ်ဆင်းရဲမှုတွေမပေးချင်။ သူဘယ်လိုလုပ်ရမလဲ

❁ ❁ ❁

www.burmeseclassic.com

## အခန်း (၃၉)

"ဘာလုပ်ဖို့ စိတ်ကူးထားလဲကွဲ့"

"ဗျာ..အဘိုး ဘာပြောတာလဲ"

အနှိပ်ခံနေရင်းက အရင်းမရှိ အဖျားမရှိမေးလိုက်တာမို့ သ
မောင်ဘာဖြေရမှန်း မသိပေ။ ဦးဘုန်းမြင့်က လှဲနေရာက ထထိုင်
သဂါါမောင်ပခုံးကို ဆုပ်ကိုင်လိုက်ပြီး..

"မင်းဒီလိုပဲနေတော့မှာလား။ တိုးတက်ရာ တိုးတက်ကြောင်း
ဘာမှမလုပ်တော့ဘူးလားလို့ မေးတာ"

"အခု ကျွန်တော်အလုပ်လုပ်နေတာပဲလေ၊ ဒီမှာအလုပ်လုပ်
တာ အဘိုးတို့က ပိုက်ဆံပေးတယ်၊ ကျွန်တော်ငွေရှာနေတာပဲပေါ့၊ အဘိုး
ရဲ့"

"အဲလိုအလွယ်တွေးမယ်ဆိုရင်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့
ဒီအလုပ်က ယောကျ်ားတစ်ယောက်အတွက် သိမ်ငယ်စေတဲ့အလုပ်
အခု ကားမောင်းတတ်နေပြီပဲဥစ္စာ တက္ကစီမောင်းစားတာကမှ သိက္ခာ
ဦးမယ်၊ ဒီအလုပ်ပဲရေရှည်စွဲစွဲမြဲမြဲလုပ်ဖို့ စဉ်းစားထားတာလား"

"ဟုတ်..ဟိုလေ"

"မင်းတက္ကစီမောင်းမယ်၊ အခြားအလုပ်လုပ်မယ်ဆိုရင် အ
အနီးထောင်ပေးမယ်"



"ဗျာ"

"မင်းက ရိုးသားတယ်၊ ကြိုးစားတယ်၊ အလုပ်ကိုခိုင်းစရာ
မလို သေချာလုပ်တယ်၊ တစ်မိသားစုလုံးအပေါ်စေတနာထားတယ်၊
အဘိုးအပေါ်လည်း ဂရုစိုက်ပြုစုတယ်၊ အဲဒီအတွက် အဘိုးကလုပ်ပေး
သင့်တယ် ထင်လို့ပါ"

"ဟို..ရ..ရပါတယ် အဘိုး။ ကျွန်တော်ဒီမှာနေရတာ ပျော်
ပါတယ်၊ ကျွန်တော့်မှာ ဒီလိုမိသားစုမျိုးမရှိခဲ့တဲ့အတွက် ဒီလိုနွေးထွေးတဲ့
မိသားစုနဲ့နေရတာ စိတ်ချမ်းသာပါတယ်"

"ဒါကမင်းမိသားစုမှမဟုတ်တာ၊ မင်းကိုဘယ်သူက ကြည်
ကြည်ဖြူဖြူဆက်ဆံလို့လဲ၊ ဟိုနေ့က မြေဥက္ကာလွင်နဲ့ ပြဿနာတက်တာ
လည်းသိတယ်၊ သားဝေလွင်က မင်းအပေါ်မေးငေါ့မောက်မာမာပြောဆို
တာလည်း ကြားတာပဲ၊ ပြီးတော့ တစ်အိမ်လုံးအလုပ်တွေ သိမ်းကျုံးလုပ်
နေရတာ မပင်ပန်းဘူးလား"

သူဖျတ်ခနဲ ခေါင်းယမ်းပြလိုက်သည့်အခါမှာ ဦးဘုန်းမြင့် အံ့ဩ
သွားသလို မျက်ခုံးနှစ်ခုပင့်တက်သွားသည်။ မေမေနှင့် ဝေးရာကိုမနေချင်
ပါ။ မေမေနှင့် လပေါင်းနှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ရတာ မဟုတ်ပါ
လား။ ဒါပေမဲ့ ဒီလိုပါလို့ အမှန်အတိုင်းဝန်ခံခွင့်မရှိသည့်ဘဝမို့

"ကျွန်တော်အတွက် ဒီအိမ်က လုံခြုံမှုရှိလို့ တခြားနေရာကို
မသွားချင်ပါဘူး။ ဦးလေးအရက်သမားတွေက ကျွန်တော်သွားလေရာ
ဒုက္ခလိုက်ပေးနေလို့ ဒီနေရာမှာပုန်းနေတာပါ"

"ဟိုနေ့က အိမ်ရှေ့မှာလာသွားတဲ့ အရက်သမားနှစ်ယောက်
လား"

"ဗျာ..အ..အဘိုးတွေ့လိုက်တာလား"

"လမ်းလျှောက်ကအပြန် မင်းပိုက်ဆံပေးပြီး ပြန်လွှတ်လိုက်တာ
တွေ့တယ်၊ ဒီအိမ်ကလူတွေတွေ့သွားမှာစိုးလို့ မင်းပုံစံက အခြေအနေကိုထိတ်

www.burmeseclassic.com

www.burmeseclassic.com



လန့်နေသလိုပဲ''

''ကျ. . . ကျွန်တော် ဒီအိမ်က ဘာပစ္စည်းမှခိုးမပေးပါဘူး''

''ယုံပါတယ်ကွာ၊ မင်းကခိုးကြောင်ခိုးဝှက်လုပ်မယ့်သူမဟုတ်ဘူးဆိုတာ ယုံပါတယ်၊ ပြီးတော့ မင်းကိုမြေးတစ်ယောက်လိုလည်း သံယောဇဉ်ဖြစ်မိတယ်''

''ဗျာ''

''တကယ်တမ်း လူကြီးဖြစ်လာပြီး ကျန်းမာရေးမကောင်းတဲ့ အချိန်မှာ သူစိမ်းကသာ ငါ့အနားမှာအနီးကပ်လက်တိုလက်တောင်းရှိနေခဲ့တယ်၊ အခုငါသားနဲ့ မြေးတွေကို အမွေအနှစ်များများပေးနိုင်ဖို့ ကြိုးစားခဲ့ ရှန်းကန်ခဲ့ပေမယ့် အနားမှာအချိန်ပြည့်ဘယ်သူမှမရှိနိုင်ဘူး၊ နေကောင်းလား သက်သာလား ဝတ္တရားကျေတစ်နေ့တစ်ခွန်းလောက်မေးတတ်ကြပေမယ့်၊ ကိုယ်ဖိရင်ဖိ စိတ်ပါလက်ပါပြုစုဖို့ စိတ်ကူးမရှိကြဘူးနဲ့ တူပါတယ်''

ဦးဘုန်းမြင့် အသက်ကြီးလာလို့ စိတ်ကျရောဂါစွဲကပ်လာသည် ထင်သည်။ အသက်ကြီးလာလျှင် စကားပြောဖော်နှင့် ကိုယ့်အပေါ်မှာ ထွေးကြင်နာနားလည်ပေးနိုင်မည့်လူမျိုးကို မျှော်လင့်တောင်းတတတ်သည် ဟု ကြားဖူးသည်။ အခုလည်း သားသမီးတွေ မြေးတွေရဲ့ဂရုစိုက်မခံရလို့ စိတ်မကောင်းဖြစ်တာနေမှာပါ။

''သူတို့လည်း မအားလပ်ကြလို့နေမှာပါ အဘိုးရယ်၊ ဦးဝေလွင်ကလည်း ကုမ္ပဏီကိစ္စတွေနဲ့ မအား၊ ဥက္ကာလွင်နဲ့ နှင်းဆီလွင်ကလည်း ကျောင်းနဲ့ပဲ အချိန်ကုန်နေတာလေ၊ အိမ်မှာဆို အန်တီမြမြလွင်ပဲ အချိန်တမ်းနီးပါးလောက်ရှိတာ၊ အန်တီကတော့ အဘိုးကိုဂရုစိုက်ပါတယ်''

''ဟုတ်တယ်၊ သူကတော့ ငါ့အတွက်တကယ်ကိုချွေးမကောင်းပါ၊ သူရှိနေလို့ပဲ ငါ့မှာအားကိုးနေရတာ၊ သူက ငါ့အမွေပေးသင့်တဲ့သူထဲ ကောင်လေးသဂါမောင်''



''ဗျာ. . . အဘိုး''

ခေါ်တာကို မျက်နှာလေးမော့ပြီး ထူးလိုက်သော်လည်း ဦးဘုန်းမြင့်ဘာမှမပြော။ စကားလုံးတွေကို ပါးစပ်ဖျားကနေ အန်ကျမလာအောင် မျိုသိပ်ထိန်းချုပ်နေသည်ဟု ထင်မိသည်။ ဘာအကြောင်းအရာအတွက် သက်ပြင်းချနေသလဲဆိုတာ မသိပါ။

''အဘိုး. . . ကျွန်တော့်ကို ဘာပြောစရာရှိလို့လဲဟင်၊ ဘာပြောချင်လို့လဲ''

''မ. . . မပြောတော့ပါဘူးကွာ၊ မင်းမှာ ငွေတွေဘာတွေလိုရင် အဘိုးကို ပွင့်ပွင့်လင်းလင်းပြောသိလား၊ တခြားလုပ်ငန်းတွေ ဘာတွေ လုပ်ချင်လို့ အရင်းအနှီးလိုရင်လည်း အားမနာနဲ့၊ ကိုယ့်အဘိုးအရင်းလိုပဲ သဘောထားပေါ့''

''ဟုတ်. . . ဟုတ်ကဲ့ပါ အဘိုး၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်လည်း အဘိုးရင်းတစ်ယောက်လိုခံစားမိပါတယ်ခင်ဗျာ''

မေတ္တာဆိုတာ အသွားအပြန် သက်ရောက်မှုများမို့ လိုအပ်သူနှင့် ဖြည့်ဆည်းချင်သူ၊ တောင်းတသူနှင့် ပေးဆပ်ချင်သူ၊ နားလည်မှုတွေ ကြင်နာမှုတွေ အရာအားလုံးပြည့်စုံနေမှ. . .။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ရန်သတ်လို့၊ ခြံရှေ့မှာ ရန်ဖြစ်နေကြတယ်"

"ဟင်... ဘယ်သူတွေလဲ"

"သင်္ဂါမောင်နဲ့ပဲ၊ ကျန်တဲ့လူတွေကတော့ ဘယ်သူတွေလည်း မသိဘူး၊ အရက်သမားတွေဖြစ်မယ်၊ အိမ်ရှေ့မှာလာသောင်းကျန်းနေလို့ သင်္ဂါမောင်က ထွက်ပြီးပြောတာ၊ အဲဒါဟိုအရက်သမားတွေက ထိုးကြိတ်နေတယ်၊ တုတ်တွေ ဓားတွေပါလာသလားတောင် မသိဘူး၊ သင်္ဂါမောင် ဒဏ်ရာရပြီး သွေးတောင်ထွက်နေပြီ"

"ဟင်... ဘုရား... ဘုရား"

"မြ... ဘယ်လဲ"

ဒေါ်ကြီးသိန်းပြောတာနားထောင်ပြီး ရင်ဘတ်ဖိဘုရားတကာ အပြင်ထွက်ဖို့ပြင်လိုက်သော ဒေါ်မြမြလွင်ကို လက်ဆွဲ၍ ဦးဝေလွင်လေသံ မာမာနှင့် မေးသည်။ ဒေါ်မြမြလွင်မှာ သားအတွက် စိုးရိမ်နေပြီဖြစ်၍ လက်ကိုဆောင့်ရုန်းလိုက်၏။

"အိမ်... အိမ်ရှေ့မှာရန်ဖြစ်နေကြပြီတဲ့၊ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး၊ ကျွန်မသွားကြည့်မှဖြစ်မယ်"

"မင်းနဲ့ဘာဆိုင်လို့လဲ၊ သူဘာသာဖြစ်ဖြစ်ပေါ့"

"သင်္ဂါမောင်က ဒီအိမ်ကအလုပ်သမားလေ၊ တာဝန်မဲ့မျက်နှာလွှဲ နေလို့ဖြစ်မလား"





"လူမိုက်မို့လို့ ရန်ဖြစ်တာ ကိုယ်နဲ့အနေသာကြီး"

"ရှင်စကားကို လက်လွှတ်စပယ်မပြောနဲ့၊ သင်္ဂါမောင်ရိုးတယ်၊ အေးတယ်ဆိုတာ ရှင်အသိ၊ အခုအရက်သမားတွေက လာသောင်းကျန်းတာတဲ့၊ တစ်ခုခုလုပ်သွားတော့ ဘယ်လိုလုပ်မလဲ"

"ငါရဲစခန်းကို ဖုန်းဆက်ထားပါတယ်"

"ဘာ"

"မူးယစ်ရမ်းကား ရန်ဖြစ်ပြဿနာရှာနေလို့လာပြီး ဖမ်းခိုင်းထားတယ်၊ ငါ့အိမ်ရှေ့မှာ အဲလိုအုတ်အော်သောင်းတင်း ဝရုန်းသုန်းကား အဖြစ်မခံနိုင်ဘူး"

"ဟင်... ဒါ... ဒါဆို သင်္ဂါမောင်ကိုပါ ဖမ်းသွားမှာပေါ့"

"အဲ့ဖြစ်လုပ်မှ ဖမ်းမှာပေါ့၊ သူ့သာအိမ်ထဲမှာ အေးအေးဆေးဆေးနေရင် ဖြစ်စရာအကြောင်းမရှိဘူး"

"ကို... ကိုလွင်၊ ရှင်ဘာဖြစ်ချင်တာလဲ၊ အခုသင်္ဂါမောင်နဲ့ ရန်ဖြစ်တဲ့လူတွေက ဘယ်သူတွေလဲ"

မေးတာမဖြေဘဲ နှုတ်ခမ်းကိုမဲ့ချလိုက်တာကြောင့် ဒေါ်မြမြလွင် သဘောပေါက်ကာ တုန်တက်သွားသည်။ ထိုအချိန်မှာ ဒေါ်ကြီးသိန်းတစ်ခေါက်ပြန်ပြေးလာပြီး

"မြ... မြရေ၊ သင်္ဂါမောင်သေတော့မှာပဲ၊ သွေးချင်းချင်းရဲနေပြီ အရက်သမားတွေက မြကိုတွေ့မှဖြစ်မယ်ဆိုပြီး အိမ်ထဲကိုဖွတ်ဝင်ချင်နေကြတာ၊ အဲဒါ သင်္ဂါမောင်က ဆွဲရုန်းပြီး ဖွတ်တားနေလို့ ထိုးကြိတ်ပြီး တုတ်တွေနဲ့လည်း ဝိုင်းရိုက်ကြတယ်"

"ဟင်"

"ဒီလိုလွှတ်ထားလို့ကတော့ သွေးထွက်လွန်ပြီး သေတော့မှာ ဒေါ်ကြီးသိန်းတောင် မကြည့်ရက်တော့ပါဘူးကွယ်"

"သား... သား"



www.burmeseclassic.com

www.burmeseclassic.com



"မြမြလွင်"

ဒေါ်မြမြလွင် ဘယ်လိုမှဟန်ဆောင်မနေနိုင်တော့၊ လှစ်ခနဲမြေ ထွက်ဖို့ ပြင်လိုက်သည့်အချိန်မှာ ဦးဝေလွင်က ဖမ်းဆွဲထားသည်။ ဒေါ်မြမြ လွင် မျက်ရည်တွေ ဖြိုကျလာလျက် ဦးဝေလွင်လက်တွင်းကနေ ရုန်း အတင်းရုန်းတော့ ဦးဝေလွင်က သိမ်းကျုံးဖက်ထား၏။

"မြ . . မင်းငါ့မိသားစုသိက္ခာကိုမချန်နဲ့ ငါ့သိက္ခာကို မချန်နဲ့၊ အဲ ကောင်က ဘယ်လောက်တန်ဖိုးရှိလို့လဲ"

"တန်ဖိုး . . ရှင်အတွက်ဘာမှမဟုတ်ပေမယ့် ကျွန်မအတွက် တန်ဖိုးရှိတယ်၊ သဂါမောင်က ကျွန်မမွေးထားတဲ့သား။ သူတစ်ခုခုဖြစ်ရင် ကျွန်မတစ်သက်လုံးနောင်တရလို့ဆုံးမှာမဟုတ်ဘူး၊ ရှင့်ကိုလည်း တစ် သက်လုံးခွင့်မလွှတ်ဘူးနော်၊ ဖယ်လွှတ် . . ကျွန်မသားဆီသွားမယ် ကျွန်မကိုလွှတ်"

"မြမြလွင် . . မင်းဘာလို့အော်နေတာလဲ၊ သားနဲ့သမီး အခန်း ထဲမှာရှိတယ်၊ ဖေဖေလည်းရှိတယ်၊ မင်းအခု သဂါမောင်ဆီသွားရင် ဘာတွေဖြစ်သွားမယ်ထင်လဲ"

"ဘာဖြစ်ဖြစ် . . ဘာတွေဖြစ်ဖြစ် ကျွန်မဂရုမစိုက်တော့ဘူး ကိုလွင်၊ ဒီလိုဖုံးကွယ်ပြီး ဂုဏ်သိက္ခာဆယ်နေရတာ ကျွန်မပင်ပန်းလှပြီ ဒီအမှားနဲ့ လျှို့ဝှက်နေခဲ့ရတာ ကိုယ့်ရဲ့အားနည်းချက်ကြောင့်ဆိုပေမယ့် ဒီအပြစ်တွေအတွက် ဖေဖေ့ကိုလည်း တောင်းပန်မယ်၊ သားနဲ့သမီးကို လည်း တောင်းပန်လိုက်မယ်၊ သား . . သားသဂါမောင်ကိုတော့ ကျွန်မ မစွန့်ပစ်ထားနိုင်တော့ဘူး။ လွှတ်ပါ ကျွန်မကိုလွှတ်ပါ"

"မြမြလွင် မင်း . . မင်းအဲလိုမလုပ်ရဘူး"

ဒေါ်မြမြလွင်ကို လုံးဝလွှတ်မပေးဘဲ ဦးဝေလွင်ဖွတ်အတင်းကို ဖက်ထားသည်။ ဘယ်လိုမှရုန်းမရတော့ ဒေါ်မြမြလွင် ဟီးချကာငိုပစ် လိုက်၏။ ဂုဏ်သိက္ခာတွေအတွက် မိခင်တစ်ယောက်ရဲ့ မေတ္တာတွေကို



မီးလောင်မြိုက်အသွင်းခံနေရတာ။ မျက်ရည်တွေက တားမရဆီးမနိုင်ဖြင့် ဦးဝေလွင်ရဲ့လက်တွင်းကနေ ပျော့ခွေထိုင်ကျသွားလျက် ဒေါ်မြမြလွင် လက်အုပ်ချီလိုက်သည်။

"ကျေး . . ကျွန်မကို လွှတ်မြောက်ခွင့်ပေးပါ၊ အခုချိန်မှာ ကျွန်မ သားအတွက် ကျွန်မရဲ့မိခင်မေတ္တာတွေပြခွင့်ပေးပါဦး၊ ကျွန်မကို ဒီတစ်ခါ လေးတော့ ခွင့်ပြုပေးပါ၊ ကျွန်မရှိခိုးပါတယ်၊ တောင်းပန်ပါတယ် ကိုလွင် ရယ် ကျွန်မတောင်းပန်ပါတယ်ရှင်"

ဒေါ်မြမြလွင်ရှိခိုးတောင်းပန်နေသော်လည်း ဦးဝေလွင်ခေါင်း တွင်တွင်ယမ်းနေသည်။ အိမ်နားနီးချင်းတွေက ရန်ပွဲကို စိတ်ဝင်တစား ထွက်ကြည့်သူက ကြည့်နေကြသည်မဟုတ်လား။ မြမြလွင်သာ သားဖော နှင့်ထွက်သွားလိုက်လျှင် မြမြလွင်ရဲ့ အရင်ယောက်ျားရဲ့သားလို့ သိသွား ပါက၊ သူတို့တစ်မိသားစုလုံး ဂုဏ်သိက္ခာကျ အရှက်ရကြမှာပါ။

သဂါမောင်ကို ထိုးကြိတ်နေသည့်အသံက တိုက်ထဲကတောင် ကြားနေရသည်။ မြမြလွင်မောင် အရက်သမားတွေ ငွေလိုချင်လို့ သောင်း ကျန်းပြဿနာရှာနေကြတာပါ။ ဒီတစ်ခါ ဒီအခွင့်အရေးကိုပေးလိုက်လျှင် နောက်အခါပေါင်းများစွာဖြစ်လာမှာစိုးလို့ မှတ်လောက်သားလောက် အောင် ရဲကိုဖုန်းဆက်အကြောင်းကြားလိုက်တာပါ။ ကိုယ်နှင့်ဘာမှမဆိုင် သည့် ပုံစံမျိုးဖြစ်အောင် မြမြလွင်ကိုမထွက်စေချင်တာ။

"မြ . . မြရေ ရဲတွေရောက်လာပြီ ဟိုအရက်သမားနှစ်ယောက် ကိုရော သဂါမောင်ကိုရော ဖမ်းသွားပြီ၊ သဂါမောင်မှာ တစ်ကိုယ်လုံး သွေးတွေချင်းချင်းရဲနေတာပဲ၊ မျက်နှာတွေတောင် စုတ်ပြတ်ကုန်ပြီလား မသိတော့ပါဘူး၊ ဒီအိမ်ထဲအဝင်မခံလို့ဆိုပြီး သဂါမောင်မျက်နှာကို ဝင်း တံခါးသံတိုင်တွေနဲ့ဆောင့်တာလေ၊ ဒေါ်ကြီးသိန်းလည်း ဘာမှမပြောရဲဘူး ကွယ်၊ ကြောက်လွန်းလို့ကြည့်ပြီးပဲပြေးလာရတယ်၊ မြ . . မြသွားသင့်တယ်"

"ဒေါ်ကြီးသိန်း၊ ခင်ဗျား ဝင်လိုက်ထွက်လိုက် ပြေးလိုက်လွှား

www.burmeseclassic.com



လိုက်နဲ့ လာလာပြောနေတယ်၊ ခင်ဗျားအလုပ်ထုတ်ခံချင်လို့လား၊ ဟာ..
မြ..မြ..မြမြလွင်''

ဒေါ်ကြီးသိန်းပြောကတည်းက ခံနိုင်ရည်မရှိတော့ဘဲ ခွေကျ
သတိလစ်သွားသော ဒေါ်မြမြလွင်ကို ဦးဝေလွင်ဆွဲထူပွေ့ဖက်ပြီး အထိတ်
တလန့်အော်ခေါ်သည်။ ဒေါ်မြမြလွင်က တအင်းအင်းတောင် ညည်းညူ
သံမပြုနိုင်တော့။

အခြေအနေအစအဆုံး ကြားနေမြင်နေရသော ဦးဘုန်းမြင့်
ဆုံးဖြတ်ချက်တစ်ခုပြတ်သားစွာချလျက် အနားရောက်လာခဲ့သည်။ အ
ဗလံများကြောင့် ဥက္ကာလွင်နှင့် နှင်းဆီလွင်တို့လည်း အောက်ထပ်ဆ
လာကြပြီး အံ့သြနေကြသည်။

''မောင်လွင်''

''ဗျာ..ဗျာဖေဖေ''

''မင်းမိန်းမကို အသေခံမလို့လား''

''ကျွ..ကျွန်တော်''

''မင်း..မြမြလွင်နဲ့ ဂုဏ်သိက္ခာတွေကိုလဲနိုင်တယ်ဆိုရင်တော့
သူ့ကိုစွန့်ပစ်လိုက်တော့''

''ဖေဖေ''

''အလဲအလှယ်လုပ်မယ်ဆိုရင် မင်းဘာကိုယူမှာလဲ''

မြမြလွင်ကိုပွေ့ဖက်ထားလျက်က ဦးဝေလွင်မဖြေနိုင်။ သား
သမီး မျက်နှာကိုလှည့်ကြည့်လျက် အံကြိတ်ကာနှုတ်ဆိတ်နေမိသည်။

မြမြလွင်ရဲ့ အသက်ရှူသံမှဉ်းမှဉ်းက ရင်ခုန်သံတွေကို လှိုင်း
စေသည်။ ဘာလုပ်ရမှာလဲ။ ဘာလုပ်သင့်တာလဲ။ ဘယ်လိုဆုံးဖြတ်ရမှာ

ကန့်သတ်မှုမရှိသော အချိန်အတွင်းမှာ တွေဝေမှုများစွာနှင့်..

✿ ✿ ✿



## အခန်း (၄၁)

အထူးကုဆေးရုံကြီးရဲ့ ခုတင်ပေါ်မှာလှဲနေရသော ဒေါ်မြမြလွင်ရဲ့ မျက်လုံးများ တဖြည်းဖြည်းဖွင့်လာခဲ့သည်။ မျက်လုံးများက လေးလံနေဆဲဆိုသော်လည်း နှလုံးခုန်သံနှင့် စိတ်များက ငြိမ်သက်မနေပါ။

''သ..သမီး ခဏလေးလှဲနေဦး၊ အရမ်းကြီးမလှုပ်ရှားလိုက်နဲ့ သမီးကို ဆေးသွင်းထားတယ်''

''သား..သား သင်္ဂါ''

''သမီး..သမီး စိတ်အေးအေးထားပါ''

''ဖေ..ဖေဖေ၊ ကျ..ကျွန်မ သားကိုတွေ့ချင်တယ်၊ သားသင်္ဂါ ဘာဖြစ်သွားလဲ၊ ဘယ်မှာလဲ သူ..သူ''

လူးလဲထဖို့ ပြင်နေသော ဒေါ်မြမြလွင်ရဲ့လက်ကလေးကို ဦးဘုန်းမြင့် ဆုပ်ကိုင်၍နှစ်သိမ့်အားပေးကာ..

''သင်္ဂါမောင်ကို ရဲစခန်းကနေ ဖေဖေအာမခံနဲ့ခေါ်ထုတ်လာခဲ့ပါပြီ၊ ဒဏ်ရာတွေအတွက် ဒီဆေးရုံကြီးထဲမှာပဲ ဆေးကုပေးထားပါတယ်''

''ဟင်..ကျွန်မသွားတွေ့လို့ရတယ်မဟုတ်လား ဖေဖေ၊ ကျွန်မသွားတွေ့ပါရစေ''

''ခဏလေး ဒီဆေးသွင်းထားတာလေးကုန်သွားရင် သွားတွေ့လို့ရပါတယ်၊ သမီးက အရမ်းကိုအားနည်းနေတယ်၊ အခုတလော အအိပ်

www.burmeseclassic.com

www.burmeseclassic.com



အစားမျက် စိတ်ထိခိုက်စရာတွေများလို့ ဖြစ်ပါလိမ့်မယ်၊ သင်္ဂါမောင်က ဒဏ်ရာတွေ သိပ်မများပါဘူး၊ ဆေးထည့်ထားပါတယ်၊ သမီးအရမ်း စိတ်မပူပါနဲ့တော့''

ဦးဘုန်းမြင့်ပြောသည့် စကားတွေက မိမိကိုနားလည်ပါသည်ဆို သော သဘောလား။ ကရုဏာမျက်ဝန်းများက စိတ်တွေကို သက်သာစေ သည်ဆိုသော်လည်း မျက်နှာပူကာအားနာနေမိပါသည်။

''ဖေဖေ''

''မေးစရာတွေရှိနေမယ်ဆိုတာ ဖေဖေသိပါတယ်၊ မောင်လှိုင်ကို သမီးနဲ့ဂုဏ်သိက္ခာ ဘာကိုရွေးမလဲလို့ ဖေဖေမေးထားတယ်၊ သမီးကိုလို အပ်ရင် သူလိုက်လာပါလိမ့်မယ် သမီး''

''ဖေ..ဖေဖေကရော''

''သမီးနဲ့ မောင်သင်္ဂါကိုရွေးလိုက်တယ်ဆိုတာ အသက်ကြီးလာ တဲ့လူအတွက် ဂုဏ်သိက္ခာတွေ၊ ပကာသနတွေ၊ အဆင့်အတန်းတွေထက် လူတစ်ဦးတစ်ယောက်ရဲ့ မေတ္တာတရားက ပိုအရေးကြီးတယ်လို့ထင်မိ တယ်၊ သားသမီးတွေ မြေးတွေဆီက ပေးသလောက်ပြန်မရနိုင်တာကို ဖေဖေအပြစ်မတင်ပါဘူး၊ ဒါသဘာဝပဲ၊ လူဆိုတာ ကိုယ့်အတွက်ကိုယ် တွေးကြတာချည်းပဲ၊ သူ့စိမ်းကောင်းရုံင် ဆွေမျိုးထက်ပိုနီးစပ်တယ်တဲ့ ဖေဖေ..သမီးနဲ့ မောင်သင်္ဂါကို မစွန့်လွှတ်ဘူး''

ဦးဘုန်းမြင့်ရဲ့စကားကြောင့် မိမိရဲ့မျက်နှာသွေးရောင်လွှမ်းလာခဲ့ သည်ထင်သည်။ အားရှိသွားသလို ဆေးပိုက်သွင်းလျက်တန်းလန်းနှင့် ထထိုင်မိလိုက်ကာ

''ဒီ..ဒီအကြောင်းတွေ ဖေဖေသိနေခဲ့တာလား''

''မသိန်းပြောပြနေတာကြာပါပြီ၊ ဒါကြောင့် သမီးတို့သားအမိရဲ့ ဆက်ဆံရေးကို စောင့်ကြည့်အကဲခတ်နေခဲ့တာ၊ ဒီလောက်စိတ်ဒုက္ခ ရောက် ပင်ပန်းနေတာကို ဘာလို့များမျိုသိပ်နေခဲ့ကြတာလဲ၊ ကဲပါလေ



အခုတော့ ဒါတွေပြီးဆုံးသွားပါပြီ၊ သမီးတို့သားအမိမေတ္တာတရားက ကြီးမားလွန်းပါတယ်၊ ဒီအကြောင်းတွေကို မြေးနှစ်ယောက်ကိုလည်း ရှင်းပြခဲ့တယ်၊ သူတို့အမေကို မစွန့်ပစ်နိုင်ရန် သူတို့လည်း လိုက်လာကြ လိမ့်မယ်''

''ဟုတ်ကဲ့..သူတို့ကို လွှတ်လွှတ်လပ်လပ်ဆုံးဖြတ်နိုင်းလိုက် တာ ကောင်းပါတယ်၊ သူတို့တွေ စွန့်ပစ်မယ်ဆိုလည်း ကျွန်မဝမ်းမနည်း တော့ပါဘူးဖေဖေ၊ ချို့တဲ့လွန်းတဲ့သားကို မေတ္တာတွေပေးမိတာကြောင့် ကျန်တာတွေကို လက်လွှတ်ရမယ်ဆိုလည်း လက်လွှတ်ရတော့မှာပဲပေါ့၊ ဒါနဲ့ ကျွန်မမောင်အရက်သမားတွေရော ဘယ်လိုအခြေအနေရှိလဲ ဖေဖေ''

''ခံဝန်နဲ့ ပြန်လွှတ်လိုက်ပါပြီ၊ သူတို့နောက်ထပ်မနှောက်ယှက် ရဲတော့ပါဘူး၊ သူတို့ကိုတော့ ပေးသင့်တာပေးပြီး သံယောဇဉ်ဖြတ်လိုက် ပါသမီး၊ ကိုယ့်အတွက် ကောင်းကျိုးမပြုရင် သွေးသားအရင်းဖြစ်လည်း ကျဉ်သင့်ရင် ကျဉ်ရမှာပဲ၊ သံယောဇဉ်မပြတ်ရင် လူမိုက်အားပေးလုပ် သလိုဖြစ်သွားလိမ့်မယ်၊ မခံချင်စိတ်တွေကြောင့် သူတို့ကိုတုံ့ပြန်ရင်းနဲ့ လူကောင်းတွေက လူမိုက်တွေဖြစ်ကုန်လိမ့်မယ်''

ဒါတိုတော့ လက်ခံသလို ခေါင်းညိတ်လိုက်မိသည်။ ဒီလိုတွေဖြစ် မှတော့ မပြတ်သားလို့မရတော့ပါ။

''ကျွန်မကိုယ့်ရင်သွေးတွေအတွက်ပဲ တွေးရတော့မယ်ဆိုတာ နားလည်ပါပြီ ဖေဖေ၊ ဒီအသက် ဒီအရွယ်ထိ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ် ကိုယ့်အားကိုယ်မကိုးဘဲ မှီခိုနေကြတာကို ထောက်ပံ့ပေးကမ်းပြီး စော်ကားမခံတော့ပါဘူး၊ ကျွန်မတာဝန်တွေကျေခဲ့ပြီလို့ အောက်မေ့ပါ တယ်''

''အေးပါ..မိသားစုအတွက် သမီးတာဝန်ကျေခဲ့ပါတယ်၊ တစ် လွန်က သမီးအမေလည်းကျေနပ်မှာပါ''

''ဟုတ်ကဲ့..အမေအဲလိုပဲဖြစ်မှာပါ။''ဟို..ကျွန်မသားဆီသွား

www.burmeseclassic.com

www.burmeseclassic.com



ပါရစေ ဖေဖေ''

''ကိုယ်တို့သားအဖတွေရောက်ခဲ့ပါပြီ မြ''

''ဟင်း... ကိုလွင်''

မြူးမြမြနှင့် အနားရောက်လာသော ဦးဝေလွင်စကားကြောင့် ဒေါ်မြမြလွင် အံ့အားသင့်သွားရသည်။ နောက်မှာ သားနှင့်သမီးလည်း ပါလာ၏။ မအေနားကိုဝင်ထိုင်ကြကာ..

''ကိုသဂါ်ဆီတောင်းပန်ခဲ့ကြပါတယ် မေမေ၊ ကိုသဂါက ခွင့်လွှတ်တယ်လို့လည်း ပြောလိုက်ပါတယ်၊ သားက နံ့သာဖြူဆီအကြောင်း ကြားလိုက်လို့ နံ့သာဖြူရောက်လာတာနဲ့ သားတို့ထွက်လာခဲ့ကြတာပါ''

''သမီးတို့ အစ်ကိုတစ်ယောက်ရတာပေါ့ မေမေ၊ ဖေဖေက မေမေ့အပြစ်မဟုတ်ဘူး၊ မေမေက တမင်ဖုံးကွယ်ထားတာမဟုတ်ဘူးလို့ ဖေဖေပြောပါတယ်၊ ဖေဖေကသာ ထောက်ပံ့မှုတွေလုပ်ပေးခဲ့ရတာကို အပေးအယူသဘောနဲ့ အတွက်ကြီးခဲ့တာတဲ့၊ မေမေ့ကိုချစ်ရဲ့နဲ့ စိတ်ဆင်းရဲမှုတွေပေးခဲ့မိတာ များပါတယ်လို့ သမီးတို့ကိုဝန်ခံတယ် မေမေ''

ဟုတ်သလားလို့မမေးဘဲ ဦးဝေလွင်ဘက်ကို လှည့်ကြည့်လိုက်သည်။ ဦးဝေလွင်က မြတ်နိုးမှုများဖြင့် ပြုံးပြုံးကြီးကြည့်နေလျက်

''သားနဲ့သမီးပြောတာ အမှန်တွေချည်းပါပဲ၊ မင်းကိုချစ်ရင် မင်းသွေးသားကိုလည်း ချစ်ပေးရမယ်ဆိုတာ ကိုယ့်အတ္တတွေနဲ့ အမှောင်ဖုံးနေခဲ့တာကြောင့် မေ့နေခဲ့တယ်၊ ကိုယ်မင်းကိုမစွန့်ပစ်နိုင်ပါဘူး မြ၊ ဂုဏ်သိက္ခာတွေထက် မိသားစုက ပိုအရေးကြီးတယ်ဆိုတာ ကိုယ်နားလည်ပါပြီ၊ ခဏနေရင် သားဆီကိုကိုယ်လိုက်ပို့မယ်နော်မြ''

''ကြားရတာတကယ်လား၊ အိပ်မက်လားတောင် မဝေခွဲနိုင်တော့ဘူး ကိုလွင်ရယ်၊ ယုံရမှာလား၊ မယုံရဘူးလားတောင် မသိတော့ပါဘူး''

''ယုံပါမြ၊ မင်းတို့သားအမိရဲ့မေတ္တာတရားက ကိုယ့်ရဲ့အတ္တတွေ



ကို အနိုင်ယူလိုက်တာပါ၊ ဖြစ်ခဲ့တာတွေအတွက် ကိုယ်တောင်းပန်ပါတယ်''

''ဟင့်အင်း.. မတောင်းပန်ပါနဲ့၊ ရှင်တောင်းပန်ရင် ကျွန်မမှာ အပြစ်ရှိသလို ခံစားမိလိမ့်မယ်၊ ကျွန်မကိုနားလည်ပေးတဲ့အတွက် ကျွန်မ ဒီထက်ပိုပြီး ပေးဆပ်ပါ့မယ်ကိုလွင်၊ သားသမီးတွေအတွက် စံပြမိခင်ကောင်းဖြစ်အောင် ကြိုးစားပါ့မယ်၊ ကျွန်မကိုလွင်ကို ကျေးဇူးတင်ပါတယ်၊ ဖေ.. ဖေဖေ့ကိုလည်းပိုပြီး ကျေးဇူးတင်ပါတယ်၊ ဖေဖေသာကျွန်မကို နားလည်မပေးရင် ဒီလိုအခြေအနေမျိုးဖြစ်လာမှာမဟုတ်ပါဘူး''

''အေးပါသမီးရယ်၊ မိသားတွေပျော်ရပါပြီ၊ ဒီမိသားစုအပျော်ကို ရတာ ဘယ်အရာနဲ့မှမလဲနိုင်တော့ဘူး၊ သမီးကဖေဖေ့အတွက် တန်ဖိုးအရှိဆုံးပါပဲ''

အခုမှ ဒေါ်မြမြလွင်ပြုံးနိုင်တော့သည်။ မိသားစုအားလုံးပျော်ရွှင်ပြုံးပျော်နေ၏။

ဒီအပျော်များက ထာဝရတည်မြဲတော့မည်ဆိုတာ..။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"သဂါ"

"နံ့သာ"

နှလုံးသားချင်းနီးစပ်ကြသူမို့ ဖြေရှင်းချက်တွေ အများကြီးမလိုပါ။ ဥက္ကာလွင်က ဖြေရှင်းပြောပြထား၍ ပြဿနာရဲ့ဇစ်မြစ်ကိုလည်း သိထားပြီးပြီဖြစ်သည်။

"ဒီလောက်လေးဖြစ်တာတော်သေးတာပေါ့ သဂါရယ်၊ ငါဖြင့်အရမ်းကိုစိတ်ပူသွားတာပဲ၊ နင့်အမေကို နင့်အသက်ထက်တောင်ပိုချစ်တာလား"

"မေမေမိသားစုကိုပါ ကာကွယ်ပေးချင်တာပါ၊ တုတ်တွေ ဓားတွေပါလာတော့ ရန်ရှာမှာစိုးတယ်လေ၊ အဲဒီမိသားစုက မေမေ့အပေါ် ကောင်းကြတဲ့အတွက် ငါရဲ့ကျေးဇူးရှင်တွေလို့ သတ်မှတ်ထားတာ၊ သူစိမ်းတွေဆိုရင် တုတ်တုတ်ချင်း ဓားဓားချင်း ယှဉ်ရဲသတ်ရဲပါတယ်၊ အခုက ဦးလေးတို့ဖြစ်နေတော့ ငါ့အသက်ကိုစတေးပေးရုံပဲရှိတယ် အဲဒါကြောင့်"

"နင့်မိသားစုအတွက်ဆို ငါ့ကိုတောင်ထားခဲ့ရက်တယ်ပေါ့နော်"

"ဟင်"

စိတ်ကောင်းသလို ဝမ်းနည်းသံလေးနှင့်ပြောတော့ ရင်မှာထိခိုက်ခံစားလိုက်ရသည်။ နံ့သာဖြူလက်ကလေးကို ဆုပ်ညှစ်မိလိုက်ပြီး



"နင်လည်း ငါ့ရဲ့အသည်းတစ်ခြမ်းပါပဲ နံ့သာ၊ မေမေက ငါ့အတွက် အရေးပါသလို၊ နင်ကလည်း ငါ့ဘဝရဲ့တစ်စိတ်တစ်ပိုင်းပါပဲ၊ ဒါပေမဲ့ ငါကပေးဆပ်ရမယ်နေရာကနေ ပျော်နေချင်တဲ့ကောင်ပါ"

"အခုအားလုံးက ကြည်ဖြူနေပြီဆိုတော့ နင်ပေးဆပ်ရကျိုးနပ်တယ်လို့ ပြောရတော့မှာပေါ့၊ ငါနင့်အတွက် စိတ်ချမ်းသာပါတယ် သဂါ၊ ဥက္ကာလွင်ပြောပြတော့ ငါယုံတောင်မယုံနိုင်ဘူး၊ သူတို့မိသားစုအားလုံးက နင်တို့သားအမိနှစ်ယောက်ကို နားလည်ပေးလိုက်ပြီဆိုတော့လေ"

"အေးဟာ . . ငါမေမေ့ကိုတွေ့ချင်လိုက်တာ"

"ဟဲ့ . . ငါအနားမှာရှိတုန်းခဏတော့ စိတ်ထိန်းဦးမှပေါ့၊ တစ်သက်လုံးအတူနေရတော့မယ်ဟာကို"

"အေးနော်၊ မေမေလို့တရားဝင်အတိအလင်းခေါ်ခွင့်ရ၊ အသိအမှတ်ပြုလို့ရပြီဆိုတော့၊ သားတစ်ယောက်အနေနဲ့ မေမေဆီအခွင့်အရေးတောင်းရမယ်"

"ဘာတောင်းမှာလဲ"

"မိန်းမလေ"

"ဘာ"

"နင့်ကိုတောင်းပေးပါလို့ မေမေ့ကိုပြောရမယ်"

"နင့်အမေက သဘောတူပါ့မလား"

"တူပါတယ် သမီးရယ် တူပါတယ်"

"ဟင် . . မေမေ"

"အန်တီ"

ဒေါ်မြမြလွင်အပါအဝင် မိသားစုအားလုံးအခန်းထဲဝင်လာ၍ နံ့သာဖြူ ထွက်ပြေးရမလို၊ ထိုင်နေရမလို မျက်နှာကိုလက်ဝါးနှင့်အုပ်ထားရမလိုနှင့် အိုးတိုးအမ်းတတမ်း ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

ဒေါ်မြမြလွင်က သဂါမောင်လက်ကလေးကိုဆုပ်ကိုင်ပြီး . .

www.burmeseclassic.com



"ရှေ့လျှောက် သားဖြစ်ချင်တာတွေ မေမေအကုန်လုပ်ပေးမှာပါ သားရယ်၊ ဒီမိသားစုကလည်း သားလိုချင်တဲ့မေတ္တာတွေပေးတော့မှာပါ"

"ဟုတ်...ဟုတ် ကျေးဇူးတင်ပါတယ် မေမေ"

"အဲလိုကျေးဇူးတင်တဲ့စကားမပြောရဘူး၊ သူစိမ်းဆန်သလိုဖြစ်သွားလိမ့်မယ် မောင်သင်္ဂါ၊ မင်းအမေနဲ့ ဦးတို့က မိသားစုတွေပဲ၊ မင်းလည်း ဒီနေ့ကစပြီး မိသားစုဖြစ်သွားပြီ၊ အခုနံ့သာဖြူရော ပါဝင်သွားပြီပေါ့၊ တရားဝင်ဖြစ်အောင် ဦးက သမီးချွေးမလိုက်တောင်းပေးပါ့မယ်"

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်...ဟို"

"ဖေဖေလို့ ခေါ်ပါတော့ကွာ"

"ဗျာ...ဟုတ်...ဟုတ်ကဲ့"

ရင်မှာကြည်နူးရလွန်း၍ ဘယ်လိုပီတိမျိုးလဲဆိုတာ ဖော်မပြတတ်အောင်ပင်။ ယောင်ယမ်းကာဖြင့် နံ့သာဖြူလက်ကလေးကို ဆုပ်ကိုင်ထားမိ၏။ နံ့သာဖြူကလည်း သင်္ဂါမောင်အတွက် စိတ်ချမ်းသာကြည်နူးနေ၍ ရှိန်းလိုက်ဖို့ မေ့လျော့နေသည်။

ချစ်ခြင်းနှင့်မေတ္တာပေါင်းစပ်ထားသော မိသားစုလေးဟာ အပြုံးများဖြင့် တန်ဆာဆင်လျက်၊ လောကကြီးတစ်ခုလုံး သာယာလှပနေခဲ့ပြီး အနာဂတ်ရဲ့လမ်းမကြီးဟာ သာယာဖြောင့် ဖြူးလို့....။

● ● ●



တေးရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း – သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် – အောင်သီရိဗီဒီယို
၅။ ခြယ်သမင် တိမ်ပန်းချီ – အောင်သီရိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဂုန် – အောင်သီရိဗီဒီယို
၇။ အလင်းမဲ့ည – မာန်ထက်ချိုဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကဗျာ – အောင်သီရိဗီဒီယို
၉။ စိတ်မျှော်စင်
၁၀။ မိန်းမလှရှိကာ – အောင်သီရိဗီဒီယို
၁၁။ အနှောင်တရလေပြည် – ပါဝါကင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ် –
၁၃။ ပန်းနုရောင်နှိုဒါန်း – မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့ –
၁၅။ ရင်ခုန်သံအဓိပ္ပာယ် – ရှုပါစတားဗီဒီယို
၁၆။ အချစ်ညွှတ်ကွင်း – Hear & Soul ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် – သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရှေ့ဆက်ခွင့်ပြုပါ – အောင်သီရိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ – ရွှေစင်ဦးဗီဒီယို
၂၀။ ပြောဖို့လိုသေးလား – အောင်သီရိဗီဒီယို
၂၁။ မင်းအတွက်ဆို – မာန်ထက်ချိုဗီဒီယို
၂၂။ သက်တမ်းရင့်သမုဒယ – သစ္စာနှင်းဆီဗီဒီယို
၂၃။ မေ့ဖို့မလွယ် – အောင်သီရိဗီဒီယို
၂၄။ အကြင်နာလက်တစ်ကမ်း – ရွှေစင်ဦးဗီဒီယို
၂၅။ မေ့လို့မရသည့်အကြောင်းအရင်း – အောင်သီရိဗီဒီယို

ရွှေပြည်သိန်းစာပေ